
ငွေတာရီ
မဂ္ဂဇင်း
R-407

စာပေအစဉ်အလာကြီးမားသည့် မြဝတီစာပေတိုက်မှ အသစ်ထုတ်ဝေဖြန့်ချိလိုက်သည့်
အားကစားမြင်ကွင်းဂျာနယ်(Sports View Journal)ကို
၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ(၅)ရက်မှစ၍
ကြာသပတေးနေ့တိုင်း ထုတ်ဝေလျက်ရှိပါပြီ။




ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၃၂၄၉၈၇၂၄၊
ရန်ကုန်ရုံးခွဲ- အမှတ်(၁၈၁)၊ ၃၂ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

# အဖေ့အမွေ

ဦးမြင့်(ကျွန်းလှ)

သားအတွက်ရယ်မို့
ဓားတစ်လက်သဖွယ် မွေးကာခုတ်စေတော့
အားတက်ဖွယ် ရွှေအာလုပ်က
သားရေမှာ ထုပ်ဟဲ့လို့ သေအချာ၊
မြေမှာမြှုပ်ခဲ့ဖို့ အဖေမှာ။

ရိုးသားစွာ အဖြူ
နှိုးကြားကာ ညီညာကူလို့
ဒီရွာလူ တအားကြိုးပေရဲ့
နွားထမ်းပိုး စက်စွမ်းလှယ်ကာ
ကွက်ဆန်းခြယ် မြေစိုင်မိုးပါလို့
ရက်ကန်းရှယ် နေထိုင်နည်းတွေနဲ့
ရွှေပြိုင်သီးပေရဲ့ ယနေ့အခါ၊
ငွေနိုင်ဖြိုးနေတဲ့ အဖေ့ရွာ။

သမီးဖို့ ဆောင်
ကြီးသို့ယောင် တွက်ရေးနဲ့
သားဖို့နောင် ရတက်မအေးနိုင်ဘူး
အားလို့တောင် တစ်ချက်ကလေးရယ်မှ
လက်မနေးခဲ့ ဖေ့သားဖေမျှာ
နေ့ရှားစွာနဲ့ မွေ့ထုံဆဲ၊
ရွှေ့လျားလာခဲ့ ဖေ့ပုံတွဲ။

အဖေ့ခြေရာ
အဖေ့ဝေဒနာကို
သေအချာ သားမောင်သိချိန်မဟော့
အဖေဟာ အနားမှာမရှိတော့ပါဘူး
လားရာဂတိမှာ အနေပျော်ပါစ
ဆွေဖော်ပမာ နွားဖက်နှောင်တွဲပါလို့
အဖေမျှော်သဟာ ဓားထက်ပြောင်ဆဲရယ်နဲ့
အားမပျက်ပေါင်ဖျာ
အဖေ့သွေးအသက် အသည်းကိုတော့
သားဆက်ဆောင်ကာ
အဖေ့မြေး လက်ကိုလွှဲ။ ။




မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကိုထိန်းသိမ်းရန် နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်။

အမှတ်(၇၂၅)၊ ၁၃၈၂ ခု၊ တန်ဆောင်မုန်း - နတ်တော်၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ။

# မာတိကာ






**စာတည်းစာမျက်နှာ**

**တာဝန်ခံစာတည်း**

သခင်မွေးထုံ စာဆို့ဂုဏ် ၅

**ငွေတာရီကဗျာ**

ဦးမြင့်(ကျွန်းလှ)၊ မင်းယုဝေ၊ သက်နိုင်(ကြို့ပင်ကောက်)၊
စလင်းဘုန်းကျော်၊ ရွှေဒါးမောင်လေးရှည်၊
မောင်လွန်းမြိုင်(ပင်လယ်ဘူး)၊ ဆန်းလွင်(မြန်မာစာ)၊
မင်းသွေးနွယ်(ဇီးကုန်း)၊ ညိုဘန်း(လေးဝတီ)၊
မင်းမောင်နွယ်(မွန်ဌာနီ)၊
ယိမ်းနွဲ့၊ မောင်သျှင်ပြေ(ပုသိမ်)။ ၆

မောင်ငြိမ်းရှည်(မင်းကင်း)၊ မိုးပြို(မင်းပြား)၊ မိုးထက်လူ၊
ကောလင်းမင်းဝံ(ရွှေညာမြေ)၊ကျော်စိုး(မတ္တရာ)၊
ရိုးမန်ခိုရီ၊ ကျော်ဟန်(မြန်မာစာ)။
ရွေးချယ်သောကဗျာများ ၁၀၃

**ငွေတာရီကာတွန်း**

မြေဇာ၊ မျိုးမင်းမြတ်၊ မိုးသွင်၊ အေကော၊ ကိုငယ်။ ၁၇

**စာပေနှင့် အနုပညာ**

**မောင်ခင်မင်(ဓနုဖြူ)**

ကိုးကားဖွယ်ရာ ထိုထိုကဗျာ(၂၆) ၂၂

**ရွှေကူမေနှင်း**

စာပေဟောပြောပွဲနှင့် ရဟန်းသံဃာများ ၂၅

**ဒေါက်တာအောင်မြင့်ဦး**

ဦးပုညနဲ့ မင်းသုဝဏ် ၂၈

**ကိုညိုကြီး**

ကဗျာလှလှရေးရအောင် ၆၇

**မြင်းမူမောင်နိုင်မိုး**

မေတ္တာဝန်းကျင် ၉၄

**ကိုင်းသစ်အောင်**

ငါးဖမ်းသမားနှင့်တွေ့ဆုံခြင်း ၁၂၁

**သော်ဇင်သစ်**

တစ်လအတွင်း စာပေနှင့်ယဉ်ကျေးမှုသတင်း ၁၄၄

**နိုဗောဝန်အရေးသုံးပါး**


| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | နိုင်ငံ့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | နိုင်ငံ့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | နိုင်ငံ့အရေး |

**သဉ္ဇာကျေးမှုနှင့် သမိုင်းဆိုင်ရာ**

မောင်သန်းဆွေ(ထားဝယ်)

တနင်္သာရီတိုင်းဒေသကြီးက
မော်ကင်း ဓါး ဆယ်ပုံများ ၅၇

ဒေါက်တာစိန်မြင့်

ကျွန်စစ်သားမင်းကြီး၏ ထီးနန်းမွေဆက်ခံသူ
သီရိဇေယျသူရ ၆၀

မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)

ခရူးကိုင်းရင်းသားတို့၏ဝတ်စားဆင်ယင်ကုံးဖွဲ့မှု ၆၄

**ရသစာတမ်း**

မြေလတ်မောင်မြင့်သူ

ရင်ထဲကတန်ဆောင်မုန်း ၃၄

မေငွန်အေး

လက်ငါးချောင်း၏အတ္ထုပ္ပတ္တိ ၇၈

**ပန်းချီပြခန်း**

ဝေမွန်လင်း

ရင်ထဲကရွှေအနှစ် ၄၁

**ဓာတ်ပုံရှုခင်း**

ဦးတင်မြင့်(စစ်ငြိမ်းပန်း)

မြန်မာနိုင်ငံဓာတ်ပုံအသင်း
လစဉ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ ၄၆

**ငွေတာရီဖတ်ညွှန်း**

ရဲရင့်မှိုင်း

နှင်းဆီလေညင်း စာပန်းခင်း ၇၀

**ခရီးသွားဆောင်းပါး**

မောင်မိုးယံ

နရာဝတီမှ နေရဥ္စရာသို့(၃၂) ၈၉

**ကိုယ်ရေးအတ္ထုပ္ပတ္တိ**

မနသဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

ဘဝပုစ္ဆာ အဖြေရှာ(၁၂၆) ၁၀၄

**ငွေတာရီဝတ္ထုတို**

တက္ကသိုလ်အေးမြမနွာ

အရိပ်လှိုင်း ၅၀

နွေကံ့ကော်(မြို့လှ)

သူ့သစ္စာ ၈၂

သက်ဦးမောင်

ပွဲမကိုင် ဘက်မလှော် လှေပေါ်ကလူ ၉၈

ဟန်သူရမိုလ်

ကျီစယ်တုံ့လှည့် မတုံ့လှည့် ၁၀၈

ကျော်လွင်(စက်မှု)


စပွန်ဆာ ၁၁၄

မောင်ညြလေး

ပြာကျသွားသည့်မီးစာ ၁၂၆

ရဲမင်းစိုး

တိမ်တွေမျောလွင့်နေသည် ၁၃၂


**အသစ်ငွေတာရီ**

**ချစ်ဦးသူ(လက်ပုကန်)**

ပန္တိမဘာဝိက ၁၃၈

**မိုးသောက်ထွန်း**

နွားအိုရိုန် ၁၄၆

**ပင်ကိုရေးဝတ္ထုရှည်(စ/ဆုံး)**

**သော်ဇင်(လှိုင်ကော်)**

ကြောက်စိတ် ၁၅၂


**သရုပ်ဖော်ပန်းချီ**

Aကျော်စွာ၊ အောင်ကျော်၊ မောင်နေကြည်၊ ရန်နိုင်ဦး၊ မိုးထက်မိုး၊ ချာန်ရဲထွဋ်။


**စာတည်းမှူးချုပ်**

ဒုတိယဗိုလ်မှူးကြီးနေမျိုးထက်

**ဒုတိယစာတည်းမှူးချုပ်**

ဗိုလ်မှူးမြင့်နိုင်

**စာတည်းမှူး**

ဗိုလ်မှူးငြိမ်းချမ်းဦး

**တာဝန်ခံစာတည်း**

ဗိုလ်ကြီးသက်နောင်

**လက်ထောက်စာတည်း**

ကေသီလွင်၊ ငြိမ်းငြိမ်းစိုး

**ရန်ကုန်ရုံးခွဲ**

အမှတ်(၁၈၁)၊ ၃၂ လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉၃၂၄၉၈၇၁၄

**ထုတ်ဝေခြင်း**

ပုံနှိပ်မှတ်ပုံတင်အမှတ် (၀၀၆၅၆)
ထုတ်ဝေသူမှတ်ပုံတင်အမှတ် (၀၀၈၁၆)
ပုံနှိပ်ခေါင်ရေ - ၅၀၀၀



**စာတည်းအဖွဲ့ တည်နေရာနှင့်ဖြန့်ချိရေး**

မြဝတီစာပေတိုက်၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Email : ngwetaryeemagazine@gmail.com

| | |
|---|---|
| မြဝတီမဂ္ဂဇင်း၊ မိုးသောက်ပန်းဂျာနယ် | ၀၉၈၃၅၁၀၇၁၉၂ |
| ငွေတာရီမဂ္ဂဇင်း၊ ဓာတ်ရုပ်စုံ | - ၀၉၄၀၃၂၅၈၄၅၁ |
| သုတအလင်းမဂ္ဂဇင်း | - ၀၉၄၂၅၀၀၆၈၁၄ |
| အားကစားမြင်ကွင်းဂျာနယ် | - ၀၉၆၉၂၈၀၅၆၇၂ |
| သုတကမ္ဘာဂျာနယ် | - ၀၉၈၉၂၂၇၆၀၇၇ |
| ဖြန့်ချိရေး | - ၀၉၃၂၄၉၈၇၂၄ |



| | |
|---|---|
| မျက်နှာဖုံးပန်းချီ | မောင်စိန် |
| မျက်နှာဖုံးဒီဇိုင်း | MSL |
| အတွင်းအပြင်အဆင်ဒီဇိုင်း | ဘင်အာထွန်း၊ ဆုရယ် |
| စာစီနှင့် ဒီဇိုင်း | ဇင်ဇင် |
| စာပြင် | အိအိလွင်၊ မာမာစိုး |

# သဇင်မွှေးထုံ စာဆိုဂုဏ်



မြန်မာ့တစ်ဆယ့်နှစ်လတွင် နတ်တော်လသည် ကိုးခုမြောက်လဖြစ်၏။ ပုဂံခေတ်ကျောက်စာတို့တွင် နတ်တော်လကို နတ္တာဝပ်၊ နတ်တာဝ်၊ နတ်တဝ်ဟု အမျိုးမျိုးရေးထိုးခဲ့ကြ၏။ အဓိပ္ပာယ်မှာ နတ်များကို ပူဇော်ပသသောလဟု ဆိုပါသည်။ ရာသီအားဖြင့် ဓနုရာသီဖြစ်ပြီး မိဂသီနက္ခတ်နှင့်စန်းယှဉ်သည်။

ဤရာသီအခါသမယတွင် သဇင်ပန်းဟိုပွင့်ကြ၏။ သဘာဝအားဖြင့် သဇင်ပန်းသည် တောတွင်းပန်းဖြစ်သော်လည်း ထီးသုံးနန်းသုံးဖြစ်လာသည့်နောက်ပိုင်း သဇင်ကို တော်ဝင်ပန်းအဖြစ် သတ်မှတ်ခဲ့ကြသည်။ ထို့ကြောင့် ရာမရကန်ဦးကိုးက 'ကုန်းနှင့်ကံနှင့်ရွှေသဇင်'ဟူ၍ ကဗျာဖွဲ့ဆိုခဲ့ခြင်းဖြစ်ပါလိမ့်မည်။

နတ်တော်လနှင့်ပတ်သက်၍ စာဆိုဦးယာက ဆယ့်နှစ်ရာသီလူးတားတွင်–

'မဟာပိန္နဲ၊ နတ်ပွဲဝင်ခြင်း၊ စုံမြိုင်တွင်းမှာ၊ ကြိုင်သင်းတောလုံး၊ ရနံ့ဖုံးသား၊ ပတ်ကုံးဝန်းကျင်၊ မြေတွင်မရောက်၊ ပင်ပေါ်ပေါက်သည်၊ နင်းသောက်ရွှင်ရွှင်၊ ဖူးတံဆင်လျက်၊ သဇင်ရွှေပွင့်၊ လျှပ်ရောင်ဆင့်သို့'ဟူ၍ စာဖွဲ့ခဲ့ပါသည်။ ရှေးအခါက နတ်တော်လတွင် မဟာဂီရိနတ်ပွဲ၊ မဟာပိန္နဲနတ်ပွဲများ ကျင်းပကြလေ့ရှိ၏။ နောက်ပိုင်းတွင် နတ်ပွဲများပူဇော်ပသခြင်းအလေ့အားနည်းလာပြီး ယင်းအစား စာဆိုတော်ပွဲများကို ကျင်းပလာကြသည်။

နှစ်စဉ် နတ်တော်လဆန်း ၁ ရက်ကို စာဆိုတော်နေ့အဖြစ်သတ်မှတ်ကာ သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကျင်းပကြသည်။ ဤရာသီအခါသမယတွင် စာပေပညာရှင်တို့က အနယ်နယ်အရပ်ရပ်သို့ သွားရောက်ကာ စာပေဟောပြောပွဲများ၊ စာပေဆွေးနွေးပွဲများပြုလုပ်ပြီး စာပေ၏ဂုဏ်ကျေးဇူးကို ဖော်ကျူးကြပါ၏။ ထို့ပြင် ဤရာသီသမယတွင် နိုင်ငံတော်ကကြီးမှူးကျင်းပသော နိုင်ငံ၏အမြင့်ဆုံးစာပေဆုများဖြစ်သည့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို ပေးအပ်ချီးမြှင့်သည့် စာပေဆုနှင်းသဘင်ကြီးကိုလည်း ကြီးကျယ်ခမ်းနားစွာ ကျင်းပကြလေ့ရှိပါသည်။

သို့ဖြစ်၍ နတ်တော်လသည် တော်ဝင်သဇင်ပန်းတို့ ရွှင်လန်း၊ မြူးဝင့်၊ ပန်းဂုဏ်တင့်ကြသကဲ့သို့ စာပေပညာရှင်၊ ဝါသနာရှင်တို့သည်လည်း စာပေဂုဏ်တင့်၍ နိုင်ငံ့ဂုဏ်မြှင့်ကြသည့်လဖြစ်သည့်အတွက် 'သဇင်မွှေးထုံ စာဆိုဂုဏ်' ဟုသာ ဖော်ညွှန်းချင်မိပါသတည်း။ ။

တာဝန်ခံစာတည်း

# ကျဆုံးသူ

မင်းယုဝေ



အစိမ်းအနီ၊ ရှိကြသည်တွင်
အနီကိုသာ၊ ငါကြိုက်ပါလည်း
သင့်မှာမကြိုက်၊ အစိမ်းကြိုက်၏။

စံပယ်နှင်းဆီ၊ ရှိကြသည်တွင်
နှင်းဆီကိုသာ၊ ငါကြိုက်ပါလည်း
သင့်မှာမကြိုက်၊ စံပယ်ကြိုက်၏။

အကြိုက်အညီ၊ မတူသည်ကား
ဤမှာလောက သဘာဝ။

သို့စင်ကြိုက်လည်း
အကြိုက်အညီ၊ မတူသည်ကို
မကြည်မသာ၊ ရန်မာန်ရှာ၍
ငါနှင့်မတူ၊ ငါ့ရန်သူဟု
မှတ်ယူငြင်ငြို၊ အမျက်သိုက
ထိုသူကျဆုံး ရမည်တကား။ ။

# ကဗျာသက်


သက်နိုင်(ကြို့ပင်ကောက်)

ကျောက်စရစ် သဲမြေကြား
တိုးသွားရင်း လမ်းစရှာ
ငါ့ကဗျာ စမ်းကလေး။
အပူအပင် မြူမင်မသန်းအောင်
အေးချမ်းမှုပေး။

ခရီးစဉ် မမြင်မစမ်းနဲ့
မှန်းဆလို့ လျှောက်တဲ့ခါ
ငါ့ကဗျာ လမ်းကလေး။
လိုရာကို အရောက်လှမ်းနိုင်ဖို့
ဖြောင့်တန်းမှုပေး။

အကျည်းတန် ဘုံဘဝ
ကြုံသမျှ အလှရှာ
ငါ့ကဗျာ ပန်းကလေး။
သင်းရနံ့ တဝေဝေနဲ့
အမြဲတော မကြွေပန်း
အေးချမ်းမှုပေး။

ကဗျာနဲ့ ခရီးဆက်လို့
ကဗျာနဲ့ အသက်ရှင်
ရင်ခုန်သံ ကဗျာတေး။
သစ္စာတိုင် ကဗျာသီလနဲ့
သင်းကြည်မြဲမွေး။ ။



# မှီခိုရာအစစ်

စလင်းဘုန်းကျော်

'နေ'ကိုရှိခိုး၊ 'လ' ရှိခိုးကြ
အားကိုးရှဲ့ကြောက်၊ လက်မြှောက် ဦးတင်
ဆံပင်သိမ်းထုပ်၊ စားမြိန်ထုပ်ဖြင့်
ဒူးတုပ်ပူဇော် ...
လူ့ပေါ်ဦးစ သမယ။

'တောင်'ကို ရှိခိုး၊ 'မြစ်'ကို ကိုးကြ
'မြေဆိုး'ပူဇော်၊ အလွဲချော်တွေ
မထော်မနန်း၊ လူ့မျက်ကန်းသို့
ကြမ်းကမ်းရှိန်ငွေ့၊ မသိမ်မွေ့မီ။

စိတ်မှန်းထင်မြင်၊ 'ဖန်ဆင်းရှင်'က
သည်တွင်ကမ္ဘာ၊ သည်မှာလူသား
ယောကျ်ား မိန်းမ၊ အစ္စုတ္တကို
ဦးဖွဖန်ဆင်း၊ ဥယျာဉ်တွင်းမှာ
အယူဝါဒ၊ မတူမျှစေ။

'ရေ မြေ လေ မီး'
ဓာတ်ကြီးလေးခု၊ ပေါင်းစပ်ပြုကြ
'အနန္တစကြဝဠာ'
'သိတာမြင့်မိုရ်၊ ယုဂန္ဓိုရ်'ဟု
နှိုင်းဆိုဖွင့်ဟ၊ မြတ်ဗုဒ္ဓသည်
သိပ္ပံရေ့ပြေး၊ မိန့်မြွက်ကြွေးခဲ့။

မြတ်ဒေသနာ၊ မှတ်စေရာတည့်
'အပ္ပမာဒေန သမ္ပာဒေထ'
လောကခြင်းရာ၊ ဘဝတာဝယ်
'ဒါန သီလ ဘာဝနာ'
ဆောက်တည်ရာမှူး ကောင်းစွာပြုလော့
မပေါ့မဆ၊ မမေ့ကြနှင့်
ဗုဒ္ဓမြတ်ရှင်၊ ရှိဦးတင်နိုက်
ငါလျှင်လူဖြစ် နပ်ခဲ့တကား။ ။





# လှပသောနေ့သစ်များဆီ

ရွှေဒါးမောင်လေးရှည်

ပေးဆပ်ခြင်းများ၊ ရင်းနှီးထားလျက်
လူသားသိက္ခာ၊ ဆောက်တည်ကြာခဲ့
ကာလတာရှည် လွန်ခဲ့ပြီ။

သာတော့လည်းစံ
နာလည်းခံရ …
ဒဏ်ရာဟောင်းများ၊ မေ့လို့ထားချင်
ယခင်အတိတ်၊ မေ့ပင်ရိပ်မှာ
အိပ်စက်စေသား၊ ပြည်ဖုံးကားချ။

ရှေ့ဆက်မည့်လမ်း
ပန်းတို့လွှမ်းစေ …
အလွှမ်းတွေလည်း၊ စမ်းရေထဲမျှော
တည်ဆဲခေတ်၊ တာဒင် …
အေးမြလန်းဆင်၊ ပီတိရင်ဖြင့်
ကြည်ရွှင်နှလုံး၊ အလှဆုံး …
ပြုံးမြလန်းဖြာ၊ မနက်ဖြန်ကမ္ဘာ
ညင်သာလျှောက်လှမ်း ပန်းတိုင်ဆီ။ ။

# ထိုတစ်နေ့

ခမောင်လွန်းမြိုင်(ပင်လယ်ဘူး)



လောကခံ၏
ကံပဉ္စလက်၊ အိပ်မက်ပမာ
ငါ့ခန္ဓာသည်
ရောဂါမီးပြင်း၊ လောင်မြိုက်ခြင်းဖြင့်
သေမင်းခေါ်သံ၊ နားပွက်လျှံရဲ့
အမှန်မုချ သေမည်လား။

ငါ့ခြေလက်တို့
ကြေမျက်ကျိုးပြတ်၊ တဆတ်ဆတ်တုန်
အာရုံဝေဝါး၊ မပြတ်သားတော့
စကားနှုတ်ဆွံ့၊ အားဆုတ်တွန့်ပြီ
လွန့်ရင်းကန်ရင်း၊ မာန်မတင်းနိုင်။

မီးမှောင်ရိပ်မှာ
မွန်းပိတ်ရင်ကျပ်၊ ယောက်ယက်ခတ်လျက်
အားပြတ်ညှိုးချုံး၊ ဇာတ်နိဂုံးတည့်
ကျုံးအနက်ထဲ၊ ငါ့အားဆွဲသည်
ခွဲစိတ်ကုသ ထိုတစ်ည။

နာမ်စားလိပ်ပြာ၊ ကိုယ်ခွဲခွာဖို့
ဒဏ်ရာထန်ပြင်း၊ မေ့မူးရင်းမှ
အလင်းတစ်စ၊ သတိရခဲ့
မြန်မာ့ဆေးစွမ်း၊ ပညာခန်းဖြင့်
တတ်ကျွမ်းမှုစုံ၊ သမားဂုဏ်ကို
အာရုံစိတ်တွင်၊ ရှိဦးတင်သည်
ပြေစင်ချမ်းမြေ့ ထိုတစ်နေ့။ ။

# ထာဝရ အမေ … ခွေ

ဆန်းလွင်(မြန်မာစာ)



ဝယ်လိုက်လျှင် အပြစ်နာမကင်းနိုင်တော့
နှယ်မကိုင်နဲ့ခင် မေတ္တာရင်းပါလို့
သစ္စာနှင်းကာ ရည်ရွယ်စူးခဲ့ရ
သည့်မယ်ရှုးပါတဲ့ ဖက်စိုစို။

မီးမကျ နေကင်ရက်ပါဘု
ကြီးအမူ ဖေခင်ခက်မှာပေါ်
ပဝေစဉ်ဆက် အဆိုဝလေ့ပါကွဲ့
ကိုယ်ငွေ့လှုံ မေတ္တာပွားပါလို့
ထားခဲ့တယ် အိပ်ရာအောက်မှာ
မင်းသောက်ဖို့ကို။

လှစ်ဖွဲ့ကြူ ကြာကမုဒ်ပန်းလိုပ
ချစ်တဲ့သူ လျှာနှုတ်ခမ်းတွေနဲ့
အငွေ့ယွမ်းကာ ချစ်ပင်စိုက်
ရေ့သွားနဲ့ကိုက်လို့ အညှာကို
ကတ်ကြေးမလိုတဲ့ လိပ်ဆေး။

ပိုးကူရင် အပြစ်စပ်သတဲ့
ကြိုးဖြုရင် အချစ်မြတ်သတဲ့
တစ်ရစ်ပတ်တဲ့ ဝါချည်မျှင်လို
တစ်သက်လျှင် တစ်ယောက်တည်းပါကွဲ့
ဖောက်မလှဲ နှယ်ရစ်နှောင်မိ
ငယ်ချစ်မောင် 'မင်း' ခစားပေပ
'အင်းဂ' သွားသူ အပြီးပွားပါစေ
နှလုံးမခြား သွေးမကွက်တယ်
ကွယ် …
မယ့်လက်ဆောင်လေး။ ။

# ကဗျာရဲ့ခြေရာ

မင်းသွေးနွယ်(ဓါးကုန်း)



လိပ်ပြာနဲ့ပန်း
စိမ်းလန်း ငြိမ်းချမ်းနေတာ
မနာလို ဖြစ်မှတော့။
ကဗျာဥ္စမြေ မိတ်ပျက်
အဆိပ်တက်ပြီပေါ့။

မိုးတိမ်နဲ့ငှက်
စွန်းကွက် ရွှန်းလက်နေတာ
မနာလို ဖြစ်မှတော့။
ကဗျာရိပ်မြို့ တောခြောက်
အမောဖောက်ပြီပေါ့။


ရေပြင်နဲ့ငါး
ပျော်ပါး မော်ကြွားနေတာ
မနာလို ဖြစ်မှတော့။
ကဗျာရင်ခွင် နွမ်းညှိုး
အလွမ်းပျိုးပြီပေါ့။

လမင်းနဲ့ ကြယ်
စီခြယ် ကျီစယ်နေတာ
မနာလို ဖြစ်မှတော့။
ကဗျာနရီ ပျက်ယွင်း
အမျက်တင်းပြီပေါ့။

ကဗျာရဲ့ခြေရာ
ဝေဒနာဒဏ် သင့်စေရော့။
ကိုယ့်ရင်ခုန်သံ
စည်းချက်မှန် ပြန်မကျော့
ဆာဆို ငါ ရင်ကော့လို့
ဦးမော့ပြီနော့။ ။

# ရိုးမခရီးသည်

ညိုဘန်း(လေးဝတီ)



အနောက်ဂေါယာ၊ တံတိုင်းကာ
သေလာတောင်တန်း၊ မြူတွေသန်း
လွှမ်းဖွယ်လေ့ လွှမ်းဖွယ်လေး။

'ပဒါန်း'လမ်းဆိုင်၊ 'အမ်း'သို့တိုင်
မိုင်တိုင်စီရေး၊ ခြောက်ဆယ့်လေး
ဝေးတယ်လေ့ ဝေးတယ်လေး။

ရိုးမပင်လယ်၊ မြစိမ်းခြယ်
ပြောကျယ်မဆုံး၊ ဒီလှိုင်းလုံး
ဖုံးတယ်လေ့ ဖုံးတယ်လေး။

တောပန်းတွေစုံ၊ ဖူးပွင့်ငုံ
မွှေးထုံရနံ့၊ လေဟုန်ဆန့်
ပျံ့တယ်လေ့ ပျံ့တယ်လေး။

'နတ်ရေကန်'တောင်၊ ကွေ့ပတ်ရှောင်
လျှိုမြောင်ရစ်ဝန်း၊ 'ကြက်ရေစမ်း'
လှမ်းပြီလေ့ လှမ်းပြီလေး။

တစ်ကုန်းတက်သော်၊ တစ်တောင်ကျော်
တောင်ပေါ်ကားလမ်း၊ ခရီးကြမ်း
ပန်းတယ်လေ့ ပန်းတယ်လေး။

စခန်းတောင်ကျိုင်၊ 'ဆင်ခုံတိုင်'
ရခိုင်ထမင်း၊ ဆတ်သားဟင်း
ခင်းတယ်လေ့ ခင်းတယ်လေး။

ရိုးမခါးပန်း၊ ကြည့်မျှော်လှမ်း
အမ်းမြို့စိမ်းစို၊ ခွန်းလှစ်ချို
ကြိုပြီလေ့ ကြိုပြီလေး။ ။

# နတ်တော်ပန်းချီ

မင်းမောင်နွယ်(မွန်ဌာနီ)



ငွေနှင်းဖွဲဖွဲ၊ ချမ်းကဲရာသီ
စိုစိုရွှဲရွှဲ၊ ဖြန့်ကြဲငွေရည်
ရွှေဝါသီကြီ၊ မှည့်ညီဝင်းဝင်း
ရောင်နီဦးလာ၊ နှင်းကွဲပြာ
ဝါဝါလယ်ကွင်း လင်းသည့်နှင့်လေး။

ကညာယာမင်း၊ တေးချင်းညီညီ
ကောက်နှံပြည့်တင်း၊ ရိတ်သွင်းလယ်ဆီ
ထွက်တိုးလေပြီ၊ စိတ်ညီကြည်နူး
နွားကျောက်ကုန်းပေါ်၊ ဝဲပျံပျော်
'ငှက်တော်'သီကျူး မြူးသည့်နှင့်လေး။

ပေါမနွဦး၊ ပွင့်ဖူးဝေဆာ
သဇင်ပွင့်ပန်း၊ တင့်ဆန်းမြိုင်ဝနာ
ငှက်ကျေးသံစာ၊ မာဂဓာပျော်မြူး
ဂမုန်းမျိုးစုံ၊ မြိုင်ရဂုံ
ကြိုင်ထုံနံ့ကျူး ထူးသည့်နှင့်လေး။

လနတ်တော်ဦး၊ ကြည်နူးစိတ်ဘဝင်
စာဆိုတော်နေ့၊ ပြုလေ့စာသဘင်
မြို့ရောတောတွင်၊ ပျော်ရွှင်မြူးထူး
ဟောပြောပွဲတွေ၊ ကျင်းပနေ
စာပေဂုဏ်ထူး ကျူးသည့်နှင့်လေး။

လနတ်တော်ဦး ပွင့်ဖူးသဇင် သင်းတော့သည်။
စာဆိုတော်ဖူး ကြည်နူးသဘင် ကျင်းတော့သည်။ ။

# ချစ်

ယိမ်းနွဲ့

'ချစ်တယ်'ဟဲ့ ချစ်သည်။
ကောင်းကင်ပြာ ဘုံစခန်းမှာ
လျှမ်းပချစ်ကြည်။
ငွေလမင်း ချစ်တေးသီ
'မဝေးပြီ'တဲ့ ကြယ်စင်မှုး။
မမှန်းပေါင်
အပြုံးဆောင် ရောင်သစ်ဆင်းနဲ့
လင်းလက် ကြည်နူး။



'ချစ်တယ်'ဟဲ့ ချစ်သည်။
ရွှေလိပ်ပြာ ပန်းငုံဖူး
ထုံမွှေးချစ်ပြီ။
ဝတ်မှုန်ဝှက် ပွင့်ချပ်ညီ
ဖွင့်လှပ်မည် ချီအီလူး။
နှစ်ကိုယ်ကြင်
ဖိုဘဝင် ရင်သိမ့်သိမ့်
ငြိမ့်ငြိမ့် ညွတ်နူး။

'ချစ်တယ်'တဲ့ ချစ်သည်။
ရေဇလာ့ရင် ရွှေကြာနဲ့
နှောင်ဖွဲ့ချစ်ညီ။
ရေပြာက မသွေဖည်
ရွှေကြာသည် ဘယ်မခွဲ။
နမ်းလှစ်ကြူ
ကျွမ်းချစ်ဟူ ဖြူစင်ဖက်
နှစ်သက်ခိုင်မြဲ။

'ချစ်မယ်'ကွဲ့ ချစ်မည်။
မေနဲ့မောင် သူတို့ထက်
စွဲမက်ချစ်ပြီ။
တစ်ဘဝနဲ့ မပျက်သုဉ်းရည်
အမှန်းမသိတဲ့ အချစ်စစ်။
ပန်သစ္စာနှယ်
အမှန်မေတ္တာဖလှယ်လို့
သံသရာနယ် တစ်ဖက်ကမ်းကိုင်
မဂ်စခန်းမယိုင် မသွေပျက်ဘဲ
တက်လှမ်းပြိုင် ရွှေလက်တွဲမယ်
စွဲမြဲနှောင်ချစ်။ ။

# စာဆိုသဘင်

မောင်သျှင်ပြေ(ပုသိမ်)



ငွေသဇင် နှင်းရေသောက်
မြောက်ရပ်က လေပြန်လာ
အေးမြသည်းလွှာ၊
ငြိမ်းချမ်းမြ ပြည်ခွင်မှာ
ဒီဇင်ဘာ နံနက်ခင်း၊
နှင်းငွေမှုန် သွန်ချလောင်း
ဆောင်းရနံ့သင်း။

လနတ်တော် နှင်းကျရှိ
ကျင်းပနွဲ့ စာသဘင်
တိုင်းလုံးပြည်ခွင်၊
မဟာမြေပြင်ကြ စုံစုံလင်
စာဆိုရှင် ဝတ္တာရား၊
ပြည်သူတွေ သိဖို့ပြီးဖို့
ကြိုးစားမနား။

ပြည်သူတွေ အသိတိုးမှ
ဆထမ်းပိုး နိုင်ငံ့ဝန်
ထမ်းလိမ့်ရည်သန်၊
မှန်ကန်တဲ့ အသိဉာဏ်
ပြည်သူ့ထံ ပို့ဆောင်ပေး၊
စာဆိုတွင် တာဝန်ရှိ
သိမြတ်ကိုမွေး။

ဒီဇင်ဘာ နှင်းရေဆမ်း
ဆောင်းချမ်းမြ လနတ်တော်
နွဲ့ကြတူပျော်၊
သက်ဝါကြီး စာဆိုတော်
ပူဇော်ကြ နံနက်ခင်း၊
ရွာမြို့စုံ အစဉ်ဖြန့်ကာ
စာဆို့ဂုဏ် သဇင်ရနံ့နှယ်
မွှေးပျံ့ကြိုင်သင်း။ ။




# အင်းဝဘဏ်လီမိတက်


INNWA BANK LIMITED




ရုံးချုပ် - အမှတ် (၉/၃) ကျိုင်းတုံလမ်းနှင့် ဝဲလူလမ်းထောင့်၊
ဓနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း ၀၆၇-၃၄၃၄၃၇၅၁ ဖက်စ် ၀၆၇-၃၄၃၄၃၇၅၂




## သင်ချေးငွေရယူပြီး.....လုပ်ငန်းများလုပ်ချင်ပါသလား?



- ချေးငွေများအပေါ်တွင် ဘဏ်ဝန်ဆောင်ခ (Service Charge) ကောက်ခံခြင်းမပြုပါ။
- ချေးငွေများအပေါ်တွင် ငွေထိန်းသိမ်းခ (Commitment Fees) ကောက်ခံခြင်းမပြုပါ။



- ချေးငွေများထုတ်ပေးရာတွင်အကောင်းဆုံး ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးနေပါသည်။ သင်ခေတ်မီအောင် အင်းဝဘဏ် (ATM) ကတ် သုံးကြည့်ပါလား. . . ။



- သင်ငွေပိုနေပါသလား. . . ။ အင်းဝဘဏ်မှာ ငွေစုခြင်းဖြင့် သင့်ရဲ့ငွေတိုးပွားစေနိုင်ပါသည်။

(၃) လ - (၉. ၃)%
(၆) လ - (၉. ၅)%
(၉) လ - (၉. ၆)%
(၁) နှစ် - (၁၀)%

- ချေးငွေထုတ်ပေးခြင်း (Loans)
- စာရင်းပိုထုတ်ချေးငွေ (Overdrafts)
- လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် (Hire Purchase)


ဆရာထွန်း၏
ထွန်းရွှေဝါ
တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး


Instant
SHWE PHE OO
Lemon Tea
SHWE PHE OO
Lemon Tea
Add
Hot Water
or
Cold Water
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ရန်ကုန်မြို့ဖုန်း - ၀၉-၆၇၁၄၄၃၅၅၅
STARMART NINE MILE Showroom-(၉)မိုင်၊ပြည်လမ်း၊ရန်ကုန်မြို့ဖုန်း - ၀၉-၃၀၈၆၀၀၈၀


ချပန်
日本の耳清液
နားသန့်ဆေးကြီး
ပင်ရင်း - ဖုန်း - ၀၁ - ၃၉၅၆၁၂၊ ၇၀၄၄၀၃၊ ရန်ကုန်မြို့

# ဖျံ-၅-ကောင်

အမှတ်တံဆိပ်




## သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

ရန်ကုန်မြို့ မန္တလေးမြို့နှင့် တောင်ကြီးမြို့ရှိ
မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့်
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆယက(စာနယ်ဇင်း) ၂၁၄/၀၆၁၈

**ပင်ရင်း - သမားတော် စာရေးဆရာ ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)**

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉၊ မြေညီထပ်(ယာ)၊ ၄၂လမ်း(ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၈၃၈၀၀၇၄၊ ၃၉၂၅၉၄၊ ၀၉၄၂၁၀၀၇၈၆၉

Dictionary for All

# သာလွန်

အင်္ဂလိပ် - မြန်မာ

# အဘိဓာန်

THALUN
Bookstore
Yangon

သာလွန်စာအုပ်တိုက်

- ၁၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉၂၀၈
- ၃၇၇/၃၇၉ ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၀၁၅၃၊ ၂၄၂၀၃၀
- ၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၈၊ ၃၉၉၀၀၄၂
- အမှတ် ၁၀၆/B၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရေကျော်မီးပွိုင့်အနီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၂၄၉၂၊ ၀၉၅၁၅၇၇၁၆


စကားကြွယ် - ဆို
သူက
စာကြည့်တိုက်စောင့်
နတ်.... ကျွဲ.
ကြည့်ထား - အဲဒါ
ကြော်စားနိုင်တယ်ဆိုတဲ့-
မျက်နှာ...
ယောက်ျား တန်မဲ့ နဲ့
အတင်း ပြောတာ-
ငါ သိပ်မုန်းတာပဲ
အဲဒီကောင်ပေါ့! - ဟိုနေ့က....


အပြင်မှာ မမြင်ဖူးသေးသရွေ့
ဖေ့စ်ဘွတ်ခ်မှာ ငါ့ကို လှတယ်ချည်း
မန့်နေကြ အုံးမှာပဲအော့... .... 

CARTOON


ပျောက်ပြီ
ပျောက်ကုန်ပြီဗျော့
အာနံ့ပျောက်တာလား
အရသာပျောက်တာလား
မိန်းမ
ကိုဗစ်လက္ခဏာများလား
ညက သူခိုးခိုးခံရလို့
အိပ်မက်ထဲက ပစ္စည်းတွေ
ပျောက်ကုန်တာဗျော့




CARTOON

CARTOON


ရှာလည်း ရှာတယ်၊ ရှာသလောက်လည်း ရပါတယ်၊ ဒီအ.. ဒါပေမဲ့လည်း ဘယ်လိုမှကို မပေါက်ဘူး ဖြစ်နေတယ်၊ ဘာလိုနေသလဲ မသိပါဘူးဗျာ .....
ဒါဆိုရင် ခင်ဗျား လိုနေတာက ရောင့်ရဲခြင်း စိတ်ဓာတ်ပါပဲ .....

(၁)

**ကချေသည်**

ပရိယေသန၊ ဝမ်းခါးလှုဖို့
ကျွန်မ ကရပါသည်ရှင်။

ရယ်ချင်လျက်လည်း
ဇာတ်ကွက်နှင့်ဆာ၊ ငိုလိုက်ရတည့်။
လွမ်းတစ္ဆလျက်၊ တသက်သက်လည်း
နိုင်းချက်ညီရန်၊ ရယ်ရပြန်တည့်။

တစ်ရံခါမူ၊ မချစ်သူလည်း
ကြည်ဖြူလေအင်၊ ဟန်ပန်ဆင်၍
ချစ်ကြင်သူလည်း၊ မုန်းမာန်သည်းသို့
တစ်နည်းတစ်တန်၊ ဖန်ရပြန်တည့်။

စိတ်ကမပါ
ရွှေပွဲလာများ၊ ရွှင်အားရဖို့
တွေးဆရှုမျှော်၊ သရုပ်ဖော်ခဲ့
နောက်သော်မျက်ကွယ်၊ လွမ်းရေးသွယ်၍
မှုန်းခြယ်ဘဝ၊ တသသဖြင့်
စီးကျမျက်ရည်၊ ဖြေမဆည်ကို
သိမည်တော့ဖြင့် မဟုတ်ကြ။

အမှန်တော့လျှင်
ဘဝစင်စစ်၊ မေ့ပျောက်ပစ်၍
ဖြစ်ချင်သမှု၊ အာရုံပြုကာ
ရှုသူစိတ်ကြိုက်၊ အလိုလိုက်၍
ကိုက်ညီအောင်သာ၊ ပြုရပါသည်
ဒါဟာ အနုပညာလား။

# ကိုးကားဖွယ်ရာ ထိုထိုကဗျာ(၂၆)

မောင်ခင်မင်(ဓနုဖြူ)



ပရိယေသန၊ ဝမ်းခါးလှဖို့
ကျွန်မ ကရပါသည်ရှင်။ ။

**ဘုတလင်ချစ်လေး**

**၁၉၆၂**

ဆရာဘုတလင်ချစ်လေး၏ ထင်ရှားသောကဗျာဖြစ်သည်။ သဏ္ဌာန်လုပ်သရုပ်ဆောင်ကပြရသော အနုပညာသည်၏သဘာဝကို ဖော်ညွှန်းထားသည်။ အနုပညာသည်၏စိတ်အလိုဆန္ဒအတိုင်း သရုပ်ဆောင်ရခြင်းမဟုတ်သည့်အတွက် ရယ်ချင်လျက်လည်း ဇာတ်ကွက်နှင့်လိုက်အောင် ငိုလိုက်ရသည်။ ငိုချင်လျက်လည်း နိုင်းစေချက်နှင့်အညီ ရယ်လိုက်ရသည်။ တစ်ခါတစ်ရံတွင် မချစ်သူကို ချစ်ဟန်ဆောင်ရသည်။ ချစ်သူကို မုန်းဟန်ဆောင်ရသည်။ ရွှေပွဲလာပရိသတ် အားရစိတ်ရွှင်စေရန် ဇာတ်ခုံပေါ်မှာ သရုပ်ဆောင်ရသော်လည်း နောက်ကွယ်သို့ရောက်သောအခါ မျက်ရည်အသွယ်သွယ်ကျပြီး လွမ်းဆွေးနေရသည့် အနုပညာသည်၏အဖြစ်ကို ပရိသတ်သိမည်မဟုတ်ပါ။ အစစ်အမှန်ဘဝကို မေ့ပျောက်ထားပြီး ပရိသတ်အလိုကျ သရုပ်ဆောင်နေရခြင်းသည်ပင် အနုပညာပေလားဟု မေးစရာဖြစ်ရသည်။ ပရိယေသနဝမ်းရေးအတွက် ဤသို့သရုပ်ဆောင်ကပြနေရပါသည်ဟု တကယ့်ဘဝနှင့် အနုပညာဖြင့် သရုပ်ဆောင်ရသောဘဝတို့ မတူကွဲပြားပုံကို ရေးဖွဲ့သရုပ်ဖော်လျက် အနုပညာ၏သဘာဝကို ဖော်ကျူးထားသည်။

## (၂)

## ရှင့်ကဗျာဆရာ

သူ့နားကပ်ပြီး
စပ်စမ်း ကဗျာတစ်ပုဒ်လောက်။

သူကပြုံး၍
ကုန်းကာလှမ်းရှူး၊ ရွက်စိမ်းဆူးနီ
အဖူးကြမ်းကြမ်း၊ တောရိုင်းပန်းလို
နမ်းလိုက်သည်နှင့်၊ ချက်ချင်းပွင့်လာ
ပုလဲဝါဝါ၊ သဇင်လွှာသို့ပြောင်းလဲသွား၏။

'ကဗျာစပ်လေ
ထပ်ဖို့ကာရန်၊ အသံရှာလေ
စာလုံးစက္ကူ ခံတံယူလေ'။

သူထွက်သွားပြီး
မြိုင်ကြားကျောက်စက်၊ ရေတစ်စက်ကို
လက်နှင့်တောက်ရာ၊ စိတ်စိတ်ဖွာပြီး
ဆပ်ပြာပူဖောင်း၊ အဖြစ်ပြောင်းသွား
ကောင်းကင်သို့လွှင့်၊ အရောင်ရင့်လာ
တိမ်နှင့်ငြိတွယ်၊ ကြယ်တွေဖြစ်သွား။

မျက်မှောင်ကုတ်မိ
ဘာလုပ်နေတာလဲကွယ်။

သူတိုက်ဆိတ်စွာ
ရိပ်ပျောက်မြက်ခင်း၊ လေဟာင်းလင်းမှာ
သက်ပြင်းညင်သာ၊ မောဖြေလာသည်
ကဗျာမစပ်တတ်ဘူးလား။ ။

**ကြည်အေး**

**၁၉၄၉**

**(တာရာမဂ္ဂဇင်း၊ ၃/၁၉)**

တာရာမဂ္ဂဇင်းမှ ကြည်အေး၏ 'ရှင့်ကဗျာဆရာ' ကဗျာဖြစ်သည်။ ဤကဗျာရှင်က ကဗျာဆရာကို ကဗျာတစ်ပုဒ်စပ်ခိုင်းသည်။ 'ကဗျာစပ်လေ အသံရှာလေ၊ စက္ကူနှင့်ခံတံယူလေ'ဟု ထပ်တိုက်တွန်းသည်။ ကဗျာဆရာစပ်ပြသောကဗျာမှာ စက္ကူပေါ်တွင် ခံတံနှင့်ရေးသော၊ အသံကာရန်ရှာ၍ဖွဲ့သော ကဗျာဟုတ်ပုံမရပါ။ ကဗျာတော့ ကဗျာပါပဲ။ ဤသည်ကို ကဗျာရှင်က 'ကဗျာမစပ်တတ်ဘူးလား'ဟု တုံ့ပြန်လိုက်သည်။ ကဗျာဆရာ၏ဆန်းကြယ်သောစိတ်ကူးကို ပုံဖော်ပြထားခြင်းပေလားဟု တွေးစရာဖြစ်ရသည်။ ကဗျာဖတ်ပြီး ငြိမ်ခံစားရစေနိုင်သော ကဗျာတစ်ပုဒ်ဖြစ်သည်ဟုဆိုချင်ပါသည်။

(၃)

**နေဝင်တော့မည် အိုနမ**

နေဝင်တော့မည်
ကောင်းကင်ဆီဝယ်
နေခြည်အရောင်၊ တိမ်အရောင်သည်
ညိုရောင်ယှက်သန်း နေလေပြီ။

အိုဘယ့်နမ၊ ချစ်နမငဲ့
မြစ်မ ကမ်းဘေး၊ ထိုင်ကာဝေး၍
လွမ်းဆွေးမနေ ပါနှင့်တော့။

ယခုပင်လျှင်၊ ရေအိုးငင်၍
ရေစင်အပြည့် ခပ်ပါဘိ။

ရေခပ်ပြီးသော်
စရီးလမ်းမှာ၊ ဓောပန်းလာသော
သူငါအများ၊ ခရီးသွားကို
ကြီးမားမေတ္တာ၊ စေတနာဖြင့်
ကြည်သာရိုမွေး၊ သင့်ရေအေးကို
တိုက်ကျွေးပြုပါ အိုနမ။ ။

**မင်းယုဝေ**
**၁၉၆၆**

ဆရာမင်းယုဝေ၏ကဗျာဖြစ်သည်။ လွမ်းဆွေးငေးမျှော်ခြင်းများဖြင့် အချိန်မကုန်ဆုံးစေဘဲ အချိန်ရှိနိုက်တွင် မေတ္တာစေတနာဖြင့် သူတစ်ပါးကိုတတ်စွမ်းသမျှ အကျိုးပြုရန်တိုက်တွန်းလိုသော ကဗျာဆရာ၏စေတနာကို မြစ်ကမ်းနံဘေးမှာ ရေလာခပ်သော မိန်းမပျိုကလေး၏ဖြစ်ရပ်နှင့် တင်စားရေးဖွဲ့ထားခြင်းဖြစ်သည်။ ကဗျာ၏နောက်ကွယ်မှာရှိနေသောအဓိပ္ပာယ်ကို ထိုတင်စားမှုအရ ဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။

(၄)

**နှင်းစည့်သည်**
**(စင်ရော်တောင်ထပ်တွန့်သံကြိုး)**

နွေကြွင်း...
လေညင်းညှံ့ညက်၊ ငွေရမက်နှင့်
ဖိတ်သက်ရွှေဝါ၊ သီဂီလွှာတို့
ကြွေလာသည့် တသဲသဲနှင်း၊
မြေလွှာလှည့် တဖွဲဖွဲစင်။

လေတွင် ဝေလွင်လွင့်
နွေရှင် သွေ့ချင်ချင့်။

သခင့် သခင်များ
အရင့် အရင်လား
တမင့်တမင်ကား မဟုတ်ပါပြီ။


မမြေ...
နွေလဲမဟူ၊ ဆောင်းအမြှုမှာ
ပြောင်းယူကူးလှည့်၊ စောင်းငဲ့စည့်သည်
လာမည်လာ လေလေလား၊
ကြာရှည်ကြာ ဝေဝေမှား။
နွေစကားဆိုပြန်၊
မွှေတစ်ပါး မလိုဟန်။
ငိုရန်ဖင့်၊ မရှိက်တရှိက်
ကြိုဖန်လင့်၊ မဆိုက်တဆိုက်
ယင်းအကြိုက် လှည့်ဆီလျော်စွာ၊
'နှင်း'... အငိုက် စည့်သည်တော်လာ။ ။

**ဒေါင်းနွယ်ဆွေ**

(မှတ်ချက်။ ။စင်ရော်တောင်သဏ္ဌာန်ကို တင်စား၍ ဤကဗျာစပ်နည်းကို စင်ရော်တောင်ထပ်တွန့်သံကြိုးဟု စမ်းသပ်အမည်ပေးရခြင်း ဖြစ်လေသည်။)

ဆရာဒေါင်းနွယ်ဆွေသည် ကဗျာပုံစံသစ်များကို စမ်းသပ်ရေးဖွဲ့ပြီး ကဗျာစပ်နည်းနာမည်သစ်များပေးခဲ့ပါသည်။ ဆရာ၏ကဗျာပေါင်းချုပ်ဖြစ်သော 'ကဗျာပုလဲလုံး'တွင် တွေ့ရပါသည်။ 'မောင်းညှို့သံကာချင်း'၊ 'ပုလဲသီသုံးလုံးဆင့်'၊ 'ထပ်သီကြော့ပုလဲကြိုး'၊ 'ဓေါင်းလောင်းသံချို'စသည်တို့ဖြစ်သည်။ အသံယူပုံ၊ ကာရန်ယူပုံ၊ အဆင်အကွက်ဖန်တီးပုံ ထူးခြားဆန်းသစ်သောအဖွဲ့များဖြစ်သည်။ ယခုဖော်ပြထားသော 'စင်ရော်တောင်ထပ်တွန့်သံကြိုး'မှာ ဆရာ၏ကဗျာပုံစံသစ်တစ်ခုဖြစ်သည်။ ။

**မောင်ခင်မင်(ဓနုဖြူ)**



# စာပေဟောပြောပွဲနှင့် ရဟန်းသံဃာများ

ရွှေကူမေနှင်း

ဗုဒ္ဓဘာသာမြန်မာလူမျိုးများရဲ့ ရှေးဦးအစဉ်အလာအရ ရဟန်းသံဃာတော်များက တရားပလ္လင်ထက်ကနေ ဟောပြောတာကို ဒကာ၊ ဒကာမများက ကြမ်းပြင်ပေါ် ကျုံ့ကျုံ့လေးထိုင်ရင်း နာကြားရတာဖြစ်ပါတယ်။ ခေတ်ကာလတွေပြောင်းလဲလာတဲ့အတွက် စာရေးဆရာတွေ စာပေဟောပြောကြတဲ့နေရာမှာ နားထောင်သူ ပရိသတ်ထဲ ရဟန်းသံဃာအချို့ပါဝင်လာခဲ့ပါတယ်။ စာရေးဆရာများအနေနဲ့ ရိုးရိုးသာမန်လူများကို ဟောပြောတာဖြစ်ပေမဲ့ ရဟန်းအချို့ကတော့သူတို့အလိုငှာ လာနားထောင်ကြတာပါ။ အထူးသဖြင့် စာပေဝါသနာပါတဲ့ ရဟန်းငယ်များဖြစ်ပါတယ်။ ဒီအခါ ရဟန်းများအတွက် စင်အောက်မှာ သီးသန့်နေရာထိုင်ခင်းများခင်းကြရပါတော့တယ်။ သုံးလေးပါးလောက်ဆိုရင်ပဲ စာရေးဆရာများက သတိထားပြီး အဂါရဝမဖြစ်အောင် ဦးစွာတောင်းပန်လေ့ရှိပါတယ်။

မော်လမြိုင်မြို့မှာတော့ ရဟန်းပရိသတ်များပြီး ပါးများ၊ ဟာစ်မယောင်းခန့် (ပွင့်လင်းလက်ကတ်၊ ယာကိမြိုင်ဆီးသနှဲ) နေရာဝင်ရတာမို့ ထူးခြားလှပါတယ်။ ပြောရရင် မြန်မာစာပေဟောပြောပွဲသမိုင်းမှာ ပထမဆုံးစာပေဟောပြောပွဲကို မော်လမြိုင်မှာစတင်ခဲ့တယ်လို့ မှတ်သားရဖူးပါတယ်။ ဒုတိယကမ္ဘာစစ်မဖြစ်ခင် ၁၉၃၆ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်မှာ မော်လမြိုင်မြို့၊ မောင်ငံရပ်၊ လူငယ်များကြီးပွားရေးအသင်းကကြီးမှူးပြီး ကျင်းပတာပါ။ ဟောတဲ့နေရာက မော်လမြိုင်ဈေးကြီးအနီး ကုက္ကိုပင်ကြီးနေရာပဲ။ ရန်ကုန်က ဆယ်သန်းကျော်နယ်

တိုက်ပိုင်ရှင် ဆရာမြို့မမောင်ကို ဦးတည်ဖိတ်ကြားခဲ့တယ်ဆိုပါတယ်။ ဟောတဲ့လူတွေက ဆရာမြို့မမောင်၊ ဦးစံရှိန်(ပရိုးမီးယားကောလိပ်ကျောင်းအုပ်ကြီး)၊ သခင်တင်မောင်နဲ့ ဦးဘရီတို့ဖြစ်ပါတယ်။ ဒီလိုအစဉ်အလာကောင်းတဲ့မော်လမြိုင်ဟာ ဆရာတော်များ ဦးဆောင်ပြီး ၁၀ ရက်၊ ၁၀ ချို စာရေးဆရာ ၃၀ နဲ့ ကျင်းပခဲ့တဲ့ခေတ် ရှိဖူးပါတယ်။ (နောင်အခါ စာရေးဆရာအချို့က နိုင်ငံရေးတွေဟောလို့ ဆရာတော်များနဲ့ လူပုဂ္ဂိုလ်တို့ သဘောထားကွဲလွဲပြီး ပွဲမလုပ်တော့ပါ။ အလွန်နှမြောဖို့ကောင်းပါတယ်။)

အဲဒီလို ဆရာတော်တွေက အစီအစဉ်ရေးဆွဲပြီး ကျောင်းပရိဝုဏ်ကွင်းပြင်မှာ စာအုပ်ဆိုင်တွေနဲ့ ပွဲဈေးတန်းကြီး ကျင်းပခဲ့တာရှိသလို တောကြိုအုံကြား အပြေးအလွှားကျင်းပကြတဲ့ ရဟန်းတော်များလဲရှိပါရဲ့။

ဥပမာပြောရရင် ငအိုးဆိုတဲ့မြို့ကလေးမှာ စာရေးသူတို့ စာကြည့်တိုက်ကို စာအုပ်လှူရင်း ဟောပြောပွဲတွေလုပ်စဉ်ကပါ။ ငအိုးဆိုတာ ကသာနဲ့ ရွှေကူကားလမ်းဘေး၊ ရွှေလီမြစ်ကမ်းမှာဖြစ်ပါတယ်။ အဲဒီလို ငအိုးမှာ ပွဲငယ်လေးတွေ အစီအစဉ်ဆွဲပြီးဟောနေတုန်း တစ်ရက်မှာ ရဟန်းပျိုတစ်ပါး စာရေးဆရာတွေတည်းတဲ့အိမ်ကို ရောက်လာပါတယ်။ ဖျတ်လတ်ပြုံးရွှင်နေတဲ့ရဟန်းပျိုက ခရီးရောက်မဆိုက်ပဲ "ကျုပ်တို့ရွာကိုလဲ တစ်ညဟောပေးပါ"လို့ဖိတ်တယ်။ "တပည့်တော်တို့က ရွာတွေပွဲစဉ်ပြည့်နေပါပြီ"လို့လျှောက်တာ မရပါဘူး။ တစ်ညတော့ လိုက်ကိုလိုက်ရမယ်တဲ့။ စာရေးသူတို့အဖွဲ့လဲဆွေးနွေးပွဲတစ်ရက်ကိုဖျက်ပြီး လိုက်ဖို့သဘောတူရပါတော့တယ်။ ရဟန်းပျိုက ပျော်ရွှင်စွာပြန်သွားတယ်။ နောက်မနက် ရွာသားတွေ လှေနဲ့လာကြိုတယ်။ ငါးတွေ ဘာတွေဝယ်ကြတယ်။ ရွှေလီမြစ်ရိုးအတိုင်း အတော်ဝေးဝေးကြီးမောင်းမှ ဦးပဥ္စင်းတို့ရွာကိုဆိုက်တယ်။ အားလုံးကြိုဆိုကြ၊ ချက်ပြုတ်ကျွေးမွေးကြ။ ဟောပြောပွဲစင်မြင့်ကို အငြိမ့်စင်လိုဆင်ယင်လို့။ ရွာတွေကို ဦးပဥ္စင်းကိုယ်တိုင် လော်နဲ့လျှောက်ခေါ်ထားလို့တဲ့၊ ပရိသတ်ကလဲ ကွင်းအပြည့်။ ရဟန်းတွေ နေရာယူဖို့ ဆက်တီတွေခင်း၊ စာရေးဆရာတွေအတွက်လဲကုလားထိုင်မှာ စောင်တွေချထားပေးလေရဲ့။ ဆောင်းတွင်းမို့ အတော်အေးတာကိုး။ ပွဲပြီးတော့ ဘုန်းကြီးကိုယ်တိုင် ဗလာစာအုပ်လေးတွေကို စင်ပေါ်မှာ လက်ဆောင်ပေးပါတယ်။ နောက်မှသိရတာက ဦးပဥ္စင်းကို ငအိုးကပွဲစီစဉ်သူကလျှောက်သတဲ့။ စာရေးဆရာတွေကို ချီးမြှင့်ငွေပေးရမယ်ပေါ့။ ဒီတော့မှ ဦးပဥ္စင်းကရယ်ပြီး "စောစောကပြောပါလား၊ လှလှပပ ထုပ်ထားမှာပေါ့၊ ခုတော့ စာအုပ်ကြားညှပ်ရုံပဲ"ဆိုပြီး ငါးထောင်တန်တစ်ရွက်စီပေးရှာတာပါ။ (ဘုန်းကြီးဆိုတာ ဒကာတွေလှူတာကိုပဲ လက်ခံနေကျမို့ စာရေးဆရာတွေကို ငွေပေးဖို့ ဘယ်သိရှာပါ့မလဲ၊ ငါးဟင်းတွေဘာတွေပဲ စီစဉ်ရှာတာ။)

နောက်ဘုန်းကြီးတစ်ပါးကတော့ ငဖဲမှာပါ။ စာရေးသူတို့က ငဖဲမှာသွားဟောဖို့ အဝေးပြေးဘတ်စကားနဲ့သွားကြတော့ စာရေးဆရာသုံးလေးဦး စကားတွေဖောင်လောက်အောင်ပြောကြတာကို ရှေ့ပိုင်းမှာထိုင်လိုက်လာတဲ့ ဘုန်းတော်ကြီးတစ်ပါးကကြားသွားလို့ နောက်လှည့်ပြီး "ဒကာတို့က စာပေဟောကြမလို့လား၊ ဒါဆိုဘုန်းကြီးရွာမှာလဲ ဝင်ဟောပေးပါ"လို့ပြောရော။ မဖြစ်ဘူး၊ ငဖဲမှာအစီအစဉ်လုပ်ထားကြောင်း ပြောတာကို ဘုန်းကြီးရွာကလဲ ငဖဲသွားတဲ့လမ်းမှာပဲ၊ ဟောဖြစ်အောင် ဟောပေးပါလို့ ဖွတ်တောင်းဆိုရှာပါတယ်။

ဒါနဲ့ အားနာပြီး လှေလာရေးဘုရားဖူးခရီး (ရွှေစက်တော်)သွားမဲ့အချိန်ကိုဖျက်ပြီး ဘုန်းကြီးကို လိုက်လျှောရပါတယ်။ ပွဲကို နေ့လယ်ဆွမ်းစားအပြီး ကျင်းပပါတယ်။ ဧည့်သည်တွေကိုအလှူ့ပယ်ကျွေးတယ်။ ပရိသတ်ကလဲ ရွာဘုန်းကြီးကခေါ်တာမို့ ကျောင်းခန်းမအပြည့်ပါ။ ဘုန်းကြီးလဲပျော်နေရှာရဲ့။ ပွဲပြီးလို့ ငဖဲကို ဆိုင်ကယ်တွေနဲ့ပြန်ပို့တော့ အဖွဲ့ထဲကတစ်ယောက်က နောက်ပြောင်ပြီး မေးတယ်။ "ဘယ်လောက်ရလဲ"တဲ့။ ဘယ်လောက်မှမရပါ။ ဘုန်းကြီးက စာရေးဆရာတွေကို ဟောပြောချီးမြှင့်ရမယ်မှန်း မသိရှာတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့ ပျော်ကြပါတယ်။

အခုလို သာသနာ့နွယ်ဝင်ရဟန်းတော်တွေက စာပေကို စိတ်ဝင်စားစွာနဲ့ သူ့ပရိသတ်ကိုဟောခိုင်းလို့ တစ်မျိုးကျေးဇူးတင်ကြရပါတယ်။ စာရေးဆရာဆိုတာ လူထုကြား စာတွေပို့ရသလို စကားတွေလဲပို့ရမဲ့တာဝန်ရှိတာမို့ ဖိတ်ခေါ်ခြင်းကို ဘယ်လိုဖြစ်ဖြစ် ဝမ်းသာကြတာပါပဲ။ မဖိတ်ဘဲ ဟောလို့မှမရတာ။ ဟုတ်တယ်မလား။

ဒီလိုဖိတ်လို့ ဟောရတဲ့ပွဲတွေရှိသလို မဖိတ်ဘဲ ဟောရတဲ့ပွဲတွေလဲ ရှိခဲ့ဖူးပါတယ်။ အချို့မြို့ရွာတွေမှာ အချိန်ကာလအရ ဟောခွင့်ပွဲမိန့်မရတာမျိုး ရှိခဲ့ပါတယ်။ စာရေးဆရာတွေရောက်ပြီးမှ သက်ဆိုင်ရာအုပ်ချုပ်သူများက ပွဲကျင်းပခွင့်ပိတ်တာပါ။ ဒီအခါမှာ ပွဲစီစဉ်သူတွေလဲ ဘာမှမတတ်နိုင်။ စာရေးဆရာတွေလဲ သူများနယ်မှာ 'ကြက်မ'ဆိုတော့ ဘာမှမပြောသာဘူး။ ဒီအခါမျိုးမှာ သူ့ရဲ့ကောင်းလုပ်သူက ဘုန်းကြီးရဟန်းတွေပါ။

"ဒကာတို့ ရပ်ကွက်ထဲဟောခွင့်မရလဲ နေပါစေ၊ ဘုန်းဘုန်းတို့ကျောင်းမှာလာဟော"တဲ့။ ဘုန်းကြီးကျောင်းဆိုတော့ ဘုန်းကြီးက အာဏာပိုင်ပဲ။ ဒါနဲ့ ဘုန်းကြီးကျောင်းဝင်းထဲက ဓမ္မာရုံမှာကပျာကယာ သင်ပုန်းပေါ် မြေဖြူနဲ့ဆိုင်းဘုတ်ရေးပြီး ဟောပြောပွဲလုပ်ရပါတော့တယ်။ ပရိသတ်မရှိမှာမပူရပါ။ ဘုန်းကြီးက 'စည်'တီးလိုက်ရင် တစ်ရွာလုံးလာနားထောင်ကြတာကလား။

ဒီလိုပွဲမျိုး ရွှေကူမှာ တစ်ခါ၊ ဗန်းမော်မှာ နှစ်ခါကြုံခဲ့ရပါတယ်။ ဘေးမသီရန်မခ၊ ဦးဟည်ချက်မပျက်ပွဲဖြစ်အောင် သတ္တိရှိရှိလုပ်ပေးခဲ့ကြတဲ့ ဆရာတော်တွေကို ဖော်မပြတတ်အောင် ကျေးဇူးတင်ရပါတယ်။

ခုတော့ အထက်ပါဆရာတော်များ ဘဝနတ်ထံ ပျံလွန်ကြပြီမို့ စိတ်မှန်းနဲ့ကန်တော့ရင်း စာပေဟာဝန်ပါဘုရားလို့ လျှောက်ထားလိုက်ရပါတယ်။

ဆရာ၊ ဒကာ ... နားလည်မှုများပါပဲ။ ။

**ရွှေကူမေနှင်း**

# ကဗျာခရီးသည်

မောင်ငြိမ်းရည်(မင်းကင်း)

(၁)
ကောင်းကင်ပြင်တွင်
တိမ်သွင်ရွေ့လျား၊ လေနှင်အားဖြင့်
ပျော်ပါး၍လည်း နှံ့ခဲ့ပြီ။

(၂)
ရေအလျဉ်ကောက်ကြောင်း၊ မြစ်စမ်းချောင်းတွင်
လှေလောင်းနှင့်လည်း စုန်ခဲ့ပြီ။

(၃)
မြေပြင်ခရီး၊ ခြေကျင်နှီး၍
ကိုယ်ချည်းသက်သက် သွားခဲ့ပြီ။

(၄)
အလင်္ကာလျှင်၊ ဆင်ကာရသ
ကဗျာလှတို့၊ လောကလှအောင်
ကောင်းကျိုးဆောင်လျက်
တန်ဆောင်မီးထိန်၊ ဉာဏ်လင်းရှိန်နှင့်
ရိပ်ငြိမ်ချမ်းသာ၊ ငြိမ်းအေးပါက
စိတ်လွှာရင်းနှီး တန်ဖိုးကြီး။
ကဗျာဆရာတို့ နှင်ခရီး။ ။

ဦးပုညနဲ့မင်းသုဝဏ်တို့နှစ်ဦးဟာ သူ့ခေတ် သူ့အခါအလျောက် လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားခဲ့တဲ့ စာဆိုတော်ကြီးနှစ်ဦးဖြစ်ပါတယ်။ သူတို့နှစ်ဦးဖြတ်သန်းခဲ့ရတဲ့ ခေတ်ကာလနဲ့

# ဦးပုညနဲ့မင်းသုဝဏ်

✔ ဒေါက်တာအောင်မြင့်ဦး



ခေတ်အခြေအနေဟာ မတူညီတာမို့ သူတို့နှစ်ဦးကိုနှိုင်းယှဉ်ပြောရတာဟာ သိပ်တော့ သဟဇာတမဖြစ်လှပါဘူး။ ဒါပေမဲ့ သူတို့နှစ်ဦးရဲ့ စာပေလက်ရာတွေမှာ တူညီတိုက်ဆိုင်နေတဲ့ ကဗျာကလေးနှစ်ပုဒ်ကြောင့် မြန်မာစာပေလောကမှာ ဒီကဗျာကလေးနှစ်ပုဒ်အကြောင်း နှိုင်းယှဉ်တင်ပြလေ့ရှိပါတယ်။ ဒီကဗျာကလေးနှစ်ပုဒ်ကတော့ ဦးပုညရေးတဲ့ 'ပန်းစံပယ်'ရှိ ကဗျာကလေးနဲ့ မင်းသုဝဏ်ရဲ့ 'နှင်းဆီပွင့်' လို့ အမည်ပေးထားတဲ့ ကဗျာကလေးနှစ်ပုဒ်ပါပဲ။

ဦးပုညရဲ့ 'ပန်းစံပယ်'ရှိကဗျာကို ပုဂံဝန်ထောက်မင်း ဦးတင်ရဲ့ ကဗျာဗန္ဓသာရကျမ်းမှာဖော်ပြထားတာကို တွေ့ရပါတယ်။ သီးသန့်ရွေးချီးကဗျာအဖြစ် ဖော်ပြထားတာမျိုးမဟုတ်ဘဲ 'လက်ဖက်ရည်တော် ရှာစည်ရှာစား မင်းလုပသမ်ယာ(ဦးပုည)ဆို မယ်ဘွဲ့မှာတမ်း' ဆိုတဲ့ ကဗျာရှည်ကြီးထဲမှာ အစိတ်အပိုင်းတစ်ခုအနေနဲ့ ထည့်သွင်းရေးဖွဲ့ထားတာဖြစ်ပါတယ်။ မယ်ဘွဲ့မှာတမ်းလို့ ဆိုထားတဲ့အတွက် စာဆိုသူမောင်က မယ့်ကိုမှာကြား ဖွဲ့ဆိုတယ်လို့ ယူဆနိုင်ပါတယ်။ ဒါပေမဲ့ ဘာကို ဘယ်လိုမှာကြားတယ်ဆိုတာကတော့ စဉ်းစားစရာ၊ အတွေးပွားစရာတွေ ရှိနေပါတယ်။ ကဗျာကလေးကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

**စံပယ်ပန်း**

ပန်းစံပယ်
နန်းလယ် မပေါ်ခိုက်ဟာမို့
အလိုက်တော် တန်သင့်ရုံပါ
ခံပွင့်ကိုကုံး။

နန်းရဝေ
မန်းမြေမှာ စံပယ်လှိုင်တော့

ခံပန်းခိုင် ယာယီရွှေ့တယ်

တောလေ့ရှာသုံး။ ။

ဒီကဗျာကလေးကို ယခင် သဗ္ဗာမတန်းကျောင်းသုံး စာအုပ်မှာ 'စံပယ်ပန်း'လို့ခေါင်းစဉ်ပေးပြီး ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ တကယ်တော့ ဒီကဗျာမှာ အလေးပေး ဖွဲ့ဆိုလိုတာက 'ခံပွင့်'ဖြစ်တယ်လို့ ဆိုချင်ပါတယ်။ ဒီကဗျာကို ရိုးရိုးလေးတွေးမယ်ဆိုရင်တော့ စံပယ်ပန်း နန်းတွင်းမှာမပေါ်ခင်တော့ ခံပွင့်ကိုသီကုံးပန်ဆင်ခဲ့ကြ တယ်။ စံပယ်တွေလှိုင်လှိုင်ပွင့်တဲ့အခါမှာတော့ ခံပွင့်ကို တောရွာသုံးအဖြစ် ပစ်ပယ်လိုက်ကြတယ်ဆိုတဲ့



အဖြောင့်အဓိပ္ပာယ် ရရှိမှာဖြစ်ပါတယ်။ တင်စားတဲ့ အနက်အနေနဲ့ ဆိုရင်တော့ ထီးသွေးနန်းသွေးဖူးစာ ဖက်ကိုမတွေ့ခင်မှာတော့ သာမန်ရပ်သူ ရွာသားကို မေတ္တာသက်ဝင်ပြီး မဟာသွေး မဟာနွယ်ကိုတွေ့တဲ့အခါမှာတော့ သာမန်ရပ်သူ ရွာသားကို စွန့်ပယ်လိုက်တယ်ဆိုတဲ့ မေတ္တာရေးရာကို စံပယ်နဲ့ခံပွင့် နိမိတ်ပုံသုံးပြီး တင်စားဖွဲ့ဆိုတယ်လို့ ယူဆမယ်ဆိုရင် ရတာန်ကောင်းတယ်လို့ ထင်ပါတယ်။

ဒီကဗျာကလေးနဲ့ပတ်သက်ပြီး ဆရာကြီးမင်းသုဝဏ်က 'ကဗျာရေးချင် စာစပ်သင်' စာအုပ်မှာ 'စံပယ်ပန်း မပေါ်ခင် ခံပန်းကိုအသုံးပြုသည်။ စံပယ်ပန်းပေါ်လာ သောအခါ ခံပန်းကိုစွန့်ပစ်သည်ဆိုသော အကြောင်းကို အောက်ပါလေးချိုးတွင် ဖွယ်ဖွယ်ရာရာ ပလီပလာတွေ့ နိုင်သည်။

ပန်းစံပယ်

. . . . .

. . . . .

တောလေ့ရှာသုံး။ ။

**မှတ်ချက်**။ ဤဒွေးချိုးသည် မိမိပြောလိုသော ကိစ္စကို တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်၍ပြောထားသော ဝက်ဝုတ္တိအလင်္ကာဆန်သည့်ဒွေးချိုးမျိုးဖြစ်သည်။ ဤ ကဗျာ၏ နယ်ပယ်သည်လည်း မကျယ်ပြန့်၊ တစ်ခုသော လူ့အဖွဲ့အစည်း၏ တရားမျှတမှုကင်းပုံကို ဖော်ပြထား သည်ဟုဆိုလျှင်လည်း ရတာန်ပါသည်။ သို့သော်လည်း အချုပ်အားဖြင့်ကား မိမိအလိုမပြည့်သည်ကို နူတ်ခမ်း ကလေးစူ၍ ရန်တွေ့စကားပြောကာ ထုတ်ဖော်ပြောပြ ခြင်းမျှသာဖြစ်သည်။ စကားလုံးကလေးများ လှသည်။ အသံကလေးများ သာသည်။ ကာရန်ကလေးများ ချို သည်။ သို့သော်လည်း သူ၏အရိပ်အာဝါသကား တစ် ကိုယ်လုံးမျှဖြစ်သည်တကား'(စာ ၅၆)လို့ သုံးသပ်ပြခဲ့ ပါတယ်။

ဆရာကြီးမင်းသုဝဏ်ကပဲ 'ကဗျာစာဆိုကြီး၏ ကဗျာအဖွင့်လက်ရာများ' စာအုပ်မှာ ဒီကဗျာကလေးနဲ့ ပတ်သက်ပြီး 'စာဆိုက တစ်ဖက်ကိုဖော်ပြ၍ စာဖတ်သူ တွေးယူဖော်ထုတ်ရန် တစ်ဖက်ကို အရိပ်ပြချန်ထားသော တင်ပြပုံမျိုးကို တစ်ဖက်ပြရေးနည်း၊ သို့မဟုတ် အရိပ်ပြ ရေးနည်းဟူ၍လည်းကောင်း သတ်မှတ်ပိုင်းခြားရလျှင် ပြောရဆိုရ၊ ရေးသားရ ပေါ့လွှင်လွယ်ကူလေမလား တွေးမိပါသည်'(စာ ၁၃၁)လို့ ဖော်ပြထားပါတယ်။

ဆရာမကြီးမမိုးမြေကတော့ ဒီကဗျာနဲ့ပတ်သက် တဲ့ ခံစားချက်ကို 'ကဗျာဖန်တီးသူနှင့် ကဗျာခံစားသူ' စာအုပ်မှာ 'ထိုကဗျာလေးကို တွေးလိုက်မိတိုင်း၊ ရွတ် လိုက်မိတိုင်း ဂုဏ်အနိမ့်အမြင့်ခွဲခြားတတ်သော လူ့ သဘော၊ လူ့သဘာဝတို့ကို မြင်ယောင်လာသည်။ မိမိက အလွယ်တကူစွန့်ပစ်လိုက်သည့်အတွက် တစ်ဖက်သား၏ ဘဝနှင့် နှလုံးသားတွေ မည်မျှနာကျင်ခံစားခဲ့ရသည်ကို ဂရုမမူ၊ အလေးမထားတတ်သော လူ့စရိုက်ကိုလည်း မြင်လာသည်။ အမှတ်မထင် ခပ်ပေါ့ပေါ့ပြုမူတတ်သည့်

လူ့သဘာဝဖြစ်သလို အသစ်မြင်လျှင် အဟောင်းမေ့တတ်သော လူ့အမူအရာလည်းဖြစ်သည်။ အရာရာတိုင်းကို အလွယ်တကူအစားထိုးတတ်သော လူ့သဘောထားလည်းဖြစ်သည်။ တစ်ဖက်သား၏ခံစားမှုကိုမငဲ့ကွက်ဘဲ ကိုယ့်ခံစားမှုကိုသာ ဦးစားပေးတတ်သည့် လူ့စရိုက်များကိုလည်း ကိုယ်စားပြုထားသည် (စာ ၄)လို့ ဖော်ပြခဲ့ပါတယ်။

ဒီကဗျာကလေးထဲက စာဆိုဦးပုညညွှန်းဆိုထားတဲ့ စံပယ်ပန်းနဲ့ခံပွင့်ဟာ အမျိုးသားကိုညွှန်းတာလား၊ အမျိုးသမီးကိုညွှန်းတာလားဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။ အပေါ်ယံကြည့်မယ်ဆိုရင်တော့ အမျိုးသားစာဆိုဖြစ်တဲ့ ဦးပုညကဖွဲ့တယ်၊ မယ့်ကိုမှာတဲ့ မယ်ဘွဲ့မှာတမ်းလဲ ဖြစ်တယ်ဆိုတော့ အပစ်ပယ်ခံအမျိုးသားဖြစ်မယ်လို့ ယူဆစရာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကဗျာကို သေသေချာချာဖတ်ပြီး အလေးအနက်ခံစားကြည့်မယ်ဆိုရင် စာဆိုဦးပုညမှာ ဒီထက်လေးနက်တဲ့အကြောင်းအရင်းတွေရှိမယ်လို့ ယူဆစရာဖြစ်ပါတယ်။ ဒီကဗျာကို စာဆိုဦးပုညရဲ့ဘဝနဲ့ဆက်စပ်ကြည့်မယ်ဆိုရင် မဟော်ဦးတစ်ပုဒ်လိုပါပဲ။

စာဆိုဦးပုညရဲ့အတ္ထုပ္ပတ္တိကို စာအုပ်စာတမ်းအတော်များများမှာ ဖော်ပြထားတာကြောင့် ဒီနေရာမှာ အသေးစိတ်မဖော်ပြတော့ပါဘူး။ သူ့ရဲ့စရိုက်သွင်ပြင်ကို ရိပ်စားနိုင်ဖို့အတွက် အကျဉ်းမျှဖော်ပြရမယ်ဆိုရင်တော့ ဦးပုညက စလေမြို့စား ရွာစားမျိုးဖြစ်တဲ့ သူကြီးဦးမြတ်စံရဲ့ သားဖြစ်တာကြောင့် ငယ်စဉ်ကတည်းက နန်းတွင်းမှာ အဝင်အထွက်ရှိခဲ့တယ်။ သာယာဝတီမင်းလက်ထက်က စလို့ မင်းတုန်းမင်းလက်ထက်အထိ ရှင်ဘုရင်၊ အိမ်ရှေ့မင်း၊ မင်းညီမင်းသား၊ မောင်းမမိဿံတွေနဲ့ အနီးကပ်ထိတွေ့ဆက်ဆံခဲ့ရတယ်။ ဇာဒင်ကိန်းခန်းအရ ဥပစ္ဆေဒကကံမကောင်းဘူးလို့ဆိုတဲ့အတွက် ရဟန်းဝတ်လိုက်၊ လူဝတ်လဲလိုက်နေခဲ့တယ်။ ဦးပုညရဲ့ဘဝဖြစ်စဉ်မှာ ထူးခြားတာကတော့ သူဟာ အမျိုးသမီးတွေနဲ့ အထိအတွေ့များခဲ့တာပဲဖြစ်ပါတယ်။

စာဆိုတော်များရဲ့အတ္ထုပ္ပတ္တိစာအုပ်တွေမှာ ဖော်ပြလေ့မရှိတဲ့ ဦးပုညရဲ့ တချို့အကြောင်းအချက်တွေကို နန်းမတော်ဆရာတင်ကြီး ရှာဖွေစုဆောင်းပြုစုတဲ့ 'စလေပုည၏ နန်းတွင်းမှုကျယ်အတ္ထုပ္ပတ္တိ' မှာ တွေ့ရပါတယ်။ ဦးပုညဟာ စလေမြို့မှာ ရဟန်းဝတ်အဖြစ် ကျောင်းထိုင်နေစဉ်ကတည်းက ဇာဒင်တတ်ကျွမ်းတာကြောင့် အမျိုးသမီးတွေ အဝင်အထွက်များခဲ့တာကို 'စလေဦးပုည၏ နန်းတွင်းမှုကျယ်အတ္ထုပ္ပတ္တိ' မှာ 'ထိုနှစ်၊ ထိုအချိန်၌ ဦးပုည၏ကျောင်းတိုက်သို့ ယောကျ်ားများထက် မိန်းမများက ပိုမို၍သွားလာဝင်ထွက်ခြင်း၏အကြောင်းအရင်းကား ဇာဒင်ကိန်းခန်း၊ နက္ခတ် စသော ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင် သက်ရောက်ဂြိုဟ်စား၊ လက္ခဏာတွက်ချက်တို့မှစ၍ မိန်းမတို့သည် ယောကျ်ားများထက် ဦးပုည၏ကျောင်းတိုက်သို့ လာရောက်ဝင်ထွက် မေးလေ့မေးထရှိသည်က ကစ်ကြောင်း (စာ ၃၁-၃၂) စသည်ဖြင့် ဖော်ပြခဲ့ပါတယ်။

ဦးပုညဟာ ပုဂံမင်းလက်ထက်မှာ မင်းတုန်းမင်းသားနဲ့ ကနောင်မင်းသားတို့ ပေါ်ယူတဲ့အတွက် လူဝတ်လဲပြီး မင်္ဂလာအိမ်တော်မှာ ခစားထမ်းရွက်ခဲ့ပါတယ်။ ဦးပုညဆောင်ရွက်ရမဲ့တာဝန်တွေကိုတော့ 'စလေဆရာကိုပုည မင်္ဂလာအိမ်တော်မှာ ဆင်းရဲချမ်းသာ ဘက်ပြု၍ မင်္ဂလာအိမ်တော်၌ လူပျိုတော်သားအပေါင်းတို့အား အုပ်ချုပ်ဆုံးမပဲ့ပြင်၍ ခစားပါလေ့။ သားတော်၊ သမီးတော်များဟိုကိုလည်း ဗဟုသုတများပြားလေအောင် လောကီလောကုတ္တရာ ဇာဒင်ယတြာစာပေကျမ်းဂန်များတို့ကို စီမံအုပ်ချုပ်၍ ခစားရမည် (စာ ၆၄)လို့ မင်းတုန်းမင်းသားက မှာကြားခဲ့တယ်လို့ နန်းတွင်းမှုကျယ်စာအုပ်မှာ ဖော်ပြခဲ့ပါတယ်။

ဒီအကြောင်းတွေကိုဖော်ပြရတာကတော့ ဦးပုညဟာ ရုပ်သူရွာသူတွေရော၊ မင်းညီမင်းသားတွေနဲ့ နန်းတွင်းသူတွေရော အထိအတွေ့များခဲ့သူဖြစ်ပါတယ်။ နန်းတွင်းက ယောကျ်ား၊ မိန်းမ ချစ်ရေးချစ်ရာအရှုပ်အထွေးတွေ၊ နန်းတွင်းအရှုပ်တော်ပုံတွေကို အတော်ကြီး ထဲထဲဝင်ဝင်သိခဲ့မှာ အသေအချာပါပဲ။ နန်းတွင်းသူ မိဖုရားတွေ၊

ကိုယ်လုပ်တော်တွေ အကျင့်ဖောက်ပြန်နေလို့ ကနောင်မင်းသားရေးခိုင်းတဲ့အတွက် 'ပဒုမပေါင်ကိုပြဇာတ်' ကို ရေးခဲ့သလို ဒီပြဇာတ်ကိုမခံချင်တဲ့ မိဖုရားတွေက မိန်းမကောင်း မိန်းမမြတ်တွေလဲ ရှိသေးတယ်ဆိုတဲ့အကြောင်း ဦးပုညကို 'ဝေဿန္တရာပြဇာတ်'နဲ့ ပြန်ရေးခိုင်းခဲ့ပါတယ်။ မင်းတုန်းမင်းကိုယ်တိုင် မိဖုရားအများအပြားရှိခဲ့တာလဲ အားလုံးအသိပါပဲ။ ဒီလို နန်းတွင်းရေးရာကိုသိရှိခဲ့တဲ့ ဦးပုညဟာ နန်းတွင်းက အပစ်ပယ်ခံ၊ အစွန့်ပစ်ခံ မိန်းမသားတွေရဲ့ဘဝကို မြင်တွေ့သိရှိခံစားရမှာပါ။ ဒီလို အတွေ့အကြုံ ခံစားချက်တွေကိုအရင်းခံပြီး ဒီ 'ပန်းစံပယ်' ချီကဗျာလေးကို ရေးသားခဲ့ဟန်ရှိပါတယ်။ 'ပန်းစံပယ်' ချီ ကဗျာထဲမှာ ဦးပုညဖွဲ့ဆိုခဲ့တဲ့ 'စံပယ်ပန်း' နဲ့ 'ခံပွင့်ပန်း' ဟာ မိန်းမသားတွေကိုရည်ညွှန်းတာလို့ပဲ နားလည်ခံစားမိပါတယ်။ ဒီကဗျာကလေးကို မယ်အွဲ့မှာတမ်းထဲမှာ ထည့်သွင်းစပ်ဆိုခဲ့တာကလဲ သူရေးဖွဲ့တဲ့ မယ်အွဲ့ကို 'ခံပွင့်' မဖြစ်ရအောင် သတိပေးတာလို့ ယူဆမိပါတယ်။

ဒီကဗျာကလေးကိုမှီးပြီး အပယ်ခံ၊ အစွန့်ပစ်ခံ မိန်းကလေးတစ်ယောက်ရဲ့ဘဝကို စာရေးဆရာမကြီး ခင်နှင်းယုက 'ခံပွင့်'အမည်နဲ့ ဝတ္ထုတစ်ပုဒ်ရေးခဲ့ပါသေးတယ်။ ဒီဝတ္ထုမှာ ယာတောသူခင်လေးဟာ တော်လှန်ရေးကာလမှာ သူတို့ရွာကို စည်းရုံးရေးဆင်းဖို့ ရောက်လာတဲ့ သခင်ကျော်ဖေယျနဲ့မေတ္တာမျှပြီး ပေါင်းသင်းခဲ့ကြပါတယ်။ တော်လှန်ရေးတိုက်ပွဲအတွင်းမှာ ခင်လေးနဲ့တကွ ရွာသူရွာသားတွေဟာ သခင်ကျော်ဖေယျကို အဘက်ဘက်ကဝိုင်းဝန်းကူညီခဲ့ကြပါတယ်။ တော်လှန်ရေးကြီးပြီးသွားတဲ့အခါမှာတော့ သခင်ကျော်ဖေယျဟာ ရန်ကုန်မှာ ပါလီမန်အတွင်းဝန်ဖြစ်ပြီး ကြီးပွားသွားပါတယ်။ ခင်လေး ရန်ကုန်ကိုလိုက်သွားတဲ့အခါမှာတော့ အိမ်မှုကိစ္စတွေနဲ့ ဧည့်သည် ဧည့်ခံကျွေးမွေးတဲ့အလုပ်တွေကိုသာ လုပ်ပေးနေရပါတယ်။ နောက်တော့ သခင်ကျော်ဖေယျဟာ ခင်လေးကိုအပြစ်ရှာပြီး မြို့သူ သူဌေးသမီးပဂ္ဂီနဲ့လက်ထပ်လိုက်တဲ့အခါ ခင်လေးခမျာ အထုပ်ဆွဲပြီး အမေရှိရာရွာကို ပြန်လာခဲ့ရပါတော့တယ်။ ဒီဝတ္ထုတိုကလေးကို ၁၉၅၅ ခုနှစ်ထုတ် မြဝတီမဂ္ဂဇင်းမှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။

ဒါ့ကြောင့် ဒီကဗျာကလေးထဲမှာ စာဆိုဦးပုညဖော်ကျူးခဲ့တဲ့ ခံစားချက်ဟာ အင်မတန်နက်ရှိုင်းတယ်လို့ ဆိုချင်ပါတယ်။ စာဆိုဦးပုညဟာ အပစ်ပယ်ခံတွေရဲ့ဘဝကိုဖော်ပြရာမှာလဲ အင်မတန်သိမ်မွေ့ညင်သာပါတယ်။ အပစ်ပယ်ခံဖြစ်လို့ ဘဝကိုနာကြည်းအရှုံးပေးဖို့မဟုတ်ပါဘူး။ အချိန်ကာလတစ်ခု ယာယီအခိုက်အတန့်မှာသာ အခုလိုကြုံတွေ့ရတာပါဆိုတာကို 'ယာယီရွှေ့တယ်' ဆိုတဲ့စကားကလေးနဲ့ နှစ်သိမ့်ပေးထားပါတယ်။ ဒါတင်မက ထီးသုံးနန်းသုံးမဖြစ်တော့ရင်တောင် ကိုယ့်အရပ် ကိုယ့်ဒေသမှာ တန်ဖိုးထားခံရမဲ့ 'တောလေ့ရွာသုံး' ဖြစ်တယ်ဆိုတာ အားပေးစကားဆိုထားပါတယ်။

ဒီကဗျာထဲက ခံပွင့်နဲ့စံပယ်ပွင့်အကြောင်းကို ဆရာထွန်းရီ (ရှေးဟောင်းသုတေသီ)က 'အထက်ပါကဗျာအရ စံပယ်ပန်းမှာ နန်းသုံး၊ ခံပန်းမှာ တောရွာသုံးဟု ဖော်ပြထားခြင်းပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် စံပယ်မှာ ရာသီပန်းဖြစ်ပြီး ခံပန်းမှာ အချိန်သတ်မှတ်မှုမရှိ၊ စံပယ်ပန်းမပွင့်ချိန်အပြင် အခြားရာသီများတွင်ပါပွင့်နေသည့် အဖြစ်အနေကိုဖော်ပြထားပါသည်။ စံပယ်ပန်းပွင့်သည့်ရာသီတွင်သာ ယာယီသဘောအားဖြင့် အဆင့်နိမ့်သွားခြင်းဟု ဆိုသင့်ပါတော့သည်။ စံပယ်ပန်းပွင့်သည့် အခိုက်အတန့်တွင်သာ ခံပွင့်မှာ တောရွာသုံးဖြစ်သွားရပါသည်။ အခြားအချိန်အခါများတွင် နန်းသုံးအဆင့်တွင်တည်ရှိနေခြင်းပင်တည်း။ ထို့ကြောင့် ခံပွင့်သည် စံပယ်နှင့်ယှဉ်လျှင်သာ အဆင့်နိမ့်ကျသွားခြင်းဖြစ်သော်လည်း စံပယ်ကဲ့သို့ပင် အဆင့်ရှိသည့်ပန်းတစ်ပွင့်ဖြစ်နေပါသည်' (စာ ၄၂)လို့ 'ကဗျာရိပ်မြုံ စာပန်းရဂုံ'စာအုပ်မှာ ဖော်ပြခဲ့ပါတယ်။

စာဆိုဦးပုညရဲ့ 'ပန်းစံပယ်'ချီ ကဗျာကို နှောင်းခေတ် ခေတ်စမ်းစာဆိုတော်ကြီး ဆရာကြီးမင်းသုဝဏ်ဟာ ခွဲလမ်းနှစ်သက်ခဲ့ဟန်ရှိပါတယ်။ ဆရာကြီးမင်းသုဝဏ်ဟာ ၁၉၃၂ ခုနှစ်မှာ 'နှင်းဆီပွင့်'လို့ အမည်ပေးထားတဲ့ အောက်ပါကဗျာကလေးကိုရေးဖွဲ့ခဲ့ပါတယ်။

**နှင်းဆီပွင့်**

လယ်တောကပြန်
ပန်ချင်တယ် ခရေဖူးဆိုလို့
မောင် ခူးကာပေး။

မနက်တုန်းဆီက
ကြေ့ဆုံးကို မောင်မြင်တော့
သူ့ဆံပင် နှင်းဆီပွင့်တွေနဲ့
ဂုဏ်တင့်တယ်လေး။

ဒီကဗျာကလေးဟာ 'ပန်းစံပယ်'ကဗျာကလေးနဲ့ ပုံစံတူ ဒွေးချိုးကဗျာကလေးဖြစ်ပါတယ်။ 'ပန်းစံပယ်'ကဗျာမှာ စံပယ်ပန်းနဲ့ ခံပွင့်ပန်းကို နိမိတ်ပုံယူပြီး ရေးဖွဲ့ထားသလို 'နှင်းဆီပွင့်'ကဗျာမှာတော့ ခရေပန်းနဲ့ နှင်းဆီပန်းကို နိမိတ်ပုံပြုရေးဖွဲ့ထားတယ်။ ကဗျာမှာဖော်ပြထားတဲ့ ဇာတ်လမ်းကတော့ လယ်သူမကလေးတစ်ယောက်နဲ့ လယ်သမားကလေးတစ်ယောက်ရဲ့ဇာတ်လမ်းဖြစ်တယ်။ လယ်သူမကလေးက မောင်ကြီး လယ်တောကပြန်လာရင် ခရေဖူးကလေးတွေကို ပန်ချင်ပါတယ်ဆိုလို့ ခရေပင်ပေါ်တက်ပြီး ခရေဖူးကလေးတွေခူးခဲ့တယ်။ ခရေပန်း၊ ခရေဖူးဆိုတာကလဲ တစ်ပွင့်ချင်းပန်လို့မရတာမို့ မယ်လေးပန်ဖို့ သီကုံးထားခဲ့တယ်။ ဒါပေမဲ့ မနက်ကျတော့ ခရေကုံးတွေ ပန်ဆင်ပေးဖို့ မယ်ကလေးကိုရှာပြီးကြည့်လိုက်တဲ့အခါမှာပေတော့ သူ့ဆံပင်မှာ နှင်းဆီပွင့်တွေနဲ့ တင့်တယ်နေပါတယ်လို့ ရိုးရိုးကလေးဖွဲ့ဆိုထားတာဖြစ်ပါတယ်။ ဒီကဗျာကလေးဟာ ရိုးရှင်းပြီး ခံစားချက်ထိမိပေါ်လွင်တာမို့ ထင်ရှားလူကြိုက်များခဲ့ပါတယ်။

ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)က ဒီကဗျာလေးနဲ့ပတ်သက်ပြီး 'လယ်သမားကလေးသည် ခရေပန်းပေးခွင့်မရသည့်အတွက် မကြေကွဲနိုင်၊ မနာကြည်းနိုင်ဘဲ နှင်းဆီပွင့်တွေနှင့် ဂုဏ်တင့်နေသည့်ချစ်သူကို ကြည့်ရင်း ဝမ်းသာနေရှာသည်။ 'သူ့ဆံပင် နှင်းဆီပွင့်တွေနဲ့၊ ဂုဏ်တင့်တယ်လေး'ဟူသောအသံတွင် ငြူစူခြင်းကင်းသော၊ ကြည်လင်အေးမြသောစေတနာ ထင်ဟပ်နေပါသည်။ စာဆိုသည် မိမိ၏နှလုံးသားရေးရာဂီတစ္စကို 'နှင်းဆီပွင့်'ကဗျာဖြင့် ပုံဆောင်ခြင်းဖြစ်သည်ဟု ခံစားနားလည်နိုင်ပါသည်' (စာ ၆ဝ-၆၁) လို့ 'မင်းသုဝဏ်၏ ဦးကဗျာ'စာအုပ်မှာ သုံးသပ်ပြပါတယ်။

ဒီကဗျာကလေးပါစာသားနဲ့ပတ်သက်ပြီး ဆရာကြီးမောင်စင်မင်(ဓနုဖြူ)က 'မင်းသုဝဏ်ဦးကဗျာ'စာအုပ်မှာ ကဗျာကိုရေးဖွဲ့စဉ်က 'မနက်တုန်းဆီက၊ ကြေ့ဆုံးကို မြင်ပြန်တော့'လို့ ရေးဖွဲ့ခဲ့တာဖြစ်ကြောင်း၊ ဒေါက်တာဝွမ်လျောင်က ဂန္ထလောကမှာဆောင်းပါးရေးတော့ 'ကြေ့ဆုံးကို မောင်မြင်တော့ သူ့ဆံပင် နှင်းဆီပွင့်တွေနဲ့' လို့ သူ့အမှတ်မှားနေတဲ့အတိုင်း ရေးလိုက်ပုံရကြောင်း၊ ဒီအတိုင်းပဲ ယနေ့တိုင်အမှတ်မှားနေခဲ့ကြောင်း ဆရာကြီး မင်းသုဝဏ်က ရေးသားဖူးတယ်လို့ဆိုပါတယ်။ နောက်ပိုင်းမှာ အကြိမ်ကြိမ်ပြန်လည်တည်းဖြတ်ထုတ်ဝေတဲ့ ဆရာကြီးမင်းသုဝဏ်ရဲ့ကဗျာစာအုပ်တွေမှာလဲ စာသားကိုပြန်လည်ပြင်ဆင်ခြင်းမပြုတော့ဘဲ လူသိများတဲ့မူအတိုင်း ထားရှိခဲ့တာ တွေ့ရပါတယ်။

စာဆိုဦးပုညရဲ့ 'ပန်းစံပယ်' ရှိ ကဗျာနဲ့ ဆရာကြီးမင်းသုဝဏ်ရဲ့ 'နှင်းဆီပွင့်'ကဗျာကို ဆရာကြီးမြဇင်က 'ခေတ်ပေါ်ကဗျာ ခေတ်ပေါ်အာရုံခံစားမှု' စာတမ်းမှာ နှိုင်းယှဉ်သုံးသပ်ပြခဲ့ပါတယ်။ ဒီစာတမ်းကို အထက်ဗမာနိုင်ငံစာရေးဆရာအသင်းက ၁၉၆၉ ခုနှစ်မှာထုတ်ဝေတဲ့ 'ကဗျာအကြောင်း စာအကြောင်း'စာအုပ်နဲ့ မိုးကိုကိုစာပေက ၁၉၇၃ ခုနှစ်မှာထုတ်ဝေတဲ့ 'ကဗျာနရီနှင့်နိမိတ်ပုံ' စာအုပ်မှာဖော်ပြခဲ့ပါတယ်။ ဆရာမြဇင်က 'ဒီကဗျာနှစ်ပုဒ်မှာ အကြောင်းအရာတူညီတယ်။ ရိုးရိုးအနက်တွေဟာ ဆင်တယ်။ တင်စားတဲ့အနက်တွေ ဆင်တယ်။ ပန်းတွေကိုသုံးပြီး အကြောင်းအရာတွေကို ပုံဖော်ထားတယ်။ အဖွဲ့ဟာလဲ ဒွေးချိုးချည်းဖြစ်တယ်။ အရသာကျတော့ မတူညီတော့ဘူး။ ဦးပုညရဲ့ကဗျာမှာ ဖွဲ့နွဲ့ပြုလုပ်ထားတဲ့အသံပါတယ်။ မင်းသုဝဏ်ရဲ့ကဗျာဟာ သူလိုရာကို မရှောင်သာဘဲ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်တယ်။ ဒီလောက်ဆင်တူကြတဲ့ ကဗျာနှစ်ပုဒ်ဟာ ဘာကြောင့် ကဗျာသဘောအရ ကွဲပြားရသလဲ။ အာရုံခံစားပုံတွေက အခြေခံအားဖြင့်မတူတဲ့အတွက်ကြောင့်ဖြစ်တယ်။

အာရုံရုပ်(Image)ကိုဖန်တီးရာမှာ မတူလို့ဖြစ်တယ်။ ဦးပုညရဲ့ကဗျာဟာ မင်းသုဝဏ်ရဲ့ကဗျာမှာလို ပညာကို ဝေဒနာက ကောင်းကောင်းထောက်ပံ့မထားဘူး။ ခံစားချက်ကလဲ မလုံလောက်ဘူးလို့ဆိုနိုင်တယ်'(စာ ၂၄-၂၅)လို့ နှိုင်းယှဉ်သုံးသပ်ခဲ့ပါတယ်။ ဆရာကြီးမြဖင်က စာဆိုဦးပုညရဲ့ကဗျာဟာ ဆရာကြီးမင်းသုဝဏ်ကဗျာလောက် မကောင်းဘူးလို့ သုံးသပ်တဲ့သဘောဖြစ်ပါတယ်။

ဆရာမကြီးမမိုးမြေကလဲ 'ဦးပုညသည် ဦးဆောင်သူဖြစ်သည်ဆိုလျှင် ဆရာကြီးမင်းသုဝဏ်သည် ဖန်တီးမှုအတတ်ပညာဖြင့် ကျော်ဖြတ်သွားသူဖြစ်ပါသည်' (စာ ၁၃)လို့ သုံးသပ်ပါတယ်။

နိဒါန်းမှာအစချီခဲ့သလို ဦးပုညနဲ့မင်းသုဝဏ်တို့နှစ်ဦးဟာ သူ့ခေတ်သူ့အခါအလျောက် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားခဲ့တဲ့ စာဆိုတော်ကြီးနှစ်ဦးဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့နှစ်ဦးရဲ့ ဖြတ်သန်းခဲ့ရတဲ့ ခေတ်ကာလနဲ့ ခေတ်အခြေအနေဟာ မတူညီတာမို့ သူတို့နှစ်ဦးကိုနှိုင်းယှဉ်ပြောရတာဟာ သိပ်တော့ သဟဇာတဖြစ်မှာမဟုတ်ပါဘူး။ စာဆိုဦးပုညရဲ့ စာနောက်ခံဟာ ထီးနန်းဝန်းကျင်ဖြစ်ပြီး ဆရာကြီးမင်းသုဝဏ်ရဲ့စာနောက်ခံက လယ်တောဝန်းကျင်ဖြစ်ပါတယ်။ အကြောင်းအရာအနေနဲ့ကတော့ ခေတ်စကားနဲ့ပြောရရင် ဦးပုညက မိန်းကလေးခံရတာကိုဖွဲ့ဆိုတာဖြစ်ပြီး မင်းသုဝဏ်ကတော့ ယောကျ်ားလေးခံရတာကိုဖွဲ့ဆိုတာဖြစ်ပါတယ်။ ဒါပေမဲ့ ထူးခြားတာကတော့ ကဗျာနှစ်ပုဒ်စလုံးမှာ နာကြည်းမုန်းတီးသံတွေမပါဘဲ စာနာနားလည်စိတ်နဲ့ မေတ္တာကရုဏာ အငွေ့အသက်တွေ လွှမ်းခြုံနေတာဖြစ်ပါတယ်။ ကဗျာနှစ်ပုဒ်စလုံးဟာ ပညာသားပါပါ သိမ်မွေ့နူးညံ့စွာဖွဲ့ဆိုထားတာဖြစ်လို့ ဒီကဗျာနှစ်ပုဒ်ကိုနှိုင်းယှဉ်ပြီး တစ်ဖက်တက်ကို အသာပေးမယ်ဆိုရင်တော့ မတရားဘူးလို့ပဲ ဆိုချင်ပါတော့တယ်။ ။

**ဒေါက်တာအောင်မြင့်ဦး**

# စခန်းသာယာ ပြည်မြန်မာ

မိုးဖြို့(မင်းပြား)



မြစ်ချောင်းရေလျှဉ်၊ စီးသွင်သွင်
ပင်လယ်ပြာပြာ၊ ရေဇလာ
သာတယ်လေ့ သာတယ်လေး။

သဲပွင့်လွှလွှ၊ ငွေရောင်ကြွ
သာစွသောင်ကမ်း၊ ကျောက်ဆောင်တန်း
ဆန်းတယ်လေ့ ဆန်းတယ်လေး။

နေခြည်နွေးထွေး၊ လေပြည်အေး
ဖွေးလွ လှိုင်းတွန့်၊ လူးလွန့်လွန့်
ကွန့်တယ်လေ့ ကွန့်တယ်လေး။

ယိမ်းသာမနယ်၊ စိမ်းမြလယ်
လှခြယ်ရှုခင်း၊ မိုးမြင်ကွင်း
လင်းတယ်လေ့ လင်းတယ်လေး။

မြူခြေဆိုင်းဆို့၊ နှိုင်းညို့ညို့
ဝိုင်းလို့ရံထား၊ တောင်တန်းများ
ရှားတယ်လေ့ ရှားတယ်လေး။

ကျွန်းဝါးသစ်ပင်၊ မြရောင်ဆင်
ပြည့်ခွင်တစ်ဝန်း၊ လှပြည့်လျှမ်း
စခန်းသာယာ၊ ပြည်မြန်မာ
ရာသီမလင့်၊ သာကြည်တင့်
ပင့်တယ်လေ့ ပင့်တယ်လေး။ ။



ရသစာတမ်း

# ပြေလတ်မောင်မြင့်သူ ရင်ထဲကတန်ဆောင်မုန်း

(၁)

ကိုဗစ်နှင့်ပတ်သက်သည့် ခံစားချက်တွေအကြောင်း ရေးမည်ဆိုတော့ စိတ်က အမေ့ဆီရောက်သွားသည်။ ဟုတ်သည်။ အမေနှင့်ရွာကလေးဆီ ရောက်သွားသည်။ ကိုဗစ်မတိုင်ခင် ဖေဖော်ဝါရီလဆန်းထဲတွင် အမေ့ထံ သွားမည် စိတ်ကူးမိသေး၏။ ထိုစဉ် ရွာကတူတော်မောင်က ဖုန်းဆက်လာသည်။ သူ ရွာလူကြီးဖြစ်သည့်အချိန်မို့ ဒီနှစ်ဧပြီလသင်္ကြန်အပြီး နှစ်ဆန်း ၁ ရက်ဟွင် စာပေဟောပြောပွဲပုပ်မည်။ စာရေးဆရာတစ်ဦးပါ အပို ဖိတ်ခဲ့ပါဆို၏။ နေ့လယ်ပိုင်း သင်္ကြီးမှ ဓော်ပွဲကျင်းပမည်။ ညဘက် စာရေးဆရာနှစ်ဦးဟောမည်။ ထိုအစီအစဉ်ကြောင့် ရွာပြန်ဖို့စိတ်ကူးကို ရက်ရွှေ့လိုက်သည်။ ဧပြီဆိုတော့ ကောင်းတာပေါ့။ ရွာဓလေ့ ရွာသင်္ကြန် လည်း မကြုံရတာကြာပြီ။

ရွာဓလေ့တွင် အခါရက်ကြီး ၃ ခုရှိ၏။ ဝါဆိုအခါ၊ သီတင်းကျွတ် အခါနှင့် သင်္ကြန်အခါတို့ဖြစ်၏။ ဒီအထဲ သင်္ကြန်အခါက အစည်ကားဆုံး ဖြစ်သည်။ ပျော်စရာအကောင်းဆုံးလည်းဖြစ်သည်။ ရွာဓလေ့အရ အခါရက် တစ်ခါကြုံတိုင်း အဖိတ်နေ့တွင် မုန့်မျိုးစုံကြော်လေ့ရှိသည်။ အခါရောက် လျှင် အမေက မုန့်ဆီကြော်၊ မုန့်စလင်းတောင်နှင့် မုန့်ပေါက်ချတို့ကို ဦးစားပေးကြော်လေ့ရှိသည်။ မုန့်ပေါက်ချက ထန်းလျက်ရည်နှင့် စိမ်စားရသည်။ အမေ့မုန့်ဆီကြော် နှင့် မုန့်စလင်းတောင်သည် ဘယ် နှစ်ယောက်ယားယား မာခဲမသွား။ အမြဲ ပျော့ပျောင်းကာ စားတိုင်းမှာ အရသာရှိလှသည်။ ကျွန်တော့်အစ်မ ဝမ်းကွဲအစ်မကြီး မညွန့်ကြည် ကျတော့ အခါမုန့်အပြင် ဘူးသီး ကြော်တို့၊ ဖရုံသီးကြော်တို့ပါ အပို ကြော်လေ့ရှိသည်။ ရန်ကုန်မှာ အခြေကျကတည်းက အခါမုန့်၊ ရွာ မုန့်နှင့် ဝေးနေတာကြာပြီ။ ရွာပြန်



ဖြစ်တော့ မုပ် တဝကြီး စားမည်ဟု အားခဲထားလိုက်သည်။ ပြီးတော့ အတူဟောပြောရန် ခေါ်သွားသည့် အောက်သားစာရေးဆရာကိုလည်း အခါမုန့်၊ ရွာမုန့်တွေ တဝချကျွေးကာ "ကျုပ်တို့ အညာ လေ၊ ရွာလေ့က ဒီလိုဗျ"ဟု ကြွားလိုက်ရဦးမည်။

ပြီးတော့ ဒီတစ်ခါ ရွာ၏သက်ကြီးပူဇော်ပွဲက ထူးခြားသည်။ ကိုးဆယ်ကျော် ကျွန်တော့်အမေပါ သလို ခုနစ်ဆယ်ကျော် ကျွန်တော်လည်း ပါသည်။ ဒီလို သားအမိနှစ်ယောက် စုံလုံး ပြိုင်ပူဇောခံမယ့် ပါဖို့က ရှားပါးသည်။ ဒါကြောင့် နှမဝမ်းကွဲ မမြင့်မြင့်ဋွေးက "လာဖြစ်အောင် လာခဲ့ပါ အစ်ကိုကြီးရယ်... အစ်ကိုကြီးတို့သားအမိနှစ်ယောက်ကို ဓာတ်ပုံတွဲရိုက်ထားချင်လို့ပါ"ဟု တဖွဖွမှာသည်။ ဒီလို အမှုပ်တရုပ်မျိုးမှ မပြန်လျှင် ရာဇဝင်ရိုင်းရော့မည်။ သို့ဖြင့် ရွာပြန်ဖို့ စိတ်ကူးတွေယဉ်ကာ အစီအစဉ်တွေကြိုချနေမိသည်။

(၂)

လောကမှာ လူညီ့စားသည်လား။ ကံကြမ္မာဖန်လာပုံက ဆန်းတာလား။ ဆန့်သောလက်မကွေးခင်၊ ကွေးသောလက်မဆန့်ခင်မှာ မထင်မှတ်တာတွေ ဖြစ်တတ်သလား။ စိတ်ကူးယဉ်၍ မဆုံးသေးခင်မှာပင် ပြားသောကမ္ဘာကြီးတစ်ခုလုံး နာဖျားပါလေတော့သည်။ တရုတ်ပြည်၊ ဝူဟန်မြို့က စတင်လိုက်သော ကိုဗစ် ၁၉ ကပ်ရောဂါသည် ကမ္ဘာကြီးကို

ရွာကြီးတစ်ရွာလို ပျံ့နှံ့သွားမှတော့ ကျွန်တော်တို့ကို ကော ဘယ်မှာချမ်းသာပေးအံ့နည်း။ အားလုံးကုန်လှုပ် ချောက်ချားသွားကြသည်။ နည်းပညာကြွယ်ဝသော နိုင်ငံကြီးများ၌ပင် အသေအပျောက်တွေများလာသဖြင့် နည်းပညာမကြွယ်ဝသေးသော ကျွန်တော်တို့နိုင်ငံက ပို၍သတိထားရပါတော့သည်။ ကျင့်သုံးလိုက်နာရမည့် စည်းကမ်းတွေ၊ အမိန့်တွေ၊ ဥပဒေတွေထွက်လာတော့ သည်။ ပွဲစုလူဝေးမလုပ်ရမည်။ အိမ်မှာနေရမည်။ မတတ်သာ၍ အပြင်ထွက်ရလျှင်လည်း နှာခေါင်းစည်း တပ်ရမည်။ လက်ကို မကြာခဏဆေးရမည်။ လူတွေ... လူတွေ ဆန်တွေ တိုးဝေ့ဝယ်ကြ။ ဆီတွေပြေးဝယ်ကြ။ ဆေးတွေ စုဆောင်းကြ။ ရန်ကုန်မြို့ကြီး လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ အထိတ်တလန့်ဖြစ်သွားသည်။

အစဖြစ်၍လားမသိ။ ကျွန်တော်တို့လူမျိုး၏စိတ်ကို စတွေ့ရသည်။ လူမစုရ၊ လူစုလူဝေးရှောင်ပါဆိုသော် လည်း ဈေးမသွားဘဲနေ၍မရ။ အလုပ်မသွား၍မဖြစ်။ လိုင်းကားမစီးဘဲ ရှောင်၍မရ။ ဒီအခါ ဈေးထဲမှာ၊ လိုင်းကားပေါ်မှာ နှာခေါင်းစည်းမတပ်သူတွေကို ၃ ပုံ ၁ ပုံခန့်တွေ့နေရသည်။ မကြောက်ကြတာလား။ မထူးကြ တော့တာလား။ မကျေတာက ဉာဏ်ပညာနှင့်လွဲချော် နေကြခြင်းပင်ဖြစ်သည်။ အကြောက်လွန်တာလည်း အန္တရာယ်။ မကြောက်တတ်တာလည်း အန္တရာယ်။ အရာရာ ဉာဏ်ပညာနှင့်ချင့်ချိန်မှုမှာ ကျွန်တော်တို့လူမျိုး တော်တော်အားနည်းနေသေးသည်။ သို့သော် ကိုဗစ်က ဒီတိုင်းမနေ။ တစ်နေ့တခြားပျံ့နှံ့လာသည်။ စိုးရိမ် စရာဖြစ်လာသည်။ ဖွင့်လက်စကျောင်းတွေ ပိတ်လိုက် ရသည်။ နေ့ကျောင်းဘော်ဒါဆောင်တွေလည်း မဖွင့်ရ တော့။ မင်္ဂလာလည်းမဆောင်ရ။ အလှူလည်း လုပ်မရ။ အဝေးပြေးလိုင်းကားတွေပါ ပိတ်ပစ်လိုက်ရသည်။ လေကြောင်းလိုင်းအချို့လည်း ပိတ်သွားပါပြီ။ ကမ္ဘာ ရွာကြီးမှာ နယ်တွေစည်းခြားပြီး တံခါးတွေပိတ်ထားကြ သလိုဖြစ်သွား၏။ အချို့ရုံးမပွင့်ပေည်း ပန်ယမ်းမပွ တစ်ဝက်နား၊ တစ်ဝက်အလုပ်ဆင်း အလှည့်ကျသဘော မျိုးတွေဖြစ်ကုန်သည်။ စက်ရုံအချို့ပိတ်လိုက်သဖြင့် အလုပ်သမားတွေ ဒုက္ခရောက်သွားကြသည်။ အလုပ် မရှိတော့ အချို့ရွာပြန်ကြကုန်၏။ ကျွန်တော်တို့၏ မြို့ပြ အသည်းနှလုံးဖြစ်သော ရွှေရန်ကုန်သည် ချက်ချင်းပင် ခြောက်ကပ်ဆိတ်ငြိမ်ကာ တစပြင်ပမာဖြစ်သွား၏။ နေ့ခင်းကြောင်တောင် မြို့လယ်ကောင်သည်ပင် တစ္ဆေ ခြောက်မလား အောက်မေ့ရ၏။ ရန်ကုန်သည် ကိုဗစ် စစ်မြေပြင်ပေတကား။

## (၃)

မှတ်မှတ်ရရ ထိုနေ့သည် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက်ဖြစ်သည်။ ငါဝမ်းပူဆာမနေသာတော့ အလုပ် ကဆင်းနေရသေးသည်။ လိုင်းကားနှစ်ဆင့်စီးမှ အလုပ် တိုက်သို့ရောက်သည်။ အိမ်ကအထွက် ဆိုက်ကားစီးရသေး ၏။ လမ်းထိပ်မှ ဝိုင်ဘီအက်စ်တစ်ဆင့် အရင်စီးရ၏။ ပါရမီညောင်ပင်ဆင်း၍ နောက်တစ်ဆင့်ကူးရန် ဆေးယဉ်ကျော လမ်းမပေါ်အရောက် ခြေကျင်နင်းရ၏။ ထိုမှ ဝိုင်ဘီ အက်စ် (၃၃)ကိုဆက်စီးရ၏။ ကားစောင့်နေစဉ် ရပ်နေကျ ငုဝါပင်လေးပေါ် အမှတ်တမဲ့အကြည့်ရောက်သွားတော့ သကြိန်မှာ ခါတော်မီပွင့်ရန်တာစူနေသည့် ငုဝါအဖူး လေးတွေက ပြူတစ်ပြူတစ်နှင့် အားယူနေကြသည်။ တစ်နှစ်မှာတစ်ခါ၊ တစ်ခါမှာလည်း တစ်ရက်ပဲပွင့်သည့် ပိတောက်နှင့်စာလျှင် ရနံ့မရှိပေမဲ့ တစ်ခါပွင့်လျှင် တစ်လကျော်ခံသည့်ငုဝါကို ကျွန်တော် ပိုနှစ်သက်သည်။ တစ်ရက်မွှေးသည့်ရနံ့ထက် တစ်လကျော်တာရှည်လှ သည့် ငုဝါပန်း၏အဝါရောင်ကို ကျွန်တော်ပိုချစ်သည်။ သူ့အဝါက ဗန်ဂိုး၏နေကြာနှင့်လည်းမတူ။ စုံနံ့သာမြိုင် ဦးကြော၏ ပိတောက်နှင့်လည်း မဆင်။ ပန်းဆက်သမား ဗုဒ္ဓ၏ စံကားဝါနှင့်လည်း မှုကွဲ၏။ သူ့အဝါက ရွှေမင်းဂံ တေးသီချင်းစာသားထဲကလို ဝါဝါရည်ရှင်၍ ကြည်ကြည် လင်လင်ရှိသည်ဟု ကျွန်တော် ခံစားမိသည်။ ဝါလွင်လွင် ကလေး။ သို့သော် ငုဝါကဗျာကိုမူ ပုလောစိုးနံ့သာလို အဖွဲ့အနွဲ့လှအောင် ကျွန်တော် မရေးတတ်ပါ။

ထိုနေ့က တိုက်မှာအလုပ်လုပ်နေစဉ်မှာပဲ ညီနောင် သားချင်းလိုခင်မင်ရသည့် အလုပ်ရှင်က ထူးဆန်းစွာ စကားဆိုသည်။

"ဆရာ...ဒီနေ့စောစောပြန်ပါဆရာ၊ လတ်တလော ကိုဗစ်အခြေအနေကြောင့် အသက်ကြီးတဲ့ ဆရာတို့က အိမ်မှာပဲ ခဏနားပါ၊ အလုပ်အရေးကြီးရင်တော့ ဆရာ ဖတ်ဖို့ စာမူတွေ အိမ်လာပေးမယ်ဆရာ၊ ဧပြီလ တစ်လ လုံးပိတ်ထားပြီး မေလ ၁၅ ရက်မှ ဆရာတို့ ပြန်ဆင်းပါ၊ အလုပ်တိုက်ကိုတော့ အမာခံလူငယ် ၅ ယောက်နဲ့ ရုံးစန်း ဖွင့်ထားမယ် ဆရာ၊ အဲဒီတော့မှ ပြန်တွေ့တာပေါ့"

ကျွန်တော်ပြန်ခါနီးတော့ မဟာလနှင့်ဧပြီ နှစ်လစာ ကြိုထုတ်ပေးသည့်အပြင် ဆန် ၁၂ ပြည်ဝင်အိတ်တစ်အိတ်၊ ဆီ ၁ ပိဿာ ၁ ဘူးနှင့် အချိုရည်ဘူးကြီးတစ်ဘူးပါ ထည့်၍ လက်ဆောင်ပေးလိုက်သည်။ ကျွန်တော့် အဖို့ ဝန်ထမ်းအပေါ် မိသားစုလိုသဘောထားသော အလုပ်ရှင်မျိုး သည်တစ်ခါပဲတွေ့ဖူးသည်။ ရင်ထဲ ပီတိတွေနှင့်အတူ ဒီထက်ကြီးပွားချမ်းမြေ့ကြပါစေဟု ကျေးဇူးမေတ္တာတွေ ဝေနေမိသည်။

(၄)

ရန်သူကိုဗစ်က အရပ်မျက်နှာပေါင်းစုံကို စစ် မျက်နှာဖွင့်လာခဲ့ပြီဖြစ်သည်။ နေ့အပူနှင့်အတူ မြို့ပြသည် လောင်မြိုက်ခြင်းဖြင့် ပြုစားခံထားရသည်။ နေ့နှင့်ည ၏အရသာသည် ဘာမျှကွဲပြားခြင်းမရှိတော့။ နေ့လယ် ကောင်နှင့် ညသန်းခေါင်သည် အရောင်တွေနှင့်အမှောင် ပြိုင်နေကြ၏။ ဘီယာဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်တို့သည် မျက်လွှာကိုအမှောင်ချကာ ကျက်သရေမဆောင်သောမျက်နှာပေးနှင့် ကြက်သေသေ နေသော လမ်းမကြီးကို အဓိပ္ပာယ်မဲ့စွာ ငေးနေကြသည်။ လောလောဆယ်တွင် ခင်မင်ရာအဆွေခင်ပွန်းဖွဲ့၍ စားသောက်မှုလုပ်တတ်သည့် စားသောက်ဆိုင်များသည် ပါဆယ်သာရောင်းချပါသည်ဆိုသော လည်ဆွဲများကို ဝတ်ကျေတမ်းကျေဆွဲကာ ဖောက်သည်မရရှာသော အပေါ်စားညဥ့်ငှက်မယ်တို့၏ မျက်နှာချေရုပ်လိုသေနေ ၏။ ရင်ကွဲနေပုံရသော ဟာရွှေမြို့ပြ၏ရန့်ကို ရှူရှိုက်ရင်း စိတ်ထဲတွင် ညှီစို့စို့နှင့် မအော်ဂလီဆန်လာသည်။

နဂိုကမှ အပြုံးပျောက်လုမတတ်ဖြစ်နေသော မြို့ပြမျက်နှာများကို နှာခေါင်းစည်းအုပ်လိုက်သောအခါ လူလူချင်း ပို၍အကဲခတ်ဖို့ခက်သွား၏။ ကိုယ်စီမျက်လုံး ထဲတွင် အပြန်အလှန် သံသယတွေနှင့်ချောင်းနေကြ၏။ တစ်ယောက်ကိုတစ်ယောက် ယုံကြည်မှုတွေပါပျောက်နေ ကြ၏။ ရန်သူက ရန်သူကိုမယုံကြည်သလိုမျိုးဖြင့် ကိုးစား မှုစည်းရိုးတွေ ကျိုးကြေသွားကြသည်မှာ ကြေကွဲစရာ ကောင်းလှသည်။ ကျွန်တော်တို့၏ ကာလကြာမြင့်စွာ တည်ဆောက်ထားခဲ့ရသော ရှားပါးလှစွာသည့် နံနက်ခင်း အာသာမြေ ၃ ယောက် ၁ ဝိုင်းအရသာလေးလည်း ကိုယ်စီပါဆယ်ထုပ်ဘဝတွေဖြစ်သွား၏။ ကျွန်တော်တို့ သည် စတေးဟုမ်းဘဝဖြင့် တစ်မြို့တည်းနေပြီး တစ်မြေစီ ဝေးနေကြ၏။ မျက်နှာချင်းဆိုင်လျက်နှင့် ရင်ဘတ်ချင်း ကျောခိုင်းနေကြ၏။ ကိုဗစ်သံသယနှင့် သွားလည်းကိုဗစ်၊ စားလည်း ကိုဗစ်၊ နားလည်းကိုဗစ်၊ အိပ်လည်းကိုဗစ်၊ စိတ်ထဲ ကိုဗစ်ကချွေပဲခြောက်လှန့်နေလေ၏။

နေ့ကိုလည်း ဘယ်လိုနေ့မှန်းမသိလိုက်။ ဧပြီကို လည်း ဘယ်လိုဧပြီမှန်းမသိလိုက်။ သင်္ကြန်ကိုလည်း ဘယ်လိုသင်္ကြန်မှန်းမသိလိုက်။ ပွင့်နေကျပိတောက်သည် ပင် ကိုဗစ်ကိုကြောက်၍ သင်္ကြန်ပြီးသွားသည်အထိ ပုန်းနေရာက ထွက်မလာခဲ့။ ကိုယ့်ကိုယ်ကိုယ် အကျဉ်းချ ထားသလို ခံစားရဖန်များသောအခါ စိတ်ကမျောက် တတ်ရာရာ လျှောက်ပြေးတော့သည်။ 'အမေ ... အမေ' အမေနေကောင်းရဲ့လား။ အမေ့ရွာလေးကော နေကောင်း ရဲ့လား။ အဲဒီလိုမှန်းသိ ကိုဗစ်မတိုင်မီ ရွာပြန်ကားကြို နှင့် လိုက်ခဲ့ပါရဲ့အမေရယ်။ ခုတော့ မစွမ်းသာတော့ပြီ။

ဟိုဟိုဒီဒီ တောင်တောင်ညာညာသတိတရတွေ လျှောက်ပြေးနေစဉ် ကျွန်တော့်ထံ ပထမဦးဆုံး မမျှော် လင့်ဘဲ 'နေကောင်းရဲ့လား'ဟု မေးလာသူက ရုံဖန်ရံခါမှ ဝတ္ထုကောင်းလေးတွေရေးတတ်သည့် ဆရာပိုင့်ဖြစ် သည်။ ကျွန်တော့်အယ်ဒီတာလုပ်သက်နှင့်စာလျှင် သူ့စာမူကိုသုံးပေးခဲ့သည်က နည်းပါသည်။ သို့သော် ကိုဗစ်ကာလကြီးထဲမှာ ကျွန်တော့်ကို ဦးစွာမှတ်မှတ်ရရ ရှိသူမှာ သူဖြစ်နေတော့ လူ့စိတ်ဆိုတာကို ကျွန်မောင် အံ့သြသွားသည်။ နားလည်သွားသည်။ သူ့ကြောင့် ကျွန်တော့်စိတ်လည်း နိုးထသွားသည်။ ဒီကိုဗစ်က

အသက်ကြီးတဲ့သူတွေအတွက် ပို၍စိုးရိမ်ရသည်ဆို၏။ အမေ့ကိုသတိရသည်။ စိုးရိမ်မိသော်ငြား ရွာမှာ အမေ့အတွက်ပူစရာမရှိပေ။ ဒါဖြင့် ဘယ်သူ့ဆီဆက်မလဲ။ သက်တူရွယ်တူ ခုနစ်ဆယ်ကျော်ပေမဲ့ ကျန်းမာရေး သိပ်မကောင်းသည့် သူငယ်ချင်း ယောနကကြီးထံ ဖုန်းဆက်သည်။ တစ်ခါနှင့်မရ။ သုံးခါဆက်သည်။ မရ။ နောက်တစ်ယောက်ရွေးသည်။ ပြည်မြို့က လေးစားရပါသော ဒဿနဆရာ ကဗျာဆရာကြီးထံ ဆက်သည်။ ရသည်။ မာကြောင်းသာကြောင်းမေးခြင်းပါ။ သူလည်း ဝမ်းသာလိမ့်မည်ထင်သည်။ ပြီးတော့ မြို့စလင်းက ရင်းချာသည့်ဘုန်းဘုန်း၊ ချောက်မြို့က နောင်တော် ဂန္ထဝင်ကဗျာဆရာကြီး၊ ပုသိမ်ကြီးမြို့က တရားသူကြီး တစ်ဖြစ်လဲ စန္ဒရားအတီးကောင်းသည့် စာရေးဆရာ၊ ညီအစ်ကိုလိုချစ်ရသည့် မတ္တရာက ရွှေပရဟိတပုံကိုင်ရှင် ကဗျာဆရာ၊ ပြီးတော့ တောင်ဒဂုံမှာနေသည့် ဘဝတူ စံပယ်ပွင့်ပိုင်ရှင် အယ်ဒီတာတစ်ဖြစ်လဲ ဂန္ထဝင်ကဗျာဆရာ စသည် ... စသည်။ အထူးသဖြင့်တော့ ဖေ့စ်ဘွတ်ခ်ပေါ်တွင် တွေ့ရခဲ့သည့် မိတ်ဆွေရင်းချာတွေကိုပဲဖြစ်ပါသည်။

ဒီလိုကာလထဲတွင် ကျွန်တော့်ကို စာရေးဆရာအဖြစ် အသိအမှတ်ပြု၍ ကာလဒါနမေတ္တာဖြင့် ဆောက်ပုံချီးမြှင့်ခဲ့သည့် ဆရာတော်အရှင်ဆန္ဒာဓိက၏စေတနာကိုလည်း တုံ့ပြန်ဦးခိုက်မိပါသည်။ အလားတူ သုံးဆယ်မြို့က ဦးကံသိမ်း၊ ဒေါ်ခင်စိန် (ကံသိမ်းပညာရေးဖောင်ဒေးရှင်း)အပါအဝင် အိမ်တိုင်ရာရောက် ကဏန်းပျော့နှင့် စားစရာတွေလာပို့သည့် လွှတ်လပ်သောကဗျာဆရာပရဟိတအဖွဲ့တို့၏ မေတ္တာစေတနာတွေကိုလည်း ရင်ထဲမှာအမှတ်ထင်ထင်ရှိဆဲဖြစ်ပါသည်။

ခုလိုအခက်အခဲများကြောင့် အစစ ရှားပါးသောကာလတွင် သူတစ်ပါးပေး၍ ကိုယ်စားရတာကြည်နူးရသလောက် ဘယ်သူပေးတာ ဝေငှတာမှ မရရှာသော ဘဝအချို့အကြောင်း ကြားသိရတော့လည်း စိတ်မကောင်းဖြစ်ရသည်။ ပြောရလျှင် ကဗျာဟာစ်ပုဒ်ကမေးသည့် ဝေဒနာဆိုက မှားမည်မထင်ပါ။ ကဗျာရေးသူက သမိုင်း (တံတားဦး)။ ကဗျာခေါင်းစဉ်က 'တာတီး'တဲ့။



**တာတီး**

နိုင်ငံတော်က ဝေတဲ့ဆန် လှုနေကြတယ်
ရွာထိပ်က မန်ကျည်းပင်က
ဆန်တွက်ကြောင်း
ဘယ်ကောင်မှ သိပုံမရဘူး။

ဒီလိုနဲ့
ရာသီဥတုအပူထဲ
ကလေးတွေ ထည့်မသိပ်ခဲ့ဘူး။

ပြီးတော့
ရာသီဥတု ခြောက်ကပ်မှုကို
မိဘမျက်ရည်နဲ့ မစိုစေရဘူး။

တစ်နေ့လုပ် တစ်နေ့စားပဲ
ဆန်လည်း မရှိပါဘူး
ဆီလည်း မပိုပါဘူး
ဘယ်နခါဝေဝေ မရလိုက်ပါဘူး။

ဒါကြောင့်
ကိုတာတီး မန်ကျည်းပင်ပေါ်က မဆင်းဘူး
သူ့မိန်းမ မန်ကျည်းရွက်ချူး မပျက်ဘူး။

ကဗျာကရိုးရိုးလေးပါပဲ။ ဒါပေမဲ့ နင့်နင့်သီးသီး ခံစားလိုက်ရသည်။ ဘယ်နခါဝေဝေ မရလိုက်တာကြောင့်ဖြစ်သည်။ ဒါလည်း လိုအပ်ချက်တစ်ခုမက ရှိနိုင်သောကြောင့် ဖြစ်ပါလိမ့်မည်။ ဘယ်လိုလိုအပ်ချက်တွေလဲ။ ဘယ်လိုဝေမှာလဲ။ ဘယ်လိုလူတွေကိုဝေမှာလဲ။ အဲဒီလိုလူတွေကို ဘယ်လိုစံနှင့်တိုင်းမှာလဲ။ လက်လုပ်လက်စားမျိုးစုံပေါသည့် သည်နိုင်ငံတွင် နေ့စဉ်ပုံမှန်

ဝင်ငွေမရှိသူဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဘဝတွေ ဘယ်လောက်ပျောက်နေကြပြီလဲ။ လုပ်နိုင်သမျှပရဟိတတို့၏ စေတနာကိုနားလည်ပါ၏။ ထောင့်စေ့ရန်ခက်ခဲသည့်အရာတွေက နေရာတိုင်းမှာဖြစ်သည်။ ဒီတော့ မန်ကျည်းရွက်မတွေ အမြဲနပါမစေဟုသာ ဆုတောင်းနေမိပါတော့သည်။ ဒါမှ ကိုတာတီးတို့တစ်တွေ ဘာဝေဝေ မျှော်နေစရာမလိုမှာဖြစ်ပါသည်။

(၅)

မေလ ၁၅ ရက်တွင် ကျွန်တော် လုပ်ငန်းခွင်ပြန်ဝင်သည်။ ထုံးစံအတိုင်း လိုင်းကားစီးဖို့ ဝေဇယန္တာမှတ်တိုင်ရောက်တော့ ငုဝါပင်လေးကိုမျှော်ကြည့်မိသည်။ ငုဝါပင်လေးက ငုဝါပန်းသက်ကျန်လေးမစို့မပို့ကို မလုံ့တလုံ့လေးဖက်ရင်း တစ်ကိုယ်လုံးအစိမ်းဝတ်ရုံခြုံလိုက်ပြီ၊ ကျွန်တော့်ကိုပင် အားနာလွှမ်းဆွတ်ဟန်နှင့် စိန်းစိန်းကြီး ပြန်ငေးနေသည်။ ဘာလိုလိုနှင့် ကျွန်တော်တို့တစ်တွေ အိမ်တွင်းအောင်းလိုက်ကြတာ ငုဝါအလှ တစ်ရာသီပေါင်း လွန်ခဲ့ပါပြီကော။ အရာအားလုံးနှမြောစရာ၊ ကြေကွဲစရာတွေဖြစ်ခဲ့ကြရပြီ။ အလုပ်ရုံ၊ စက်ရုံအချို့လည်း ခုမှပြန်၍ အသက်ဝင်ကြရသည်။ အချို့ဆိုင်တွေလည်း ခုမှပြန်လည်နိုးထကြရသည်။ မြို့တော်ရန်ကုန်လည်း လှုပ်လှုပ်ရွရွပြန်ဖြစ်လာသည်။ ဘဝတွေက ရပ်လိုက်လို့မှမရဘဲ။ လက်ရောခြေရောလှုပ်မှ ပါးစပ်လှုပ်ရသည့်အဖြစ်တွေလေ။ ဒါတောင် စားပွဲခုံလေးမှာအရင်လို လွတ်လွတ်လပ်လပ် မျက်နှာချင်းဆိုင်၍ ထိုင်မဖြစ်တော့၊ စားပွဲခုံအလယ်မှာ ပလတ်စတစ်မှန်လေးတွေ ခြားထားသည်။ ဒါလည်း ကိုဗစ်ကပေးလိုက်သည့် နောက်ဆုံးပေါ်ယဉ်ကျေးမှုထင်ပါရဲ့။ ဘယ်တတ်နိုင်မလဲ။ ထိုင်ခွင့်၊ စားခွင့်၊ နားခွင့်ရတာနှင့်ပင် ကျေးဇူးဟင်လှပေါ့။

ကျွန်တော်တို့၏ သုံးယောက်တစ်ဝိုင်း မနက်ခင်းလေးလည်း ပြန်လည်အသက်ဝင်ခဲ့ပါပြီ။ မြင်နေကျမျက်နှာတွေ၊ တွေ့နေကျအုပ်စုတွေကို ပြန်လည်ဆုံစည်းရ၍ ကြည်နူးမိသော်လည်း အနည်းငယ်တော့ စိတ်မကောင်းဖြစ်ရပါသည်။ အစစအရာရာ ဈေးတက်သွား၍ ဖြစ်ပါသည်။ ဥပမာပြရလျှင် ယခင်က မုန့်ဟင်းခါး အကြော်နှင့်တစ်ပွဲမှ ကျပ်ခြောက်ရာ။ ယခုကျပ်ကိုးရာ။ ဒီလောက်တော့ မဖြစ်သင့်ဟုထင်သည်။ ဒါလည်း ကိုဗစ်စနက်လား။ ကိုဗစ်လက်ချက်လား။ ကိုဗစ်လောဘလား။ မြို့ထဲမှာတောင် စားနေကျဆိုင်တွေ ဈေးမတက်ဘဲ ဒီမြောက်ဒဂုံ ချောင်ကျကျလက်ဖက်ရည်ဆိုင်လေးက ဘာကြောင့်ဒီလိုဖြစ်ရသလဲ။ ရင်ထဲမှာတော့ လိပ်ခဲဟည်းလည်းနှင့်ပင်။ ကျွန်တော်တို့ဘဝတွေကလည်း လိပ်ခဲတည်းလည်း ရင်သန့်နေကြရသည်ပဲမဟုတ်လားဟုတွေးရင်း လက်ဖက်ရည်ဆိုင်ကုန်ဈေးနှုန်းထက် မိတ်ဆွေချင်းတွေ့ဆုံရသည့် သုံးယောက်တစ်ဝိုင်းတန်ဖိုးကိုငဲ့၍ ဆိုင်ပြောင်းရန်ဆန္ဒကို မျိုချလိုက်ပါတော့သည်။

ဒီလိုနှင့် ကိုဗစ်အန္တရာယ်ကို ကြုံကြုံခံ၍ ကာကွယ်ရင်း မိုးဥတုထဲသို့ ချင်းနင်းဝင်ရောက်ခဲ့ကြပါပြီ။ ပုံမှန်မဖြစ်သေးသော လုပ်ငန်းအခြေအနေများကို သည်းခံကာ ရုန်းကန်နေကြရပါသည်။ ရုန်းရင်းကန်ရင်းနှင့် ဘယ်သီချင်းဘယ်လိုဆိုရမှန်းပင် မသိတော့ပြီ။ ဒီကြားထဲက ကိုယ်စီအားလပ်ခွင့်လေးတွေကို အရဖန်တီးကာ မြောက်ဒဂုံ 'စိတ်တိုင်းကျ'မှာ သူငယ်ချင်းတစ်ဖွဲ့ ယက်ဖက်ရည်နှစ်ခါသောက်ဖြစ်ကြသည်။ ဒီနောက် အိမ်နှင့် မလှမ်းမဝေးက ဘီယာဆိုင်မှာ နှစ်ခါထိုင်ဖြစ်ကြသည်။ သုံးလလောက်မဆုံဖြစ်ကြတော့ ပြောလို့ပဲမဝနိုင်။ ဝေးရတာကြာမှ နီးရသည့်တန်ဖိုးက ပိုကြီးသည်။ ကြီးမှပေါင်းကြရသော်လည်း ခင်မင်ရင်းစွဲ သံယောဇဉ်က ငယ်ပေါင်းတွေနှင့်မခြားခဲ့။ အရွယ်တွေက မငယ်ကြတော့ပြီ။ လေးဆယ်နားနီးတစ်ယောက်မှလွဲ၍ ခြောက်ဆယ်ဆီအကူးနှင့် ခြောက်ဆယ်ကျော် ပင်စင်စားတွေချည်းဖြစ်၏။ ခုနစ်ဆယ်ကျော်တစ်ဦးပင် ပါလိုက်သေး၏။ အားလုံးသည် တစ်နေရာတည်းကမဟုတ်။ တစ်နေရာစီအသီးသီးမှလာ၍ တူရာစုကြခြင်းဖြစ်၏။

ကိုဗစ်ကိုအန်တုရင်း စုကြရ၊ ဖွဲ့ကြရသည်ဖြစ်၍ မိုးဘယ်နခါရွာမှန်းမသိလိုက်။ လေဘယ်နခါတိုက်မှန်းမသိလိုက်။ ပူအိုက်နေသောစိတ်တွေက အေးပဲမအေးနိုင်။ အချို့သော အဝေးပြေးကားလိုင်းတွေလည်း ပြန်ဖွင့်နေပြီ

ဆိုတော့ ယိုင်လုလုဖြစ်နေသည့်စိတ်ကို ပြန်မတ်ဖို့အတွေးက အမေ့ဆီရောက်သွားသည်။ ခုနေ တစ်စုံတစ်ရာ ငွေရလိုက်လျှင် လိုက်ချင်သည့် သူငယ်ချင်းကိုခေါ်၍ ရွာပြန်မည်။ သွားလိုရာလျှောက်လည်မည်။ ဒီအခါ အသံတစ်ခုက နားထဲရောက်လာသည်။ ကျောင်းကုန်း ဘဝရှေ့ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်းအုပ်ကြီး တစ်ဖြစ်လဲ ကဗျာဆရာ၏အသံဖြစ်သည်။ ဒီတစ်ခါ အမေ ဒေါ်အေးဆီပြန်ရင် ပင်မေါပါ၊ လိုက်ချင်တယ်ဗျဲ။ စိတ်ခရီးစဉ်မှာ ကျောင်းကုန်းမှတစ်ဆင့်ပြည်ကူးမည်။ ဆရာကြီးဒဿနနှင့် ဘော်ဒါဆရာစိုးကို ဝင်တွေ့မည်။ ကြက်သားကာလသားချက်ဆရာရှိလျှင်လည်း ဝင်နှုတ်ဆက်မည်။ ထိုမှ စလင်းဘုန်းဘုန်းဆီ ခရီးဆက်မည်။ နာမည်ကြီး ဝက်သည်းကန်နှင့် စလင်းရှေးဟောင်းအနုလက်ရာတွေကိုလေ့လာမည်။ စလင်းကအပြန်မှ အမေ့ရွာဝင်မည်၊ အမေနှင့်တွေ့မည်။ အမေနှင့်တွေ့မှပဲ အမောပြေတော့မည်။

(၆)

ဆန္ဒရှယ်ရည် စိတ်ကူးတွေကြိုးသိ၍ကောင်းဆဲ၊ ဩဂုတ်လထဲတွင် ကိုဗစ်ဒုတိယလှိုင်းက အရှိုင်းအစိုင်းလို မုန်တိုင်းမွှေလိုက်ပြန်ပါသည်။ ယခုဇိုင်းရပ်စ်ကာ ယခင် ဗိုင်းရပ်စ်ထက်ပိုဆိုးသည်။ ရက်စက်သည်။ ကူးစက်မှု မြန်သည်။ အသေအပျောက်မြင့်တက်မှုက ပို၍စိုးရိမ်စရာဖြစ်လာသည်။ ရန်ကုန်သည် ကိုဗစ်ထိုးစစ်ကို အလူးအလဲခံနေရသည်။ သတိကြီးစွာ ကာကွယ်နေရသည်။ ဉာဏ်ပညာဖြင့် အကောင်းဆုံးစီမံနေရသည်။ ပြင်ဆင်နေရသည်။ အဝေးပြေးလိုင်းကားအချို့ ပြန်ပိတ်လိုက်သည်။ အသွားအလာတွေ ကန့်သတ်လိုက်သည်။ စားသောက်ဆိုင်တွေ ပိတ်လိုက်သည်။ ပါဆယ်ရောင်း စနစ် ပြန်ဖြစ်သွားသည်။ မကြားချင်သော ကိုဗစ်သတင်းဆိုးတွေက နေ့တိုင်းကြားနေရသည်။ သည်တစ်ခါကူးစက်နှုန်းက ပိုကြမ်းသဖြင့် အရာအားလုံး မှုံ့မှေးသွားသည်။ လှမတွေ့နေ့တိုင်း ဈေးမဝယ်ကြတော့။ အပြင်မထွက်ကြတော့။ မြို့လယ်ကောင်ကြီး ခြောက်ကပ်သွားပြန်ပေါ့။ အေးခဲသွားပြန်ပေါ့။ ကျွန်တော်သည်ပင် အလုပ်ရှင်နှင့်တိုင်ပင်ကာ အလုပ်ဆီမသွားတော့။ အိမ်မှာနေရင်း အလုပ်လုပ်ပေးလိုက်၏။ ဒါသည်ပင် အကောင်းဆုံး စတေးဟုမ်း (Stay at Home) ဖြစ်၏။ စတေးဟုမ်းစည်းကမ်းကို လိုက်နာခြင်းသည် ကိုဗစ်ရန်ကို တားဆီးခြင်းမည်၏။ တစ်နည်း ရန်ကုန်ကို ဝန်းရံခြင်းမည်သည်။ ရန်ကုန်ကို စောင့်ရှောက်ခြင်းလည်းဖြစ်ပါသည်။ ရန်ကုန်က ကျွန်တော်တို့အပေါ်မှာ ကျေးဇူးကြီးသည်။

လောလောဆယ် စည်းကမ်းလိုက်နာခြင်းက ရန်ကုန်ကိုကျေးဇူးဆပ်ခြင်းပဲဟု ခံယူသည်။ သို့သော် စတေးဟုမ်း ... စတေးဟုမ်းနဲ့အိမ်မှာနေတာ အကောင်းဆုံးဆိုပေမဲ့ ဒီကနေ့ နေစရာအိမ်မရှိတဲ့လူတွေရယ်၊ အလုပ်မရှိလို့၊ ဝင်ငွေမရှိလို့၊ အိမ်လခမပေးနိုင်လို့ မနက်ဖြန် နေစရာအိမ်ပျောက်မဲ့လူတွေအကြောင်း စဉ်းစားမိတော့ ရင်ထဲမွန်းကျပ်သွားသည်။ ကိုဗစ်က ရောဂါရကပ်နှင့်အတူ ဒုဗ္ဘိက္ခန္တရကပ်ကြီးကိုပါ အပါဆွဲခေါ်လာမှာလား။ မတရားဘူး ကိုဗစ်ရာ၊ စိတ်နာသည်။ နာပြီးရင်း နာသည်။

အဲဒီစိတ်နာစရာ ကိုဗစ်ကြီးက ဘယ်တော့ပြီးမှာလဲ။ ငြိမ်းချမ်းရေးဆိုတာ ဘယ်နေမှန်းမသိတဲ့ ငြိမ်းချမ်းရေးလို စဝေဇဝါလား။ မသေမချာလား။ ဘာပဲဖြစ်ဖြစ် ရန်ကုန်နေ ရန်ကုန်သားတစ်ယောက်အနေဖြင့်တော့ ရန်ကုန်ကို အကောင်းဆုံးဝန်းရံရပါမည်။ အကောင်းဆုံး ခုခံရပါမည်။ အကောင်းဆုံးကာကွယ်ရပါမည်။ ကျွန်တော်အိမ်ကခွာ၍မဖြစ်တော့။ နားလည်ပေးပါ သူငယ်ချင်းတို့ရေ ... ပြီးတော့ နားလည်ပေးပါအမေ။ တစ်ဆက်တည်း အမေ့ကို တောင်းပန်ချင်ပါသေးသည်။ ပြောပြချင်ပါသေးသည်။ နေပေးပါအုံး အမေ၊ အမေ နေပေးပါအုံး။ နောင်နှစ်ခါတန်ဆောင်မုန်းမဟုတ်ပါ။ ကမ္ဘာရွာကြီးမှာ ကိုဗစ်နာကင်းစင်တဲ့ တစ်နေ့ သို့မဟုတ် ကျွန်တော်ပြန်လာမဲ့ ရင်ထဲကတန်ဆောင်မုန်းအထိပါပဲ။ ရဟာယ်မဟုတ်လား အမေ။ အမေ...အပြုံးနှင့် စောင့်နေပေးစေချင်ပါသည်။ ။

**မြေလတ်မောင်မြင့်သူ**



# ရင်ထဲကရွှေအနှစ်

✔ဧဝမွန်လင်း









၂၀၂၀ ပြည့်နှစ်ကလဲ မကြာခင် ကုန်ဆုံးတော့မှာဖြစ်ပါတယ်။ ဒီ ၂၀၂၀ ပြည့်နှစ်ကို ဖြတ်သန်းရတာ အင်မတန်ကို စိတ်ညောလူညော ပင်ပန်းလှပါတယ်။

Covid-19 က ကမ္ဘာပေါ်ရှိ လူသားအားလုံးရဲ့ အသက်အန္တရာယ်ကို အချိန်မရွေးနုတ်ယူဖို့ ခြိမ်းခြောက်နေတာမို့ အကြောက်တရားနဲ့ ရင်ဆိုင်နေရသလို စက်ရုံ၊ အလုပ်ရုံတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ ကုန်သွယ်မှုတွေ၊ စာပေ၊ ရုပ်ရှင်၊ ပန်းချီ၊ ဂီတသမားတွေ ဖျော်ဖြေပွဲတွေ၊ ပြပွဲပြိုင်ပွဲတွေ၊ အခမ်းအနားတွေလဲ Covid-19 ကြောင့် အားလုံးလိုလို ရပ်နားထားရတဲ့အချိန်ဆိုတော့ ငွေတာရီမဂ္ဂဇင်းစာပတ်ပရိသတ် ပန်းချီချစ်သူတွေအတွက် လစဉ်မိတ်ဆက်ပေးနေကျ ပန်းချီပြပွဲအကြောင်းတွေပြောပြဖို့ ရေးသားတင်ဆက်ဖို့က အခက်လေးခက်ခဲလှပါတယ်။

ဒါပေမဲ့ လစဉ်ပါနေကျကဏ္ဍလေးမပါခဲ့ရင်လဲ မဂ္ဂဇင်းအင်္ဂါရပ်မပြည့်စုံမှာစိုးလို့ စာရေးသူစုဆောင်းထားတဲ့ ပြပွဲများစွာထဲက ကောင်းနိုးရာရာ ပန်းချီကားလေးတွေကိုပဲ စိတ်အဆာပြေအဖြစ် ရေးသားတင်ဆက်လိုက်ပါတယ်လို့ စကားပလ္လင်ခံလိုက်ပါရစေလား။ နားလည်ခွင့်လွှတ်ပြီး ဖြေသိမ့်နိုင်ပါစေလို့ ကြိုတင်ပြီး တောင်းပန်စကားဆိုလိုက်ပါတယ်။


ပန်းချီဆရာ ၂၈ ဦးရဲ့ ပန်းချီကား ၃၁ ကားထဲက ရွေးထုတ်ပြီးတင်ပြပေးပါမယ်။ ပန်းချီကားတွေက အရွယ်အစားအမျိုးမျိုး ရေဆေးအကြည်၊ ဆီဆေး၊ အခရိုင်းလစ်မီဒီယံအမျိုးမျိုးနဲ့ ရေးဆွဲထားကြတာပါ။အဲဒီကားတွေထဲကမှ ငွေတာရီမဂ္ဂဇင်း ပန်းချီချစ်သူများအတွက် ပြောပြချင်တဲ့ကားတွေကတော့ –

ဒီကနေ့ စာနယ်ဇင်းသရုပ်ဖော် ပန်းချီလောကမှာ ထိုးဖောက်အောင်မြင်လာတဲ့ ပန်းချီဆရာ ဆရာစိုးအောင်ရဲ့ ပန်းချီကားကို ဦးစွာပထမမိတ်ဆက် ပြောပြမှာဖြစ်ပါတယ်။ ဆရာစိုးအောင်ဆိုတာ သူ့ရဲ့မဂ္ဂဇင်းကြီး တစ်အုပ်လုံးကို မျက်နှာဖုံးကစပြီး အတွင်းသရုပ်ဖော်ပုံတွေအထိ လက်ရာမြောက်စွာ ရေးဆွဲနေတဲ့ ဆရာတစ်ဦးပါ။ အခုနောက်ပိုင်း ဆရာ့လက်ရာတွေကို ငွေတာရီမဂ္ဂဇင်းမှာပါ တွေ့မြင်လာရပါတယ်။ မင်ခြစ်၊ ရေဆေးအကြည်၊ ဆီဆေး၊ အခရိုင်းလစ်ဆေးမျိုးစုံကို ပိုင်ပိုင်နိုင်နိုင် လက်ရာသန့်သန့်နဲ့ရေးဆွဲနိုင်သူမို့ တခြားတိုက်က လုံးချင်းစာအုပ် မျက်နှာဖုံးတွေပါ လက်ခံရေးဆွဲပေးနေရတဲ့ အောင်မြင်သူဆရာတစ်ဦးဆိုတာ ပြောပြချင်တာပါ။

အခု စာရေးသူနှစ်သက်လွန်းလို့ စုဆောင်းသိမ်းဆည်းထားတဲ့ပန်းချီကားလေးတွေကတော့ ဆရာစိုးအောင် ရေးဆွဲထားတဲ့ ရေတံငါသည်တို့ရဲ့ဘဝကို ထင်ဟပ်စေမဲ့ ငါးဖမ်းလှေကလေးကစပြီး ပြောပြရမှာပါ။ မြစ်ပြင်မှာ
















လှေငယ်လေးတစ်စင်းက ကြည့်ရှုသူ
တို့ဘက်ကို ဦးတည်လို့လာနေပါတယ်။
လှေငယ်လေးပေါ်မှာ
ပိုက်ကွန်လေးတွေက တစ်ဖုံစ၊
နှစ်ဖုံစ ပုံလျက်၊ လက်တစ်ဖက်က
မြစ်ပြင်မှာပစ်ထားတဲ့ကွန်ကို
အသာလေးဆွဲငင်ယူနေပုံကို
ရေးပြထားတာပါ။
သုံးစွဲထားတဲ့အရောင်လေးတွေက
အပူရောင်နဲ့အအေးရောင်ကို
တွဲပြီးသုံးထားပါတယ်။
မြစ်ပြင်ရေက ဝါကြင့်ကြင့်၊
လှေကလေးရဲ့ အမှောင်ရိပ်
ဘက်ကရေက ခရမ်းရင့်ရောင်လေးမို့
ကြည့်ရသူတွေအတွက် စွဲမက်စရာ
ကားလေးပါ။ စုတ်ချက်တွေ၊
ရေးချက်တွေက ခပ်ကြမ်းကြမ်းပေမဲ့
ကြည့်ရတာ အင်မတန်မှ အသက်ဝင်
လှပါတယ်။ ဘဝကြမ်းကိုဖြတ်သန်းနေရ
တဲ့ တံငါသည်ရဲ့သရုပ်ကို
ကြည့်ရှုသူပရိသတ်ရင်ထဲ
ရောက်အောင်ပို့နိုင်တဲ့ ပန်းချီကား
ကောင်းတစ်ကားမို့၊ ငွေတာရီ
မဂ္ဂဇင်းပန်းချီချစ်သူများ၊ ဝါသနာရှင်များ
အကြိုက်ချင်းတူလိမ့်မယ်လို့
ထင်ပါတယ်။ သူနဲ့တစ်ဆက်တည်း
တံငါလုပ်သားနှစ်ဦး လှေပေါ်ကနေ
ငါးတွေကို ထမ်းပိုးနဲ့သယ်ပိုးလာတဲ့
ပန်းချီကားလေးကလဲ
အတော်ကောင်းလှပါတယ်။
စာရေးသူအင်မတန်ကြိုက်တဲ့
ကားလေးပါ။
နောက်ဆရာတစ်ဦးကတော့
ဆရာမောင်နေကြည်ပါ။

ဆရာမောင်နေကြည်ရဲ့ ပန်းချီကားလေးကတော့ အင်မတန်ကြည့်ကောင်းပါတယ်။ ဆရာမောင်နေကြည်က သူ့ပန်းချီကားကိုဆေးရောင်စုံနဲ့ခြယ်မှုန်းထားတာတော့ မဟုတ်ပါဘူး။ ရိုးရာယဉ်ကျေးမှုကို ဖော်ပြရေးဆွဲထားတဲ့ ကြွယ်ဝတဲ့ မြန်မာလူမျိုးမိသားစုရဲ့လူနေမှုအဆင့်အတန်းကို ထင်ဟပ်ဖော်ကျူးထားတဲ့ ပန်းချီကားကောင်းတစ်ကားပါ။

အခုခေတ်မှာ ရှားပါးပျောက်ကွယ်လုဖြစ်နေပြီဖြစ်တဲ့ ကြေးရတတ်များသာသုံးစွဲနိုင်တဲ့ လှည်းယဉ်ကြော့ကလေးကို ဆရာမောင်နေကြည်က ရှာရှာဖွေဖွေရေးပြထားတာ လွမ်းစရာပါ။ လှည်းယဉ်ကိုသယ်ဆောင်မဲ့ နွားကြီးနှစ်မကောင်ကလဲ ကျန်းမာသန်စွမ်းလှပါရဲ့။ နွားတွေကို ချူတွေ၊ ပန်းကုံးတွေ၊ လည်ဆွဲတွေနဲ့ အလှဆင်ထားတာကလဲ အမြင်မှာဆန်းနေတော့တာပေါ့။ လှည်းယဉ်ကြော့ပေါ်မှာ သမီးပျိုအချောအလှကို ဘေးတစ်ဖက်တစ်ချက်မှာ မိခင်၊ ကြီးတော်၊ အဒေါ်၊ အစ်မတို့က ခြံရံလျက် အဲဒီခေတ်က ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကိုလဲ ပန်းချီဆရာက တစ်ဦးချင်းစီ ခွဲခြားရေးပြထားပါသေးတယ်။

ဖခင်ဖြစ်ဟန်တူတဲ့ လှည်းမောင်းသူက ခေါင်းမှာအုပ်ပေါင်းပေါင်းပြီး မြန်မာဆန်ဆန် တိုက်ပုံဝတ်ထားပါတယ်။ လက်တစ်ဖက်ကလဲ နှင်တံကိုကိုင်ထားပါတယ်။

နောက်ဆုံးမှာထိုင်နေတဲ့ အဖျိုးသမီးကြီးနှစ်ယောက်က အိမ်တော်ရာထီးကိုကိုင်မိုးလျက် အလှူပွဲသွားမှာလား၊ ဘုရားပွဲသွားမဲ့ဟန်လား မဆို









နိုင်။ ရှေးခေတ်မြန်မာလူမျိုးတွေရဲ့ နေထိုင်မှုပုံစံကို ထောင့်စေ့စေ့ရေးပြထားတာ တစ်မျိုးလေး ချစ်စရာကောင်းပြီး လွှမ်းမွယ်ရာအတိ။

တစ်ရောင်တည်းဆွဲထားတယ်ဆိုပေမဲ့ အလင်းအမှောင်၊ အနွဲ့အပျောင်း၊ ထုနဲ့ထည်နဲ့၊ နွဲ့စရာရှိနွဲ့၊ ပျော့စရာရှိပျော့နဲ့ ရှေးခေတ်ဟောင်းမှာတ်ပုံတစ်ပုံလို မံ့ဟားရမှာကိုက စိတ်အဆောမပြေပါ။

ဒီလိုပန်းချီကားမျိုးက နိုင်ငံတော်အမျိုးသားပြတိုက်မှာကို ထားဖို့ကောင်းတဲ့ ပန်းချီကားတစ်ကားလို့ မှတ်ချက်ပြုချင်ပါတယ်။

ငွေတာရီမဂ္ဂဇင်း ပန်းချီချစ်မြတ်နိုးသူတွေ စိတ်ကြိုက်တွေ့ကြမှာပါ။

နောက်ဆုံးပြောပြချင်တဲ့ကားကတော့ ဆရာထွန်းဝင်းရဲ့ မာလကာသီးပန်းချီကားပါ။ ဆရာထွန်းဝင်းကို သတိထားကြည့်မိတာ အတော်လေးကြာပါပြီ။

ပြပွဲတိုင်းလို ပန်းချီကားတစ်ကားစ၊ နှစ်ကားစ မာလကာသီးကို ရှုထောင့်မျိုးစုံက ရေးပြနေကျမို့ သတိထားမိတာပါ။

မပ်လှမ်းလှမ်းကကြည့်မယ်ဆိုရင် ကတ္တီပါအနီ နောက်ခံထားလျက် မာလကာသီးစိမ်းပွပွတွေ ခင်းကျင်းထားသလိုပါပဲ။ အသီးတွေကမှပြီး စားချင့်စဖွယ်ဖြစ်အောင် ရေးနိုင်စွမ်းတဲ့ဆရာမို့ အံ့သြရပါတယ်။

အသီးနဲ့အတူ အပင်ကဆွဲယူပြီး ခူးထားတဲ့ဟန် ပေါ်လွင်နေတာက အစွန်ဘက်ကအသီးတစ်လုံးဟာ အညှာတံလေးက လက်နဲ့ဆွတ်ခူးထားတာမို့ ရိုးတံမှာ အမျှင်လေးပါပါနေတာ သိပ်ပြီးကောင်းလှပါတယ်။ အရွက်ကလေးနှစ်ရွက်ကလဲ အလင်းအမှောင်ခွဲပြီး အရွက်ကလေးပိုးကိုက်ထားတာကိုပါ ရေးပြထားပါတယ်။

အသီးသုံးလုံးရဲ့အောက်ခြေမှာ အရိပ်ကလေးတွေ ပါနေအောင်ရေးထားလို့ ဒီမာလကာသီးတွေဟာ လုံးပြီးကြွနေပါတယ်။ မာလကာသီး ခရေစီ ဆရာထွန်းဝင်းရဲ့လက်ရာကို သဘောကျလွန်းလို့ စုဆောင်းသိမ်းဆည်းထားတာ ထုတ်ပြလိုက်ရတာပါ။

ဘာပဲပြောပြော ငွေတာရီမဂ္ဂဇင်းပန်းချီချစ်သူများအတွက် စာရေးသူစုဆောင်းသိမ်းဆည်းထားတဲ့ 'ရင်ထဲကရွှေအနှစ်'ပန်းချီကားလေးတွေကိုဖော်ပြပေးလိုက်တာ နှစ်သက်ကျေနပ်ကြလိမ့်မယ်လို့ ထင်ပါတယ်။ နောက်လ နှစ်သစ်ဦးမှာတော့ ပြပွဲအသစ်တွေ ပြန်ပြီးကြည့်ရှုခံစားခွင့်ရမယ်ဆိုရင်တော့ အဟုမ်းကြိုးစား တင်ဆက်ပေးပါအုံးမယ်လို့ ကြိုပြီးပြောလိုက်ပါရစေလား။ ။

**ဝေမွန်လင်း**

# မြန်မာနိုင်ငံဓာတ်ပုံအသင်း
# လစဉ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ

➤ ဦးတင်မြင့်(စစ်ပြိမ်းပန်း)
မြန်မာနိုင်ငံဓာတ်ပုံအသင်း
အကဲဖြတ်အဖွဲ့ဝင်

## ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ပြင်ပရိုက်ကူးရေး(Outing) ပြိုင်ပွဲခေါင်းစဉ် 'ဈေးမြင်ကွင်း'

ကိုဗစ်-၁၉ ကာလဖြစ်၍ ဓာတ်ပုံအသင်းက ပြင်ပရိုက်ကူးရေးကို စီစဉ်ဆောင်ရွက်နိုင်ခြင်းမရှိသေးသဖြင့် မိမိဟိုစီပတ်ကြိုက်ရိုက်ကူးနိုင်ရန် 'ဈေးမြင်ကွင်း'ခေါင်းစဉ်ပေးပြီး အလွတ်တန်းယှဉ်ပြိုင်စေခဲ့ပါသည်။ ဈေးမြင်ကွင်းကို ရိုးရိုးအမြင်များမှ ဆန်းသစ်ပြီး ဒရုန်းရိုက်ချက်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်လာသည်ကို တွေ့ရပါသည်။

### ပထမ - လှမိုးနိုင်(Ko Sat)

ဆုရပုံသည် မြင်နေကျမြင်ကွင်းမျိုးမဟုတ်ဘဲ ဒရုန်းကင်မရာဖြင့် Bird Eye (ငှက်ကြည့်အမြင်) ပာစ်နည်းအားဖြင့် ငုံ့ကြည့်အမြင်ကို ရိုက်ကူးထားပါသည်။ ဈေးနေရာမှာ မန္တလေးမြို့၊ သူ့ရဲဈေးဘူတာအနီး ရိုက်ကူးထားကြောင်း သိရပါသည်။ ဈေးသည်များတည်ခင်းနေရာယူထားသည်ကို ပုံ၏ထောင့်ဖြတ်အနေအထားရယူပြီး ရထားလမ်းနှစ်ခုကိုပါ အပြိုင်ရယူရိုက်ကူးထားပါသည်။ ပုံ၏အသက်မှာ ဈေးတန်းအတွင်းလျှောက်လမ်းတစ်လျှောက် ဆွမ်းခံကိုရင်တန်းကို ဖမ်းယူရိုက်ကူးထားခြင်းဖြစ်သည်။ ပုံပါ ဆွမ်းခံကိုရင်တန်းပွင့် ဆွမ်းလောင်းသူနှင့် ဈေးဝယ်သူများမပါပင်သဖြင့် လမ်းကြောင်းကိုရှင်းလင်းပြီးမှ ရိုက်ကူးထားဟန်တူပါသည်။ မည်သို့ပင်ဖြစ်စေ ကင်မရာရှုထောင့်မှန်ကန်ခြင်း၊ Subjects များနေရာချထားမှု မှန်ကန်ခြင်းနှင့် အရောင်အသွေးစုံလင်သော ဈေးမြင်ကွင်းကို တစ်မူ






ယှူးခြားစွာ ရိုက်ကူးနိုင်သဖြင့် ဆုကြီးကို ထိုက်ထိုက်တန်တန် ရယူနိုင်ခြင်းပင်ဖြစ်ပါသည်။




**ဒုတိယ - ခွန်သန်းယု**

ဆုရပုံသည်လည်း ပထမဆုရပုံကဲ့သို့ အပေါ်စီးမှရိုက်ကူးထားသော ဈေးမြင်ကွင်းဖြစ်ပါသည်။ ရောင်စုံထီးကြီးများအကြားမှ ဈေးရောင်းသူ၊ ဈေးဝယ်သူများနှင့် ရှုချင့်စဖွယ်ဈေးကိုမြင်နေရပါသည်။ ရိုက်ကူးမှု စိတ်ကူးကောင်းမွန်ပါသည်။ ကင်မရာရှုထောင့်မှန်ကန်ပါသည်။ ထီးများနေရာချထားမှုက ဆွဲဆောင်မှုရှိပါသည်။ ဈေးဝယ်သူပါးနေချိန်ရိုက်ကူးရသဖြင့် ပုံ၏လှုပ်ရှားသက်ဝင်မှု အားနည်းပါသည်။ ဈေးမှာရောင်းသူဝယ်သူများနှင့် ထွေးရောယှက်တင်ဖြစ်နေပါက ပိုမိုအသက်ပင်မည်ဖြစ်ပါသည်။

**တတိယ - သက်မော်**

ဆုရပုံသည် ဈေးအတွင်း ဆွမ်းခံကြွလာသော ကိုရင်တစ်ပါး အမှတ်မထင်ရယ်မောနေခိုက်ကို ရိုက်ကူးထားခြင်းဖြစ်သည်။ ကိုဗစ်ကာလ၏သရုပ်ကို ဖော်ပြထားပါသည်။ Main Subject ဖြစ်သော ရယ်မောနေသည့် ကိုရင်ကို Hight Light ဖြစ်အောင် ကူးချဲ့

ထားပါသည်။ ဈေးမြင်ကွင်းတွင် မကြာခဏတွေ့မြင်ရတတ်သည့်မြင်ကွင်းကို ဖမ်းယူနိုင်စွမ်းရှိပါသည်။ နောက်မှငေးကြည့်နေသောကိုရင်ကို အလင်းမှိန် အောင်ကူးချုံ့စဉ် Burnning Tool အသုံးပြုထားသဖြင့် ရှေ့မြင်ကွင်းရှိ ကိုရင်၏ဆွဲဆောင်မှုကို အထောက်အကူပြုပါသည်။ ရိုက်ကူးမှုနှင့် စိတ်ကူး ကောင်းပုံတစ်ပုံဖြစ်ပါသည်။

## နှစ်သိမ့်(၁) - လှမိုးနိုင် (Ko Sat)

ဆုရပုံသည် စစ်ကိုင်းနှင့် မင်းကွန်းအသွား လမ်းတစ်နေရာရှိ နံနက်ခင်း ဈေးတန်းအတွင်း သီလရှင်များ ဈေးဝယ်ထွက်လာဟန်ကို ရိုက်ကူးထားပါ သည်။ စစ်ကိုင်းချောင်တွင် ချောင်ပေါင်းများစွာရှိသည့်အတွက် အဆိုပါ ဈေးတန်းလေးမှာလည်း ချောင်မှထွက်လာသည့် သီလရှင်များနှင့် အမြဲ စည်ကားနေသော လမ်းဘေးဈေးဖြစ်ပါသည်။ ကိုဗစ်ကာလ၏သရုပ်သကန် ကို ထင်ဟပ်နေသောပုံဖြစ်ပါသည်။ အလင်းရောင်ပြေပြေတွင် အလင်း တစောင်း ရယူထားသဖြင့် သီလရှင်များ၏သင်္ကန်းများ လုံးကြွနေပါသည်။ ဈေးမြင်ကွင်းတွင် မြင်ရခဲသောပုံဖြစ်ပါသည်။

## နှစ်သိမ့်(၂) - ထိုက်လင်းအောင်

ဆုရပုံသည် ဈေးရုံတစ်ခုအတွင်းရှိ ဈေးရောင်းဈေးဝယ်များနှင့် စည်ကားနေသောမြင်ကွင်းဖြစ်ပါသည်။ Indoor အရိပ်ထဲရိုက်ရသော်လည်း ဈေးဆိုင်များမှ ထွန်းထားသော လျှပ်စစ်မီးများနှင့် သဘာဝအလင်းရောင်တို့ကို



နှစ်သိမ့်(၁) - လှမိုးနိုင် (Ko Sat)




Exposure မှန်ကန်အောင် ရိုက်ကူးထားကြောင်း တွေ့ရပါသည်။ Main Subject ဖြစ်သော မြင်ကွင်း၏အနီးဆုံးဈေးဆိုင်ကို အဓိကထားဖမ်းယူပြီး အဝေးမှ ဈေးဆိုင်များကို သာမန်အလင်းရောင်အတိုင်း ရယူထားပါသည်။ Exposure ပိုင်နိုင်ကြောင်း တွေ့ရပါသည်။ ဈေးမြင်ကွင်းများအနက် ထူးခြားသောပုံတစ်ပုံ ဖြစ်ပါသည်။




**နစ်သိမ့်(၃) - ခွန်သန်းယု**

ကည်နေရာကို ခန့်မှန်းကြည့်ရသည်မှာ သီရိမင်္ဂလာဈေးငါးဒိုင်တွင် ရိုက်ကူးသည်ဟု ယူဆပါသည်။ Indoor တွင် သဘာဝအလင်းရောင်နှင့် ဈေးတန်းအတွင်း ထွန်းညှိထားသော လျှပ်စစ်မီးများ၏ အလင်းရောင်တို့ဖြင့် Exposure မှန်ကန်စွာရိုက်ကူးထားသည်ကို တွေ့ရပါသည်။ ပုံ၏အသက်မှာ မြင်ကွင်းရှေ့တည့်တည့်ရှိ ခင်းကျင်းထားသောငါးများပင်ဖြစ်ပါသည်။ လှုပ်ရှားပါဝင်သူများသည် ဓာတ်ပုံရိုက်နေသည်ကို အမှုမထားဘဲ မိမိတို့ဘာသာ လှုပ်ရှားနေသဖြင့် သဘာဝကျသော ပုံဖြစ်ပါသည်။ အကယ်၍ တစ်ဦးတစ်ယောက်က ကင်မရာကို လှမ်းကြည့်လိုက်ပါက ပုံ၏အား လျော့သွားမည်ဖြစ်ပါသည်။ ဈေးမြင်ကွင်းများအနက် တစ်မူဆန်းသစ်သောပုံဖြစ်ပါသည်။ ရိုက်ကူးမှုရှုထောင့် ရွေးချယ်မှုကောင်းမွန်ပါသည်။ ။

**ဦးတင်မြင့်(စစ်ငြိမ်းပန်း)**

**(မြန်မာနိုင်ငံဓာတ်ပုံအသင်း အကဲဖြတ်အဖွဲ့ဝင်)**




လေအေးပေးစက်မှ အေးစိမ့်မှုက စိတ်ကိုတကယ်မအေးချမ်းစေပါ။ လက်ထဲတွင်ကိုင်ထားသောပုတီးကိုပဲ စိပ်ရမလို၊ ကုလားထိုင်မှထ၍ လမ်းလျှောက်နေရတော့မလို၊ အင်္ဂုလိမာလသုတ်တော်ကိုသာ အထပ်ထပ် ရွတ်ဖတ်နေမိတော့သည်။ ချောချောမောမောမွေးပါစေ၊ သားအမိနှစ်ယောက် ကျန်းမာပါစေ။ စိတ်ကလည်း ဆုတွေတောင်းနေမိသည်။

ရိပ်သာဝင်၍တရားအားထုတ်ဖူးပါလျက် ဒီအချိန်မှာ သမာဓိအား မကောင်းနိုင်။ စိတ်က ဟိုသည်ပြေးလွှားကာ ဂနာမငြိမ်ဖြစ်နေသည်။ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေမှာ ဇနီးဖြစ်သူ မီးဖွားနေစဉ် ခင်ပွန်းဖြစ်သူက စိတ်လှုပ်ရှားနေသလိုမျိုး။ ကလေးဖခင်တူတော်မောင်က ရုတ်တရက်ခရီးသွားရတော့ သူ့အမေ မရှိတော့သဖြင့် အမေကိုယ်စား အားကိုးတကြီးဖြင့် ဒီတာဝန်ကို ပုံအပ်ခဲ့သည်လေ။ ဒီတော့လည်း ကိုယ်က မားမား မတ်မတ် ရပ်တည်ဦးဆောင်ရသည်။ တူဆိုပေမဲ့ မွေးကတည်းက အတူနေ၊ ထိန်းကျောင်း၊ ပြုစုကျွေးမွေးခဲ့ရ၍ 'သား'ဟုပဲ ခေါ်သည်။ သားအမှတ်ပဲရှိနေသည်။

မနက်ပိုင်းကပင် သားတို့လင်မယားနှစ်ယောက်သူငယ်ချင်း မင်္ဂလာဆောင်သွားကြသေးသည်။



တက္ကသိုလ်

အေးမြစန္ဒာ

# အရိပ်လှိုင်း

နေ့လယ်ပိုင်း ၃ နာရီလောက်မှာ နေပြည်တော်သို့အလုပ်ကိစ္စဖြင့် ချက်ချင်းထွက်သွားရသည်။ ဖြစ်ချင်တော့ သားထွက်သွားပြီး မကြာမီအချိန်လေးမှာ သားရဲ့ဇနီးလေးကဗိုက်နာလာသည်။ တကယ်တော့ သားဦးမို့ စိုးရိမ်ပြီး ဗိုက်ခွဲမွေးဖို့ အိုဂျီနှင့် အပ်ထားခဲ့သည်။ မမွေးဖွားရက်လည်း မစေ့ရောက်သေး။ အခုဗိုက်နာလာတော့လည်း သူ့အမေနှင့်အတူ သူ့ကို ဆေးရုံခေါ်သွားပေးရသည်။ အိုဂျီကိုလည်း အကြောင်းကြားတော့ ဆေးရုံတက်နေခိုင်း၍ ဆေးရုံမှာအခန်းယူပြီး ခွဲစိတ်မည့်အချိန်ကိုစောင့်နေရသည်။ ညနေ ၆ နာရီလောက် ဆေးရုံရောက်တော့ နေရာချထားသည့်အခန်းမှာ မွေးဖွားဖို့ကိစ္စတွေ သူနာပြုတွေက လာရောက် ပြင်ဆင်လုပ်ကိုင်ပေးကြသည်။

ည ၈ နာရီမှာ အိုဂျီကခွဲမည်ဆို၍ ၇ နာရီခွဲမှာ တူမက ခွဲခန်းထဲရောက်သွားသည်။ သူ့ခမျာ ဗိုက်နာ၍ ကျိတ်ခံနေရသည်။ သားကလည်း အလုပ်ကိစ္စချိန်းထား၍ ပြန်လှည့်လာ၍မရသဖြင့် လမ်းခရီးတောက်လျှောက် ဖုန်းအဆက်မပြတ်ခေါ်မေးနေသဖြင့် အခြေအနေပြောပြနေရသည်။

ခွဲခန်းထဲဝင်သွားသော တူမကို အပြင်မှာစောင့်နေရင်း သားကိုယ်စား

ကိုယ့်စိတ်တွေ လှုပ်ရှားနေသည်။ အာထရာဆောင်းရိုက်ထား၍ သားယောက်ျားလေးမှန်း ကြိုသိသဖြင့် မကြာမီအချိန်ပိုင်းအတွင်းမှာ တွေ့ရတော့မည့် မြေးဦးလေးကို ကြည်နူးပီတိဖြင့် ရင်တခုန်ခုန်စောင့်နေရသည်။ တူမလေးအမေကလည်း မေါက်တုံ့မေါက်ပြန် မလျှောက်ပြီး တတ်သိသမျှ သုတ်တော်တွေ၊ ပဋ္ဌာန်းတွေ ရွတ်နေတော့သည်။

ခွဲခန်းထဲမှာ ဘာတွေဘယ်လိုပြင်ဆင်နေသည်မသိ။ ကိုယ်ကကလေးမမွေးဖူး၍ စိတ်မှန်းနှင့်သာ ပူပင်နေရသည်။ သား၏အဖေကလည်း ကပျာကယာရောက်လာခဲ့သည်။ သူလည်း ရုတ်တရက်မို့ ကုမ္ပဏီကအပြန် အိမ်ကိုမဝင်ဘဲ မောကြီးပန်းကြီးပြေးလာခဲ့ပုံရသည်။ ခဲအိုကိုမြင်တော့ ကွယ်လွန်သွားသော အစ်မကိုတမ်းတမိသည်။

အစ်မသာရှိသေးလျှင် မြေးဦးအတွက် ပျာယာခတ်နေမည်ဖြစ်သည်။ ပင်ကိုကလည်း ပျော်တတ်သူမို့ ခမည်းခမက်နှင့် စကားတွေဖောင်လောက်အောင်ပြော၍ ပျော်ရွှင်နေမှာ မလွဲပါ။

စိတ်ပဝါလွှင့်ဝဲနေစဉ်မှာပင် အိုဂျီဆရာဝန်မက သုတ်သီးသုတ်ပျာရောက်လာသည်။ ကျွန်မတို့ဘက်သို့ အပြုံးတစ်စပေးပြီး ခွဲခန်းထဲသို့ဝင်သွားသည်။ ည ၈ နာရီတီတီထိုးပြီလေ။

အင်္ဂလိမာလသုတ်တော်ကို ဘယ်နှခေါက်မှန်းမသိ ထပ်တလဲလဲ ရွတ်ဆိုပြီး ဆုတွေအခါခါတောင်းနေမိသည်။ တကယ်တော့ အချိန်ကန့်ရင် ကျွမ်းကျင်သူဆရာဝန်က ခွဲစိတ်တာပဲလေ။ သူနာပြုဆရာမလေးတွေ ဝင်လိုက်ထွက်လိုက် အလုပ်ရှုပ်နေသည်။

မွေးလူနာနောက်တစ်ဦးကို တခြားမွေးခန်းသို့ခေါ်သွားရာ လူနာတင်လှည်းပေါ်မှာ တလူးလူးတလိမ့်လိမ့်အော်ဟစ်နေတာမြင်ရတော့ သူ့အတွက်ပါ မြန်မြန်ချောချောမောမော မွေးပါစေဟု ဆုတောင်းပေးလိုက်သေးသည်။

သားဆီက ဖုန်းတစ်ခါလာပြန်တော့ "ခွဲခန်းထဲမှာ ခွဲနေပြီသားရေ"လို့ပြောရင်း ကလေးငိုသံသဲ့သဲ့ကြားလိုက်တော့ "သား...သားရေ မွေးပြီထင်တယ်၊ ဒါပဲနော်၊ ပြန်ဆက်မယ်"ဟု ပြောကာ ခွဲခန်းအဝသို့ မခြလှမ်းများရောက်သွားတော့သည်။

သူနာပြုဆရာမလေးတစ်ယောက် ထွက်လာတော့ –

"မွေးပြီမဟုတ်လား၊ အဆင်ပြေတယ်မဟုတ်လား၊ အင်္ဂါစုံရဲ့လား၊ သမီးကော ကျန်းမာတယ်မဟုတ်လား"

ကရားက ရေကျတာကပင်ကြာဦးမည်။ စကားတွေလှေတ်တိုက်မတတ်။ သူနာပြုဆရာမလေးက ရယ်၍ "အားလုံးအဆင်ပြေတယ်၊ မြေးချောလေး မကြာခင်ထွက်လာတော့မယ်"ဟု သတင်းပေးသွားသဖြင့် ရင်တလှပ်လှပ်ကတုန်ကယင်။

"မြေးလေးရေ... တွေ့ချင်လှပြီဟော့"

ကိုယ့်ဘာသာ စိတ်ထဲမှ ရေရွတ်ရင်း ခမည်းခမက်အစ်မကို လှမ်းဖက်လိုက်သည်။ ထိုစဉ် ခွဲခန်းမှ ဘီးလ်ထွက်လာ၍ အစ်မက ကျသင့်ငွေသွားရှင်းနေသည်။ ကျွန်မကတော့ မြေးကြိုဆိုရေးအတွက် ခွဲခန်းတံခါးရှေ့မှာ မငြိမ်မသက်။ ခဲအိုက သားနှင့် ဖုန်းပြောနေသည်။ မြေးလေးကလဲ သူ့အဖေလိုပင် လှပြည့်ကို စောစောလာချင်သူလေ။

"ဟော...ဘွားဘွားရေ... မြေးထွက်လာပြီ၊ ချောတယ်မဟုတ်လား"

သူနာပြုဆရာမလေးက မြေးလေးကိုယ်စား အရွှန်းလေးဖောက်ပြောပြီးထွက်လာတော့ ကျွန်မက အံ့အားသင့်၍ငေးကြည့်နေမိသည်။ မဖြူလွန်းမညိုလွန်းသော အသားလတ်လတ်၊ မျက်နှာပြည့်ပြည့်ဝိုင်းဝိုင်း၊ သားလိုနဖူးပြောင်ပြောင် (လိုဂို အမှတ်တံဆိပ်ပါသော)အနီးထုပ်ကလေးထဲမှ မျက်လုံးလေးပုတ်ခတ်ပုတ်ခတ်လုပ်သည်။

"ကဲ...ဘွားဘွားကို အပိုင်ပေးလိုက်ပြီ၊ ယူတော့"

ကျွန်မ၏လက်မောင်းများဖြင့် ထွေးပွေ့ပွေ့၍ ရင်ခွင်မှာအပ်ထားလိုက်သည်။ မျက်နှာပေါ်ပေါ်၊ နှုတ်ခမ်းစိုစိုလေးက ကျွန်မကိုပြုံးပြသည်။ မျက်လုံးမလေးအနည်းငယ်ပွင့်လာပြီး လှမ်းကြည့်သည်။ ကျွန်မ အတော်အံ့ဩသွားသည်။ ခုခေတ်

ကလေးတွေ မွေးတာနှင့် လူပျိုဖြစ်သွားပြီလားမသိ။

ခဲအိုက သူ့လက်ထဲမှ ဟန်းဖုန်းဖြင့် မြေးလေးအပြုံးကို အမှိအရ ဓာတ်ဖမ်းလိုက်သည်။ ကျွန်မက မြေးလေးကို ခဲအိုဘက်လှမ်းပြ၍ ဓာတ်ပုံအရိုက်ခံပေးလိုက်သည်။ မွေးခါစကလေးကို ဓာတ်ပုံရိုက်သင့်၊ မရိုက်သင့် မစဉ်းစားနိုင်။ နေပြည်တော်ရောက်နေသောသားကို သူ့အဖေက ပုံတွေပို့ပေးနေသည်။

ကျွန်မက မြေးလေးကို ပွေ့ပိုက်၍ အခန်းဆီသို့လျှောက်လာစဉ် နောက်ဘက်မှ ခမည်းခမက်အစ်မက မပြေးရုံတစ်မည်လိုက်လာသည်။

"အမယ်...အမယ်...သူ့မြေးကို ဘယ်သူလုမှာမို့လဲ၊ ပိုက်ပြီး ပြေးလိုက်တာ"ဆိုပြီး ပြောလည်းပြော၊ ဖားမှနေ၍ မြေးဦးလေးကို တစိမ့်စိမ့်ကြည့်ရင်း ရယ်နေသည်။

"အမယ်လေး...သူ့အဖေနဲ့ ချွတ်စွပ်၊ ဆံပင်လေးက ထိပ်ပြောင်၊ အမယ်... သဘောကျလို့ထင်တယ်၊ ရယ်ပြနေသေးတယ်"

အခန်းထဲရောက်တော့ စပယ်ရှယ်နပ်စ်က ကလေးအိပ်ရာလေးပြင်ပေးပြီး ကျွန်မလက်ထဲက ကလေးကိုလှမ်းယူသည်။ ကျွန်မက သူ့ကိုမပေးသေးဘဲ ခမည်းခမက်အစ်မလက်ထဲ တစ်လှည့်ထည့်ပေးရင်း –

"ဟော...မြေးလေး၊ မင်းအဖေတုန်းကလိုပဲ ပြုံးပြပါအုံးလား"

နေပြည်တော်ရောက်နေသော သားကို သတိရသွားသည်။ နောက် သားမေမေ ကိုယ့်အစ်မကိုလှမ်းမိသည်။

"အစ်မသာရှိရင် သူ့မြေးဦးကို ကြွားနေမှာနော်"

❑

"ဟဲ့ ... ခိုင်ရေ... လာပါအုံး၊ လုပ်ပါအုံး၊ ခိုင်လာပါအုံး"

ရုံးသွားဖို့ပြင်ဆင်နေသော ကျွန်မကို အလန့်တကြားလှမ်းခေါ်သံကြောင့် မီးဖိုဆောင်ဘက်ပြေးသွားလိုက်သည်။ အစ်မက ခြေထောက်မှာ စီးဆင်းနေသောအရည်များကို အံ့အားသင့်ကာ ကြောက်နေပုံရသည်။

ကျွန်မလည်း ဘာလုပ်ရမှန်းမသိ၍ အိမ်ရှေ့ဧည့်ခန်းမှာ သတင်းစာဖတ်နေသော ဖေဖေ့ဆီသို့ ပြေးသွားသည်။ ဖဖေက ဆရာဝန်တာဝန်ယောက်မို့ သိနိုင်သည်။

"ရေပေါင်တာ သမီး၊ မွေးတော့မှာ၊ မြန်မြန်ဆေးရုံပို့ရမယ်"

ကျွန်မညီမက ဈေးသွားနေသောအမေ့ကို ပြေးခေါ်သည်။ ကျွန်မက အစ်မပြင်ဆင်ထားသော ခြင်းတောင်းကိုယူ၍ ဓာတ်ဘူးထဲသို့ ရေနွေးထည့်ပြီး အစ်မကို အဝတ်အစား လဲခိုင်းသည်။

သတိရသဖြင့် ရုံးသို့ထွက်သွားပြီဖြစ်သော ခဲအိုကိုဖုန်းဆက်လိုက်မှော –

"အိမ်ပြန်လာရမလား၊ ဆေးရုံလိုက်ခဲ့ရမလား"

သူက အသံတုန်တုန်ယင်ယင်ဖြစ်နေ၍ ကိုယ်ပါ ကတုန်ကယင်ဖြစ်လာသည်။ အမေပြန်လာတော့ အမေနှင့်အတူ အစ်မကိုဆေးရုံပို့ရသည်။ အစ်မ သားဦးလေးခွဲမွေးရသည်။ သတ်မှတ်ထားသောကျူးဒိတ်မရောက်မီ သားကစော၍ရောက်လာသည်မလား။

"အမယ်လေး ... ချစ်စရာတစ်တုံးတစ်ခဲကြီး၊ အိုယားမား"

သူနာပြုဆရာမကြီးက သားကိုပွေ့ခေါ်လာရင်း ခွဲခန်းပြင်ပမှာ အရွှန်းဖောက်သည်။ ဂျပန်နပန်း သမား အိုယားမားနှင့်ပုံစံကူနေသည်တဲ့။ အသားအနည်းငယ်ညိုမလို နီတီတီလေးဖြစ်ပြီး ခွဲရင်း ဆရာဝန်ဓားထိ၍ နားမှာဒဏ်ရာလေးရသွားသည်တဲ့။ ကလေးလေးက မွေးစမှာပင် မျက်လုံးဖွင့်ပြီး ဟိုသည်ကြည့်သည်တဲ့။

အနီးထုပ်လေးထဲကသားကို ကျွန်မလက်ထဲထည့်ပေးတော့ ကျွန်မက မကိုင်ရဲ၊ မပွေ့ရဲ။ အိမ်မှာ ကလေးငယ် မရှိဖူး၍ မကိုင်တတ်။ ဆရာမကြီးက ကျွန်မလက်မောင်းထဲသို့ ထည့်ပေးပြီး ရင်ခွင်မှာအပ်နိုင်းထားသည်။

ကျွန်မက အသက်အစိတ်လောက်သာရှိသေး၍ ကလေးကို တုန်ယင်လှုပ်ရှားစွာငေးကြည့်ရင်း လွှတ်ကျသွားမှာစိုး၍ အတင်းမပွေ့ပိုက်ထားလိုက်သည်။ သားက ကျွန်မကိုမော့ကြည့်သည်။ တစ်ခါနှစ်ခါ ဟိုသည်ကြည့်ပြီး ပြုံးပြပါ

တော့သည်။ သူ့နှုတ်ခမ်းဖူးဖူးလေးကိုတွန့်ပြီး ရယ်ပုံက အစ်မနှင့်တူသည်။

အမေက ခုတင်ပေါ်မှာ အိပ်ရာခင်းကျင်း၍ ပစ္စည်းများနေရာချနေတုန်း–

"အမေရေ... ကလေးလေးက ကြည့်ပြီး ပြုံးပြတယ်၊ လာကြည့်ပါအုံးအမေ"

ကျွန်မအော်ပြောတော့ အမေက ကလေးကိုလှမ်းယူပြီး ရယ်နေသည်။ ခွဲခန်းထဲက အစ်မပြန်ရောက်လာတော့ အစ်မသတိရလာပြီ။ မကြာခင် ပါးစပ်ကပြင်ပြင်လုပ်နေသော သားလေးကို နို့ချိုတိုက်ကျွေးဖို့ သူနာပြုဆရာမကြီးက လုပ်ကိုင်ပေးနေသည်။

အုံ့သြစရာကောင်းတာက သားတုန်းကလည်း ကျွန်မပဲ အရင်ဆုံး မွေ့ချီခွင့်ရခဲ့တာလေ။

❑

အိမ်မှာကလေးမရှိဖူးသဖြင့် မိသားစုတစ်စုလုံး ကလေးနားဝိုင်းနေကြသည်။

ရုံးအလုပ်ကိုတော်ရုံခွင့်မယူတက်သော ကျွန်မက သားကိုမွေးချိန်မှာ ရှောင်တခင်ခွင့်သုံးရက်ယူတော့ အထက်အရာရှိက ကြည်ကြည်ဖြူဖြူခွင့်ပေးလိုက်သည်။ ဆေးရုံထမင်းပို့တာဝန်ယူထား၍ တစ်နေ့လုံး သားနှင့်အစ်မနားမှာ နေလိုက်သည်။

အစ်မက မီးဖွားခွင့်ပြီးတာနှင့် ရုံးမှာလုပ်လက်စတန်းလန်းတွေရှိတော့ ရုံးပြန်တက်ရသဖြင့် ကျွန်မက လုပ်သက်ခွင့်တစ်လ ကြိုတင်ထားကာ အမေ့ကိုကူညီရသည်။ အမေ့ခမျာ မီးဖိုချောင်ကိစ္စအပြင် ကလေးပါ ထိန်းရမည်ဆိုတော့ မလွယ်။

ကလေးနို့ဘူးဖျော်ရ၊ ချေးနှီးသေးနှီးလျှော်ရ၊ ကလေးကို သီချင်းဆိုသိပ်ရနှင့် မအားလပ်နိုင်။ သားကလူလည်။ ပုခက်ထဲထည့်လွှပ်လျှင် မအိပ်။ မွေ့ချီသိပ်မှအိပ်သည်။ သားကိုချစ်လွန်း၍ လက်ပေါ်ကမချ ချီထားလွန်းသောကြောင့် ဖေဖေက ဆူသည်။

"သမီးက အဲဒီလိုအကျင့်လုပ်ထားရင် သမီးရုံးပြန်တက်တော့ ဖေဖေတို့ဘယ်လိုလုပ်ရမလဲ"

ဘယ်လောက်ပြောပြော လစ်တာနှင့် ကောက်ချီ၊ ကလေးအိပ်လျှင် ပုခက်ထဲမထည့်ဘဲ တင်ပျဉ်ခွေ၍ ပေါင်စတစ်ဖျာလေးခံလျက် ကိုယ်ပေါ်မှမချ သိပ်ထားသည်။

တစ်နေ့တော့ ရုံးမှ အထက်အရာရှိက အိမ်ဘက်ရောက်၍ ဝင်လာတော့ ကလေးတပိုက်ပိုက်လုပ်နေတာနှင့် တန်းတိုးသည်။

"လက်စသတ်တော့ ငါ့ညီမက ရုံးကခွင့်ယူပြီး လော့ကျင့်နေတာထင်တယ်"ဟု ရယ်ပွဲဖွဲ့ခံရသေးသည်။ ဘာပဲဖြစ်ဖြစ် ကလေးချစ်ကြတာတော့ ကျွန်မတို့မိသားစုကို စံတင်လောက်သည်။ ကလေးရောက်လာပြီးကတည်းက အိမ်မှာ ညီအစ်မတွေ စကားများရန်ဖြစ် ငြင်းခုံမှုတွေ မရှိတော့ဘဲ အားလုံးအလိုလိုတည့်သွားကြပြီး ရယ်မောသံတွေပဲ လွှမ်းနေသည်။

ဖေဖေ၊ မေမေတို့ကလည်း အင်ဂျင်နီယာသမီးနှင့် သမက်ကို အလုပ်ပြန်နောက်ကျလည်း ဘာမျှမပြော။ ညီအစ်မတွေကလည်း ရုံးက ပြန်လာတာနှင့် ကလေးနားဝိုင်းနေကြတော့ ကလေးထိန်းကောင်မလေးက တီဗီရှေ့ရောက်သွားသည်။ ဖေဖေနှင့် မေမေက အသက်ကြီးပြီဖြစ်၍ ကလေးဝေယျာဝစ္စလုပ်ဖို့ ကောင်မလေးတစ်ယောက် ခေါ်ထားသော်လည်း ကောင်မလေးက အခေါ်တွေ ရုံးကပြန်လာတာနှင့် ကလေးထိုးပေးပြီး လွတ်လပ်ရေးရသွားသည်။

နှစ်ထပ်တိုက်အပေါ်ထပ်မှာ အစ်မတို့လင်မယားကတစ်ခန်း၊ ကျွန်မတို့ညီအစ်မက တစ်ခန်းနေကြသော်လည်း အိပ်ချိန်မှသာတက်သွားကြ၍ ကျွန်မတို့မှာ ကလေးနှင့်အချိန်ပြည့်။

တစ်နေ့တော့ ကျွန်မ ရုံးက စောစောပြန်ရောက်၍ ကလေးထိန်းနေတုန်း အစ်မတို့လင်မယားပြန်လာတော့ အစ်မက ကလေးနားကပ်လာပြီး –

"ပေးလေခိုင်၊ မနိုင်ထိန်းထားမယ်၊ ညီမ ထမင်းသွားစားလေ"

ကျွန်မလက်ထဲမှကလေးကို လှမ်းအယူ သားက ကျွန်မလည်ပင်းကိုအမောင်းဖက်ထားပြီး သူ့အမေနောက်မလိုက်။ အစ်မက အတင်းခေါ်တော့ သားကအော်ငိုသည်။

"ရပါတယ်အစ်မရယ်၊ နိုင်ငံပဲ ထိန်းထားလိုက်ပါ့မယ်၊ အစ်မ ရေချိုး၊ ထမင်းစားနှင့်ပါ"

ကလေးချစ်လွန်း၍ ကျွန်မက သားကိုချော့ပြီး ဆက်မွေ့ပိုက်ထား လိုက်တော့ အစ်မက မျက်နှာညို သွားသည်။

"အေးပါ...အေးပါ၊ ကိုယ့် အမေနောက်တောင်မလိုက်ဘူးပေါ့လေ၊ နင့်အဒေါ်ကို ယောက်ျားယူခိုင်းပြီး ကလေးမွေးခိုင်းမယ်"

အစ်မက ရွှတ်တတ်ပြောမှန်း သိပေမဲ့ ကျွန်မကရယ်နေမိသည်။ သားက ကျွန်မကိုကပ်နေတာကိုပဲ သဘောကျကာ ပျော်နေတော့သည်။

ကိုယ့်ဘာသာအိမ်ထောင်ပြုပြီး ကလေးမွေးဖို့ဆိုတာ စဉ်းတောင်မစဉ်းစားမိ။ သားကိုချစ်နေရတာနှင့်ပင် တစ်လောကလုံးကိုပိုင်ဆိုင်နေသလိုပါ။ အစ်မ စိတ်မကောင်းဖြစ်သွားသလားဟုလည်း မတွေးမိခဲ့ပါ။

❑

မမနိုင်ဆုံးသွားတော့ သားက တက္ကသိုလ်ကျောင်းပြီးစ ဘွဲ့ရ အောင်စာရင်းပင် မထွက်သေး။ သားစိတ်လေမှာ၊ စိတ်ဓာတ်ကျမှာ စိုးရိမ်ပြီး သားကို အမျိုးမျိုးအလိုလိုက်နေရသည်။ သား ပညာဆက်သင်ချင်သေးလျှင်လည်း ဘေးမှ ပံ့ပိုးပေးဖို့ အဆင်သင့်။ သား ရည်းစားထားမည်ဆိုလည်း အဒေါ်တွေက သဘောပဲပေါ့...။

ပေါ့ပျက်ပျက် ဆိုးဆိုးဝါးဝါး မိန်းကလေးမဖြစ်ရင်ပြီးရော၊ ဘေးက ထိန်းပေးရုံပင်။ သားက လိမ္မာသည်။ အဒေါ်တွေနှင့်တိုင်ပင်သည်။

မဟာဘွဲ့အပြင် အခြားဘွဲ့တစ်ခုကိုလည်း ထပ်ယူလိုက်သေးသည်။

"သားကို ကုမ္ပဏီမှာပြောပေးပါအုံး အန်တီနိုင်၊ သား အလုပ်လုပ်ချင်တယ်"ဟု ပြောလာတော့ သားလက်ကိုဆွဲပြီး မောင်ဝမ်းကွဲ၏ ကုမ္ပဏီမှာ ပြောပေးလိုက်သည်။

သားက အရည်အချင်းရှိသည်။ အလုပ်တွေကြိုးစားသင်ယူသည်။ အလုပ်ကိစ္စနှင့်နယ်မရွေးသွားသည်။ ပြည်တွင်းတင်မက ပြည်ပကိုလွှတ်တော့လည်း အဆင်ပြေပြေဆောင်ရွက်နိုင်သည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသည်။ ကုမ္ပဏီပိုင်ရှင် မောင်ဖြစ်သူက သားကို သဘောကျအားကိုးသည်။ လုပ်သက်သိပ်မများသော်လည်း မန်နေဂျာ ရာထူးရသွားသည်။ သားက ခရီးတွေ နေ့ညမဆိုင်းထွက်သည်။ အလုပ်အပ်သူတွေကလည်း သားမှ သား ဖြစ်လာ၍ သူ့ခမျာ နားရသည်မရှိ။

အလုပ်အကိုင်အခြေကျလာတော့ အဒေါ်တွေက သားကို အိမ်ထောင်ချပေးချင်သည်။ မျက်နှာရောင်စုံ၊ ဆံပင်ရောင်စုံ၊ ဂါဝန်တိုတိုတွေက သားနားမှာဝိုင်းဝိုင်းလည်နေတာမို့ စိတ်မချတော့။ သားကို မသိမသာ မပြောပြ ထိန်းသိမ်းရသည်။

မကြာပါ။ သားက သူ့ချစ်သူဆိုပြီး ခေါ်လာပြတော့ အေးဆေး တည်ငြိမ်သောမိန်းကလေးဖြစ်နေသည်။ မိဘက အရာရှိနှင့် ကျောင်းဆရာမတဲ့။ ဝန်ထမ်းသားသမီးဖြစ်၍ အသုံးအစွဲ အနေအထိုင် ကျစ်လျစ်သည်တဲ့။ အတွေးအခေါ် အမြော်အမြင်ရှိ၍ သားချစ်သူကို ကျေနပ်သွားပါသည်။

ပညာတတ် လူယဉ်ကျေးမိသားစုမှမွေးဖွားသော ရိုးသားသည့် ပညာတတ်မိန်းကလေးဖြစ်သဖြင့် သဘောကျသည်။ "ချမ်းသာဖို့လဲမလို၊ ဂုဏ်ကြီးမားဖို့လဲ စဉ်းစားမထား၊ အရေးကြီးတာ တစ်ယောက်နှင့်တစ်ယောက် ကြင်ကြင်နာနာ လက်တွဲသွားဖို့ပဲ"ဟု အဒေါ်တွေက အစကတည်းကပြောထား၍ သားချစ်သူနှင့် အံကိုက်ဖြစ်သွားသည်။ မကြာခင်မှာပဲ သားကို ခမ်းခမ်းနားနား လက်ထပ်ပေးလိုက်သည်။ တိုက်ခန်းတစ်ခန်းလည်း ပေးလိုက်သည်။ မမနိုင်ချန်ထားခဲ့သော လက်ဝတ်လက်စားတွေလည်း ထုတ်ပေးလိုက်သည်။ သားတို့ဘဝ ပြည့်စုံကုံလုံဖို့ပဲဖြစ်သည်။ မိခင်မရှိသော်လည်း မပူရ။ ဖခင် နောက်အိမ်ထောင်ပြုသွားသော်လည်း ဂရုစိုက်စရာမလို။ သားဘဝပြည့်စုံဖို့ အဒေါ်တွေက အင်အားဖြည့်ပေးလိုက်သည်။

သားရဲ့ မိန်းကလေးက မင်္ဂလာဆောင်ပြီးမကြာမီ ကိုယ်ဝန်ရတော့ အဒေါ်တွေမှာပျော်လို့မဆုံး။ ဟော. . .ခုတော့ မြေးမျက်နှာမြင်ရပြီ။ ထုံးစံအတိုင်း အိမ်မှာပျော်နေကြ

သည်။ မြေးလေးမျက်နှာကြည့်၍ စိတ်ချမ်းသာနေကြသည်။

သားကတော့ အိမ်ထောင်ကျပြီးမှ ပို၍အလုပ်ကြိုးစားလာသည်။ မြေးလေး မွေးချိန်မှာပင် သူ့ခမျာ ခရီးသွားနေရသည်။ တကယ့်ကို နားချိန်ပင်မရှိ။ ခရီးမှပြန်ရောက်တော့ ဆေးရုံတာန်းလာ၍ သူ့သားလေးကို တစိမ့်စိမ့်ကြည့်ပြီးပျော်နေသည်။

ကျွန်မမှာ သားအပျော်များကို ကြည့်၍ ပီတိဖြစ်ရသည်။

သားက ကုမ္ပဏီမှာ ရာထူးတွေပိုတိုးလာပြီး တာဝန်လည်းပိုကြီးလာသည်။ နိုင်ငံခြားမှတင်သွင်းသော ကုမ္ပဏီကစက်ပစ္စည်းတွေကို ပြည်တွင်းနေရာအနှံ့ ကိုယ်တိုင်လိုက်ဆင်ပေးရသည်။ ပြည်ပကိုလည်း ကိုယ်တိုင်သွား၍ စာချုပ်ချုပ်ရ၊ လွှမ်းထိန်းသလိုပြေးလွှားနေရ၍ သားကို ကြည့်ပြီး သနားမိသည်။

ကုမ္ပဏီက နှစ်ပတ်လည်ပွဲလုပ်မည်ဆို၍ မောင်ဖြစ်သူက ကျွန်မကိုပါဖိတ်သည်။ ဒီပွဲမှာ သားက စွမ်းဆောင်ရည်အထူးချွန်ဆုံးဆုရမှာတဲ့။ ကုမ္ပဏီပွဲပြီးတာနှင့် သားက နေပြည်တော်ကို အလုပ်ကိစ္စနှင့်သွားရမည်။ ဘူမလေးက သားအဝတ်အစားအိတ်ကို အဆင်သင့်ပြင်ပြီး ကားပေါ်တင်လာခဲ့သည်။ ဒီကားနှင့်ပဲ သားခရီးဆက်သွားရမည်လေ။

ဆီဒိုးနားပါ့တယ်မှာ ကုမ္ပဏီပွဲလုပ်နေကျမို့ သားက အရင်သွားနှင့်သည်။ ထိုနေ့က သားက ဆုနှစ်ဆုရခဲ့သည်။ နောက်ဆုတစ်ဆုက ပေါင်းသင်းဆက်ဆံရေးထူးချွန်ဆု။ သားက ကပ်စတမ်မာအများဆုံးရသည်တဲ့။ ရွှေငါးကျပ်သားတစ်ဆုနှင့် ရွှေနှစ်ကျပ်သားတစ်ဆု။ အစီအစဉ်ကြေညာသူမိန်းကလေးက သားဆုရခြင်းနှင့် ပတ်သက်၍ ချီးကျူးဂုဏ်ပြုစကားဖြင့် ကြေညာသည်။

"ကိုမျိုးဆက်ကျော်က အလုပ်ကြိုးစားတဲ့နေရာမှာ စံပြုထိုက်တဲ့သူပါ၊ တာဝန်ကိုလဲမရှေးတတ်သူပါ၊ နေ့ညမဟူ၊ ပြည်တွင်းပြည်ပမရှောင် ခရီးတွေထွက်ပြီး ကုမ္ပဏီအတွက် ဝင်ငွေအရှာပေးနိုင်ဆုံးသူပါ၊ ဒါ့ကြောင့် သူ့ရဲ့သားလေးက တောင် အဖေကိုမမှတ်မိလို့ပါတဲ့"

အရွှန်းလေးပါပါဖြင့် ထည့်ပြောတော့ သားကို သြဘာလက်ခုပ်သံတွေနှင့် ဂုဏ်ပြုကြသည်။ သားက အပြုံးပွင့်ကြီးကြီးပြုံး၍ သူ့မိန်းမဘက် မျက်စလှမ်းပစ်ပြသည်။ ပွဲပြီးတော့ နေ့လယ်စာစားနေစဉ်မှာပင် လုပ်ဖော်ကိုင်ဖက်တွေက ဂုဏ်ပြုစကား ပိုင်းပြောနေကြ၍ ကောင်းကောင်းမစားရရှာ။ ခရီးသွားဖို့လည်း ရှိ၍ စကားစဖြတ်ပြီး သူ့သားဆီပြေးလာသည်။

"သားရေ…ဒီမှာ မင်းအတွက်ကွ"ဆိုပြီး ရွှေတံဆိပ်တွေပြတော့ ဖလသားမြေးငယ်က တစ်ချက်ပြုံးကြည့်သည်။ နည်းနည်းစိတ်ဝင်စားသွားပုံရသည်။ မြေးကို ကျွန်မကချီထား၍ သားက သူ့သားလေးကို ဆွဲယူချီမည်ပြုနေစဉ် ကလေးလေးက ကျည်ကျည်လောင်လောင်အော်ငို၍ ကျွန်မလည်ပင်းကို အတင်းတွယ်ကပ်ကာ သူ့အဖေဘက်သို့ လုံးဝမလှည့်။ ကျွန်မက သူ့အဖေဘက်သို့ အတင်းလှည့်ပေးသော်လည်း မရ။

သားမှာ ခရီးသွားခါနီး သူ့သားလေးကိုချီ၍ နှုတ်ဆက်ချင်ရှာမှာပေါ့။

မြေးလေးက အော်ငိုနေ၍ သားက ငေးစိုက်ကြည့်နေသည်။ အပြုံးယဲ့ယဲ့ဖြင့်ကြည့်နေသော သားမျက်လုံးများကို မကြည့်ရက်။ ကျွန်မက ကလေးကိုကမ်းပေးလိုက်သော်လည်း ကလေးက သူ့အဖေကိုစိမ်းနေသည်။


"နေ့ညမဟူ၊ ပြည်တွင်းပြည်ပမရှောင် ခရီးတွေထွက်ပြီး ကုမ္ပဏီအတွက် ဝင်ငွေအရှာပေးနိုင်ဆုံးသူပါ၊ ဒါ့ကြောင့် သူ့ရဲ့သားလေးကတောင် အဖေကိုမမှတ်မိလို့ပါတဲ့"

အဲဒီကြေညာသံလေးကိုကြားယောင်ရင်း ကျွန်မမှာ သားအတွက် ဂုဏ်ယူရမလား၊ စိတ်မကောင်းဖြစ်ရမလား မသိတော့ပါ။

မမနိုင်တုန်းက မသိခဲ့သော ခံစားမှုသည် သားအတွက်ကျမှ ကျွန်မရင်မှာ ထိရှခံစားမိသည်။ သားမျက်လုံးအကြည့်ရိပ်ကလေးက ကျွန်မကို ကျူးစက်ထားခဲ့တော့သည်။

"ဩော် … မြေးလေးရယ်၊ မြေးမဖေဖေလေ…"။ ။

**တက္ကသိုလ်အေးမြစန္ဒာ**



တစ်ခေတ်က
ရုပ်မြင်သံကြားမှ မော်ကင်း ခေါ်
ဆလုံများအကြောင်းရိုက်ကူးထားသည့်
ရုပ်ရှင်ကားကို ကြည့်လိုက်ရပါသည်။
ထိုဇာတ်ကားတွင် မင်းသား
ညွန့်ဝင်း၊ ကျော်ဟိန်း၊ လွှမင်း၊
သျှုထူးခံ၊ နိုင်းနိုင်း စသည်ဖြင့်
မင်းသားမြောက်မြားစွာပါဝင်သည်။
မင်းသမီးမှာ နန္ဒာလှိုင်ဖြစ်၏။
မြန်မာစီးပွားရေးလုပ်ငန်းရှင်
သူဌေးကြီးညွန့်ဝင်း၏သမီးလေး
ရေထဲကျသွားသဖြင့် ဆလုံလူမျိုး
ကျော်ဟိန်းက ကယ်ယူမွေးစား

# တနင်္သာရီတိုင်းဒေသကြီးက

# မော်ကင်း ခေါ် ဆလုံများ

✔ မောင်ဝင်းသန်းဆွေ (ထားဝယ်)



ထားသောကြောင့် နန္ဒာလှိုင်ဖြစ်လာသည်။ ညွန့်ဝင်းက နန္ဒာလှိုင်၏လည်ဆွဲကိုမြင်၍ မှတ်မိပြီး သူ၏သမီးလေးကိုပြန်လိုချင်ရာမှ မွေးစားဖခင် ဆလုံလူမျိုး ကျော်ဟိန်းနှင့် ပဋိပက္ခဖြစ်ကြရသည့် ဇာတ်လမ်းဖြစ်သည်။

ထိုဇာတ်ကားကိုကြည့်ပြီး ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးက မော်ကင်း ခေါ် ဆလုံလူမျိုးတို့အကြောင်းကို မေးချင်လာသည်။

မြန်မာနိုင်ငံတွင် တနင်္သာရီတိုင်းဒေသကြီး၌သာ မော်ကင်း ခေါ် ဆလုံများရှိသည်။

မြန်မာဟုခေါ်သော တိုင်းရင်းသားပေါင်းစုံ ၁၃၅ မျိုး ရှိပါသည်။ မြန်မာတိုင်းရင်းသားများတွင် ဗမာ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း ဟူ၍ အဓိကလူမျိုး ၈ မျိုးရှိရာ –

| | | | |
|---|---|---|---|
| ဗမာ | – | ၉ | မျိုး |
| ကချင် | – | ၁၂ | မျိုး |
| ကယား | – | ၉ | မျိုး |
| ကရင် | – | ၁၁ | မျိုး |
| ချင်း | – | ၅၃ | မျိုး |
| မွန် | – | ၁ | မျိုး |
| ရခိုင် | – | ၇ | မျိုး |
| ရှမ်း | – | ၃၃ | မျိုး |

စုစုပေါင်း ၁၃၅ မျိုး ဖြစ်သည်။ မော်ကင်း ခေါ် ဆလုံလူမျိုးသည် ဗမာ ၉ မျိုးတွင် ပါဝင်သည်။ ဗမာ ၉ မျိုးတွင် ဗမာ၊ ထားဝယ်၊ မြိတ်၊ ယော၊ ရခိုင်း၊ ကတူး၊ ကနန်း၊ ဆလုံ၊ ဖုန်း ဟူ၍ ၉ မျိုး ရှိပါသည်။ အဓိက မြန်မာလူမျိုး ၈ မျိုးတွင် ထူးခြားသည်မှာ မွန်လူမျိုး ဖြစ်သည်။ မွန်လူမျိုး ၁ မျိုးသာရှိ၏။

မော်ကင်း ခေါ် ဆလုံလူမျိုးတို့သည် တနင်္သာရီတိုင်းဒေသကြီး ပင်လယ်ပြင်ထဲရှိ တောင်များ၊ ကျွန်းများ၊ အော်များ၊ ဂလက်များတွင် နေထိုင်ကြသည်။ အော်နှင့် ဂလက်ဆိုသည်မှာ စာရေးသူတို့ ထားဝယ်နှင့် မြိတ်တို့က လေကွယ်ရာ၊ မိုးကွယ်ရာအရပ်ဒေသကို ခေါ်ဆိုခြင်းဖြစ်သည်။



စာရေးသူ၏ မြိတ်သားသူငယ်ချင်းဖြစ်သော ဦးခင်ရှိန်က မြိတ်နှင့်နီးသော မကြံဂလက်နှင့် ဘုတ်ပြင်းနှင့်နီးသော မီးစိမ်းကျွန်းတို့တွင် ဆလုံအများစုနေထိုင်ကြသည်ဟု ပြောပါသည်။ ကော့သောင်းမြို့နယ်အတွင်းရှိ ဆူငယ်ဘာလိုင်း၊ အော်ကြီး၊ ချမ်းဖမ်း၊ ပုလုံးတုံးတုံး၊ မေအင်ဘာနှင့် မပုဖေးမွှေးမျှပွင့်လည်း နေထိုင်ကြသည်ဟုဆိုပါသည်။ ကော့ညောရွာ၊ တလွန်းရွာ၊ ပလောက ကျွန်လိုကျွန်း၊ ဇာဒက်ကြီးတောင်ခြေရှိရွာများနှင့် ဇာနီကျွန်းတို့တွင်လည်း နေကြသည်။ ကော့ညောရွာနှင့် တလွန်းရွာသည် အကြီးဆုံးဖြစ်ပြီး လူဦးရေအများဆုံးနေထိုင်သော ရွာကြီးများဖြစ်သည်။

စာရေးသူတို့ငယ်စဉ်က မြိတ်သို့သွားသည့်အခါ မြိတ်ကမ်းနားတွင် ဆလုံလှေလေးများဆိုက်ထားပြီး သူတို့ရှာဖွေဖမ်းဆီးရမိသော ငါးများ၊ ခရုခွံများ၊ ကျောက်ပန်းကျောက်ခက်များ၊ ကနကမာခွံ စသည်တို့ကို ရောင်းနေကြသည်။ ဆလုံယောကျ်ားများမှာ အသားညိုမှောင်ပြီး ညစ်ပတ်သည်။ ဆလုံအမျိုးသမီးများမှာ အပေါ်ပိုင်းဗလာကျင်းထားသည်။ ယခုအခါ မြိတ်ကမ်းနားတွင် ဆလုံတို့ကို မတွေ့ရတော့ပါ။ ဆလုံအမျိုးသမီးများသည်လည်း ယဉ်ကျေးသွားပြီး အပေါ်ပိုင်းအင်္ကျီနှင့် ဖြစ်သွားကြသည်ဟု ဆိုပါသည်။ သူတို့၏ကျေးရွာတွင် ဘာသာဘာဝနေထိုင်စဉ်မှ အပေါ်ပိုင်းဗလာကျင်း၊ မကျင်း မသိရပါ။

မော်ကင်း ခေါ် ဆလုံလူမျိုးများ၏ အဓိက အသက်မွေးဝမ်းကျောင်းမှာ ပုလဲငုပ်ခြင်း၊ ရေခူဖမ်း

ခြင်း၊ ငါးဖမ်းခြင်း စသည်တို့ဖြစ်သည်။

မော်ကင်း ခေါ် ဆလုံတို့ အသုံးပြုသောလှေမှာ ထူးခြားလှသည်။ 'ကဗန်း'လှေဖြစ်သည်။ ကျွန်းများပေါ်ရှိ တောင်များပေါ်မှ ပင်စည်ကြီးမားသောသစ်ပင်များကို ခုတ်လှဲဖြတ်တောက်၍ ပင်စည်ကိုအပူပေးပြီး အဆင့်ဆင့်ထွင်းယူသည်။ အပေါ်ပိုင်းကို ပျဉ်ချပ်များဖြင့်ဆက်စပ်တည်ဆောက်ထားသည်။ အောက်ခြေတွင် ကြီးမားလေးလံသောပင်စည်ကို အခြေခံတည်ဆောက်ထားသောကြောင့် ပင်လယ်ပြင်လှိုင်းလေကြားတွင် မည်မျှလူးလူး၊ မည်မျှစောင်းစောင်း တိမ်းမှောက်နစ်မြုပ်မှုမရှိသည့် လှေမျိုးဖြစ်သည်။ မည်မျှစောင်းစောင်း ပြန်လည်တည့်မတ်သွား၏။

မြိတ်တွင် ရှေးက 'ဘဲရွှေမြ'ဟုခေါ်သော မှတ်စလင်ဘာသာဝင် ကုလားလူမျိုး ပုလဲသူဌေးကြီးရှိသည်။ ထို 'ဘဲရွှေမြ'ထံမှ ပုလဲများသည် ဆလုံများလာရောင်းသော ပုလဲများဖြစ်သည်ဟု ပြောသံကြားရဖူးသည်။ ဘဲရွှေမြ၏ သမီးသည် အသက်ကြီးသောအခါ စာရေးသူတို့ထားဝယ်တွင်လာနေသည်။ စာရေးသူတို့အိမ်နှင့်မဝေးပါ။ စာရေးသူ၏အဒေါ်ထံ မျက်ရည်ဥသဏ္ဌာန်ပုလဲတစ်လုံး လာရောင်းဖူးသည်။ ဆန်းလဲဆန်း၊ လှလည်းလှ၍ စာရေးသူ၏အဒေါ်က ဝယ်ထားခဲ့သည်။ ထူးဆန်းသည်မှာ ထိုမျက်ရည်ဥသဏ္ဌာန်ပုလဲသည် မှတ်ကောင်တစ်ကောင်တည်းမှရသည့် ပုလဲအမြွှာဖြစ်သည်ဟု ပြောပြသွားသည်ကို စာရေးသူမှတ်မိနေသေးသည်။ အခြားတစ်လုံးကို မြိတ်တွင်ရောင်းခဲ့သည်ဟု ပြောသွားပါသည်။

ဆလုံဘာသာစကားရှိသည်။ မြန်မာများနှင့်မူ မြန်မာစကားဖြင့်သာပြောကြသည်။ အထူးသဖြင့် မြိတ်စကားဖြစ်၏။ ဖခင်ကို 'အပေါင်း'၊ မိခင်ကို 'အနောင်း'၊ သားကို 'အနမ်း'၊ သမီးကို 'အနိုင်း'၊ ယောက်ျားလေးကို 'ကော်'၊ မိန်းကလေးကို 'မွဲ'ဟုပြောကြောင်း ကြားရဖူးသည်။

တစ်ခါက နိုင်ငံခြားသားလူမျိုးတစ်ယောက်သည် ဆလုံစာအနေဖြင့် တီထွင်ပေးခဲ့ဖူးသည်ဟု ဆိုပါသည်။ သို့သော် မခံပါ။ ပပျောက်သွားပါသည်။

အရှေ့အရပ်ကို – ဟဲလပ်တပ်ကော
အနောက်အရပ်ကို – ဇလပ်
တောင်အရပ်ကို – ပေါ့လိုင်း
မြောက်အရပ်ကို – ပစ်ရပ်ဟု ခေါ်ကြောင်း

လည်း ကြားရဖူးသည်။

ဆလုံတို့ကို တချို့က ဘာသာမရှိဟုပြောသည်။ အများကမူ နတ်ကိုးကွယ်သည်။ နတ်ကိုးကွယ်သည်ဆိုရာ၌ ၃၇ မင်းနတ်မဟုတ်ပါ။ သူတို့နှင့်သက်ဆိုင်သော တောစောင့်နတ်၊ တောင်စောင့်နတ်၊ ပင်လယ်စောင့်နတ်၊ ကျောက်ဆောင်စောင့်နတ်တို့ဖြစ်သည်။

ယခုအခါ ကြားရသည်မှာ ဓာဒက်ကြီးတောင်ခြေရှိ တလွန်းရွာတွင် ရဟန်းတော်တစ်ပါးက ကိုးတောင်ပြည့်စေတီတစ်ဆူ ကိုးကွယ်ရန်တည်ထားပေးခဲ့သည်ဟု ဆိုပါသည်။ 'ဆုတောင်းပြည့်အေးစေတီ'ဟုခေါ်ကြောင်း သိရသည်။ ကော့သောင်းမြို့မှဆရာတော်တစ်ပါး တလွန်းရွာတွင် ကြွရောက်သီတင်းသုံးပြီးမှ တိုးတက်ပြောင်းလဲလာသည်ဟု ဆိုပါသည်။ ဗုဒ္ဓဘာသာကိုလည်း ကိုးကွယ်သူ များလာသည်။ စာသင်ကျောင်း၊ ဆေးပေးခန်းသာမက ဆလုံယဉ်ကျေးမှုပြတိုက်တစ်ခုကိုလည်း တည်ဆောက်ထားကြောင်းသိရသည်။ ထိုယဉ်ကျေးမှုပြတိုက်တွင် ဆလုံတို့၏ ရိုးရာနတ်တိုင်၊ နတ်အိမ်၊ နတ်ဘုရား၊ ဗုံ၊ လှေထွင်းသည့်ဓား၊ တလေးပလွေ၊ ငါးလက်ခုပ်၊ ခက်ရင်းထည့်ခြင်း၊ ငါးထိုးသည့်ဆူး၊ အိပ်သည့်ဖျာ၊ ကဗန်းလှေ ပုံစံငယ်တို့ကို ပင်လယ်ရေထွက်အလှအပ ပစ္စည်းများနှင့် ပြသထားသည်ဟုဆိုသည်။

ယခုအခါ လူတကာနှင့်ကူးလူးဆက်ဆံမှုများပြားလာသောကြောင့် ဆလုံများ ပို၍ယဉ်ကျေးလာကြသည်။ ကော့သောင်းမြို့နှင့် တစ်ဖက်အိမ်နီးချင်း ထိုင်းနိုင်ငံ၊ ဖန်ဖလား၊ ရနောင်းမြို့များနှင့်လည်း ကူးလူးဆက်ဆံလာကြသည်။ ဖမ်းဆီးရမိသော ငါးများ၊ ရေရှူများကို ကော့သောင်းမြို့တွင်သာမက တစ်ဖက်နိုင်ငံသို့ပါ သွားရောက် ရောင်းချနေကြပြီဖြစ်ပါသည်။ ။

**မောင်သန်းဆွေ(ထားဝယ်)**

# ကျန်စစ်သားမင်းကြီး၏ ထီးနန်းမွေဆက်ခံသူ သီရိဇေယျသူရ

✔ ဒေါက်တာ စိန်မြင့်





သီရိတြိဘုဝနာဒိတျဓမ္မရာဇာကျန်စစ်သားမင်းကြီး နတ်ရွာစံပြီးဟု နန်းတော်အတွင်း သတင်းပျံ့နှံ့သွားခဲ့လေမည်။ တစ်ပြိုင်တည်းမှာပင် မင်းကြီး၏ထီးနန်းမွေကို မြေးတော်သီရိဇေယျသူရက ဆက်ခံလိုက်လေမည်။ ဘိုးတော်ကျန်စစ်သားမင်းကြီးနှင့်အတူ ထီးနန်းဘိသိက်ခံထားခဲ့ပြီးဖြစ်သဖြင့် အလွယ်တကူ အလျင်အမြန်ပင် ထီးနန်းအားဆက်ခံနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ မင်းမြှောက်လိုက်နိုင်ခြင်းသည် ကျန်စစ်သားမင်းကြီးကိုယ်၌ကပင် ကြည်ကြည်ဖြူဖြူ နန်းတင်ထားပေးခဲ့ခြင်းကြောင့်ဖြစ်ပေသည်။ ထိုအကြောင်းကို မှန်နန်းရာဇဝင်ရေးဆရာတို့ ရေးပြခဲ့သည်မှာ "ငါ့မြေးမဟာ်နန်းကို ငါမစောင့်ပါသည်ဟူ၍ မိန့်မဟာ်မူပြီးသော် မြေးတော်ကိုရင်ခွင်ပိုက်လျက် ရာဇပလ္လင်ထက်တက်၍ သီရိဇေယျသူရဟူသောအမည်နှင့် ရာဇာဘိသေကခံ၏"ဟု ဖတ်ရလေသည်။

ဦးကုလားရေးသားသော မဟာရာဇဝင်တော်ကြီးကမူ "သက္ကရာဇ် ၄၅၄ (လေးရာငါးဆယ့်လေး)သော် မြေးတော်အလောင်းစည်သူမင်းဖြစ်တော်မူ၏၊ ထိုမင်းကား ကြာသပတေးသားတည်း၊ ဖွားတော်မူလျှင် အိမ့်ရှင်စည်ကြီးလည်း သူမတီးဘဲ အလိုလိုမြည်၏၊ ဥကင်သတ်ခါးလည်း သူမဖွင့်ဘဲ အလိုလိုပွင့်၏၊ ဘိုးတော်ထီးလှိုင်ရှင်မင်းကြီးလည်း မြေးတော်ကိုရင်ခွင်ပိုက်၍ 'ငါကား ငါ့မြေးနန်းကို စောင့်နှင့်ပါသည်သာ၊ အလောင်းဖို့သာ'ဟူ၍မိန့်တော်မူပြီးလျှင် သီရိဇေယျသူရဟူသော အမည်နှင့် ဘိသိက်



သွန်း၍ မင်းမြှောက်တော်မူ၏"ဟု ပြည့်ပြည့်စုံစုံ ရေးသားထားခဲ့သည်။ မှန်နန်းရာဇဝင်ရေးဆရာတို့ကမူ နန်းတက်သည့်နှစ်သည် သက္ကရာဇ် ၄၅၄ (ခရစ်နှစ် ၁၀၉၂)ဖြစ်သည်ဟု ရေးခဲ့ပေသည်။ ကျန်စာသားများသည် မဟာရာဇဝင်ဖော်ပြရေးသားချက်နှင့် တစ်ညီတည်းရေးသားထားပေသည်။

ကျန်စစ်သားမင်းကြီးသည် ခရစ်နှစ် ၁၁၁၃ ခုနှစ်တွင် နတ်ရွာစံခဲ့သည်။ ဇာတာတော်ပုံရာဇဝင်ဖော်ပြထားချက်အရ အလောင်းစည်သူသည် ကြာသပတေးသားဖြစ်သည်။ သက္ကရာဇ် ၄၇၃ (ခရစ်နှစ် ၁၁၁၁)တွင် နန်းတက်ခဲ့ပြီး နန်းသက်သည် ၅၆ နှစ်ကြာခဲ့သည်။ ၇၄ နှစ်တွင် နတ်ရွာစံလေသည်။ ရာဇဝင်အစောင်စောင်ဖော်ပြချက်များအရ အလောင်းစည်သူနန်းရသောနှစ်သည် ကွာဟနေကြပေသည်။ ရာဇကုမာရ်ရေးထိုးထားခဲ့သည့် ကျောက်စာမှတ်တမ်းအရ ကျန်စစ်သားမင်းကြီးသည် ခရစ်နှစ် ၁၁၁၃ တွင် နတ်ရွာစံခဲ့လျက် အလောင်းစည်သူသည် ထိုနှစ်အတွင်းမှာပင် ထီးနန်းရသည်မှာ ပိုမိုနီးစပ်နိုင်ပေမည်။

အလောင်းစည်သူမင်းသည် မိဖုရား ၄ ပါးဖြင့် နန်းတက်ဘိသိက်ခံခဲ့လေသည်။ ထိုမိဖုရားများသည် ရတနာပုံ၊ ဦးဆောက်ပန်းအမည်ရသည့် တိလောကစန္ဒာ၊ ရာဇကုမ္မာရီ၊ တောင်ပြင်သည်တို့ဖြစ်ကြသည်။ တောင်ပြင်သည်၏ညီမဖြစ်သူ ခင်ဦးကိုလည်း မိဖုရားအရာပေးခဲ့သေးသည်။ သားတော်၊ သမီးတော်မှာ ၆ ဦး ဖြစ်သည်။ မှန်နန်းရာဇဝင်ဆရာတို့ရေးပြခဲ့သည်မှာ "ထိုမင်းမိဖုရားကား လေးပါးတည်း၊ ရတနာပုံလည်းတစ်ပါး၊ တိလောကစန္ဒာလည်းတစ်ပါး၊ ရာဇကုမ္မာရီလည်းတစ်ပါး၊ တောင်ပြင်သည်လည်းတစ်ပါး၊ ဤလေးပါးသောမိဖုရားတို့သည် ရာဇာဘိသေကခံသည်ချည်းတည်း" ဟူ၍ ဖတ်ရပြန်သည်။ ထို့ပြင် သားသမီးများအားဖော်ပြထားရာတွင် "မိဖုရားရတနာပုံတွင် မင်းရှင်စောကိုမြင်သည်၊ မိဖုရားတိလောကစန္ဒာကို နောက်ဦးဆောက်ပန်းဟူသောအမည်ကို သမုတ်တော်မူသည်၊ ထိုမိဖုရားတွင် ထောက်လှေကားကိုမြင်သည်၊ ရာဇကုမ္မာရီမိဖုရားတွင် သားတော်သမီးတော်မရှိ၊ မိဖုရားတောင်ပြင်သည်တွင် သမီးပေါက်နှစ်ပါးမြင်သည်၊ အကြီးကို ပေါက်ပင်ဖျားဟူ၍ မှည့်ပေါက်မူ၏၊ အငယ်ကို ရွှေကျုံဟူ၍မှည့်တော်မူသည်၊ မိဖုရားတောင်ပြင်သည် ညီမတော်ကား လင် ၄ ယောက်နေသည်၊ လင်သေဖန်များ၍ ခင်ဦးအမည်နှင့် မင်းကြီး မိဖုရားမြှောက်တော်မူသည်၊ အလောင်းစည်သူမိဖုရားမြှောက်ရာတွင် ချစ်ဦးနှင့်ကျောင်းတော်သည်ကို မြင်သည်"ဟုရေးပြထားခဲ့လေသည်။

အလောင်းစည်သူသည် ရာဇာဘိသေကခံပြီးနောက် သီရိတြိဘဝနာဒိတျာပဝရပဏ္ဍိတ သုဓမ္မရာဇာမဟာဓိပတိနရပတိစည်သူဟူသော ဘွဲ့အမည်ခံယူခဲ့ပေသည်။ သီရိလင်္ကာနိုင်ငံသို့ ရေကြောင်းဖြင့် လှည့်လည်သွားရောက်စဉ် သီရိလင်္ကာမင်းသည် သူ၏သမီးတော်စောဦးတွေးနှင့်

သက်နိုးနက်လေ့အား ဆက်သခဲ့ပေသည်။ သီရိလင်္ကာတွင် ခေတ္တနန်းစံနေစဉ်တွင် ထိုကဲ့သို့အမည်ကို ခံယူခြင်းဖြစ်ပေသည်။ ထိုအဖြစ်အပျက်အား မှန်နန်းရာဇဝင်ရေးဆရာတို့က "သည်မင်းကား ဘုရားရှင်သာသနာတော်ကို ရှက်ဆောင်သောမင်းဖြစ်သည်ဟူ၍ ဘိသိက်သွန်း၏၊ အမည်တော်ကိုလည်းခံရ၏၊ ခံရသောအမည်ကား သီရိတြိဘဝနာဒိတျပဝရပဏ္ဍိတသုဓမ္မရာဇာမဟာဓိပတိနရပတိစည်သူဟူသောအမည်ကို ခံရ၏၊ မင်းတို့သုံးရာဖြစ်သော မြောက်စည်၊ သံလွှင်၊ မင်းခမ်းမင်းနားတို့ကိုလည်း ဆောက်နှင်းပေ၏"ဟု ရေးသားပြထားသည်ကို ဖတ်ရပြန်သည်။ ရွှေဂူကျောက်စာ ဖော်ပြချက်အရ သီရိတြိဘုဝနာဒိတျပဝရဓမ္မရာဇာဟုလည်း ခေါ်ကြသေးသည်။ ထိုကျောက်စာအရ ဘုရားအလောင်းအဖြစ်ရည်စူးလို၍ အလောင်းစည်သူဟု ခေါ်တွင်ခဲ့ခြင်းပင်ဖြစ်ပေသည်။

အလောင်းစည်သူမင်းသည် ခရီးသွားလာရာတွင် ရေကြောင်းအင်အားကိုအသုံးပြုသော မင်းတစ်ပါးဖြစ်လေသည်။ ရေကြောင်းဖြင့် တိုင်းပြည်အနှံ့လှည့်လည်သွားလာခဲ့သည့် မင်းတစ်ပါးလည်းဖြစ်သည်။ အလောင်းစည်သူမင်းသည် မိမိခရီးသွားလျှင် နန်းတော်ရှိအမှုထမ်းများကို တစ်ပါတည်းခေါ်ဆောင်သွားလေ့ရှိပေသည်။ တိုင်းပြည်၏အုပ်ချုပ်ရေးနှင့် နယ်မြေဒေသများအား ဖြည့်ဆည်းဆောင်ရွက်မှုများကို လုပ်ဆောင်သကဲ့သို့ သာသနာရေးဆိုင်ရာများကိုလည်း ဆောင်ရွက်တတ်ပေသည်။ မှန်နန်းရာဇဝင်ရေးဆရာတို့က "အလောင်းစည်သူမင်းကြီးကား မိဖုရားမောင်းမမိဿံနှင့်တကွ အမှုးအမတ်အလုံးအရင်းခြံရံလျက် မြန်မာပြည်တောင်ဘက် မြောက်ဘက်သို့ကြွတော်မူ၍ ကန်၊ ချောင်း၊ ဆည်မြောင်းပြုပြီးသော် တောင်တာစေ၍ လယ်ပယ်ဖွဲ့ပြီးမှ သူရဲသူခက် ဆင်လုံးမြင်းရင်းတို့အစာဖြစ်ကောင်းသောအရာကို အစာဖြစ်စေ၏၊ ထိုသို့ အစုစုသောမြေတို့ကိုပေါင်း၍ ခရိုင်မြို့ပြဖြစ်ကောင်းသောအရာတို့ကိုလည်း ခရိုင်မြို့ပြဖြစ်စေ၏"ဟု လယ်မြေအတွက် ကန်၊ ချောင်း၊ ဆည်မြောင်းတို့ကို စီမံပေးခဲ့သည်ကို ရေးပြထားပြီး



ပုဂံနေပြည်တော်လက်အောက်ဒေသများအား နယ်မြေဒေသတိုးတက်စည်ပင်ခြင်းအပေါ် အကဲဖြတ်လျက် ခရိုင်၊ မြို့ပြများအား သတ်မှတ်ပေးခဲ့သည်ကိုလည်း ရေးပြခဲ့ပေသည်။

နိုင်ငံအနှံ့ရောင်းရေးဝယ်တာကုန်သွယ်အရာတွင်လည်း အလေးတင်းတောင်းတို့ကိုတစ်ညီတည်းဖြစ်စေရန် ဆောင်ရွက်ခဲ့လျက် သာသနာရေးစည်ပင်စေရန်ကျောင်းကန်ဘုရားများတည်ခဲ့လေသည်ကို "နိုင်ငံတော်အလုံး၌ ခရိုင်မြို့ပြတို့ကိုလည်း အသုံးအဆောင်တစ်ချက်တည်းဖြစ်စေလို၍ ချိန်၊ ကျပ်၊ မူး၊ ပဲ စသည်တို့ကိုလည်းကောင်း တင်း၊ ခွဲ၊ စိတ်၊ စရွတ်၊ ပြည်၊ ခွက်၊ စလယ်တို့ကိုလည်းကောင်း စီရင်တော်မူ၍ တစ်ချက်တည်းဖြစ်စေ၏"ဟု ရာဇဝင်ဆရာတို့ဖော်ပြရေးသားသကဲ့သို့ သာသနာရေးရာတွင်လည်း "ထိုသို့ခရိုင်မြို့ပြဖြစ်စေပြီးမှ သိမ်နှင့်ဘုရား၊ ကျောင်းနှင့်စည်းခုံ၊ ပုထိုးနှင့်ဂူ စသည်တို့ကို ခပ်သိမ်းသောသတ္တဝါအပေါင်းတို့ စီးပွားအလို့ငှာ သာသနာတော်ငါးထောင်တည်ရစ်စေဟူ၍ များစွာတည်ထားတော်မူ၏"ဟု အလောင်းစည်သူမင်းကြီးသည် စေတီပုထိုးဘုရားများနိုင်ငံ၏နေရာအနှံ့ တည်ထားခဲ့သည့်အကြောင်းကို

ဖော်ပြရေးသားခဲ့လေသည်။

အလောင်းစည်သူမင်းကြီးသည် ရေကြောင်းလမ်းကို အသုံးပြုသွားလာရာတွင် မိမိအတွက်ပြုလုပ်တည်ဆောက်ထားသော လှေတော်ကြီး ၁၂ စင်းဖြင့် သွားလာတတ်ပေသည်။ လှေတော်ကြီးများ၏အမည်စာရင်းကိုလည်း မှန်နန်းရာဇဝင်ရေးဆရာတို့ ရေးသားဖော်ပြခဲ့သည်မှာ "အလုံးအရင်းနှင့် တိုင်းကားနိုင်ငံလှည့်တော်မူသော လှေယာဉ်တော်တစ်ဆယ့်နှစ်စင်းအမည်ကား ၁။ သုံးလူ့ပူဇော်၊ ၂။ သုံးလူ့ကြငှန်း၊ ၃။ ပြည်ကြီးနောင်၊ ၄။ ဝဇိရသခ်ါ၊ ၅။ အောင်သာတန်ခိုး၊ ၆။ မိုးအောက်ကြယ်၊ ၇။ စွယ်လက်ယာသစ်၊ ၈။ နဝရတ်၊ ၉။ ပြည်ကြီးဝမ်း၊ ၁၀။ တင့်ရာပြည့်စုံ ၊ ၁၁။ လင်းဇင်း၊ ၁၂။ နဂါးကြေးဤတစ်ဆယ့်နှစ်စင်းတည်း"ဟု ရေးသားထားသည်ကို ဖတ်ရပြန်ပါသည်။ ထိုလှေတော်ကြီးများပေါ်တွင် မိဖုရားများ၊ မောင်းမမိဿံ၊ နန်းတွင်းအမှုထမ်းများ၊ မှူးမတ်များစုံလင်စွာဖြင့် လိုက်ပါစေပြီး ရေကြောင်းလမ်းခရီးကို နေရာဒေသအနှံ့သို့ အမြဲလိုပင်သွားလာနေတတ်ပေသည်။

ပုဂံနေပြည်တော်အရိမဒ္ဒနပူရတွင် အနေနည်းပြီး ခရီးအသွားအလာများပြားသော မင်းတစ်ပါးမှာ အလောင်းစည်သူမင်းပင်ဖြစ်လေသည်။ အလောင်းစည်သူမင်း ခရီးအသွားအလာများခဲ့သည်ကြောင့် တိုင်းနိုင်ငံအတွင်း ပြုပြင်စရာရှိသည်များကို ပြုပြင်နိုင်သကဲ့သို့ ဖြည့်ဆည်းစရာများကိုလည်း ကောင်းစွာဖြည့်ဆည်းနိုင်ခဲ့လေသည်။ တစ်ပြိုင်တည်းမှာလည်း လက်အောက်ခံဒေသများနှင့် အစွန်ကော်ဆက်ကြရသောနယ်မြေများကလည်း မလေးမစားလုပ်လာမှုများ ရှိလာကြသည်။ အချို့ဒေသများကမူ ပုန်ကန်မှုများ ပြုလုပ်လာခဲ့ကြလေသည်။ ထိုသို့သောဖြစ်စဉ်အား မှန်နန်းရာဇဝင်ရေးဆရာတို့က "အလောင်းစည်သူမင်းကြီးကား နေပြည်တော်တွင် ရှည်ကြာအောင်နေတော်မမူ၊ တိုင်းနိုင်ငံလှည့်လည်တော်မူသည်များသောကြောင့် ဆင်သည်၊ မြင်းသည်၊ သင်းသည် အမှုထမ်းတို့ အလွန်ဆင်းရဲကုန်၏၊ တလိုင်းပြည် ပုသိမ်လည်းသောင်းကျန်းလေ၏၊ တက်သစ်ကျွန်း၌ သေစ်လည်းရိုင်းပျလေ၏၊ ခက်သစ်တောင်ထက် ငွေယ်လဲ ပုန်ကန်လေ၏၊ သက်တောင်ထက်ဓေယျမင်္ဂလာလည်း မကျိုးမနွံရှိလေ၏၊ သိန်းယိုကျွန်း၌ထားတော်မူသော ကုလားလည်း သစ္စာတော်ကိုဖောက်ပြန်လေ၏၊ တနသ်ာရီလည်း ဆက်မြဲကပ်မြဲကို မရောက်နေလေ၏၊ သက်မင်းကတုံလည်း ကျေးဇူးသစ္စာတော်နှစ်ပါးကို ဒွေဖည်လေ၏"ဟု နယ်မြေဒေသနှင့် လက်အောက်ခံနယ်များ မတည်မငြိမ်ဖြစ်လာကြကြောင်းကို ရေးသားဖော်ပြလေသည်။

အလောင်းစည်သူမင်းကြီးသည် မတည်ငြိမ်သောဒေသများသို့ အလျင်အမြန်ပင်အရေးတယူရှိလျက် တန်ပြန်နှိမ်နင်းခဲ့သည်ကိုလည်း ဖော်ပြထားပြန်ပေသည်။ "စစ်သူကြီး ငရဲတိုင်၊ ငရဲနိုင်တို့ကို ဆင်လုံးမြင်းရင်းအများနှင့် ချီလေစေ၍ ငစဥ္စကိုင်သို့ရောက်လေသော် သက်မင်းကတုံ ကြံ့နှင့်သည်ကိုနိုင်၍ သုံ့ပန်းအများဆက်လာ၏"ဟု စစ်သူကြီးများက စစ်သည်အင်အားအများအပြားဖြင့် သွားရောက်နှိမ်နင်းနိုင်ခဲ့ပြီး စစ်သုံ့ပန်းများအားစုစည်းလျက် နေရာဒေသတစ်နေရာတွင် နေထိုင်စေခဲ့ပေသည်။ တိုင်းနိုင်ငံအတွက် အင်အားစုစည်းထားခြင်းပင်ဖြစ်ပေမည်။

သီရိဓေယျသူရ၊ သီရိတြိဘဝနာဒိတျာပဝရပဏ္ဍိတ သုဓမ္မရာဇာမဟာဓိပတိ နရပတိစည်သူ၊ သီရိတြိဘုဝနာဒိတျပဝရဓမ္မရာဇာ အလောင်းစည်သူခေါ်တွင်သည့် အရိမဒ္ဒနပူရပြည့်ရှင်မင်းသည် ယခင်ဘေးတော်အနော်ရထာ၊ ဘိုးတော်ကျန်စစ်သားမင်းတို့အမွေကို ထိန်းသိမ်းနိုင်ခဲ့သည့်အရည်အသွေးကိုလည်း လိုက်မီနိုင်ခဲ့သော မင်းတစ်ပါးလည်းဖြစ်နေခဲ့သည်ကို ရာဇဝင်ဖတ်ရင်း တွေ့မြင်နိုင်ပေလိမ့်မည်။ အလောင်းစည်သူမင်းကြီးအကြောင်းအား ရာဇဝင်တွင်အောင်ပြောခဲ့ကြသည်ကိုလည်း ကြားခဲ့ကြရပေမည်။ ဆက်လက်၍လည်း ပြောကြပေလိမ့်ဦးမည်။ ။

**ဒေါက်တာစိန်မြင့်**

# ခရုံးတိုင်းရင်းသားတို့၏
# ဝတ်စားဆင်ယင်ထုံးဖွဲ့မှု

✔ မြတ်ဇေဝတိုး(ပညာရေးတက္ကသိုလ်)



ခရုံးအမျိုးသားဝတ်စားဆင်ယင်မှု

ခရုံးတိုင်းရင်းသားများသည် ဂျိန်ဖော့တိုင်းရင်းသားတို့၏ မူလအခြေခံလူမျိုးဖြစ်သည်။ ကချင်မျိုးနွယ်စုဝင် ခရုံး ခေါ် ကချင်တိုင်းရင်းသားများကို ပူတာအို၊ မချမ်းဘော၊ နောင်မွန်း၊ ဆွမ်ပရာဘွမ်မြို့နယ်များတွင် တွေ့ရှိရပြီး ဗန်းမော်၊ မြစ်ကြီးနားနှင့် ကချင်ပြည်နယ် မြို့ရွာဒေသများတွင်



ခရုံးအမျိုးသမီး ဝတ်စားဆင်ယင်မှု ကလေးအရွယ်(ဝဲ)၊ အပျိုအရွယ်(လယ်)၊ အိမ်ထောင်သည်(ယာ)

ခရုံးဟူ၍မခေါ်တော့ဘဲ ဂျိန်ဖော့ဟူ၍သာ ခေါ်ကြသည်။ အမှန်အားဖြင့် ခရုံးသည် ဂျိန်ဖော့တိုင်းရင်းသားဖြစ်ပြီး မြစ်ဖျားပိုင်းမှ ဂျိန်ဖော့တိုင်းရင်းသားများ ဖြစ်ပေသည်။ ထူးခြားသည်မှာ ခရုံးဂျိန်ဖော့များသည် ခရုံးဝတ်စုံဟူ၍ သီးခြားရှိနေခြင်းဖြစ်သည်။ သို့ဖြစ်၍ မြစ်ဖျားပိုင်းဒေသ ဂျိန်ဖော့တို့၏ဝတ်စုံကို ခရုံးဝတ်စုံဟူ၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။ သို့ဖြစ်၍ ဂျိန်ဖော့တိုင်းရင်းသားများ၏ မူလအခြေခံဝတ်စုံမှာ 'ခရုံး'ဝတ်စုံ ဖြစ်သည်။

### (က)အမျိုးသားဝတ်စုံ

ခရူးအမျိုးသားများသည် ငယ်စဉ်က 'တန်ပိုင်' ခေါ် ကွင်းမဆက်သည့်လုံချည်ကို ဝတ်ဆင်ကြသည်။ အလျားခြောက်တောင်ခန့်ရှည်ပြီး အလျားလိုက်၊ ပြန့်လိုက်လုံချည်ဖြစ်သည်။ ယနေ့ခေတ်တွင် 'ဘူကရောင်' ခေါ် ကွင်းလုံချည်များကိုသာ ဝတ်ဆင်ကြသည်။ ကချင်လုံချည်၊ ကချင်ပုဆိုးဟူ၍ အများသုံးစွဲနေကျ သိနားလည်နေကြသည့် လုံချည်များ၊ ပုဆိုးများမှာ ခရူးလုံချည်နှင့် ခရူးပုဆိုးများဖြစ်သည်။

အမျိုးသားများသည် အနက်ရောင်အောက်ခံတွင် 'ရှစစ်'ခေါ် အစိမ်းရောင်၊ 'ဖောင်း'ခေါ် ခရမ်းရင့်ရောင်များကို အကွက်ဖော်ရက်လုပ်ထားသည့် ပုဆိုးများကို ဝတ်ဆင်ကြသည်။ ယင်းပုဆိုးများသည် ခရူးတို့၏ မူလရိုးရာလုံချည်ဖြစ်သည်။

အကျီမှာ 'ပလောင်ဂျဖရော' ခေါ် အဖြူရောင် လက်ရှည်ကော်လာကတုံးအကျီဖြစ်သည်။ ၎င်းအကျီပေါ်တွင် 'ဒပုံလောင်' ခေါ် တိုက်ပုံအကျီမီးခိုးရောင်၊ သို့မဟုတ် အနက်ရောင်ကိုထပ်၍ဝတ်ဆင်ကြသည်။ ခေါင်းပေါင်းမှာ ခြောက်တောင်ခန့်ရှည်လျားပြီး အနံမှာ ဗာစ်ပေခန့်ရှိသည်။

ခရူးအမျိုးသားများ၏ ဝတ်စားဆင်ယင်မှုသည် ဗမာအမျိုးသားများ၏ဝတ်စုံနှင့် ခပ်ဆင်ဆင်တူညီသည်။ ခေါင်းပေါင်း၊ လွယ်အိတ်နှင့် ဓားလွယ်တို့ပါရှိသည့်အခါမှသာ ဗမာအမျိုးသားဝတ်စုံနှင့် ကွဲပြားခြားနားမှုရှိကြောင်း တွေ့ရသည်။ ဓားလွယ်မှာ အင်ထို ခေါ် ဓားအရှည်မျိုးဖြစ်သည်။ ဓားလက်ကိုင်ရိုးမှာ သစ်သားလက်ကိုင်ရိုးဖြစ်ပြီး ကြိမ်ဖြင့်ကွပ်ထားသည်။ သဘော်ဆေးအနီများ သုတ်လိမ်းထားသည်။ လက်ကိုင်ရိုးနောက်ပိတ်ကို မကွေဂေါ် ခေါ် ဆင်စွယ်ဖြင့်ကွပ်ထားသည်။ ဆင်စွယ်မရပါက 'အင်ရာ' ခေါ် အရိုးတစ်မျိုးမျိုးနှင့် စနစ်တကျလွယ်ကြခြင်းဖြစ်သည်။ 'ဖွန့်ပြန်အင်ဂါး' ခေါ် သစ်သားဓားအိမ်တွင်ထည့်၍ လွယ်ကြခြင်းဖြစ်သည်။

သစ်သားဓားအိမ်မှာ အလျားတစ်ထောင့်ထွာ၊ အနံငါးလက်မ၊ အထူတစ်လက်မ သစ်သားကို နှစ်ဖက်လိုင်းဖေါ်ပြီးထွင်းထားသည်။ ပြီးလျှင် ဓားလွယ်ကြိုးဖြင့် တွဲကွပ်ကာ ဓားအိမ်နှင့်အတူတကွရှိစေရန် ထိုးကွပ်ပြုလုပ်ထားသော ဓားလွယ်ကြိုးဖြင့်လွယ်ရသည်။ အနီရောင်ဆေးသုတ်ထားသော ဒွပ်ဖ ခေါ် ဓားအိမ်နှင့် ဓားလွယ်ကြိုးမှာ တစ်ဆက်တည်းကွင်းပုံသဏ္ဍာန်ပြုလုပ်ထားရာ လွယ်လျှင် အသင့်အနေထားပုံရရှိလေသည်။

### (ခ)အမျိုးသမီးဝတ်စုံ

ခရူးအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုတွင် အမျိုးအစားအားဖြင့် သုံးမျိုးကွဲပြားခြားနားကြောင်း တွေ့ရသည်။ အရွယ်မရောက်သေးသော လူငယ်မိန်းကလေးများဝတ်စုံ၊ အပျိုအရွယ်မိန်းကလေးများဝတ်စုံ၊ အိမ်ထောင်ကျပြီးသော လူကြီးပိုင်းဝတ်စုံဟူ၍ရှိပေသည်။

အရွယ်မရောက်သေးသော လူငယ်မိန်းကလေးများသည် ပိုးချည်၊ သို့မဟုတ် ဝါချည်များဖြင့်ရက်လုပ်ထားသော အဖြူရောင်ခေါင်းပေါင်းကို ပေါင်းကြသည်။ အရှည်လေးတောင်၊ အကျယ် ၁၀ ပေခန့်ရှိသော အဖြူရောင်ခေါင်းပေါင်းကို လက်ယာရစ် အချွန်းပုံသဏ္ဍာန် ပေါင်းကြသည်။ ခေါင်းပေါင်းစကို ဦးခေါင်း၏လက်ဝဲဘက်နောက်တွင် ချထားသည်။ ခေါင်းပေါင်းကိုမပေါင်းမီ ဆံပင်ကို လှပသေသပ်စွာဖြီးလိမ်း၍ ဆံထုံးကို ထုံးဖွဲ့ရသည်။ အင်ရေဂျာ ခေါ် ဆံထုံးတွင် ငွန်ဖော့ဂျောဂန် ခေါ် ငွေဆံထိုးဖြင့် သေချာစွာထိုးစိုက်ထုံးဖွဲ့ထားသည်။

အရွယ်ရောက်သူ အပျိုမိန်းကလေးများနှင့် အိမ်ထောင်သည်များ၏ ခေါင်းပေါင်းမှာ ခရမ်းရောင်၊ သို့မဟုတ် နီညိုရောင်အောက်ခံဖြစ်ပြီး အနက်၊ အစိမ်း၊ အနီရောင်များဖြင့် အကွက်ဖော်ရက်လုပ်ထားသော ပိုးချည်ခေါင်းပေါင်းဖြစ်သည်။ အရွယ်ရောက်သူ မိန်းမပျိုကလေးများသည် ခေါင်းပေါင်းကို အချွန်းပုံသဏ္ဍာန်မျိုးမဟုတ်ဘဲ လက်ယာရစ်ပတ်၍ ပေါင်းကြသည်။ နားတွင် ရွှေငွေတို့ဖြင့်ပြုလုပ်ထားသော

'နားလကန့်' ခေါ် နားကပ်များကိုလည်း ပန်ဆင်ကြသည်။ လည်ပင်းတွင် 'ရှုဝါနာ' ခေါ် ရိုးရာပုတီးများကို ဆွဲထားကြသည်။ ၎င်းပုတီးမှာ အနီနှင့် အဝါရောင် သန္တာပုတီးများနှင့် အခြားသဘာဝပုတီးများပင်ဖြစ်သည်။ ပုတီးများအပြင် 'ဂရစ်' ခေါ် ငွေကွင်းများကိုလည်း ဆွဲထားကြသည်။

အရွယ်မရောက်သေးသောမိန်းကလေးများနှင့် အပျိုအရွယ်မိန်းကလေးများသည် 'ပလောင်ဂျဖရော' ခေါ် အဖြူရောင်လက်ရှည်အင်္ကျီကို အောက်ခံအင်္ကျီအဖြစ် ဝတ်ဆင်ပြီး အပေါ်တွင် 'ရှကျန်' ခေါ် အနက်ရောင် ကတ္တီပါဖျင်အင်္ကျီ၊ သို့မဟုတ် ပိုးချည်ဖျင်အင်္ကျီကို ထပ်မံဝတ်ဆင်ကြသည်။ အဆိုပါကတ္တီပါဖျင်အင်္ကျီတွင် ငါးမူးစေ့အဝိုင်းအရွယ်ရှိ 'အုပ်ဂေါန်' ခေါ် ငွေမောင်းများ၊ 'ရှုန်ရှိ' ခေါ် ငွေဆွဲပြားများ တွဲကပ်သီချုပ်၍ အလှဆင်ထားသည်။ ငွေမောင်းများ၊ ငွေဆွဲပြားများသည် အင်္ကျီ၏အရှေ့ပိုင်းနှင့် နောက်ကျောကုပ်ပိုး အပေါ်ပိုင်းများတွင်ပါရှိသည်။

အိမ်ထောင်သည်အမျိုးသမီးများနှင့် သက်ကြီးပိုင်းအမျိုးသမီးများသည်လည်း အဖြူရောင်လက်ရှည်အင်္ကျီကို အတွင်းအောက်ခံအဖြစ်ဝတ်ဆင်သည်။ ယင်းအပေါ်တွင် အညိုရောင်နှင့် ခရမ်းရောင်အောက်ခံထားလျက် အနက်၊ အစိမ်း၊ အနီရောင်ကွက်များဖော်၍ ရက်လုပ်ထားသော 'နီမ်ဝတ်' ခေါ် ရင်စည်းဖျင်ကို ကိုယ်တွင်ပတ်၍ဝတ်ဆင်သည်။ ၎င်းနီမ်ဝတ်မှာ ချိုင်းအောက်မှ ခါးအထိပတ်၍ထားခြင်းဖြစ်သည်။ လက်တွင် ငွေလက်ကောက်ကွင်းကြီးများကိုဝတ်ဆင်ကြသည်။

လုံချည်မှာ အရွယ်မရောက်သေးသူမိန်းကလေးငယ်များသည် 'ဘူကန်' ခေါ် ကွင်းဆက်လုံချည်များကို ဝတ်ဆင်ကြသည်။ အရွယ်ရောက်သူ အပျိုအရွယ်မိန်းကလေးများနှင့် အိမ်ထောင်ကျပြီးသူ လူကြီးပိုင်းအမျိုးသမီးများမှာ ကွင်းမဆက်သည့် 'ဘူထန်' ခေါ် လုံချည်မျိုးကိုဝတ်ဆင်ကြသည်။ ယင်းလုံချည်မှာ နှစ်ခံစပ်လုံချည်မျိုးဖြစ်၍ အလျားခြောက်တောင်ခန့်ရှိသည်။ အနံမှာ အရပ်အမောင်းနှင့်ကိုက်ညီသောအတိုင်းအတာမျိုးဖြစ်သည်။ ဗမာအမျိုးသမီးတို့၏ လုံချည်ကဲ့သို့ အထက်ဆင့်ဟူ၍မပါရှိပေ။

ဤသို့ အင်္ကျီနှင့်လုံချည်များကို ဝတ်ဆင်ပြီးပါက 'ရှိန့်ကစ်' ခေါ် ချည်ခါးပတ်ကို အပေါ်မှထပ်၍ ပတ်ထားသည်။ အဖြူရောင်အောက်ခံတွင် အညိုရောင်၊ အနီရောင် ရိုးရာကွက်များကို ရှစ်လက်မစီခြား၍ တစ်ရစ်စီ တစ်ရစ်စီ ရက်လုပ်ထားသော အလျားခြောက်ပေတောင်ခန့်ရှည်သည့် ပိုးချည်ခါးပတ်ဖြစ်သည်။

လုံချည်ကိုဝတ်ရာတွင် ရိုးရာအကွက်အစင်းများဖော်၍ ရက်လုပ်ထားသော အမြိတ်စွန်းအစကို ဝဲဘက်တွင်ချထားပြီး ခါးပတ်၏အစွန်းစနှစ်စကို ယာဘက်တွင်ချထားသည်။ ထိုသို့ဝတ်ဆင်ပြီးပါက ခါးတွင် 'ဆွမ်ဘန်' ခေါ် ကြိမ်ကွင်းများကိုဝတ်ဆင်ရသည်။ ကြိမ်ကွင်းများမှာ 'ဖွန်ဒန်' ခေါ် အနီနှင့်အနက်ရောင်ရောထားသော ကြိမ်ကွင်းများဖြစ်သည်။ ၎င်းကြိမ်ကွင်းများမှာ တစ်ကွင်းစီ သီးခြားဖြစ်သော်လည်း လိမ်ယှက်တွဲထားသည်။ ကြိမ်ကွင်းရေ ၄၀ မှ ၅၀ အထိ ဝတ်ဆင်ကြကြောင်း တွေ့ရသည်။

'လဗြီ' ခေါ် ဖိနပ်ကိုမူ မိမိတို့နှစ်သက်ရာ ခြေညှပ်ဖိနပ်၊ ခုံမြင့်ဖိနပ်၊ ကွင်းစွပ်ဖိနပ် စသည်ဖြင့် ဝတ်ဆင်ကြသည်။ ဤဖိနပ်များမှာ ရိုးရာဖိနပ်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ခရူးတို့သည် ရှေးအခါက တောတောင်များထဲတွင်သာနေလာကြပြီး ဖိနပ်စီးသွားလာသောအလေ့အထမရှိ၍ ရိုးရာဖိနပ်ဟူ၍လည်းမရှိခဲ့ပေ။

ခရူးအမျိုးသား၊ အမျိုးသမီးများသည် ခေါင်းပေါင်းပေါင်းခြင်း၊ လုံချည်ဝတ်ခြင်း၊ ခါးပတ်ဝတ်ဆင်ခြင်း စသည်တို့တွင် လက်ယာရစ်ရစ်ပတ်၍ ဝတ်ဆင်ကြသည်။ ၎င်းတို့၏ဝတ်ဆင်မှုမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ နွယ်ပင်များ၏ သဘာဝ လက်ယာရစ်ဟူသော ပတ်စားဆင်ယင်မှုမျိုးကိုသာ သုံးစွဲခြင်းဖြစ်သည်ဟု ဆိုပါသည်။ ။

မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)

# ကဗျာလှလှရေးရအောင်

ကိုညိုကြီး



ခေတ်ရဲ့ကောင်းဆိုးမှုအရ ကျွန်တော် ဖေ့စ်ဘွတ်ခ်သုံးပါတယ်။ အွန်လိုင်းမိတ်ဆွေ ၃၀၀၀ ကျော်နဲ့ မိတ်ဖွဲ့ လက်ခံထားပါတယ်။ အခါအားလျော်စွာ ကမ်းလှမ်းလာတဲ့မိတ်ဆွေသစ်များလဲရှိပါတယ်။ အပ်နှံလာသူအားလုံးကိုတော့ လက်မခံပါဘူး။ ပရိုဖိုင်မှာ ကိုယ့်ပုံ အမှန်နဲ့မတင်သူများ၊ ပုံအမှန်တင်ပေမဲ့ ကျွန်တော် မသိကျွမ်းသူများကို လက်မခံပါဘူး။ ကိုယ်က စာပေသမားမို့ စာမျက်နှာတွေ ပေါ်မှာစာရေးနေကြတဲ့ ကလောင်ရှင် များကိုတော့ လူကိုမသိပေမဲ့ ကလောင်ကိုရင်းနှီးနေလို့ လက်ခံပေးပါတယ်။ ကလောင်ရှင်ကြီးတွေ၊ ကလောင်သွေးစလက်သစ်တွေ၊ အခုမှစပြီးစာရေးဖို့ကြိုးစားနေသူတွေ နဲ့ မိတ်ဆွေဖွဲ့ဖြစ်တော့ သူတို့ရဲ့စာတွေကိုဖတ်ရပါတယ်။ ကျွန်တော်ကလဲ မကြာမကြာ ရေးတင်ပေးခဲ့ပါတယ်။ ကြည်နူးစရာပါပဲ။

ဖေ့စ်ဘွတ်ခ်မှာ ကဗျာနဲ့အက်ဆေးရေးကြပါတယ်။ ကဗျာရေးသူက ပိုများပါတယ်။ ကျွန်တော့် မိတ်ဆွေတွေမှာ ကဗျာရေးသူ အများစု(အားလုံးနီးပါး)က ဂန္ထဝင်ကဗျာတွေ ရေးကြပါတယ်။ ကျေနပ်စရာကောင်းပါရဲ့။ မော်ဒန်ကဗျာရေးသူလဲရှိပေမဲ့ လက်ဆယ်ချောင်းပြည့်အောင်ပင် မရှိပါဘူး။ အရေအတွက်နည်းပါတယ်။ ဂန္ထဝင်ကဗျာရဲ့အလာကောင်းခြင်းပါပဲ။

ကဗျာရေးသူအများစုက လေးလုံးစပ်၊ ဒွေးချိုး၊ လေးချိုး တွေရေးပါတယ်။ အိုင်ချင်း၊ အဲချင်း၊ တျာချင်း၊ ကာချင်း စတဲ့ ဂန္ထဝင်စပ်ထုံးနဲ့အညီရေးကြသူတွေလဲ ရှိပါတယ်။ ဆေးထပ်အမျိုးမျိုး လဲ ရေးကြပါတယ်။ မဟာလေးချိုးကြီးကို နိုင်နင်း ကျွမ်းကျင်စွာ ရေးဖွဲ့ပြတတ်တဲ့ ဆရာစလင်းဘုန်းကျော်လို ဆရာကြီးများရဲ့ လက်ရာ ကဗျာကောင်းတွေလဲဖတ်ရပါတယ်။

ကဗျာလက်သင်ကလေးများရဲ့ ဒွေးချိုး၊ လေးချိုးကလေး တွေကို အပြစ်ကင်းကင်းနဲ့ဖတ်ရပေမဲ့ အိုင်ချင်း၊ အဲချင်း၊ တျာချင်း ရေးသူအချို့ကတော့ အားနည်းချက်တွေမကင်းကြဘူး။ အချို့ဆို စပ်နည်းတောင်မမှန်ကြဘူး။ ဖွဲ့စပ်နည်းမှန်ပေမဲ့ အသံသာသာ၊ လှလှပပမဖြစ်ကြသေးဘူး။ ကျွန်တော်က ကဗျာမှာ ဂါသနာ အလျောက် မတောက်တခေါက်ရှိလေတော့ လက်သင်ကလေး တွေရဲ့ အမှားလေးတွေကို ပြင်ပေးခဲ့တယ်၊ သင်ပေးခဲ့တယ်။

အဲဒီမှာ သူတို့က ကျွန်တော့်ကို ဆရာကြီးထင်ပြီးမေးလာ ကြပါလေရော။ ကဗျာကောင်းတစ်ပုဒ်ဖြစ်ဖို့ ဘာတွေလိုအပ်ပါ သလဲတဲ့။ လှလှပပတန်းဝင်ကဗျာတစ်ပုဒ်ကို ဘယ်လိုရေးဖွဲ့ရပါ သလဲတဲ့။ သူတို့အမေးကိုဖြေပေးဖို့က ကျွန်တော့်အဆင့်နဲ့မမီတော့ ဘူး။ ဒီတော့ အနီးစပ်ဆုံးကို လက်တို့ပြီးပြလိုက်ရတယ်။ စာပေ ဗိမာန်ဆုရကဗျာတွေကို ပညာရှင်ဆရာကြီးတွေ အကဲဖြတ်သုံးသပ် ထားတဲ့မှတ်ချက်တွေရှိပါတယ်။ အဲဒီဆရာကြီးများရဲ့ မှတ်ချက် ဟာ ကဗျာရေးဖို့ လမ်းညွှန်ချက်များပါပဲ။ ရအောင် ရှာယူဖတ်ကြည့်

ကြပါလို့ပဲ ကျွန်တော်အကြောင်းပြန်ရတယ်။

မြန်မာစကားမှာ 'ကိုယ့်အတတ်ကိုယ်စူး' ဆိုတာ ကြားဖူးပါတယ်။ အခုလဲ ကျွန်တော့်ပြန်ကြားချက်ကို ရတဲ့ ကလေးတွေက အဲဒီဆရာကြီးများရဲ့ အကဲဖြတ်မှတ်ချက်ကိုတင်ပေးဖို့ တောင်းဆိုကြပါလေရော။ ကျွန်တော်မလွှပ်သာလို့ ဒီစာစုကိုရေးရင်း သူတို့လိုချင်၊ ဖတ်ချင်တဲ့ ပညာရှင်ကြီးများရဲ့ ကဗျာအပေါ်မှတ်ချက်အမြင်များကို တင်ပေးလိုက်ပါတယ်။ အနီးစပ်ဆုံး ၂၀၁၈ ခုနှစ် စာပေဗိမာန်ကဗျာဆုရစာအုပ်များအပေါ်မှာ အကဲဖြတ်ဆရာကြီးများရဲ့မှတ်ချက်များကို တင်ပေးလိုက်ပါတယ်။

**ပထမ – စိန်စီသောမြစ်နှင့်အခြားကဗျာများ**
**ရေးသူ – မောင်ဟန်တင့်(ပင်လည်ဘူး)**

ဆရာမောင်ဟန်တင့်(ပင်လည်ဘူး)ရေးဖွဲ့သော 'စိန်စီသောမြစ်နှင့်အခြားကဗျာများ'တွင် စုစုပေါင်း ကဗျာပုဒ်ရေ ၆၀ ပါဝင်ပါသည်။ 'ဂန္ဓဝင်သို့ဦးခိုက်ခြင်း' ခေါင်းစဉ်ဖြင့် စာဆိုရှင်အုန်းညို၊ ရှင်မဟာရဋ္ဌသာရ၊ ဝန်ကြီးပဒေသရာဇာ၊ လက်ဝဲသုန္ဒရနှင့်ဦးပုန်းတို့ကို ဂုဏ်ပြုရေးဖွဲ့ထားပြီး ဂန္ဓဝင်ပိတောက်တွင် ဆရာဇော်ဂျီ၊ ဂန္ဓဝင်နှင်းဆီတွင် ဆရာမင်းသုဝဏ်တို့ကို ဂုဏ်ပြုရေးဖွဲ့ထားသည်မှာ နှစ်လိုဖွယ်ဖြစ်သည်။ ထို့ပြင် ကိုယ်ကျင့်တရားနှင့် မိဘမေတ္တာဖွဲ့၊ ရွာအလွမ်းဖွဲ့၊ အောင်ဆန်းဖွဲ့၊ စစ်၏အနိဋ္ဌာရုံနှင့် သွေးစည်းညီညွတ်ရေးတို့ကို ဖွဲ့နွဲ့ထားသဖြင့် အကြောင်းအရာအားဖြင့် စုံလင်သည်။ အကြောင်းအရာနှင့် ကဗျာအဖွဲ့ပုံသဏ္ဌာန်ကိုလည်း လိုက်ဖက်သည်။ ကဗျာဟန်မှာ တည်ငြိမ်ပြီး ချိုမြိန်သောအသံတို့နှင့် ဖွဲ့စည်းနိုင်သည်။ ပျောင်းနွဲ့လှပသည့်အပြင် သေသပ်တိကျသောစကားလုံးများဖြင့် ကဗျာရေးသူ၏စိတ်စေတနာကိုပေါ်လွင်အောင် ဖွဲ့ဆိုနိုင်စွမ်းရှိသည့်အတွက် ပထမဆုချီးမြှင့်ရန် ထောက်ခံပါသည်။

**ဒုတိယ – ညဥ့်သုံးယံ၏ခါအလင်္ကာကဗျာများ**
**ရေးသူ – ခက်လှိုင်းကျော်**

ဆရာခက်လှိုင်းကျော်၏ 'ညဥ့်သုံးယံ၏ခါအလင်္ကာကဗျာများ'တွင် ကဗျာစုစုပေါင်း ၇၈ ပုဒ် ပါရှိပါသည်။ အလင်္ကာညဥ့်ဦးယံ ၂၆ ပုဒ်၊ အလင်္ကာသန်းခေါင်ယံ ၂၆ ပုဒ်၊ အလင်္ကာမိုးသောက်ယံ ၂၆ ပုဒ် တို့ဖြင့် ကဗျာဆရာက အပိုင်းသုံးပိုင်းဖွဲ့စည်းထားသည်။ အလင်္ကာညဥ့်ဦးယံတွင် အဲချင်း၊ လွမ်းချင်း၊ ကာချင်း၊ ရတု၊ တေးထပ်၊ အိုင်ချင်း၊ လေးချိုးကြီး စသည့် ဂန္ဓဝင်ပုံသဏ္ဌာန်ကဗျာတို့ကို စုံလင်နိုင်သမျှစုံလင်အောင် ကြိုးစား၍ရေးဖွဲ့ထားသည်။ ပောမန်ဦးကဗျာတွင် မမေ့ကောင်းမပျောက်ကောင်းသည့် 'ဂန္ဓဝင်ထဲက ပြန်ကဟပ်အလှ'ကို တွေ့မြင်ခွင့်ရသည်။ အလင်္ကာသန်းခေါင်ယံတွင် ဒွေးချိုး၊ လေးချိုးအတွဲများကို လှပစွာ သုံးထားပြီး အလင်္ကာမိုးသောက်ယံတွင်မူ လေးဆစ်အချိုးတွဲများ ခပ်သွက်သွက်သုံး၍ဖွဲ့နွဲ့ထားသည်ကို တွေ့ရသည်။ ဆရာခက်လှိုင်းကျော်ကို အချိုးကဗျာချစ်သူဟုပင် ဆိုနိုင်သည်။ ကဗျာသုံးစကားလုံးများ လတ်ဆတ်သကဲ့သို့ ကဗျာ၏အမှုအရာကလည်း ဖျတ်လတ်သွက်လက်ပါသည်။ ထို့ကြောင့် ဒုတိယဆုချီးမြှင့်ရန် ထောက်ခံပါသည်။

**တတိယ – စာပွင့်ဝတ်မှုန်ကဗျာများ**
**ရေးသူ – အထာဝါစိုး(မန္တလေး)**

ဆရာအထာဝါစိုး(မန္တလေး)၏ 'စာပွင့်ဝတ်မှုန်ကဗျာများ'တွင် စုစုပေါင်းကဗျာ ၇၆ ပုဒ်ပါဝင်ပြီး ကဗျာစု ၁၀ စုအဖြစ် ဖွဲ့စည်းထားပါသည်။ မိသားစုဖွဲ့၊ အညာကျေးလက်ဖွဲ့၊ မြို့ဖွဲ့၊ အမျိုးသားအားမာန်ဖွဲ့များပါဝင်သကဲ့သို့ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ကိုပြဆိုသော ကဗျာများလည်းပါဝင်သည်။ ကဗျာဟန်အားဖြင့် လေးဆစ်အချိုးတွဲများကို ခပ်လှိုင်လှိုင်သုံး၍ရေးဖွဲ့ထားသည်။ ကဗျာတစ်အုပ်လုံးအနေဖြင့်မူ တေးထပ်၊ လွမ်းချင်း၊ တျာချင်း၊ အဲချင်း၊ အိုင်ချင်း၊ ကြောလည်တေးထပ်၊ ဧကပိုဒ်ရတု၊ ဟိုက္ကူ စသည်ဖြင့် ကဗျာပုံသဏ္ဌာန်အမျိုးမျိုးနှင့် ရေးဖွဲ့ထားသည်။ ရေးဖွဲ့ပုံပေါ့ပါးသွက်လက်ပြီး အရပ်သုံးစကားလုံးများနှင့် ပါဠိသက်စကားလုံးများကို ထည့်သွင်းသုံးစွဲထားသည်။ ကဗျာဆရာသည် ရုံခါ ခေတ်လေဖြင့် ပြောလိုဟန်ရှိပြီး ရုံခါမှ ခုံညားချင်ဟန်ရှိ

သည်ကို တွေ့ရသည်။

ကဗျာအများစုမှာ ဆိုလိုရင်းသို့ စေတနာဆိုက်အောင် ရေးဖွဲ့နိုင်သည့်အတွက် တတိယဆု ချီးမြှင့်ရန်ထောက်ခံပါသည်။

အထက်မှာဖော်ပြခဲ့တဲ့ ပညာရှင်ကြီးများရဲ့ မှတ်ချက်စကားများဟာ ကဗျာရေးချင်သူတွေအတွက် လမ်းညွှန်စကားတွေပါပဲ။ ယူတတ်လျှင်ရပါလိမ့်မယ်။ ကဗျာကောင်းတစ်ပုဒ်၊ တစ်အုပ်ဖြစ်ဖို့ ဘာတွေလိုအပ်သလဲ၊ ဘယ်လိုရေးမလဲ သိနိုင်လောက်ပြီထင်ပါတယ်။ အနှစ်ချုပ်ပြီးပြောရရင်တော့ ပထမဆုရကဗျာသုံးသပ်ချက်က "အကြောင်းအရာနဲ့ ကဗျာအဖွဲ့ပုံသဏ္ဌာန် လိုက်ဖက်ဖို့လိုသလို ကဗျာရဲ့ဟန်ကတည်ငြိမ်ပြီး ချိုမြိန်တဲ့အသံနဲ့ ဖွဲ့စည်းနိုင်ဖို့လိုပါမယ်၊ ပျောင်းနွဲ့လှပပြီး သေသပ်တိကျတဲ့စကားလုံးများနဲ့ စေတနာပေါ်အောင် ရေးရပါမယ်"လို့ ပြောချင်ပါတယ်။

ဒုတိယဆုရတဲ့ကဗျာသုံးသပ်ချက်က "ဂန္ထဝင်ထဲက ပြန်ကဟပ်အလှတွေနဲ့တန်ဆာဆင်ဖို့လိုအပ်သလို ကဗျာသုံးစကားလုံးများလတ်ဆတ်ဖို့နဲ့ ကဗျာရဲ့ အမှုအရာ ဖျတ်လတ်သွက်လက်ဖို့လဲ လိုအပ်မှာပါ။ တတိယဆုရ ကဗျာမှတ်ချက်ဖြစ်တဲ့ "ဆိုလိုရင်းသို့ စေတနာဆိုက်အောင် ရေးဖွဲ့ကြပါ"လို့ အကြံပြုချင်ပါတယ်။

၂၀၁၈ ခုနှစ် ဆုရကဗျာစာအုပ်များထွက်ရှိမလာသေးပါဘူး။ စာအုပ်များထွက်ရှိလာရင် ဆရာကြီးများရဲ့ သုံးသပ်အကဲဖြတ်ချက်တွေနဲ့ ယှဉ်တွဲဖတ်စေချင်ပါတယ်။ ဆရာသုံးဦးရဲ့ကဗျာများကို လက်လှမ်းမမီ၊ မကောင်ပြနိုင်သေးမီ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလထုတ် ငွေတာရီ မဂ္ဂဇင်းမှာပါဝင်ခဲ့တဲ့ ဆရာခက်လှိုင်းကျော်ရဲ့ကဗျာတစ်ပုဒ်ကို လက်ဆောင်ပေးလိုက်ပါတယ်။ 'မီးငြိမ်းကမ္ဘာ'ဆိုတဲ့ ကဗျာလေးပါ။ စာပေဆုရွေးချယ်ရေးအဖွဲ့ကြီးရဲ့ 'မမေ့ကောင်းမပျောက်ကောင်းသည့် ဂန္ထဝင်ထဲက ပြန်ကဟပ်အလှ'ဆိုတာမျိုးကို မဟာဒီ 'မီးငြိမ်းကမ္ဘာ'ကဗျာမှာ ရှာကြည့်ရင်း မထွက်လာသေးတဲ့ 'ဟေမန်ဦး' ကဗျာကို စောင့်ကြိုကြပါစို့လား။

**မီးငြိမ်းကမ္ဘာ**

ပုပ္ပားငယ်မှ နက်ရှာ
ဆိုင်းဆိုင်းဆို့ဆို့၊ မှိုင်းညို့ညို့နဲ့
ယို့ယို့စံကိန်း၊ တိမ်ညွန့်ကိုသိမ်းသည်
မီးငြိမ်းကမ္ဘာတဲ့လေ။

မာလာငယ်မှ ထုံမွှေး
တောင်စွယ်ခါးပန်း၊ ပြောင်သွယ်လမ်းမှာ
လေဖျန်းသွေးတော့၊ ချိုအေးပျံ့လှိုင်ကြူ
အပန်းဖြေပျောက်၊ ပန်းတွေကောက်လို့
ဖြိုးမောက်အောင် ချူကြသည်
ငယ်မူရှယ်အလှနဲ့ ပျော်ရပြီကော။

တောကြီးငယ်မှ နက်မှောင်
တောင်ယံကမ်းပါး
ရာသီအလိုက်၊ တာညီရိုက်လို့
စိုက်ပျိုးထားကြ၊ ချရားသပြေ
ယမနေ့သဖန်း၊ ပန်းစံကားဝါ
စိန်ပန်းပြာတို့၊ ညီညာစုရုံး
ချောင်းအလျှိုလျှို၊ တောင်တစ်ခိုမှာ
သျှောင်ကိုထုံးကြသည်၊
တောလုံးစိမ်းမြမြက လှပဘိခြင်း။

မြို့နှင်းငယ်မှ ဧကရီ
တောင်နိုးသီချေ၊ စေတီပုထိုး
ဇရပ်ကျောင်းကန်၊ ဓမ္မရုံတို့
တိမ်ယံစိုးမျှ၊ မိုးဖျားပါးအပ်
တလင်းကွင်းခေါင်၊ ထီးတည်းတောင်မတ်
တောင်ကလပ်မှ၊ ရှေ့ရပ်ဝန်းကျင်
မျှော်ကြည့်လေတိုင်း၊ မိလ္လာဆိုင်းလို့
မှုန်မှိုင်းငယ်မြင်သည်၊ နေဝင်ချိန်ပြည်ပုဂံ
မြကန်နဲ့တူးရွှင်းတောင်၊ ရွှေရောင်လျှံတဖိတ်ဖိတ်
ရာဇဝင်ဂုဏ်ဟိတ်က
ပုရိပ်ခင်းလေ။ ။

ကဗျာလက်သင်၊ ပညာလိုချင်သူအားလုံး ကဗျာလှလှရေးနိုင်ကြပါစေ။ ။


**ကိုညိုကြီး**


# နှင်းဆီလေညင်း

# စာပန်းခင်း

✔ ရဲရင့်မှိုင်း







ချစ်ခင်လေးစားရတဲ့ စာချစ်သူများခင်ဗျား–

တစ်လကုန်လို့ တစ်လကူးခဲ့ပြန်ပါပြီ။ တစ်ကမ္ဘာလုံးမှာ မြူးထူးကခုန်နေတဲ့ ကိုဗစ်ဟာ ဒုတိယလှိုင်းအဖြစ် ကျွန်တော်တို့ ဆီမှာလဲ ခပ်ရိုင်းရိုင်းနဲ့ အမုန်းကို ပြစားနေလေရဲ့။ ဒါ့ကြောင့် အမြဲအနေအရ စစ်မမြဲပြင်လိုဖြစ်နေတဲ့ ရန်ကုန်ဟာ မခြောက် ကပ်ကပ်နဲ့။ အားလုံး Stay at Home နေရတဲ့ကာလမို့ စာနယ်ဇင်းအတော်များများ ယာယီရပ်ဆိုင်းကုန်ကြပါတယ်။

ဒီတော့ ကျွန်တော့်ရဲ့ 'နှင်းဆီလေညင်း'အတွက်လဲ အတော်အားလျော့ကုန်ပါတယ်။ ဒါပေမဲ့ ရွက်မရှိရင် ကက်၊ ကက်မရှိရင် လက်ထိုးလှော်မယ်ဆိုတဲ့စိတ်နဲ့ ခွဲခတ်ဖို့စိတ်ကူး ရပါတယ်။ အရှိန်မပျက်ထွက်နေတဲ့ မဂ္ဂဇင်းတွေ၊ ပြီးတော့ နှစ်ပတ်လည်အထိမ်းအမှတ်နဲ့ ထွက်လာတဲ့ မဂ္ဂဇင်း၊ ဂျာနယ် တွေ။ တေဇ၊ ရွှေသွေးထဲက ကလေးစာပေနဲ့ပတ်သက်တာ တွေကို ပြောဆိုတင်ပြရင်ကောင်းမယ်လို့ အတွေးရတဲ့အတွက် လေးစားစွာတင်ဆက်ခြင်းဖြစ်ကြောင်း ဂါရဝတရားနဲ့ ပဏာမ စကားဆိုလိုက်ပါရစေ။

ကဲ ... ဒီတစ်လရဲ့နှင်းဆီလေညင်းကို လှမ်းကြည့်လိုက် ကြရအောင်။

**မြဝတီမဂ္ဂဇင်း၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ**

ပီယဝါစာ၊ စကားမှာပင်
ရသာခါးသက် အစ္ဆုတ္တ။
ဝက်ဋ္ဌဉာဏ်နက် ဖြစ်တတ်စွ။
ထောင်ချောက်မရှိမသာယ်၊ မာယာကြွယ်မို့
ဆက်နွယ်လောက၊ မိုက်ဒေါသဖြင့်
ဒုက္ခညွှန်တွင်း၊ မသက်ဆင်းလင့်
ခြေခင်းလက်ခင်း ကြည့်တတ်စေ။
သတိအလင်း ဖြန့်ကြက်ဝေ။


ဆရာခက်လှိုင်းကျော်ရဲ့ 'ထောင်ချောက်'ကဗျာရဲ့ နောက်ဆုံးနှစ်ပိုဒ်ပါ။ လောဘမျက်စိနဲ့ကြည့်လို့ အစာကိုသာ မြင်ပြီး ငါးမျှားချိတ်ကိုမမြင်ကြတဲ့ ပုထုဇဉ်လူသားတွေရဲ့သရုပ် ကို ဖော်ထုတ်ထားတာလုပါတယ်။ အစားတစ်လုတ်အတွက် သုတ်ကိုင်းအဖျားမှာ ခြေကားရားလက်ကားရား ဖြစ်ရတာတွေ၊

မဆင်ခြင်မိလို့ အသိမှားရတာတွေကို ရှောင်ရှားနိုင်ကြစေဖို့ ကျစ်ကျစ်လျစ်လျစ်နဲ့ ရေးဖွဲ့ထားတာမို့ ဖတ်ရတာ အရသာရှိပါတယ်။ ကဗျာဟာ ခံစားသိကနေ ဆင်ခြင်သိဆီကို ပို့ဆောင်နိုင်ဖို့ လိုအပ်ပါတယ်။ ဒါမှ တန်ဖိုးအနှုတ္တထိုက်တန်မှာဖြစ်တာမို့ သရော့ရဲ့ 'မယောင်မချွတ်'ကဗျာကို ခံစားဖတ်ကြည့်ကြဖို့ ဦးညွှတ်ညွှန်းအပ်ပါတယ်။

ရသစာတမ်းကိုကြည့်လိုက်တော့ ဆရာမောင်ရင်မာ (ကျောင်းကုန်း)ရဲ့ 'မှေပင်စိုက်သူများ'တဲ့။ ဟုတ်ကဲ့။ နေပါအုံး... ဒီနာမည်လေး ကြားဖူးပါတယ်။ ဖတ်လဲ ဖတ်ဖူးသလိုပါပဲ။ နှစ်ထပ်ရှိလို့ မှတ်မိနေသလိုလား ... အတွေးပွားမိတာနဲ့ ခြေရာခံကြည့်လိုက်တော့ ဓာတ်ပုတ်ကို မြင်ရပါတော့တယ်။

ဒီမှေပင်ကို ပထမဦးဆုံးစိုက်ခဲ့တာက ၂၀၀၆ ခုနှစ်၊ ဖွန်လထုတ်၊ သောင်းပြောင်းထွေလာမဂ္ဂဇင်း၊ နောက် ဒုတိယစိုက်ခဲ့တာက ဆရာ့ရဲ့ ၂၀၁၂ ခုနှစ်၊ မေလထုတ်အက်ဆေး (၁၀၀) စုစည်းမှု 'လရောင်ရှာတဲ့ရွာ'ထဲမှာပါ။ ဒါကြောင့် အခါခါဖတ်ရလို့ သေသေချာချာမှတ်မိနေကာပါ။ ဘယ်လိုဖြစ်ပါလိမ့်။ အကြောင်းရှာတာမဟုတ်ပါဘူး။ စေ့ငုကြည့်မိရုံသက်သက်ပါ။

ဘာကြောင့်ဆို... အချို့သောဆရာတွေက ဒီလို အခါခါဖော်ပြပါရှိတဲ့အပေါ် အစာမကြေကြဘဲ သိပ်အကဲဆတ်ကြတယ်။ သူတို့ဆီမှာ ဘယ်တော့မှရေးခွင့်မပေးတော့ဘဲ အပြီးအပိုင်လမ်းခွဲမှတ်တိုင်စိုက်ကြတဲ့အထိ အစွန်းရောက်တတ်ကြလို့ပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်သဘောထားက ရှင်းပါတယ်။ ဆရာရဲ့ခေါင်မဲမောင် ချယ်ရီမဂ္ဂဇင်းကိုင်တုန်းက ကျင့်သုံးခဲ့တဲ့မူအတိုင်းပါပဲ။ မြန်မာနိုင်ငံမှာ စာနယ်ဇင်းတွေ ဘယ်လောက်များလို့လဲ။ စာမူတစ်စောင်ကို ကိုယ့်ဆီမှာဖော်ပြပြီးရင် နောက်ထပ်ဘယ်မှာမှထပ်မဖော်ပြရဆိုတဲ့မူဟာ စာပေလက်ဝါးကြီးအုပ်ရာကျပါတယ်။ ချယ်ရီကိုပို့တဲ့စာမူရော၊ ဖော်ပြပြီးတဲ့စာမူပါ ဘယ်နေရာပို့ပို့ လွတ်လပ်စွာသုံးစွဲလုပ်ကိုင်ခွင့်ပြုတယ်။ ကိုယ်တို့တိုင်းပြည်မှာ စာမူခဘယ်လောက်ပေးနိုင်တာမို့လို့လဲ။ စာမူခများများရလေ စာရေးသူအတွက် ပိုကောင်းလေ မဟုတ်ဘူးလားရယ်လို့ ဆရာရဲ့ခေါင်မဲမောင် ပြောဖူး၊ ရေးခဲ့ဖူးတာကို ကျွန်တော်ပြန်လည်အမှတ်ရနေမိပါတယ်။








အခု ဆရာရင့်ရဲ့ 'မေ့ပင်စိုက်သူများ' ရသစာတမ်းက ကောင်းလှပါတယ်။ သူ လွန်ခဲ့တဲ့လေးငါးနှစ်လောက်ကတည်းက စာပေအလုပ်တွဲလုပ်ခဲ့ဖူးတဲ့ ဝေဖန်ရေးဆရာတစ်ဦး (ဆရာရီနေနိုင် ခေါ် ဆရာမောင်လွင်မွန်–ကသာ)ကို ပြန်တွေ့တဲ့အခါမှာ စဉ်းစားမရဘဲ ဇဝေဇဝါဖြစ်ရတာနဲ့စပ်လျဉ်းပြီး မှတ်ဉာဏ်ချို့ယွင်းခြင်းနဲ့ အတိတ်မေ့ရောဂါ။ တစ်ခါက သူဆုံခဲ့ဖူးတဲ့ လူရွယ်တစ်ဦး(ကိုလှအေး) သူ့ရုံးကိုရောက်လာတာ ရုတ်တရက်စဉ်းစားမရပုံတွေကို စီကာပတ်ကုံးနဲ့ သုံးသုံးသပ်သပ်ရေးထားတာ အတော်ဖတ်လို့ကောင်းပါတယ်။ ဆင်ခြင်သတိပြုစရာလဲရတာမို့ ဖတ်ပြီးသူတွေရော မဖတ်ရသေးသူတွေပါ ဖတ်ကြည့်ကြပါဒုံးလို့ တိုက်တွန်းသမှုပြုလိုက်ရပါတယ်။

အခုလ မြဝတီရဲ့ဝတ္ထုတိုတွေထဲမှာတော့ အေကေဆောင်းရဲ့ 'အိုးတစ်လုံး ရေတစ်ဝက်'က ကျွန်တော့်ကို ဆွဲဆောင်နိုင်ပါတယ်။ Title ပေးထားပုံကအစ လှပြီး အံဝင်ခွင်ကျရှိလှပါတယ်။ ကျွန်တော်တို့ဆီမှာ မြန်မာ့ရိုးရာဇာတ်သဘင်ကို အသက်တမျှ တန်ဖိုးထား၊ ရှူးသွပ်ခုံမင်ကြသူတွေရှိပါတယ်။ ဒီလိုဇာတ်ပိုးကြီးပြီး မင်းသားဖြစ်ချင်လွန်းခဲ့တဲ့ ဖခင်တစ်ဦးရဲ့ သားအပေါ် မျှော်လင့်ချက်ပြိုကွဲမှုကို ဖော်ကျူးထားတာ သဘာဝလဲကျပါရဲ့။

ပြောရရင် အင်ကြင်းပင်ရွာက ဦးလှသက်ဟာ ဇာတ်သဘင်အချစ်ကြီးသူဖြစ်တယ်။ ကံမပေးအကြောင်းမလှခဲ့လို့ သူ ဇာတ်မင်းသားဘဝနဲ့ လွဲချော်ခဲ့ရပေမဲ့ သူ့သား မိုးသိန်းဖော်ကိုမှော့ အောင်မြင်ပဲ့ ယိုတ်ယိုတ်ကြဲမင်းသားတစ်လက်ဖြစ်ရမယ်လို့ မျှော်လင့်တကြီးနဲ့ ပြုစုပျိုးထောင်ခဲ့တယ်။ သူ့အစီအမံနဲ့ပဲ သားဟာ အောင်မြင်လာတယ်။ သူတို့ဇာတ်ရွာဘုရားပွဲမှာလာကတော့ အားလုံးက ချီးမွမ်းခန်းဖွင့်လို့မဆုံးကြဘူး။ ဦးလှသက် ဝမ်းသာလို့မဆုံးခင်မှာပဲ သား မိုးသိန်းဖော်က နောက်နှစ်ကစပြီး ဇာတ်မကတော့ဘူး။ မန္တလေးဈေးချိုပေါ်က မြသုံးလုံးပိုးထည်တိုက်ပိုင်ရှင်ရဲ့သမီးနဲ့ လက်ထပ်တော့မဲ့အကြောင်း ပြောပြတယ်။ သူဌေးသမီးချေးမလောင်းကလဲ ပြန်ဖို့ဖိမ်ခံကားအကောင်းစားကြီးနဲ့ အသင့်စောင့်နေပြီ။ အဲဒီမှာ ဖခင်ဖြစ်သူရဲ့ ပေါက်ကွဲသံစဉ်နဲ့ ရင်ထုမနာကျန်ရစ်ခဲ့ရပုံနဲ့ အေကေဆောင်းဟာ ဝတ္ထုကိုအနှားသပ်လိုက်ဟာလဲ သဘာဝကျပါဟယ်။ ရိုးရာဇာတ်သဘင်မြတ်နိုးသူတွေ အကြိုက်တွေ့မဲ့ဝတ္ထုကောင်းတစ်ပုဒ်မို့ ဖတ်ကြည့်ကြဖို့ လက်တို့လိုက်ရပါတယ်။

ဝတ္ထုတိုတွေထဲက နောက်ထပ်ဖတ်စေချင်တာကငဒိန်းရဲ့ 'သောက်တော်အိုးရယ်တဲ့ … အိုမကွာ'ပါ။ အခြားဝတ္ထုတိုတွေက ဇာတ်ကို လိုရင်းတိုရှင်းနဲ့ ပေးချင်တဲ့ မက်ဆေ့ချ်ဆီရောက်အောင် သယ်ဆောင်ရာမှာ အားနည်းပြီး အီလည်လည်ပွရောင်းရောင်းတွေဖြစ်နေကြလို့ပါ။ လာပြန်ပြီ ငဒိန်း။ ဒီမောင့်ကိုပဲ တညွန်းတည်းညွန်းနေတော့တာပဲလို့ အပြစ်မြင်မှာစိုးလို့ ပြောရတာပါ။

ဘာပြောပြော ငဒိန်းက သူပြောချင်တဲ့ဆီရောက်အောင် ကျစ်ကျစ်လျစ်လျစ်နဲ့ ဇာတ်ကိုတည်ဆောက်နိုင်တယ်ထင်လို့ပါ။ ဒါကလဲ ဝတ္ထုတိုဘာသာရပ်မှာ သတိပြုရမဲ့ အတတ်ပညာတစ်ခုမဟုတ်လား။

အခု 'သောက်တော်အိုးရယ်တဲ့…အိုမကွာ'မှာလဲ ရေနွေးကြမ်းကြိုက်လွန်းတဲ့ အဘိုးဖြစ်သူရဲ့ အဆာကျယ်ပုံနဲ့ အစွဲအလမ်းကြီးပုံ၊ တရားပွဲသွားတာတောင် သူ့ရေနွေးအိုးနဲ့သူသွားပုံ၊ ဒီရေနွေးအိုးလေးတစ်လုံးတောင် သံယောဇဉ်မဖြတ်နိုင်တဲ့လူက နိဗ္ဗာန်ရောက်ကြောင်းတရား သွားနာအုံးမတဲ့၊ ရောက်အုံးမှာ နိဗ္ဗာန်ကြီးကို။ "တရားပွဲကပြန်လာတာနဲ့ နိဗ္ဗာန်တန်းရောက်မှာ ညည်းအဖေက"ဆိုပြီး ခနိုးခနဲ့ ကဲ့ရဲ့ရတဲ့အထိ အဖြစ်သည်းပုံတွေက လူ့စရိုက်လူ့သဘာဝပီလှပါတယ်။ ဘာမှ ကြီးကျယ်ဆန်းပြားခမ်းနားတာမဟုတ်တဲ့ သာမန်အသေးအဖွဲလို့ ထင်ရတဲ့ကိစ္စကို လူ့သဘာဝရှုထောင့်က တင်ပြရေးသားနိုင်ရင်လဲ ဘဝသရုပ်ဖော်ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်လာနိုင်တယ်ဆိုတာ ကလောင်

သစ်တွေကို မြင်စေချင်ပါတယ်။ ခံစားဖတ်ကြည့်လိုက်ကြပါဦး။

## City Magazine ၂၀၂၀ ပြည့်နှစ်၊ နှစ်လည်မဂ္ဂဇင်း

မကြာမင်ကမှ ပူပူနွေးနွေးထွက်ရှိလာတာမို့ ဝမ်းမြောက်ကြိုဆိုရပါ၏။ တစ်ခေတ်မှာ တစ်ခါက ထွက်ရှိခဲ့တဲ့ 'မြို့တော်မဂ္ဂဇင်း'နဲ့တော့ အတော်ကွဲပြားသွားပါပြီ။ ဒစ်ဂျစ်တယ်ခေတ်မို့ စာအုပ်အပြင်အဆင်နဲ့ အရောင်အသွေးတောက်ပလာတာ မဆန်းလှပါဘူး။ အဓိကက စာအုပ်အပြင်အဆင် ကောင်းလာတာနဲ့အတူ စာမူကောင်းတွေ ပါရှိဖို့ပဲလိုအပ်တာပါ။ အနှစ်သာရ ပြည့်ဖို့ပေါ့။

ကဗျာဆရာအတော်များများရဲ့ သမားရိုးကျဆန်တဲ့ ကဗျာတွေကြားထဲက မောင်ပြည့်စွမ်း (ပင်လယ်ဘူး)ရဲ့ 'ဖောင်ဖျက်သူ'ကဗျာက တစ်မူထူးခြားနေပါတယ်။

သူ့အမည် ကိုပွကြီး
ကြီးမားပေ့ ကိုယ်ခန္ဓာ။
ရေသာခို အချောင်လိုက်
နစ်မြုပ်လွန်စွာ။
ဆည်ဖို့တော့ သူမလာ
မြောင်းဖောက်ရာ သွေ့ရှောင်သွား။
လယ်ဆင်းချိန် ရေဝေငှတော့
လောဘသူများ။

ဒီလိုပါပဲ။ လက်စားဆို သူမလိုက်၊ သူစိုက်တော့ ကူပါဆိုတယ်။ တာဝန်ရှိပုဂ္ဂိုလ်ကြီးတွေ လယ်ယာလာတော့ ရှေ့တန်းကထွက်လာပြီး မျက်နှာပြသူရှင်းတယ်။ သူ့အဘိုး၊ သူ့အဘွားရိုးသားကြပေမဲ့ ကိုပွကြီးရဲ့စရိုက်ပြောင်းသွားပုံ၊ လူလည်ကျတတ်ပုံတွေကို သရော်ထားတဲ့ကဗျာပါ။ ဒီလိုလူစားတွေဟာ ကျွန်တော်တို့ဖြတ်သန်းခဲ့တဲ့ သမိုင်းခေတ်အဆက်ဆက်မှာရှိနေခဲ့၊ ရှိနေဆဲ၊ ရှေ့ဆက်ရှိနေအုံးမဲ့လူတွေရဲ့ ရုပ်လွှာတွေပါပဲ။ သတိနဲ့အသိရှိကြဖို့ ခေါင်းလောင်းထိုးလိုက်တဲ့ကဗျာမို့ ညွှန်းလိုက်ရပါတယ်။

ဆောင်းပါးတွေထဲမှာတော့ ရန်ကုန်မြို့တော်နဲ့ပတ်သက်ပြီး စပယ်ရှယ်အိတ်စပတ်တစ်ဦးဖြစ်တဲ့ ဆရာမောင်မြတ်မွန်(ဆူးလေ)ရဲ့ 'ရန်ကုန်ရွှေပြည်အလောင်းမင်းတရားတည်'ကို ဖတ်ကြည့်ကြစေချင်ပါတယ်။

ဒုတိယ အင်္ဂလိပ်-မြန်မာစစ်အပြီး ရန်ကုန်မြို့အကြောင်းက စိတ်ဝင်စားစရာကောင်းပါတယ်။ ၁၈၅၃ ခုနှစ် မြန်မာမော်ဒန်ရန်ကုန် ပြန်လည်ဆောက်လုပ်တဲ့ကာလက မြို့နေလူဦးရေက ငါးသောင်းလောက်သာရှိပါတယ်။ နယ်ချဲ့အုပ်စိုးတဲ့ခေတ်မို့ လမ်းနာမည်တွေကို လော့ဒ်ဒါလဟိုဇီက စစ်ဘက်နယ်ဘက်ကပုဂ္ဂိုလ်တွေရဲ့အမည်ပေးခဲ့ပုံ၊ အသက်မွေးဝမ်းကျောင်းအလိုက် (ဥပမာ-စဥ့်အိုးတန်း၊ ငါးတန်း၊ ဖက်တန်း၊ ပန်းဆိုးတန်း၊ ကုန်စျေးတန်း၊ ပန်းဘဲတန်း)စသည်ဖြင့် ပေးခဲ့ပုံ၊ လွတ်လပ်ရေးရပြီးမှ မြန်မာနိုင်ငံရဲ့မြို့တော်ဖြစ်လာပုံ၊ ရပ်ကွက် ၃၅ ခုနဲ့ ပိုင်းခြားစီမံအုပ်ချုပ်ပုံ၊ မြို့တော်ရဲ့ မွေးနေ့မင်္ဂလာဖြစ်တဲ့ ၁၇၅၅ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အထိ၊ သက်တမ်း ၂၆၅ နှစ်ရှိပြီဖြစ်တဲ့ မြို့သမိုင်းကို အခြေတည်ထားတဲ့အတွက် လေ့လာသိရှိစရာကောင်းလှတာအမှန်ပါပဲ။

ဝတ္ထုတိုမှာတော့ မူလလက်ဟောင်းဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းရဲ့'ထမင်းအိုးမတည်ရသေးဘူးကိုဘဆောင်'ဝတ္ထုကိုဖတ်ရတာ ဆရာကြီးတို့ခေတ်က လယ်သမားတွေဘဝနဲ့ ကျေးလက်ပြည်သူတွေရဲ့ အာရုံရုပ်တွေကို ပြန်လည်မြင်ယောင်လာရပါတယ်။

ရေးတတ်တော့ ဘာရေးရေးဝတ္ထုဖြစ်တာပါပဲ။ ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းလက်ရာမို့ မြည်းစမ်းကြစေချင်ပါတယ်။ ဝတ္ထုတိုအတတ်ပညာကိုလဲ ရယူစေချင်ပါတယ်။

ဝတ္ထုရှည် စဆုံးမှာတော့ ဆရာမောင်ခင်သာ (မြင့်)ရဲ့ 'သနားတော်သာလိုရာရွှယ်နိုင်'ကိုဖတ်ရတာ ကျေနပ်နှစ်သက်မိပါတယ်။ လွန်ခဲ့တဲ့နှစ်ကာလများစွာကတည်းက မောင်ခင်သာ ကလောင်နဲ့ ဝတ္ထုကောင်းတွေရေးခဲ့သူမို့ အရေးအသားပိုင်းမှာ အထူးပြောစရာမလို

အောင် သပ်ရပ်ချောညက်တာအမှန်ပါပဲ။

ဆရာက ဌာနရဲ့လယ်ယာစခန်းတစ်ခုမှာ တာဝန်ကျခဲ့စဉ်က ကြုံတွေ့ခဲ့ရတဲ့ဇာတ်တစ်ခုကို ပြန်လည်ရေးသားတင်ဆက်ထားတာပါ။ စက်မှုလယ်ယာအင်ဂျင်နီယာအရာရှိငယ်တစ်ဦးဖြစ်တဲ့ ကိုမဖော်ဦးနဲ့ နယ်ခံကျောင်းဆရာမလေး ခင်ဝေတို့ရဲ့ ချစ်သူတို့ဘဝလမ်းကိစ္စပါပဲ။

နှစ်ကိုယ်တူချစ်ရည်မျှခဲ့ကြပေမဲ့ ရိုးမြေကျတစ်အိုးတစ်အိမ် ထူထောင်ဖို့ကျတော့ မိန်းမသားဖများ ချစ်သူကိုဖော်ဦးရဲ့အဖေနောက်ကြောင်းရာဇဝင်ကြောင့် စွန့်စားရမှာ မဝံ့မရဲဖြစ်နေတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ကျော်က မှူသုသာန်မှာ အလုပ်လုပ်ခဲ့ဖူးလို့ သုဘရာဇာမျိုးရိုးလို့ထင်ပြီး လက်ထပ်ဖို့အခက်ကြုံရတဲ့ပြဿနာပါ။ တကယ်တော့ အကြောင်းကြောင်းကြောင့် သုသာန်မှာ အလုပ်လုပ်ခဲ့ဖူးပေမဲ့ သုဘရာဇာမဟုတ်ဘူး။ ခေတ်စနစ်တွေလဲ ပြောင်းခဲ့ပြီမို့ ဒီအယူအဆအစွဲအလမ်းကြောင့်နဲ့ ချစ်သူတို့လမ်းမခွဲဖြစ်အောင် ဖော်ဆောင်စည်းရုံးညွှန်ပြရတဲ့ ဦးလွင်ဇာတ်ရုပ်ရှုထောင့်က ဆရာမောင်ခင်သာ တင်ပြသွားတာ ဆရာငြိမ်းကျော်လေနဲ့ ရင့်ကျက်တည်ငြိမ်သလို ပညာသားလဲ ပါလှပါတယ်။ ဒါနဲ့ ချစ်သူနှစ်ဦးရဲ့အုံ့မှိုင်းနေတဲ့ ရာသီဥတု ပြန်လည်ကြည်လင်သွားရတဲ့ ဇာတ်ပါပဲ။ သို့သော် ကျယ်ပြန့်တဲ့ဇာတ်အိမ်ကို အကျဉ်းရုံးအကွက်ချပြီး မဂ္ဂဇင်းဝတ္ထုရှည်ဖြစ်အောင် တည်ဆောက်ရတာလဲ ထင်သလောက်မလွယ်ပါဘူး။ အခုဝတ္ထုမှာ အဲဒီအတတ်ပညာကို စာရေးဆရာက စာဖတ်သူကျေနပ်လက်ခံနိုင်အောင် ပေးစွမ်းနိုင်တယ်လို့ထင်ပါတယ်။ စာချစ်သူတို့လဲ ဖတ်ကြည့်ကြပါအုံး။

**ငွေတာရီမဂ္ဂဇင်း။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ**

ကဗျာဆရာဆိုတာ ကမ္ဘာပေါ်မှာ အတော်ထူးခြားဆန်းကြယ်တဲ့ လူသားတွေဖြစ်ကြပါတယ်။ တော်ရုံတန်ရုံ ခံစားနားလည်မှုမရှိသူတွေ နားလည်နိုင်ကြမှာမဟုတ်ပါဘူး။ မဂ္ဂဇင်းကိုဖွင့်ဖွင့်ချင်းမှာပဲ ကျွန်တော်ချစ်ခင်လေးစားရတဲ့ ဆရာကြီးမင်းယုဝေက ပြောပြထားတာ သတိပြုမိပါတယ်။

ကဗျာဆရာမှာ ဘာရှိသလဲ။

တိုက်တာအိမ်မြေ၊ စိန်မျှမ္မရှိသလား။ ရာထူးစည်းစိမ်၊ အာဏာဂုဏ်ရှိန်ရှိသလား။ ဗလာနတ္ထိ၊ ဘာမှမရှိပါဘူး။ တကယ်တမ်း ကဗျာဆရာမှာရှိတာက –

သူငါအသည်း၊ သည်းပွတ်ထဲ၌
ထူးကဲကြည်သာ၊ ထွန်းလင်းပါသော
ရောင်ပြာရောင်ရှိန်၊ တထိန်ထိန်သည်
မီးအိမ်ဝါဝါရှိသည်တကား...တဲ့။

ဒီလိုပြောပြထားပါတယ်။ တန်ဖိုးကို နားမလည်ကြသူတွေအဖို့တော့ အဲဒီမီးအိမ်ဝါဝါကို ဘာလုပ်စားလို့ရမှာလဲလို့ မေးခွန်းထုတ်ကြမှာ မလွဲဧကန်ပါ။ ဒါကို ကဗျာဆရာတွေပဲ နားလည်ကြပါတယ်။ ကဗျာကို အကိုဆုံး၊ အကျစ်ဆုံးနဲ့ အနှစ်သာရအပါဆုံး ရေးဖွဲ့ကားတဲ့ ဆရာကြီးရဲ့ကဗျာမို့ ကဗျာချစ်သူတွေရော မျိုးဆက်သစ်ကဗျာဆရာတွေပါ အတုယူလေ့လာကြည့်ကြဖို့ ညွှန်းပြုလိုက်ပါတယ်။

ငွေတာရီဆောင်းပါးတွေထဲမှာတော့ ဆရာမ ရွှေကူမေနှင်းရဲ့ 'မြို့တော်ခန်းမမှသည်'ကို အာရုံကျမိပါတယ်။ ၁၉၈၀ ပြည့်နှစ်၊ သို့မဟုတ် လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ဝန်းကျင်လောက်က မြန်မာ့ဆိုရှယ်လစ်အလံတော်အောက်မှာပြုလုပ်ခဲ့တဲ့ ရန်ကုန်မြို့တော်ခန်းမ၊ စာဆိုတော်နေ့ စာပေဟောပြောပွဲပုံရိပ်တွေကို တွေ့မြင်ရလို့ပါ။ ရုံဝင်ခ ၂၅ ကျပ်ပေးပြီးနားထောင်ရတဲ့ပွဲ။ ဟောပြောတဲ့ဆရာကြီးတွေကလဲ ဆရာကြီးဦးသုခ၊ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်ဆိုတော့ ပြောဖွယ်မရှိ။ နောက်တစ်ဦးအနေနဲ့ ဒုတိယမျိုးဆက်ထဲက လူငယ်စာရေးဆရာမ ရွှေကူမေနှင်းပါလာတော့ အုန်းအုန်းကျွက်ကျွက်ညံကုန်ကြပါတယ်။

အမှန်တော့ ပွဲစီစဉ်သူတွေက လူကြီးနှစ်ယောက်နဲ့တွဲဖို့ လူငယ်ထဲက တစ်ဦးထည့်ချင်ရာက ရွှေကူမေနှင်း

ဆို မြန်မာ့အသံမှာလဲလုပ်နေပြီး ဆောင်ရန်ရှောင်ရန် တွေသိတယ်၊ ပြဿနာမဖြစ်နိုင်လို့ ရွေးချယ်ထည့်တာပါ။ ဟောပြောချိန်က တစ်ဦးကို တစ်နာရီပဲရပါတယ်။ ဒါနဲ့ ဆရာမက အဟောအပြောကောင်းတဲ့ ဆရာကြီးနှစ်ဦးကို ဟောပြောချိန် တစ်ဦး ၁၅ မိနစ်စီလျှော့ပြီး သူက နာရီဝက်ပဲဟောပြောခဲ့တဲ့အကြောင်း ပြန်ပြောင်းပြောပြထားတာ လွမ်းစရာကောင်းပါတယ်။ ဆရာကြီးဦးသုခနဲ့ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်တို့ဆိုတာ တကယ့် အထင်ကရအပြောကောင်း၊ အဟောကောင်း၊ ကြုံရင်ကြုံသလို ကဗျာတွေ၊ သီချင်းတွေပါ ထည့်ဟဲတတ်ကြတော့ ပရိသတ်တွေစွဲချက်က ကမ်းကုန်ရောမဟုတ်လား။ ဆရာမရဲ့ဆောင်းပါးကိုဖတ်ပြီး ကျွန်တော့်ရင်ထဲဖြစ်တည်လာတဲ့ဆန္ဒက အဲဒီဆရာကြီးတွေရဲ့ဟောပြောချက် အသံသွင်းအခွေတွေသာ ဒီဘက်ခေတ်မှာလို တွင်တွင်ကျယ်ကျယ်ထွက်ခဲ့မယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်လေမလဲဆိုတဲ့ တွေးလုံးပါ။ အခုလို နောင်လာနောက်သားလူငယ်တွေသိအောင် မျှဝေသမှုပြုခဲ့တဲ့ ဆရာမရွှေကူမေနှင်းကိုလဲ ကျေးဇူးတင်ပါတယ်။

ပြီးတော့ အခုလ ငွေတာရီမှာ ထူးထူးခြားခြားတွေ့ရတာက ဆရာကိုင်းသစ်အောင်ရဲ့ဝတ္ထုစာအုပ်ဖတ်ညွှန်းပါ။ လူခါးရဲ့ 'ဆာကူရာထက်လှပါစေ'လုံးချင်းဝတ္ထုရှည်ကို ခံစားဝေဖန်ထားတဲ့ 'ဆာကူရာပန်းရနံ့ကိုရှူရှိုက်ခြင်း'ပါ။ ဒီကနေ့ ကျွန်တော်တို့စာပေလောကမှာ ဖတ်ညွှန်းတွေ၊ စာပေဝေဖန်ရေးတွေ အတော်ဆွဲ့ရှားကွယ်ပျောက်သွားတာ အားလုံးအသိပါ။ နှမြောဖို့ သိပ်ကောင်းပါတယ်။ ဘယ်အရေးအရာကိစ္စတွေမှာမဆို ဝေဖန်ရေးဆိုတာ လိုအပ်လှပါတယ်။ စစ်မှန်တဲ့ဝေဖန်ရေးဆိုတာ တစ်ဖက်သားကို တိုက်ခိုက်တာ၊ နှိပ်ကွပ်တာမျိုးမဟုတ်ပါဘူး။ အကျိုးသင့်အကြောင်းသင့်ထောက်ပြပြီး ပိုမိုသင့်လျော်ကောင်းမွန်စေချင်တဲ့ စေတနာအရင်းခံစိတ်ပါလေ့ရှိပါတယ်။

အခု ဆရာကိုင်းသစ်အောင်ရဲ့ဝေဖန်ရေးကလဲ သူ့အမြင်သူ့ရှုထောင့်က သင့်တင့်လျောက်ပတ်တဲ့ ထောက်ပြချက်တွေဖြစ်တာမို့ တစ်ဖက်ဖန်တီးသူဘက်က ကြည့်ရင် ဆင်ခြင်တွေးတောစရာတွေမို့ အကျိုးတစ်စုံတစ်ရာရှိမှာလို့ မြင်မိပါတယ်။ ဒီလိုစာပေအတွက် လိုအပ်ချက်ကွက်လပ်ကို ဖြည့်တင်းပေးလာတဲ့ အယ်ဒီတာအဖွဲ့ကိုလဲ ကျေးဇူးတင်မိပါတယ်။

ဝတ္ထုတိုတွေထဲက လူငယ်စာရေးဆရာတစ်ဦးလို့ ထင်ရတဲ့ 'လင်းအိမ်'ရဲ့ 'စာရေးဆရာမိန်းမ'ကို သဘောကျမိပါတယ်။

ယနေ့ခေတ် အွန်လိုင်းပေါ်နာမည်ရလာစပြုတဲ့ စာရေးဆရာဆိုသူ လူငယ်တစ်ဦးနဲ့ သူ့ရဲ့ဘဝလက်တွဲဖော်တို့ရဲ့ ဘဝစရီးတစ်ဆစ်မှာ ကြုံတွေ့ရင်ဆိုင်လာရတဲ့ လူနေမှုဘဝပေါက်ကွဲသံစဉ်တွေကို ကွန်ရက်ဖွဲ့ထားတာပါ။ အပြောစကားသံတွေနဲ့ချည်းရင်ဖွင့်ထားတာ သဘာဝယုတ္တိရှိသလောက်ရှိပြီး နားထောင်လို့လဲကောင်းလှပါရဲ့။

ယောကျ်ားကလဲ ငါစာရေးဆရာကွဆိုတဲ့ အနုပညာမာနရှိသူ။ သူ့အနုပညာမှတစ်ပါး ဘာကိုမှ အလေးမထားတတ်သူ။ တစ်ခါတလေအလွန်းသင့်မှ ရတဲ့စာမူခဆိုတာလဲ အိမ်ပြန်ပါလာတတ်တာမျိုးမဟုတ်။ အပေါင်းအသင်းတွေနဲ့အောင်ပွဲခံရင်း အိတ်ထဲကပါ ထပ်စိုက်ရလေ့ရှိတာ။ ဒါပေမဲ့ မိန်းမဖြစ်သူဘက်က အသံထွက်လာရင်တော့ ငါ့အနုပညာကို မလေးစားနဲ့ကစပြီး စစ်တလင်းမှာ စစ်ခင်းကြရတဲ့အထိ ဖြစ်ကုန်ကြပါလေရော။

ပြောရရင် ကျွန်တော်တို့ရွှေပြည်ကြီးမှာကိုက အခုထိ စာရေးပြီး ထမင်းစားလို့မှမရသေးတာ။ စာရေးတာကို အလုပ်တစ်ခုလို့ခံယူပြီး တကုပ်ကုပ်ရေးရုံနဲ့ လူမွဲးလူတောင်ပြောင်သေးတာမှမဟုတ်တာ။ အနုပညာနဲ့ မိသားစုဘဝဖူလုံရေးကို မဆောင်ရွက်နိုင်သေးသမျှတော့ ဒီအဖြစ်၊ ဒီအချစ်၊ ဒီစစ်ဟာ တော်ရုံတန်ရုံနဲ့ ပြေငြိမ်းအေးချမ်းမှာ မဟုတ်သေးဘူး။ ဒါကို အနုပညာပြေးလမ်းပေါ်က ဘဝတူညီအစ်ကိုမောင်နှမတွေအားလုံး နားလည်သဘောပေါက်ကြစေချင်ပါတယ်။

ဒါ့ကြောင့် ကိုယ့်ကိုယ်ကိုယ်ငါစာရေးဆရာ၊ ကဗျာဆရာလို့ လက်သီးလက်မောင်းတန်း၊ ခေါင်းမော့ချင်သူတွေကို လင်းအိမ်ရဲ့ နှုတ်သီးကောင်းလျှာပါး စာရေးဆရာမိန်းမနဲ့ တွေ့စေချင်ပါတယ်။ လူငယ်စာရေးဆရာတွေကို ဖတ်ကြည့်စေချင်ပါတယ်။ ဟုတ်မဟုတ်၊ မှန်မမှန် ဝေဖန်ချင့်ချိန်နိုင်ကြဖို့ပါ။

နောက်ထပ်ညွှန်းချင်တဲ့ဝတ္ထုတိုကတော့ သော်ဇင် (လှိုင်ကော်)ရဲ့ 'နေသားကျပြီသနာ'ပါ။ အားလုံး နဖူးတွေ့ဒူးတွေ့ ဆုံတွေ့ဖြတ်သန်းနေကြရတဲ့ ကိုဗစ်ကာလကို နောက်ခံပြုထုဆစ်ထားတဲ့ ဇာတ်ဖြစ်ပါတယ်။ လူတန်းစားမရွေး အနည်းနဲ့အများ သောကပွားနေရချိန်မှာ သားယောက်သမီးခံမရှိ၊ သွေးနီးသူတွေကလဲ အဝေးမှာနေကြပြီး လာရောက်မကြည့်ရှုမစောင့်ရှောက်ကြတာလဲကြာပြီ။ ဒါနဲ့ တစ်ဝမ်းတစ်ခါးအတွက် ကိုယ့်ဘာသာရှာဖွေစားသောက်နေရတဲ့ အသက် ၇၀ ကျော် အဘွားအိုနဲ့ရဲ့ဘဝကို သရုပ်ဖော်ပြထားပါတယ်။

ဝတ္ထုရဲ့အဓိကဆိုလိုရင်းက တိုင်းပြည်ဆင်းရဲမွဲတေရတဲ့အကြောင်းတရားကို နားလည်သိရှိရေးပဲလို့ ဆိုချင်ပါတယ်။ ရေတိုကိုမကြည့်ဘဲ ရေရှည်အတွက် မျှော်တွေးနိုင်အောင် စွမ်းဆောင်ကြဖို့သင့်တယ်လို့ တွေးမြင်မိပါတယ်။ ဇာတ်နာအောင်ရေးပြရုံနဲ့ စာရေးဆရာမှာ တာဝန်ကျေပြီလို့ ခံယူရမဲ့အချိန်လား၊ ခေတ်လား။ ဘာလုပ်ကြမလဲ။ စာချစ်သူတို့လဲ ဖတ်ပြီး ဝိုင်းစဉ်းစားပေးကြပါအုံး။

အသစ်တွေကိုချစ်တဲ့ဖောနဲ့ အသစ်ငွေတာရီကိုဖတ်မိပြန်တော့ ညိမ်းသူရဲ့'ညီမလေး'ကိုတွေ့ရှိပါတယ်။ ကလေးတွေကို ပဓာနဇာတ်ဆောင်အဖြစ်ထားတာဖြစ်လို့ ကလေးဝတ္ထုအဖြစ် ဖန်တီးနိုင်ရင်ကောင်းမှာပဲလို့ ကျွန်တော်တွေးနေမိပါတယ်။ အခုလိုဇာတ်ကိုဆွဲမဆန့်ဘဲ မောင်နှမနှစ်ဦး ပြန်လည်ဆုံတွေ့ခန်းတစ်ကွက်လောက်သာယူပြီး ကလေးဝတ္ထု၊ သို့မဟုတ် လူငယ်ဝတ္ထုအဖြစ် ပေါ့ပေါ့ပါးပါးဖန်တီးနိုင်ရင်တော့ ပိုပြီးသင့်လျော်မယ်ထင်ပါတယ်။ ဒီဝတ္ထုကိုဖတ်ပြီး ဆရာတက္ကသိုလ်မောင်အောင်ဆွေ၊ ဆရာကွန်းဇော်၊ ဆရာဂယက်နီတို့ရဲ့ ကလေးဝတ္ထု၊ လူငယ်ဝတ္ထုတွေကို သတိရလွမ်းမိပါတယ်။

**တေးရုပ်စုံ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ**
**ရွှေသွေးဂျာနယ် အထူးထုတ်(၂၀၂၀)၊ မိုးသောက်ပန်းဂျာနယ်၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ**

ယနေ့မျက်မှောက်ခေတ် ကလေးစာပေအနေအထားကို ပကတိအရှိအတိုင်း သိရှိလေ့လာလိုစိတ်နဲ့ ဖော်ပြပါကလေးစာပေဆိုင်ရာ စာအုပ်နဲ့ဂျာနယ်တွေကို ဖတ်ရှုကြည့်မိပါတယ်။ ဦးစွာပြောချင်တာက ကလေးကဗျာကိစ္စပါ။

၁၉၃၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်ကတည်းက ဆရာကြီးမင်းသုဝဏ် စမ်းသပ်ပြီးဖောက်ခဲ့တဲ့လမ်းအတိုင်း ကျွန်တော်တို့ဆက်လျှောက်လာခဲ့ကြတာ၊ ပြန်ကွက်ကြည့်ရင် နှစ်ပေါင်း ၉၀ နား ချဉ်းကပ်လာပါပြီ။ အတော်ကြာခဲ့ပြီမို့ အထာကျရင့်ကျက်ဖို့ကောင်းနေပါပြီ။ ပြီးတော့ ခေတ်တွေ၊ စနစ်တွေလဲပြောင်းခဲ့ပါပြီ။ ဒီတော့ ဘာပဲပြောပြော ကလေးကဗျာလမ်းကြောင်းကလဲ ခေတ်နဲ့အညီ ပြောင်းလဲသင့်တာတွေ ပြောင်းလဲဖို့ အချိန်တန်ပြီလို့ထင်ပါတယ်။

အခု ကျွန်တော်တို့ဆီမှာက လမ်းရိုးဟောင်းအတိုင်းလျှောက်ကြတုန်းပါပဲ။ ကလေးတွေကို ပညာပေး၊ သြဝါဒပေးလို့ မဆုံးသေး။ လိမ္မာယဉ်ကျေးဖို့ သွန်သင်လို့ကို အားမရနိုင်ကြသေးဘူး၊ ရေးလိုက်ရင်လဲ ရှည်ရှည်လျားလျား၊ ပြားပြားတွေတွေချည်းများနေဆဲပါပဲ။ ကလေးတွေကို နှုတ်ကြီးသြဝါဒပေး၊ ပညာပေးလမ်းညွှန်လို့ကောင်းတုန်း။ ကလေးတွေသိဖို့ထက် ငြိဖို့လိုအပ်တယ်ဆိုတဲ့ အဆိုအမိန့်ကိုလဲ မျက်နှာလွှဲထားကြ၊ မေ့ထားကြဆဲ။

ကလေးကဗျာမှာ အဓိကလိုအပ်ချက်က ကလေးတွေရဲ့စိတ်ကို ကလေးကဗျာနဲ့သင်ပေးဖို့၊ ကလေးတွေပျော်ရွှင်ဖို့၊ ပြုံးပျော်ဖို့၊ သူတို့ပတ်ဝန်းကျင်

ကို သူတို့သတိပြုမိဖို့ပါ။ လိမ္မာယဉ်ကျေးဖို့က ဒုတိယအဆင့်၊ သုတတွေရရှိဖို့က တတိယအဆင့်လို့ထင်ပါတယ်။ ဒီလိုပေးရင်း ပေးရင်းနဲ့ တိုင်းချစ်ပြည်ချစ်စိတ်၊ ဇာတိသွေးဇာတိမာန်မျိုးချစ်စိတ်က ကျွဲကူးရေပါပါလာမှာပါပဲ။ ကမယေးကဗျာပြိုင်ပွဲပင်ကြေရာမှာလဲ ဖော်မြူလာအတိုင်း ဘယ်အပိုင်းက ဘယ်လောက်ပါဝင်ရမယ်ဆိုတဲ့ အချိုးအဆအတိုင်းရောမွှေ၊ အကြောင်းအရာပြည့်စုံရင် ဟုတ်ပြီလို့ အလွယ်လေးထင်နေကြ၊ ယှဉ်နေကြဆဲပါ။ အကဲဖြတ်ဖတ်ရသူတွေက အဲဒါတွေကို ငြီးငွေ့လှပြီ။ ကလေးကဗျာယောင်ဆောင်ထားတဲ့ လူကြီးဖတ်ဖို့ ကလေးကဗျာတွေကို မဖတ်ချင်ကြတော့ပါဘူး။ ဒီလို ဘာကြောင့်ဖြစ်နေရသလဲ။ အသေအချာစဉ်းစားကြည့်ရင် မူဝါဒနဲ့ပြိုင်ပွဲဝင်စည်းကမ်းချက်တွေကြောင့်လဲ ဖြစ်ပါတယ်။ ဆုရချင်တော့ ဖော်ဆောင်ထားတဲ့စည်းကမ်းပါ အချက်အလက်တွေအတိုင်း လိုက်ရေးကြလေတော့ အကုန်ထပ်တူယှဉ်မိကြသလိုဖြစ်ကုန်ကြတာလဲ တွေးမိပါတယ်။ အဲဒီမူဝါဒစည်းမျဉ်းအဟောင်းကို အသစ်နဲ့အစားထိုးပြောင်းလဲဖြေလျှော့ပေးသင့်ပြီလို့ ထင်မြင်ယူဆပါတယ်။

နောက်တစ်ခုပြောချင်တာက ကလေးစာပေ၊ ကလေးစာအုပ်ဆိုရင် စာနဲ့အရုပ်ညီညွတ်မျှတစေချင်ပါပြီ။ ကလေးဆိုတာ သူတို့သဘာဝအတိုင်း အရုပ်နဲ့အရောင်ကို တန်ဖိုးထားမြတ်နိုးတတ်ကြလို့ပါ။ ပြီးတော့ သူတို့နားလည်တဲ့ သူ့အိုးနဲ့သူ့ဆန်တန်တဲ့ ဝေါဟာရစကားလုံးတွေဖြစ်ဖို့လိုတယ်။ အရေးအကြီးဆုံးက ကလေးကဗျာဟာ တိုဖို့လိုတယ်ဆိုတာပါပဲ။ ၄ ကြောင်း၊ ၆ ကြောင်းလောက်ဆိုရပြီ။ ၈ ကြောင်း၊ ၁၀ ကြောင်းထက်မပိုသင့်ဘူး။ ဒါမှ ရွတ်ဆိုရင် လွယ်လွယ်လေးနဲ့ အလွတ်ရသွားမှာဖြစ်တယ်။ မျက်စိကာရန်ထက် နားကာရန်၊ တတ်နိုင်ရင် အသံတွေ၊ မြည်သံစွဲအလင်္ကာတွေ များများသုံးသင့်တာပါပဲ။

ကလေးကဗျာရေးကြတဲ့ ရှုထောင့်နဲ့ပတ်သက်တာတွေလဲ ပြောစရာရှိပါတယ်။ ဒီလိုပါ။

၁။ စာရေး၊ ကဗျာရေးသူ ရှုထောင့်ကနေပြီး ရေးတဲ့ကဗျာ။ ဥပမာ – ဆရာကြီးမင်းသုဝဏ်ရဲ့ 'ပြုံးချိုချို'။

လူကလေး လူကလေး<br>
မေမေ့လူကလေး။<br>
လူကလေး ညိုတိုတို<br>
မျက်နှာပြုံးချိုချို။<br>
ပြုံးချိုချို လူကလေး<br>
မေမေ့လူကလေး။

၂။ လူကြီးမိဘ၊ ဆရာသမားရှုထောင့်ကနေပြီး နီတိကျင့်ဝတ်၊ ဆုံးမသြဝါဒတွေပေးတဲ့ကဗျာ။ ဥပမာ – လူမိုက်ဆိုလျှင် ရှောင်ရွေ့လွဲလို့၊ မမှိဲနဲ့ ကင်းအောင်နေ၊ ပညာရှိကိုအရှည်တွဲလို့၊ မှီဝဲဆည်းကပ်နည်းယူစေဆိုတဲ့ ၃၈ ဖြာ မင်္ဂလာကဗျာမျိုး။

၃။ ကလေးတွေရဲ့ရှုထောင့်ကနေ ကလေးတွေရဲ့ သူတို့ရင်ထဲကအသံနဲ့ရေးတဲ့ ကလေးကဗျာ။ ဥပမာ – ဆရာ ပျဉ်းမနားမောင်နီသင်းရဲ့ 'တို့ကျောင်း' ကဗျာ။

ပန်းကလေးများပွင့်တော့မည်၊ ဖူးတံဝင့်လို့ချီ၊<br>
နေခြည်မှာရွှေရည်လောင်း၊ ငါတို့စာသင်ကျောင်း။

ဆရာတင်မိုးရဲ့–

'ကကြီးကကြီး၊ ဖိုးကကြီး<br>
တစ်ခါတုန်းက ကဆစ်သီး<br>
ပေါ…ဒီလောက်ကြီး' ကဗျာမျိုး။

ကဲ…ဒီတော့ ကလေးကဗျာရေးတဲ့ ရှုထောင့်သုံးမျိုးရှိရာမှာ ကလေးတွေအကြိုက်ဆုံးက ဘယ်ရှုထောင့်ကရေးတဲ့ကဗျာတွေလို့ ထင်ပါသလဲ။ ကလေးကဗျာရေးသူတွေ စဉ်းစားအဖြေထုတ်ကြည့်ကြပါအုံး။

ရှေ့လမှာ ကလေးဝတ္ထုတိုနဲ့ပတ်သက်တာတွေ ပြောမယ်လို့ စိတ်ကူးထားတဲ့အကြောင်း အသိပေးတင်ပြရင်း…။ ။

**ရဲရင့်မှိုင်း**



ရသစာတမ်း


# မော်ကွန်း
## လက်ငါးချောင်း၏အတ္ထုပ္ပတ္တိ

ကျွန်မတို့ စာရေးသူများ အမုန်းဆုံးအရာ သုံးခုရှိသည်။ သူတို့ကား စာရေးသူများကို အလုပ်ရှုပ်စေသည်။ စိတ်အနှည်ထစေသည်။ အရှင်းဆုံးပြောရလျှင် သူတို့ကား ပိုးဟပ်၊ ခြနှင့်ကြွက်တို့ဖြစ်ကြသည်။ သူတို့ကြောင့် ချစ်သူသဖွယ်မြတ်နိုးတွယ်တာ အရိပ်တကြည့်ကြည့် ကြည့်နေရလေသောစာအုပ်များ ပျက်စီးရသည်။ သူတို့ ကိုက်ဖြတ်ဖျက်ဆီးလေသောကြောင့် စိတ်နှလုံးညှိုးနွမ်းရုံမက စိန်မွှေရတနာပျက်စီးဆုံးရှုံးသွားသကဲ့သို့ ခံစားရသည်။

ဖတ်ချင်မိသောစာအုပ် တစ်အုပ်ရှာမိခါမှ အဆုံးမသတ်နိုင်အောင် စာအုပ်အပျက်အစီး၊ အယိုအယွင်းများကို မမျှော်လင့်ဘဲတွေ့ရတတ်သည်။ စာအုပ်အားလုံး ပြန်လည်ဆန်းစစ်၊ သန့်ရှင်းရေးပြုလုပ်ရ၍ စီကာရီကာဖြင့် အချိန်များပုပ်သိုးကုန်ရသည်။

ထိုနေ့က ဖတ်ချင်သည့် စာအုပ်တစ်အုပ်ရှာရာ မချစ်မနှစ်သက်သူနှင့်ဆုံစည်းလိုက်ရသည်။ အချိန်တွေဖဲ့ပေးလိုက်ရတာ နမြောမိသည်။ သို့သော် အမြတ်တစ်ခုတော့ ရလိုက်သည်။ စာအုပ်ပုံကြားက ကဗျာဆရာ ကြည်မောင်သန်း၏ 'ကဗျာ ၁၀၀ နှင့် ကဗျာဆရာ ကွယ်လွန်ခြင်း' ကဗျာစာအုပ် နှင့် တိုးတိုက်မိပါတော့သည်။ ကျွန်မစိတ်ဝင်စားသွားပြီး စာအုပ်ကိုဖတ်ကြည့်မိသည်။ ထိုကဗျာစာအုပ်ထဲက 'လက်' ဆိုသောကဗျာက ကျွန်မကို အဖေါ်းပွားစေပြီ။

ဆရာကြည်မောင်သန်း မြင်မိသည့်လက်က 'လက်ဝတ်ရတနာတွေနဲ့လဲမဆိုင်တဲ့လက်'၊ 'လက်ရေးလှလှရေးတတ်ပေမဲ့ လက်ညှိုးညွှန်ရာ ရေမဖြစ်ခဲ့တဲ့လက်'၊ 'အသားမာတက်နေပေမဲ့ လက်ခမောင်းမခတ်နိုင်သေးတဲ့လက်'။ ဆရာအတွေးများနှင့် ဆရာပြောချင်တာက အများသားကလား။ ကျွန်မ



ဆရာ့ကဗျာကိုဖတ်ပြီး တွေငိုင်သွားမိသည်။ နောက် 'လက်' အကြောင်းကို တွေးဆနေမိသည်။ ဆရာ့အရေး 'လက်' နှင့် ကျွန်မအတွေး 'လက်'ကို နှိုင်းယှဉ်မိလာသည်။

လူသားတိုင်းမှာ လက်နှစ်ဖက်ရှိကြပါသည်။ လက်ချောင်း ၁၀ ချောင်းပါကြသည်။ ထိုလက်များတွင် ပေးသောလက်ဆိုသည့် မှောက်ထားသောလက်။ ထိုလက်ကား ပရဟိတလက်ဖြစ်၏။ နောက်လက်တစ်မျိုးကား ဖြန့်ထားသော အယူသက်သက်လောဘလက်။ ရှင်းရှင်းပြောရလျှင် အတ္တလက်ဖြစ်၏။ ထို့ပြင် အပြုလက်ဆိုတာရှိသလို အဖျက်လက်ဆိုတာလည်း ရှိပါသေးသည်။ ဒါကတော့ ရှင်းနေပါသည်။ ထို့နောက် ရန်မီးကို ငြိမ်းသောလက်၊ ရန်မီးကို မွှေးပေးသောလက်၊ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်ကိုင်ထားသောလက်ဆိုတာလည်း ရှိပါသေးသည်။ ငြိမ်းချမ်းရေးရေစင်ကိုပက်ဖျန်းပေးသောလက်နှင့် လူအများကို ပူလောင်ကျွမ်းမြိုက်စေ၊ အိုးမဲ့အိမ်မဲ့ဖြစ်စေသော ရက်စက်ကြမ်းကြုတ်သည့်လက်တို့ ဖြစ်ပါသည်။

❑

ကျွန်မလက်ကရော မည်သို့သောလက်ဖြစ်သနည်း။

ပြန်တွေးသောအခါ ကျွန်မလက်က အလုပ်အများကြီးလုပ်ခဲ့သည့်လက်ဟု ဆိုရမလိုပင်။ အချို့သူတို့၏လက်က ဘယ်သန်ကြသည်။ ကျွန်မက ညာလက်သန်သူဖြစ်သည်။ ကျွန်မ၏ညာလက် ၅ ချောင်းအကြောင်းပြောရလျှင် ခမ်းနားကြီးကျယ်နေလိမ့်မည် ထင်ပါသည်။

အများနည်းတူ ကျောင်းနေစအရွယ်မှ ဘွဲ့ရသည်အထိ ကျွန်မမှာ ညာလက်ဖြင့် စာများရေးသားမှတ်ယူလာခဲ့သည်ကလည်း မထူးဆန်းသောအကြောင်းများဖြစ်ပါသည်။ သို့သော် ထူးခြားသောအရာများကို စတင်လာခဲ့ရပုံအကြောင်း အပြည့်အစုံပြောမှ ရှင်းလင်းသွားမည်ဖြစ်သည်။

ဒီလိုပါ. . . ။

ကျွန်မ အလုပ်စတင်ဝင်ရောက်ခဲ့ပုံက အစပြုကာ ပြောရမည်။ ထိုအကြောင်းမပြောခင် လက်များ၏ရာဇဝင်ကို အစချီနိဒါန်းပျိုးရသော် လူတွေအားလုံး စားဝတ်နေရေး ဖြေရှင်းရန်အတွက် လက်နှင့်သာ အသုံးချရတာအားလုံးအသိပဲဖြစ်သည်။ အိမ်ထောင်ရှင်မိန်းမသားများအားလုံး အိမ်မှုကိစ္စအဝဝကိုဖြေရှင်းကြရတာလည်း ဤ'လက်'ပဲဖြစ်သည်။



ကျွန်မအဖို့ အလုပ်စတင်ခြင်းကိုက 'လက်' ကို အသုံးချရသောအလုပ်ကို ရွေးချယ်ခဲ့ခြင်းပဲဖြစ်ပါသည်။ မူလတန်းဆရာမဘဝအစပြုခဲ့၍လည်း ကျောင်းနေစကလေးများ၏လက်ကလေးတွေကို ကုံ့ကူလက်လှည့်ဆိုစကားနှင့်အညီ ကျွန်မညာလက်ဖြင့် တယုတယ စာရေးတတ်အောင် ဖေးမသင်ကြားပေးခဲ့သည်။

အလယ်တန်းပြဆရာမဖြစ်လာသောအခါ ချိတ်ဆွဲထားသော ကျောက်သင်ပုန်းကြီးအပေါ်မှာ အချက်အလက်များကို မြေဖြူကိုင်ကာ ညာလက်ဖြင့် ခမ်းနားလှပစွာ နားလည်အောင် ရှင်းလင်းသင်ကြားပေးရသည်။ ညာလက် ၅ ချောင်းဖြင့် ကြီးကျယ်မြင့်မြတ်မှုများလုပ်ဆောင်နိုင်ခြင်းကို ကျွန်မဂုဏ်ယူဝင့်ကြွားနေမိသည်။ ကျန်းမာသန်စွမ်းသောလက်ချောင်းကလေးများကို ပိုင်ဆိုင်နိုင်ခဲ့သည့်အတွက် ကျေနပ်ကြည်နူးနေမိပါသည်။

တစ်ခါကအဖြစ်အပျက်တစ်ခုကလည်း ကျွန်မ၏ လက်ရာဇဝင်နှင့်ပတ်သက်ခဲ့ဖူးပါသည်။ အဖြစ်ကဒီလိုပါ။ ကျွန်မနှင့် လက်တွဲဖော်တို့ နှစ်ဦးသား မြို့ထဲထွက်ကြသည်။ ဗူလိုင်မိုးဖြိုင်ဖြိုင်ရွာသောလလည်းဖြစ်သည်။ မမျှော်လင့်ဘဲ သဲကြီးမဲကြီးရွာချလိုက်သောမိုးကြောင့် နှစ်ဦးသား သိမ်ကြီးဈေးရုံအတွင်းသို့ မိုးဝင်ခိုလိုက်ရသည်။

ဖြစ်ချင်တော့ သိမ်ကြီးဈေး ပရဆေးဆိုင်တန်းသို့ ဝင်မိလျက်သားဖြစ်သွားသည်။ စိုစွတ်နေသော လူသွားလမ်းပေါ်မှာ ခြေချော်သွားပြီး ကျွန်မ မှောက်လျက်သားချော်လဲကျသွားလိုက်တာ ပက်ပက်စက်စက် မလှမပ။

ကျွန်မ ကြောက်လန့်တကြား ဘယ်ဘက်လက်ဖြင့် ထောက်လိုက်မိသည်။ နာကျင်လွန်းသောဝေဒနာကြောင့် မျက်စိများပြာဝေသွားကာ ဘာမှ သဲသဲကွဲကွဲမမြင်ရတော့ပေ။ သတိလစ်တော့မလိုဖြစ်သွားရကာလက်တွဲဖော်က ထိန်းမတ်ထားရသည်။

နောက်ဆုံးတော့ ဆေးခန်းကြီးတစ်ခုတွင် တစ်ညတာ ဆေးကုသမှုခံယူလိုက်ရသည်။ နောက်တစ်မနက် ကျောက်ပတ်တီးဖြင့် အိမ်ပြန်လာရသည်။ အိမ်ရောက်သောအခါမှ ကျွန်မ၏ဘယ်ဘက်လက်ဖျံရိုးသွင်သွင်ကျိုးခဲ့ရကြောင်း လက်တွဲဖော်က အိမ်သားများကိုပြောပြ၍ ကျွန်မ သေသေချာချာသိလိုက်ရသည်။

မတင်မှတ်သောအရာများက ကျွန်မတို့ကို အချိန်မရွေး တွန်းလှဲနိုင်ကြောင်း တုန်လှုပ်ချောက်ချားစရာအဖြစ် မျက်ဝါးထင်ထင်သိမြင်လိုက်ရပါတော့သည်။ တစ်ခုတော့ရှိသည်။ ကံတရားက ကျွန်မဘက်မှာရှိနေတာကိုတော့ ကျေနပ်ရပါမည်။ ညာဘက်လက် မကျိုးခြင်းကိုပါ။ ညာလက်သာဖြစ်ခဲ့လျှင်ဟူသော အတွေးကိုလည်း ကျွန်မ ဆက်မတွေးဝံ့ပေ။

သို့သော်လည်း ကျွန်မတို့ဆီမှာ ညာလက်ကိုအသုံးပြု၍မရသည့်တိုင် လောကဓံကိုရင်ဆိုင်ခဲ့သည့်ပုဂ္ဂိုလ် ၂ ဦးရှိခဲ့တာကို သတိရလိုက်မိပါသည်။ တစ်ဦးကတော့ လူထုသတင်းစာတိုက်အယ်ဒီတာဟောင်း ဆရာကြီးလူထုဦးစိန်ဝင်းဖြစ်ပါသည်။ ဆရာကြီးကားအကြောင်းကြောင်းကြောင့် ညာဘက်လက် လေဖြတ်ကာ စာရေး၍မရတော့ပါ။ သို့သော်လည်း ဘဝကိုအရှုံးမပေးဘဲ ဘယ်ဘက်လက်ဖြင့် စာရေးနိုင်အောင်လေ့ကျင့်ပြီး ကွယ်လွန်ချိန်အထိ အကျိုးပြုစာပေများစွာကိုရေးသားခဲ့တာ အားလုံးအသိပါ။ နောက်တစ်ဦးကားကဗျာဆရာမောင်မောင်ငြိမ်းအေး၊ ကာတွန်းဆရာနေမျိုးအေး၊ အယ်ဒီတာဆရာ ရဲခေါင်မဲမောင်အဖြစ် ၃ ကိုယ်ခွဲ အနုပညာလုပ်ငန်းများ လုပ်ခဲ့သူပါပဲ။ ဆရာကလည်း လောကဓံရိုက်ပုတ်မှု၊ ဝေဒနာဖိစီးမှုတို့ကြောင့်ညာလက်အကြောသေသွားသည်။ စာရေးခြင်း၊ ကာတွန်းရေးဆွဲခြင်းမပြုနိုင်သောအခါ ဘယ်လက်ဖြင့် ပြန်လည်လေ့ကျင့်ခဲ့ပြီး အနုပညာလုပ်ငန်းကိုလုပ်ဆောင်နိုင်ရုံမက ပညာရေး၌ မဟာဝိဇ္ဇာဘွဲ့ရသည်အထိကြိုးစားနိုင်ခဲ့

**ဖြက်သန်းခဲ့သည့် ဘဝလမ်းတစ်လျှောက်မှာ ကျွန်မဖြစ်ချင်တာအားလုံးကို ဖြစ်ခွင့်ရရှိအောင် ဆောင်နှင်းပေးခဲ့သည်မှာ ကျွန်မ၏ ချစ်လှစွာသော လက် ၅ ချောင်းပင်ဖြစ်ပါသည်။**

ပုံမှာ လေးစားဂုဏ်ယူစရာကောင်းလှပါသည်။

ဆိုခဲ့ပါ ပုဂ္ဂိုလ် ၂ ဦးအကြောင်း တွေးမိပြန်တော့လည်း ကျွန်မ၏အတွေးများက ရပ်တန့်သွားလေသည်။ မည်သို့ဆိုစေ . . . ကျွန်မ၏ ခမ်းနားလှပသော ညာလက်လေးကို ပို၍မြတ်နိုးမိလာသည်။ သို့ဖြင့် ချစ်သောညာလက်လေးက ကျွန်မအလုပ်လုပ်နိုင်ဖို့ အားမာန်ဖြင့် ဆက်လက်ခေါ်ဆောင်သွားခဲ့လေသည်။

❑

ကံကြမ္မာအရွေ့တစ်ခုကြောင့် ကျွန်မမြတ်နိုးသော ကျောင်းဆရာမအလုပ်မှအနားယူခဲ့ရပါသည်။ ထိုအခါ ကျွန်မ၏ဝါသနာရင်းစွဲတစ်ခုဖြစ်သော အလှပြုပြင်ရေးလုပ်ငန်းကိုစတင်ဖို့ အခွင့်အလမ်းရလာသည်။ ညာလက်ချောင်းလေးဖြင့် ကတ်ကြေးကိုင်ကာ ဆံနွယ်စလေးများကို အနုပညာမြောက်စွာ ကစ်လှီးချင်း၊ ကစ်စချင်းကိုက်ညှပ်နေသောအချိန်ကား ကျွန်မဘဝမှာ ပျော်ရွှင်ကြည်နူးဆုံးအချိန်တွေဖြစ်ခဲ့သည်။ အံ့သြစရာမကောင်းပေဘူးလား။

ကြည့်ပါလေ . . . ကျွန်မ၏ ဂုဏ်ယူဖွယ်လက်ချောင်းများ၏ လုပ်ဆောင်ချက်တွေက ဆံပင်ညှပ်ခြင်း၊ ဆံထုံးထုံးခြင်းအပြင် အထူးလုပ်ဆောင်ချက်တစ်ခုကလည်း အံ့မခန်းဟု ကျွန်မထင်သည်။ မိန်းကလေးတစ်ယောက်အဖို့ ဂုဏ်ယူစရာ အလှပဆုံးအချိန်တစ်ချိန်ရှိပါသည်။ အဲဒါက လက်ထပ်မင်္ဂလာပြုလုပ်တာပါပဲ။ ထိုအခါ လက်ထပ်မည့်သတို့သမီး၏မျက်နှာအသွင်အပြင်ကို ကျွန်မ၏လက်ဖြင့် ထင်ရှားပေါ်လွင်လာအောင် ဖွဲ့နွဲ့ခြယ်မှုန်းနိုင်ခဲ့သည်။ ကြည်နူးစရာကောင်းလိုက်သည့်ဖြစ်ခြင်း။

ပညာတတ်များ ဘွဲ့နှင်းသဘင်တက်ရောက်သည့်အခါမှာလည်း သူတို့တစ်တွေ ပွဲလယ်တင့်အောင် ကျွန်မအလှဖန်တီးရှင်အဖြစ် စွမ်းဆောင်ပေးနိုင်ခဲ့ပါသေးသည်။ သို့ဖြင့် ကျွန်မ၏လက်သည် ကျွန်မဘဝကို နောက်ဆုံးအချိန်အထိ လှပဝင့်ထည်စွာ သယ်ဆောင်သွားမည်ဟု ယုံကြည်မှတ်ထင်ထားပါသည်။

နောက်တစ်ခုရှိပါသေးသည်။

အဲဒါကတော့ ငယ်စဉ်ကတည်းက တမ်းတမ်းစွဲမက်ခဲ့ရသောအိပ်မက်တစ်ခု။

ကျွန်မက စာချစ်သူလေ။ ကျောင်းသူဘဝကတည်းက စာအုပ်အငှားဆိုင်မှာ စာအုပ်တစ်အုပ်ပြီးတစ်အုပ်ငှားကာ တစ်ညနှင့်အပြီး ရှူးသွပ်စွာဖတ်ခဲ့သည်။ ထိုအချိန်ကထွက်ရှိသည့်စာအုပ်တွေကလည်း များမှများ။ ကျွန်မနှစ်သက်စွဲလမ်းခဲ့ရသည့် စာရေးဆရာများကား ဆရာမောင်သာရ၊ ဆရာတက္ကသိုလ်ဘုန်းနိုင်၊ ဆရာငြိမ်းကျော်၊ ဆရာကြူမွှေး၊ အမျိုးသမီးစာရေးဆရာမထဲကဆိုလျှင် ဆရာမခင်ဆွေဦး၊ ဆရာမဂျာနယ်ကျော်မမလေး၊ ဆရာမကလျာ(ဝိဇ္ဇာ၊ သိပ္ပံ)၊ ဆရာမယုဝတီခင်စိန်လှိုင်တို့ဖြစ်ကြသည်။

ထိုသို့ စာတွေကိုမက်မက်မောမောဖတ်ရှုပြီး ကျွန်မ စာရေးဆရာမ ဖြစ်ချင်သည့်ဆန္ဒတွေက အိပ်မက်ထဲအထိ မကြာခဏအလည်ရောက်လာတတ်သည်။ အခုတော့ . . . အချိန်တန်လာပြီဟုဆိုရမည်လားမသိ။ ဖြစ်ခွင့်ရခဲ့လေပြီ။ အလှဖန်တီးရှင်ဘဝကို အသက်အရွယ်နှင့် ကျန်းမာရေးကြောင့် အနားပေးခဲ့ရသော်လည်း ကျွန်မ၏ရွှေရောင်လက်ချောင်းများက ကျွန်မကို စာရေးသူတစ်ယောက်ဖြစ်အောင် လှလှပပတွန်းပို့လိုက်ပြန်သည်။

သို့ဖြင့် ကျွန်မသည် စာရေးဆရာမတစ်ယောက်ဖြစ်ခဲ့ရပြန်သည်။

ဖြတ်သန်းခဲ့သည့် ဘဝလမ်းတစ်လျှောက်မှာ ကျွန်မဖြစ်ချင်တာအားလုံးကို ဖြစ်ခွင့်ရရှိအောင် ဆောင်နှင်းပေးခဲ့သည်မှာ ကျွန်မ၏ချစ်လှစွာသော လက် ၅ ချောင်းပင်ဖြစ်ပါသည်။ ဤသို့ လှလှပပဘဝမျိုးနှင့် ကျန်းမာသန်စွမ်းသောလက်ချောင်းများ ပိုင်ဆိုင်ခွင့်ရအောင် မွေးထုတ်ပေးခဲ့သော ကျွန်မ၏မာတာမိခင်ကို အကြိမ်ကြိမ်အခါခါကျေးဇူးတင်နေမိပါသည်။

ထို့အတူ ကျွန်မဘဝ၏အရေးပါသော လက်ငါးချောင်း၏ အတ္ထုပ္ပတ္တိကိုလည်း ဂုဏ်ယူနေမိပါသည်။ ။

**မေစွန်အေး**



# ကြောင်ကောက်မြို့ရဲ့ ဘူးသစ္စာ

[illegible]

၂ ချက်တီး သံချောင်းခေါက်သံ ပေါ်ထွက်လာပြီးနောက် [illegible] က [illegible] ပြန်လည်ထိတ် ဆိတ်သွားပြန်သည်။ [illegible] တော့ သက်ဆိုင်ရာ [illegible] ညဆိုင်း [illegible] [illegible] ကြားရတော့၏။

ဤစက်ရုံကြီးတွင် အဓိက လုံခြုံရေးဂိတ် ၂ ဂိတ်ရှိသည်။ စက် ရုံမျက်နှာစာ တောင်ဘက်ထိပ်နှင့် မြောက်ဘက်တွင်သာ ဂိတ်များရှိပြီး စက်ရုံအနောက်ခြမ်းမှာတော့ အလုံ ပိတ်ဖြစ်သည်။ သို့သော် မည်မျှပင် အလုံပိတ်စေကာမူ ခွေးတိုးပေါက် များက မီတာတစ်ရာတွင် သုံးလေး နေရာချပေါ်ပေါက်လျက်ရှိ၏။

လုံခြုံရေးအတွက် စက်ရုံနောက်ခြမ်း တောင်ဘက်ထိပ်တွင် တဲတစ်တဲရှိ ပြီး ထိုတဲမှာတော့ ဦးသောင်းညွန့်ဟုခေါ်သည့် အသက် ၅၀ ကျော် ရှိအမှု ထမ်းအငြိမ်းစားတစ်ယောက်ရှိလေသည်။ စက်ရုံဝန်ထမ်းရယ်လို့မဟုတ် ဘဲ မိသားစုများပြီး အလုပ်မရှိသောကြောင့် စာနာနားလည်မှုဖြင့် အယာနဲ့ သဘောမျိုး လုံခြုံရေးတာဝန်ပေးထားခြင်းပင်ဖြစ်သည်။

"ဦးသောင်း...ဒီညတော့ ၅ အိတ်ပဲ၊ အရင်ဟာနဲ့ဆို အိတ် ၂၀ သေသေ ချာချာလဲ သယ်အုံးနော်၊ ကျွန်တော်တို့တောင် မနည်းထုတ်လာရတာ"

"အေးပါကွာ ... မင်းတို့သာ ခြေလက်လုံလုံလုပ်ခဲ့ကြ၊ မနက်ဖြန် ညနေ ငွေအားလုံးရမယ်"

"ကဲ...သွားပြီ...သွားပြီ၊ ဟင်...ဟာ"

မှောင်မိုက်လှသော ဦးသောင်းညွန့်၏ တဲပရိဝုဏ်လေးသို့ ၃၆၀ ဒီဂရီ ပတ်ပတ်လည်မှ ဓာတ်မီးရောင်များဖြာကျလာသည်မှာ လပြည့်ညလမင်းကြီး ရုတ်တရက် ပေါ်ထွက်လာသလိုလို။ တစ်ဆက်တည်းမှာပဲ–

"ပေ့မကောင်တွေ...ဘယ်မှမပြေးနဲ့၊ မင်းဟို့ကိုငါတို့အားလုံးဝိုင်းထားတယ်"ဟူသည့် ရင်းရင်းနှီးနှီးကြားဖူးနေသည့်အသံကို ကြားလိုက်ရသည်။

❑

"မင်းတို့ တော်တော်သစ္စာမဲ့ကြတယ်၊ ခင်ဗျားကော ဘာထူးလဲ၊ သူခိုးလက်ခံ လူမိုက်အားပေး ကြရပါ၊ ကဲ...ဘယ်လိုလုပ်ကြမလဲ"

စီမံဌာနမှူးဦးမျိုးခိုင်၏ ရုံးခန်းအတွင်း သကြားခိုးထုတ်သူ သုံးယောက်၊ လက်ခံပြီးဖြန့်ဝေသူ တစ်ယောက်၊ စုစုပေါင်း လေးယောက်။ ကျရောက်လာတော့မည့်အပြစ်တစ်ခုအတွက် သူတို့အားလုံး၏မျက်နှာများသည်ကား နေကြာပန်းအဆင့်မျှ မဟုတ်တော့ဘဲနေလောင်ထားသည့် ပုံမျိုးပင်ရှိနေကြလေသည်။

"သကြားတွေ ပျောက်တယ် ပျောက်တယ်နဲ့ သတင်းတွေကြားတာကြာပြီ၊ သေသေချာချာ လက်ဆုပ်လက်ကိုင် မပြနိုင်သေးလို့စောင့်နေတာ၊ မင်းတို့ကိုလစာပေးထားတယ်ကွာ၊ တခြားသူတွေလဲ ဒီလစာနဲ့ပဲရိုးရိုးသားသားတာဝန်ထမ်းဆောင်နေကြတာ၊ မင်းတို့မရှက်ကြဘူးလား၊ ဦးသောင်းညွန့်... ခင်ဗျားက ပိုဆိုးတယ်၊ လုံခြုံရေးအတွက်ထားပါတယ်ဆိုမှ တာဝန်ကိုအလွဲသုံးစားလုပ်တယ်၊ ကိုယ်ကတားမြစ်ရမယ်၊ အသိပေးရမဲ့ဟာကို ကိုယ့်အကျိုးစီးပွားဖြစ်ဖို့ပဲ ခင်ဗျားတွေးတယ်၊ ကျုပ်တို့ကတော့ ခင်ဗျားမိသားစုကို ငဲ့ညှာလို့နေစရာလေးပေးပြီး၊ သက်သောင့်သက်သာတာဝန်လေးပေးပြီး ခန့်ထားတယ်၊ ခင်ဗျားက ဒီနည်းနဲ့ ဝန်ထမ်းကောင်းပီသပြလိုက်တာပေါ့"

"မဟုတ်ပါဘူးဆရာရယ်၊ ရတဲ့ပင်စင်လေးက အိမ်စရိတ်ရယ်၊ ကလေးတွေကျောင်းစရိတ်ရယ်နဲ့ ဘယ်လိုမှမလောက်တာမို့ အခုလို လုပ်လိုက်မိတာပါ၊ ကျွန်တော်မှားပါတယ်၊ ဒီတစ်ခါတော့ခွင့်လွှတ်ပေးပါ၊ နောက်ကိုလုံးဝမဖြစ်စေရပါဘူးလို့ အာမခံပါတယ်"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်တို့လဲ အာမခံပါတယ်၊ ဒီတစ်ခါတော့ခွင့်လွှတ်ပေးပါ၊ နောက်တစ်ကြိမ်ဖြစ်ခဲ့ရင် ဆရာ့ကိုယ်ဟိုင် ရဲစခန်းပို့ပါ"

အာမခံပါတယ်ဟူသော ဝန်ခံချက်ဖြင့် အမှုတစ်မှုတော့ပြီးသွားသည်။ စက်ရုံမှူးဆီတော့ အကျိုးအကြောင်းတင်ပြထားရမည်။ တကယ်လို့ ကိုယ်ကမပြောဘဲထားလျှင် ကိုယ့်တာဝန်ဖြစ်သွားနိုင်သည်။ ဝန်ထမ်းတွေနှင့် ခက်လည်းခက်ပါသည်။ သကြားအဆင့်မှာသာမက ကြံချောင်းဘဝမှာပါ မသမာသည့်နည်းလမ်းပေါင်းစုံဖြင့် မြိုးမြိုးမြက်မြက်ရဖို့ ကြိုးစားကြသည်။ အကြောင်းမျိုးစုံနှင့် ကိုယ့်အိတ်ထဲ အပိုဆောင်းငွေဝင်ဖို့ကြံဖန်နေသည့် ဝန်ထမ်းတွေက နည်းလှသည်မဟုတ်။ လူတွေ...လူတွေ...ငွေနောက်လိုက်သည့်လူတွေမို့လည်း ခက်ကြပါသည်ရော။

❑

ပြဿနာ၏အစသည် သမီးတို့ကျောင်းမှာပြုလုပ်သည့် စုံညီပွဲတော်ပေလော၊ သို့တည်းမဟုတ် ဆုရခဲ့သည့်သမီးပင်လော။ သမီးသာ ဆုမရခဲ့လျှင်၊ စုံညီပွဲတော်မှာ ဆုတက်ရောက်မယူခဲ့ရလျှင် ဤသို့ဖြစ်လာနိုင်ပါဦးမည်လော။ ဓမ္မမိဌာန်ကျကျစဉ်းစားပြန်တော့ စာကြိုးစားပြီး မိဘဂုဏ်ဆောင်သည့် သမီးမှာ ဘာအပြစ်မှမရှိ။

ထိုကဲ့သို့ လိမ္မာရေးခြားရှိပြီး မိဘဂုဏ်မြှင့်တင်သော သမီးကို အားပေးချီးမြှောက်ရမည်မှာ မိမိတို့တာဝန်ပင်။

သားသမီးသုံးယောက်နှင့် ရောဂါသည်ဇနီးသည်တို့၏ စားရေး၊ ဝတ်ရေး၊ နေရေးအပြင် အပိုဆောင်းလူသားအရင်းအမြစ် အခြေခံပညာရေးတာဝန်တွေကိုပါ မိမိတစ်ဦးတည်း ဒိုင်ခံဖြေရှင်းနေရသောဘဝတွင် ၂ ရက်အလိုမှကြိုသိရသော ပြင်ဆင်မှုတစ်ခုကြောင့် တစ်သက်တာလုံးစောင့်ထိန်းလာရသော ရိုးသားမှုကို

ဆီတစ်ဂါလန်နှင့်လဲလှယ်လိုက်ရသည်။

လွန်ခဲ့သော ၃ ရက်ကဖြစ်၏။

"စုံညီပွဲတော်မှာ ဆုယူရင် သမီးဖိနပ်ကဟောင်းနေပြီ ဖေဖေ"

ပူဆာခြင်းမဟုတ်သော်လည်း အသိပေးတောင်းဆိုခြင်းမျိုး သတင်းပို့မှုတစ်ခုကို သမီးကြီးကဆိုလာခဲ့ပါသည်။

လတ်တလောအခြေအနေမှာ ငွေဝင်နိုင်မည့်နည်းလမ်းများကို စဉ်းစားကြည့်တော့ ရစရာအကြွေးလည်းမရှိသလို၊ ပေါင်နှံစရာဆိုတာလည်း မည်မည်ရရမရှိ။ သူများဆီက ငွေချေးရမှာကိုလည်း အင်မတန်ဝန်လေးလှသူမို့ အကောင်းဆုံးနည်းလမ်းကိုရှာကြည့်ရာ ကိုယ်မပိုင်သည့် ဆီကိုဒေါင်သေးသေးလေးကို မျက်လုံးထဲပြေးမြင်မိသည်။

"ဆီကိုင်တဲ့လက် ဆီပေတယ်ဆိုပေမဲ့ ကျွန်မယောကျ်ားကတော့ လက်အိတ်စွပ်ထားတယ်ထင်ပါရဲ့တော်"

ဆီကိုင်ရာထူးရပြီး မကြာမီမှာပဲ ဇနီးသည်က ချီးမြှောက်ခြင်းလော၊ အားမလိုအားမရပြုခြင်းလော စကားတစ်ခွန်းဖြင့် မှတ်ချက်ပြုခဲ့၏။

"ဒီလိုပဲ ငွေကို အဆင်ပြေအောင် လှည့်သုံးနေရတာပါပဲဗျာ၊ ဟိုဘက်ကငွေကို ဒီမှာခဏထားလိုက်၊ ဒီဘက်ကငွေ ဟိုမှာခဏဖြည့်လိုက်နဲ့ အလုပ်ကသင်ပေးသွားတာပေါ့"

"စာအုပ်ကြီးအတိုင်းလုပ်နေစရာမလိုပါဘူး ကိုခင်မောင်ရာ၊ ဘယ်သူမှ ရာနှုန်းပြည့်မှန်နေကြတာမှမဟုတ်ဘဲ၊ နောက်ပြီး ကျုပ်တို့က ကိုယ်ကျိုးအတွက်ခိုးဝှက်နေတာမှ မဟုတ်တာ၊ လုပ်ငန်းအဆင်ပြေအောင်လုပ်ရတာပဲ၊ အထက်လူကြီးတွေကိုယ်တိုင်က အဆင်ပြေအောင်လုပ်လို့ပဲ ပြောတာ"

လုပ်ဖော်ကိုင်ဖက်တွေရဲ့ စကားတွေကပဲ လတ်တလောပြဿနာကိုဖြေရှင်းဖို့ ခွန်အားတွေဖြစ်စေခဲ့သလားမသိ။ သို့သော် အခုကိစ္စက မိသားစုအရေးကိစ္စဖြစ်နေသည်။ ဆရာကလည်း စက်ရုံမှူးနှင့် ရန်ကုန်ကို အစည်းအဝေးပါသွားသည်။ နောက် တစ်ရက်နှစ်ရက်နေမှ ပြန်ရောက်မည်။ ကိုခင်မောင် စိတ်ကူးလိုက်သည်။ ဆီတစ်ဂါလန်ကို မည်သူ့ကိုမျှပြောမနေတော့ဘဲ မိမိအစီအစဉ်နှင့် ခဏချေးလိုက်မည်ဟု…။

❑

"ခင်ဗျား တော်တော်သစ္စာမဲ့တာပဲဗျာ၊ ကျုပ်တို့က ယုံကြည်စိတ်ချလို့ ဒီတာဝန်နဲ့သင့်လျော်တယ်ဆိုပြီး ဆီကိုဒေါင်မှာတာဝန်ပေးထားခဲ့တာ၊ ခုဟာက ယုံကြည်မှုကို အလွဲသုံးစားလုပ်တယ်၊ ဆီတစ်ဂါလန်ရဲ့တန်ဖိုးကို နမြောတာမဟုတ်ဘူးဗျ၊ ခင်ဗျားရဲ့ ကိုယ်ကျင့်တရားကို နမြောတာ၊ ခင်ဗျားလဲ ရှေ့လူတွေနဲ့ ထူးမခြားနားဘဲဗျာ"

ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဆရာဦးမျိုးခိုင်ပြောသမျှကိုသာ နားခံနေရုံမှတစ်ပါး အခြားမတတ်နိုင်ခဲ့ပါချေ။

မစစ်ဘဲနှင့်ပေါ်သွားသည့် ဆီတစ်ဂါလန်မှောင်ခိုရောင်းဝယ်ဖောက်ကားမှုတွင် တရားခံက ကိုစိန်ဌေးပဲလား၊ ကြားထဲက ကိုခင်မောင့်ကို အငိုက်ဖမ်းနေသူတစ်ယောက်ယောက်များလား ခွဲခြားလို့မရ။ လူတိုင်းနေချင်သည့်နေရာတစ်ခုမို့ အတိုက်အခိုက်တွေများမှန်းတော့ သိထား၏။ ကိုစိန်ဌေးက ကြံစိုက်တောင်သူတစ်ယောက်ဖြစ်ပြီး ကိုခင်မောင်နှင့်လည်း မျက်မှန်းတန်းမိသည်။ ဆီအရေးပေါ်လိုနေသော ကိုစိန်ဌေးနှင့် ငွေလိုနေသော ကိုခင်မောင်တို့ လတ်တလော နားလည်မှုစာချုန်လွှာကို ဆရာဦးမျိုးခိုင် ဘယ်ကကြားသွားသည်မသိ။

"ကျုပ်တို့ကို လုပ်ငန်းကိုင်ငန်းတွေ အဆင်ပြေစေဖို့ နိုင်ငံတော်က ငွေကုန်ကြေးကျခံပြီး ခုလိုထောက်ပံ့နေတာ ကိုယ်ကျိုးအတွက်မဟုတ်ဘူးလေဗျာ၊ ခရီးလေး ၂ ရက် ၃ ရက် သွားပါတယ်၊ နောက်မှာဖြစ်ချင်တိုင်းဖြစ်တော့တာပဲဗျာ"

"နောက်မဖြစ်စေရပါဘူး ဆရာ၊ ခုဟာကလဲ ငွေအရေးတကြီးလိုနေလို့ ကြံရာမရလုပ်လိုက်မိတာပါ၊ တကယ်တော့ ဒီဆီကို ကျွန်တော် ခဏချေးတဲ့သဘောပါ"

"ဟ...ခင်ဗျားက နမ့်ဗီးစကားမပြောပေမယ့်ကော ဘာထူးတော့မှာလဲ ကိုခင်မောင်၊ 'အစရှိ အနှောင်နှောင်' တဲ့၊ ထားတော့...ဒီတစ်ကြိမ်တော့ ရှိစေတော့ဗျာ၊ နောက်မဖြစ်ပါစေနဲ့ ကျုပ် ခင်ဗျားကိုယုံကြည်ပေးလိုက်မယ်၊ အလွဲသုံးစားလုပ်တာ မကောင်းဘူးဆိုတာတော့ မှတ်ထားဗျ"

❑

"ဟေး ... ဟေး ... ဟေး ... ကုန်ထုတ်ကွ"

"ဟေး ... ဟေး ... ကြံဝယ်ကွ"

မကြာခင်ကျရောက်မည့် စက်ရုံနှစ်ပတ်လည်နေ့အတွက် စက်ရုံမှူးဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပနေခြင်းဖြစ်ပြီး ဗိုလ်လုပွဲဖြစ်သည်နှင့်အညီ အကြိတ်အနယ်ရှိလှ၏။ ဌာနစုံမှ ဝန်ထမ်းစုံဖြင့် ကွင်းဘေးပတ်ပတ်လည် ပြည့်နှက်လျက်ရှိသည့်အပြင် အနီးအနားကျေးရွာက လူများပင် လာရောက်ကြည့်ရှုကြလေသည်။

"တွန်းထား ... တွန်းထား၊ ဘော်ဒီခု ... ဘော်ဒီခု"

သူ့ဌာန၊ ကိုယ့်ဌာန အပြိုင်ကြိုကြိုချိန်တွင် ကွင်းဘေးမှပရိသတ်ကလည်း အလျှော့မပေးခြင်းမရှိ။

"ကျောနံပါတ်(၆) အဝါကတ်...အဝါကတ်ပြပါဗျို့...ဒိုင်လူကြီး"

ကစားပုံကြမ်းသော ကုန်ထုတ်မှ ကစားသမားတစ်ဦးအား ကြံဝယ်ပရိသတ်များက အဝါကတ်ပြဖို့ တောင်းဆိုနေကြလေသည်။ မကြာမီ ဦးမျိုးနိုင်အားပေးသည့်ဘက်ခြမ်းသို့ ဘောလုံးရောက်ရှိလာ၏။ ဘောလုံးက ကြံဝယ်ကစားသမားနှင့် ပိုမိုနီးစပ်သည့်အနေအထားတွင် အရှိန်နှင့်ပြေးဝင်လာသည့် ကုန်ထုတ်ကစားသမားက ခြေစုံပစ်ဝင်လိုက်ရာ –

"ဖြောင်း...ဘုတ်...အွန့် "

ခြေနှစ်ချောင်းဆုံမိသံ၊ မြေပေါ်သို့လဲကျသံနှင့် ရင်ဘတ်ကိုဖိလျက်ညည်းညူသံတို့ ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာခဲ့သည်။ လဲကျသူက ချက်ချင်းပြန်ထပြီး ကစားပုံကြမ်းသည့်ကစားသမားကို တွန်းထိုးသည်။

"ဟာ... အဲဒါ တမင်လုပ်တာ၊ ကျော်သက်နိုင် ... မင်း တမင်လုပ်တာ မဟုတ်လား "

"ငါလဲဝင် သူလဲဝင်တာပဲ၊ နောက်ကျလို့ခံရတာ"

နှစ်ဖက်ကစားသမားများ တွန်းလား ထိုးလားဖြစ်ကုန်ကြသည့်နောက် ဒိုင်လူကြီးက ပွဲကိုမနည်းထိန်းလိုက်ရပါသည်။

ပရိသတ်ကလည်း "အနီကတ်...အနီကတ်" ဟု ပွဲတောင်းလျက်ရှိ၏။ ဒိုင်ဖြစ်သူက ပွဲထိန်းသည့်အနေဖြင့် ကစားသမားနှစ်ယောက်စလုံးကို ထုတ်ပယ်လိုက်သည်။ ပွဲပြီးဆုံးချိန်တွင် ကြံဝယ်အသင်းက အနိုင်ရရှိသွား၏။

နောက်တစ်နေ့မနက်မှာတော့ ကစားပုံကြမ်းသည့် ကစားသမားနှစ်ယောက် ဆရာဦးမျိုးနိုင်ရုံးခန်းတွင်းသို့ ရောက်ရှိခဲ့ကြပါတော့သည်။

"မင်းတို့ တော်တော်သစ္စာမဲ့ကြတာပဲ၊ ကိုယ့်အချင်းချင်း မေတ္တာတရားလဲမထားကြဘူး၊ ပျော်ရွှင်ရအောင် အားကစားပွဲလုပ်ပေးတယ်၊ ပုဂ္ဂိုလ်ရေးမကျေနပ်ချက်တွေနဲ့ ဘောလုံးကွင်းထဲမှာ လက်စားချေကြတယ်၊ ကျိုးပဲ့ကုန်ရင် ဘယ်လိုလုပ်မလဲ၊ ကိုယ့်ဝန်ထမ်းအချင်းချင်း ချစ်ချစ်ခင်ခင် ဖေးဖေးမမနဲ့ ညီအစ်ကိုစိတ်မွေးမယ်မရှိဘူး၊ အဲဒီလို ဝန်ထမ်းစိတ်တွေနဲ့ ဘယ်လိုလုပ် တိုင်းပြည်တာဝန်ကို ကောင်းကောင်းမွန်မွန်ထမ်းဆောင်နိုင်မှာလဲ၊ စက်ရုံမှူးတစ်ယောက်လုံး အားပေးနေတာတောင် မင်းတို့က သတ်ကြပုတ်ကြနဲ့ ကောင်းလားကွာ၊ မင်းတို့အချင်းချင်း ရည်းစားကိစ္စကြောင့်ဖြစ်တာ အကြောင်းမဟုတ်ပေမဲ့ ခုလိုပြိုင်ပွဲကိုခုတုံးလုပ်ပြီး ရန်စဖော်တာတော့မကောင်းဘူး၊

စည်းလုံးညီညွတ်မှုမရှိကြောင်း ဖော်ပြနေသလိုပဲ၊ ဒီလို ဝန်ထမ်းဘဝဆိုတာ ဆိုရခဲတယ်၊ ဆုံတွေ့ရတဲ့အချိန်မှာ ညီရင်းအစ်ကိုစိတ်နဲ့ နေသင့်တာပေါ့ကွာ၊ မနာလိုဝန်တို စိတ်တွေ၊ မကျေနပ်ချက်တွေနဲ့ဆို တစ်ယောက်နဲ့တစ်ယောက် ဘယ်မှာအဆင်ပြေနိုင်ပါ့မလဲ၊ ဒီနေရာမှာ တစ်သက်လုံးနေသွားကြမဲ့လူတွေ မဟုတ်ဘူး၊ နောင်တစ်ချိန်ပြန်တွေ့ရင် မိတ်ဆွေတွေအနေနဲ့ပြန်တွေ့တာ အကောင်းဆုံး၊ ဒါ့ကြောင့် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနေကြပါ"

လူဦးရေ ရာကျော်ရှိသော စက်ရုံဝန်ထမ်းများအား ကွပ်ကဲအုပ်ချုပ်ရသည်မှာ လွယ်တော့မလွယ်လှ။ သူတို့အားလုံး၏ အုပ်ချုပ်မှုကိစ္စအဝဝအား စက်ရုံမှူးကို တာဝန်ခံ တင်ပြရသည်။ မနက်တန်းစီမှစ၍ ညလုံခြုံရေးကင်းများစောင့်သည်အထိ ကိုယ်မပါလို့မရ။ သက်ဆိုင်ရာ တာဝန်ခံများရှိသည့်တိုင် တစ်ခုခုဆို ကိုယ့်ခေါင်းပေါ်ကဖြတ်ရသည်မို့ မသိတာမရှိအောင် လုပ်ထားရသည်မှာ ဦးမျိုးနိုင်၏တာဝန်ဝတ္တရားများသာပင်။

❑

ဒီမနက် စက်ရုံဝင်းမှာ လူတွေ ဟိုတစ်စုဒီတစ်စု တွတ်ထိုးနေကြသည်။

တန်းမစီခင်မှာလည်း တွတ်ထိုးကြသလို တန်းဖြုတ်တော့လည်း အမျှင်မပြတ်သေးကြ။ သို့လောသို့လောသတင်းတွေက အတည်ပြုဖို့ခက်လှသည်။ ကောလာဟလဆိုလျှင် ကာယကံရှင်သာနစ်နာရမည်ဖြစ်၏။

သို့သော် ဒီမနက် ဝန်ထမ်းများတန်းစီကွင်းသို့ ဆရာဦးမျိုးနိုင် ရောက်မလာခဲ့ခြင်းက စဉ်းစားစရာ ဖြစ်နေပြန်သည်။

"ညကပဲ ဆရာ့ကို စခန်းမှာ ထိန်းသိမ်းဖို့ခေါ်သွားတယ်တဲ့"

"ပြောသံကြားတာတော့ သကြားတွေ စာရင်းလျော့ပြမှုပါတယ်၊ ဆီတွေလဲ အလွဲသုံးစားလုပ်တယ်လို့ ပြောသံကြားတယ် "

"ဆရာဦးဝင်းကျော် ပြောင်းသွားရတာ သူ့စနက် မကင်းဘူးလို့လဲ ကြံဝယ်မန်နေဂျာကြီးကပြောတယ်ဗျ၊ ဦးမျိုးနိုင်က စီမံနေရာရဖို့ သူ့ဆရာဦးဝင်းကျော်ကို ပထုတ်ခဲ့တာလို့ ပြောကြတာပဲ၊ ကိုယ့်ဆရာတပည့်ပေမယ့် အမျှင်းမျှင်း လုပ်ရက်တယ်ဗျာ"

သတင်းတွေက မျိုးစုံလှသည်။ မည်သည့်သတင်းကိုအတည်ယူရမှန်းမသိ။ သို့သော် ဖြစ်လည်းဖြစ်နိုင်သည်။

လွန်ခဲ့သည့်တစ်ပတ်က ရုံးချုပ်ကစစ်ဆေးရေးအဖွဲ့တွေ စက်ရုံကိုရောက်လာကြသည်။ ဒီနှစ်ခုဆက်စပ်ကြည့်လျှင် ဆရာဦးမျိုးနိုင်ပြဿနာတွေက အကြောင်းအကျိုး ဟိုက်ဆိုင်နေသည်။

"တို့တွေ ငွေကြေးအဆင်မပြေလို့ လေးငါးဆယ်အိတ်ခိုးထုတ်တော့ ဟောလိုက်တဲ့ ဝန်ထမ်းကောင်းတရားတွေ၊ ခု သူကျတော့နည်းသလား၊ အိတ်ကိုရာနဲ့ချီလို့၊ ဒါတောင် ဒီတစ်နှစ်ပဲရှိအုံးမယ်၊ အရင့်အရင်ဟာတွေ ပါပါ့မလားတောင်မသိဘူး၊ ကောင်းပါတယ်၊ သူ့စရိတ်နဲ့သူပေါ့"

ကတ္တားတာဝန်ခံ အောင်ဝင်းဆီက စကားသံသဲ့သဲ့ကို ကိုခင်မောင် ကြားလိုက်ရသည်။

"ဒီမနက်ကြားတဲ့သတင်းက သေချာပြီလား ကိုစံရွှေ"

"အင်း ... ညတုန်းကတော့ ရဲကားတစ်စီး ဆရာဦးမျိုးနိုင်အိမ်ရှေ့ ရောက်လာတယ်ဗျ၊ စက်ရုံမှူးကားလဲ တွေ့လိုက်ရတယ်၊ လိုအပ်တာတွေ စစ်ဆေးမယ်လို့တော့ အသံကြားတယ် "

ကိုစံရွှေဆီကဆိုရင်တော့ သတင်းက သေချာသလောက်ရှိသည်။ ကိုစံရွှေက ကုန်ထုတ်ဌာနမှူးဆရာဝင်းအောင်၏ညီဖြစ်သည်။ ကုန်ထုတ်ဌာနမှူးနှင့်စီမံဌာနမှူးတို့က တစ်အိမ်သာခြား၏။

ကိုခင်မောင့်မျက်လုံးထဲ သူ့ဆရာဦးမျိုးနိုင်၏ ဖြူဖြူဖွေးဖွေး ပြည့်ပြည့်ဖြိုးဖြိုးမျက်နှာကြီးကို မြင်ယောင်လာမိသည်။

"ဆီဂိုဒေါင်ကိုင်တဲ့လူရဲ့ ဆိုင်ကယ်က ဆီပြတ်တယ်ဆိုတော့ ရယ်တော့ရယ်ရသား ကိုခင်မောင်ရ၊ ဟ...ဟ"

အဲဒီတုန်းကတော့ ထိုစကားကို ကိုခင်မောင် နားမလည်ခဲ့ပါ။ ပိုဆိုးသည်ကား –

"အရန်ဆီထဲက တစ်ပုံးလောက် ကျုပ်ကားပေါ် တင်ထားစမ်းပါအုံးဗျာ၊ ဒီနေ့ကြီတောင်သူတွေဆီ သွားဖို့ရှိတယ်ဗျ၊ စက်ရုံမှူးကလဲ တစ်ခုခုဆို ကျုပ်မပါရင် မပြီးဘူးနဲ့ကူတယ်၊ တစ်လတစ်လ သွားရလာရနဲ့ ခွဲတမ်းရတဲ့ဆီက မလောက်ချင်ဘူး"

ကိုခင်မောင်ကတော့ ဆီစာရင်းကိုင်သော်လည်း အခြားလုပ်ငန်းသုံးယာဉ်များကိုသာ စာရင်းမှတ်၏။ ဆရာဦးမျိုးနိုင်နှင့် အခြားတာဝန်ရှိလူကြီးများ၏ စာရင်းကိုတော့ တရားဝင်လယ်ဂျာနှင့်မှတ်သားခြင်း မရှိ။

သီးခြားစာအုပ်အလွတ်နှင့်သာ မှတ်သားပေးထားတာဖြစ်သည်။ နောက်ပြီး ဘယ်သွားမှာလဲ၊ ဘာလုပ်မှာလဲတွေ မေးပိုင်ခွင့်လည်း မရှိ။ သာမန်ဆီရော အရန်ဆီပါတောင်းလျှင် ထုတ်ပေးလိုက်သည်။

"ချပေးထားတဲ့ဆီတွေ နည်းတာမဟုတ်ဘူး၊ ကြားမှာကို သူစာရင်းဖျောက်ထားတာတွေက တစ်လ ဆယ်ဂါလန်လောက်ရှိတယ်"


ဒါတွေကို ကိုခင်မောင် မသိချင်တော့ပါလေ။ စိတ်လည်းမဝင်စားမိ။

စိတ်မဝင်စားဘူးဆိုကာမှ ဆီတစ်ဂါလန် အလွဲသုံးစားလုပ်မှုကြောင့် သူ့ကိုတရားပေါခဲ့သော ဆရာ ရုပ်လွှာကိုမြင်ယောင်မိပြန်သေး၏။ ထိုစဉ်က ဆရာ မျက်နှာသည်ကား လောကတစ်ခုလုံးတွင် တည်ကြည်ဖြောင့်မတ်ဆုံးသော ခုံရုံးတရားသူကြီးတစ်ဦးနှယ်ပါပေ။ မည်သို့ပင်ဖြစ်စေ ကိုခင်မောင်အတွက်တော့ ကြီးသည်၊ ငယ်သည်မဟူ လုပ်ဖော်ကိုင်ဖက်တစ်ဦးကို ဆုံးရှုံးရမည်ဖြစ်သောကြောင့် စိတ်မကောင်းဖြစ်ရုံမှတစ်ပါး .... ။ ။

**နွေကုံကော်(မြို့လု)**

# ဆောင်းအဖွင့်တေး

မိုးထက်လူ



မှတ်သုံကို နောက်ကောက်ချ
မြောက်ရပ်က ဆောင်းတမန်။
မိုးငွေ့ကို မောင်းထုတ်လို့
ဆောင်းသရုပ်ဖန်။
ညင်းလေသွေးပါလို့
နှင်းခြွေတေးနဲ့ အောင်ပွဲခံ
ဟေမန်ကို တံခါးဖွင့်။
အခြေကောင်းပြီမို့
ဆောင်းဒေဝီ အမြန်ရောက်အောင်
လျှောက်တင်ကာပင့်။

ဆောင်းနတ်မယ် ဆင်းချိန်သင့်လို့
ငွေနှင်းပွင့် ပဝါခြုံ။
မဟာ်မွှေးရည် ဖျန်းကာမှုတ်
နှင်းဝတ်လွှာရုံ။
အဆင်းတောက်ဖို့
နှင်းသောက်မဲ့ ပန်းမန်စုံ
ဆောင်းရိပ်မြို့ ခိုဝင်ကြ။
လေညင်းနဲ့ နှင်းခြေသံမှာ
စည်းချက်မှန် သံစဉ်မြူးကဲ့
ဆောင်းဦးဂီတ။ ။

➤ မောင်မိုးယံ

# ဂျာဝတီမှ နေရဉ္စရာသို့ (၃၂)



ကျောက်ဂူအတွင်းမှ ထွင်းထုလက်ရာများ



တောင်ခြေရှိ ဆွန်းဘဏ္ဍာတိုက်

## ရင်နင့်ဖွယ်ရာ ရာဇဂြိုဟ်မှာ

ကျွန်တော်တို့ ဝေဘာရတောင်ခြေဈေးတန်းဦးပင် ဘုန်းကြီးကျောင်းမှချက်ပြုတ်လာသော ထမင်းဟင်းများဖြင့် နေ့လယ်စာစားကြပြီး ဘုရင်ကြီးဗိမ္ဗိသာရ၏ ဆွန်းဘဏ္ဍာတိုက်ရှိရာသို့ သွားကြပါသည်။ ဘဏ္ဍာတိုက်သည် ရေပူစမ်းနှင့်မလှမ်းမကမ်း ဝေဘာရတောင်ခြေမှာပင်ရှိပါသည်။ ဆွန်းဘဏ္ဍာတိုက်သို့ရောက်ချိန်တွင် မွန်းလွဲ ၁ နာရီရှိပြီဖြစ်ပြီး နေအလွန်ပူနေပြီဖြစ်သည်။ ခရီးစဉ်တစ်လျှောက် အအေးအကျီမချွတ်ရဘဲ ယခုတိုင် အေးနေဆဲဒေသသည် ရာဇဂြိုဟ်ပင်ဖြစ်သည်။ တောင်များအလယ်ဟွင်ရှိနေသောကြောင့်ဖြစ်မည်ထင်သည်။


ကျွန်တော်တို့ခရီးသွားအဖွဲ့ ကားပေါ်မှဆင်းပြီး ဆွန်းဘဏ္ဍာတိုက်ရှေ့ရောက်သည်နှင့် မျောက်များပြေးထွက်လာပြီး အစာတောင်းကြပါတော့သည်။ အပေါက်ဝတွင် မျောက်စာရောင်းသောဆိုင်များရှိပါသည်။ သူငယ်ချင်း မျိုးမြင့်သန်းက "ပစ္စည်းတွေသေချာကိုင်ထားကြဟေ့၊ ဒီနေရာကနာမည်ကြီးတယ်၊ ဘဏ္ဍာတိုက်ကပစ္စည်းမရဘဲ ကိုယ့်ပစ္စည်းမျောက်ဆွဲသွားလို့ ပြန်မရတဲ့သူတွေရှိတယ်"ဟု ဆိုလိုက်ရာ အမျိုးသမီးများလန့်သွားကြပါသည်။ ကျွန်တော်ပင်လျှင် ဘေးလွယ်အိတ်ကို စလွယ်သိုင်းကာ ခြံစည်းရိုးအတွင်း လျှောက်သွားလိုက်ပါသည်။ မျောက်များသည် လူနှင့်အတော်ယဉ်ပါးနေကြပြီး သွားလေရာကပ်ပါလာရာ ကြောက်တတ်သူခရီးသွားအချို့ အော်ဟစ်နေကြပါသည်။

ဆွန်းဘဏ္ဍာတိုက်ဟုခေါ်သော ကျောက်ဂူသည် ခြံစည်းရိုးအတွင်း ကားလမ်းမှ ပေ ၂၀၀ ခန့်အကွာတွင်ရှိပြီး ကျောက်တောင်နံရံကိုဖောက်ထားသောလိုဏ်ခေါင်းဖြစ်ပါသည်။ အပေါက်နှစ်ပေါက်ရှိပြီး တစ်ပေါက်စီတွင် ဂူတစ်ဂူစီရှိပါသည်။ ဂူထဲသို့ဝင်ကြည့်ရာ ဂူနံရံတွင် ရုပ်ပေါ်မှုဘုရားပုံ၊ ဟိန္ဒူစာအက္ခရာအချို့နှင့် အဝတ်မပါ ကိုယ်လုံးတီးရဟန်း(ဂျိန်းရဟန်း)ပုံများကို မြင်တွေ့ရပါသည်။ ဂူအတွင်း၌ ၁ ပေပတ်လည် အလင်းပေါက်ဖောက်ထားရာ ကျွန်တော်တို့ ဓာတ်ပုံရိုက်ရန် အလင်းရှိရာ

နေရာကို လုပ်နေကြရပါသည်။ ဂူတစ်ခုစီသည် ၃၅ ပေ အကျယ်၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေ ခန့်ရှိပါသည်။ ဗိမ္ဗိသာရ၏ ရွှေတိုက်တော် ပြည်သူ့ဘဏ္ဍာနှင့် ရတနာ ငွေကြေးထားရှိရာနေရာသည် ရှေးက ကျောက်တံခါးများရှိလေမလားဟု ထင်မိသော်လည်း ယခုတော့ ခေါင်းငုံ့ကာတိုးဝင်ရသော အလျား ၃ ပေ အကျယ်၊ အမြင့် ၆ ပေမျှသာရှိသော ဝင်ပေါက်အဖြစ်သာတွေ့ရပါသည်။ ရှေးက လူတို့၏ ခန္ဓာကိုယ်အလွန်ကြီးထွားပုံမရပေ။ ဂူ၏ပုံသဏ္ဌာန်ကိုကြည့်ပြီး လူကိုချုပ်နှောင်ထားသောအခန်းလည်း လုပ်နိုင်သည်ဟု တွေးမိပါသည်။

လမ်းပြရှေ့ဆောင်ရဟန်းက ဒီနေရာကို တချို့က အဇာတသတ်မင်း ပထမသင်္ဂါယနာတင်သောနေရာဟုဆိုကြကြောင်း၊ ဂူပေါက်အထက်မှ စင်မြင့်သဏ္ဌာန်ကျောက်ပြင်သည် ထေရ်ကြီးဝါကြီးရဟန်းတို့ထိုင်သည့်နေရာဖြစ်ပြီး ရှေ့က ရင်ပြင်တော်မှာ ရဟန်းအပါး ၅၀၀ တို့ စုဝေးရာဖြစ်နိုင်သည်ဟု ဆိုပါသည်။ နှစ်ကာလ ၂၆၀၀ ကျော်သော ကာလရှည်ကြီးအတွင်း ဖြစ်ပျက်မှုမှန်သမျှတို့သည် ဘယ်အရာကမှန်သည်ဟု တပ်အပ်မပြောနိုင်သလို သမိုင်းတည်နေရာများကို ယုံကြည်မှုထက် သင်ခန်းစာနှင့် သံဝေဂရယူမှုက ပို၍ အကျိုးရှိနိုင်သည်ဟု ကျွန်တော် နှလုံးသွင်းလိုက်ပါသည်။ ဗိမ္ဗိသာရမင်းသည် အကြံအစည်ကြီးမားစွာ ရွှေတိုက်တော်ကို ဆောက်ခဲ့သော်လည်း ဘုရားရှင်ကို ကျောင်းဆောက်လှူဒါန်းရသောကုသိုလ်မှလွဲ၍ နောက်ဆုံးဘဝခရီးသည် အကျဉ်းစံဘဝဖြင့် အကုသိုလ်အကျိုးပေးခဲ့သောဒုက္ခက မသေးလှချေ။

ကျွန်တော်တို့ ဗိမ္ဗိသာရမင်း၏ ဘဏ္ဍာတိုက်မှ ပြန်လည်ထွက်ခွာကြပြီး မလှမ်းမကမ်းရှိ မဏိယာမတ်ဟုခေါ်သော မြတ်စွာဘုရား၏ ဓာတ်တော်များထည့်ထားခဲ့သည့် အဇာတသတ်ဓာတ်တော်တိုက်ကို ဝင်ကြည့်ကြပါသည်။ ကုန်းအောက်တွင် အုတ်ခုံအတွင်း အုတ်ရိုးစီကာ ရေတွင်းပုံသဏ္ဌာန်အမိုးမိုးထားသော အဆောက်အအုံငယ်ကို တွေ့ကြရပါသည်။ ကုန်းအပေါ်မှပင် အောက်သို့ငုံ့ကြည့်လိုက်ပါသည်။ ယင်းအဆောက်အအုံကို ၁၈၆၁ ခုနှစ်က ကျောက်စာဝန် မစ္စတာကန်နင်ဟန်က မပျက်မစီးဘဲ တူးဖော်နိုင်ခဲ့ကြောင်း သိရသည်။ ဗုဒ္ဓရုပ်ပွားတော်များ၊ လဲလျောင်းနေသော မယ်တော်မာယာရုပ်တုများ၊ ဂျိန်းဘာသာဝင်ရုပ်တုများ တွေ့ရှိခဲ့ရသည်ဟု ဆိုပါသည်။ ဂျိန်းဘာသာဝင်ရုပ်တုများကိုတွေ့ရခြင်းသည် ထိုစဉ်က ဂေါတမဘုရားနှင့် ခေတ်ပြိုင် မဟာဝီရကို ကိုးကွယ်သူများရှိခဲ့သည်ဟူသော သက်သေပင်ဖြစ်ပါသည်။ ဂေါတမဘုရားသည် မဟာဝီရဂျိန်းဆရာနှင့် ဘာသာရေးဆွေးနွေးမှုများရှိခဲ့သည်ဟုဆိုရာ 'ငါ့ဘာသာမှ မှန်သည်'ဟု အယူမရှိခဲ့ကြောင်း ထင်ရှားပါသည်။ ဗုဒ္ဓဘာသာပျောက်ကွယ်သွားသောအခါ ဤနေရာတွင် ဟိန္ဒူတို့က နဂါးမင်းကိုပူဇော်သော နေရာလုပ်ခဲ့၍ မဏိယာမတ်နတ်နန်းဟု အမည်ပေးခဲ့သည်။


စာရေးသူနှင့် ကျောက်ဂူ

အဇာတသတ်မင်းသည် ဓာတ်တော်များကို အတောင် ၆၀ အနက်တူးထားသော မြေအတွင်း ကြေးနီပြားခင်းကာ ရတနာကြုတ်တွင် ထည့်သွင်းပြီး တွင်းဆိပ်၌ ရှစ်ကျိပ်သော မဟာသာဝကတို့၏ စေတီကို တည်ခဲ့သည်ဟုဆိုသည်။ ၃ ရာစုတွင်

အသောကမင်းက ပြန်လည်တူးဖော်ကာ ၉ ကိုင်း ၉ ဌာန အဖွဲ့ဖွဲ့၍ ရဟန်းတော်တို့အား ဓာတ်တော်များနှင့် ပိဋကတ် ၃ ပုံကို ပေးအပ်ခဲ့ပြီး သာသနာပြုစေလွှတ်ခဲ့သည်။ အချို့နေရာ၌ ဓမ္မစေတီ၊ အချို့နေရာ၌ ဥဒ္ဒိဿစေတီ၊ အချို့နေရာ၌ ဓာတုစေတီများ တည်ထားစေခဲ့သည်ဟု သိရပါသည်။ ကျွန်တော်တို့ ဓာတ်တော်တိုက်မှ ပြန်ထွက်လာကြပြီး ဗိမ္ဗိသာရမင်းကို သားတော် အဇာတသတ်က ဖမ်းဆီးအကျဉ်းချထားသော အကျဉ်းထောင်နေရာကိုသွားကြပါသည်။


အဇာတသတ်ဓာတ်တော်တိုက်

ဗိမ္ဗိသာရအကျဉ်းထောင်သည် ကားလမ်းမမှ အတွင်းသို့ ပေ ၁၀၀ ခန့် လမ်းလျှောက်ဝင်ရပါသည်။ ရှေးယခင်က ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် လူသွားလူလာ မရှိသောနေရာကို အစိုးရကခွင့်ပြု၍ သမိုင်းပညာရှင် ကန်နင်ဟန်က ပြန်လည်တူးဖော်ခဲ့သည်ဟုဆိုသည်။ အကျဉ်းထောင်နေရာ၌ သက်သေခံပစ္စည်းများဖြစ်သော သံခြေချင်း၊ သံကြိုး၊ သံတိုင်များကို တွေ့ရှိခဲ့ရသည်ဟုဆိုသည်။ အဆိုပါပစ္စည်းများကို ကိုလ်ကတ္တားရှိ ရှေးဟောင်းပြတိုက်တွင်ထားရှိကြောင်းသိရပါသည်။ ကျွန်တော်တို့ ၆ ပေအကျယ် မကျယ်သား လမ်းလေးမှ အကျဉ်းထောင်ကို ဝင်ရာလမ်း၌လည်း မျောက်အုပ်များကို တွေ့ရပြန်သည်။ လမ်းဘေး ပတ်ဝန်းကျင်သည် ချုံများ၊ ဆူးပင်များနှင့် တူးဆွထားသောမြေချိုင့်များကို တွေ့ရပါသည်။ ပိုက်ဆံတောင်းသူများကို လူသွားလူလာများသော နေရာတိုင်းမှာတွေ့ရပါသည်။ ကျွန်တော်တို့ ဗိမ္ဗိသာရကိုချုပ်နှောင်ထားသော အကျဉ်းထောင်ဟု သတ်မှတ်ထားသည့် အုတ်ခုံကြီးကို စတင်ရောက်ရှိသည်နှင့် အဇာတသတ်၊ ဗိမ္ဗိသာရမင်းနှင့် မိဖုရားကြီးဝေဒေဟီတို့ကို မျက်စိထဲ မြင်ယောင်သွားကာ ဝမ်းနည်းကြေကွဲမှုကို ခံစားလိုက်ရပါသည်။

ယေ်စဉ်ကပင် နားထဲ၌စွဲနေသော အဆိုတော် မာမာအေးသီဆိုသည့်သီချင်းကို ကြားယောင်မိပါသည်။ "ရှေးလွန်လေပြီးသောအခါ ... ရာဇဝင်ပြိုင်တိုင်းမဟာ

... ဘုရင်ဗိမ္ဗိသာရ သူ့သားလေ့ရတနာ ... အဖကိုသာ သတ်မဲ့သားလို့ ပုဏ္ဏားတော်များဟောကြားခဲ့တာ... ဖခင်ဘုရင်ကြီးမှာ (မကြားလိုပါ)၊ သတ်လိုရင်သတ်ပါစေတော့ ... မလျှော့သောမေတ္တာတွေပါ ... သီတာရေစင်ပမာ တသွင်သွင်စီးကျနေတာ... သတ်ရန်ဝေလာဘေး ... သားတော်လေးရဲ့လက်မှာ ခုနာပေါက်တဲ့အခါ အနာပြည်ကိုက်ကာ ရှိုက်ကာငိုကြွေးပါလို့ ... မအိပ်နိုင် မစားနိုင် တမှိုင်မှိုင်ဆေးနေရရှာ ... ဗိမ္ဗိသာရ ချစ်လှတဲ့ ဘုရင်ကြီးခမျာ ... ရင်နှစ်သည်းချာ ... သားတော်ရဲ့ ပေဒနာကိုသာ သက်သာစေဖို့ အာခံတွင်းထဲမှာ ..."

ကျွန်တော် သီချင်း၏အရသာကို ကြေကွဲစွာ ခံစားရင်း အကျဉ်းထောင်ဟုဆိုသော ပေ ၂၀၀ ပတ်လည်ခန့်ရှိသည့် အုတ်ခုံပေါ်သို့တက်လိုက်ပါသည်။ ဟိုးအဝေး အရှေ့ဘက်မြင်ကွင်းတွင် မှိုင်းပျပျတောင်တန်းကြီးကို မြင်တွေ့ရပါသည်။ မြတ်စွာဘုရား တစ်ဝါသီတင်းသုံးခဲ့သော ဂိဇ္ဈကုဋ်တောင်ဟုဆိုပါသည်။ ဘုရင်ဗိမ္ဗိသာရသည် ဤနေရာမှ မြတ်စွာဘုရားရှင်ကို မျက်လုံးကျွတ်မတတ် ငေးကြည့်မှုဖော်ရင်း သားဆိုး၏နှိပ်စက်မှုဒဏ်ကို ခံရရှာပါလားဟု တွေးတောမြင်ယောင်မိလိုက်ပါသည်။

ငယ်စဉ်ကကြည့်ခဲ့ဖူးသော ဘုရင်ဗိမ္ဗိသာရ ရုပ်ရှင်ကားတွင် အောဝမ်းဦးတင်မောင်၊ ဝင်းဦးနှင့် ကြည်ကြည်ထွေးတို့၏ သရုပ်ဆောင်ဟန်များ မျက်စိထဲတွင်ပေါ်လာပြီး အဇာတသတ်ကို စိတ်ထဲတွင်နာကျင်


ဗိမ္ဗိသာရသည် ဤနေရာမှ မြတ်စွာဘုရားရှိရာ ဂိဇ္ဈကုဋ်တောင်ကို ဦးခိုက်ခဲ့

သို့ ဝေဒေဟီမိဖုရားသည် သားဖြစ်သူ မသိအောင် လင်တော်မောင်ကို စားစရာ ခိုးပို့ခဲ့ပုံကိုလည်း မြင်ယောင်မိပါသည်။ 'ဗိမ္ဗိသာရကို မယုံကြည်ရဘူး၊ အာဏာ ပြန်သိမ်းနိုင်တယ်၊ သတ်လိုက်တာ အေးတယ်' ဆိုသော ဒေဝဒတ်၏ စကားကိုယုံကာ လူသတ်ကုန်းသို့ မြင်း ရထားလုံးဖြင့် ဖမ်းဆီးခေါ်ဆောင်လျက် လူသတ်သမားတို့သတ်ဖြတ်နေပုံများ ကို မြင်ယောင်မိသောအခါ ကျွန်တော် ဒီ နေရာမှ အမြန်ဆုံးပြန်ထွက်ခွာလိုစိတ် ဖြစ်မိပါသည်။ ဂေါတမမြတ်စွာဘုရား သည် ဂိဇ္ဈကုဋ်တောင်တွင်ရှိနေပါလျက် ဒေဝဒတ်နှင့် အဇာတသတ်တို့၏ လုပ်ရပ်များကို သိနေမည်ဖြစ်ပေ လိမ့်မည်။ ဘာကြောင့်မတားခဲ့သလဲ၊ မကယ်ခဲ့သလဲ ဟု တွေးမိပါသည်။ ကျွန်တော်၏ စိတ်အာရုံသည် ဟိုးအဝေးဆီတောင်တန်းကြီးပေါ်ရှိ မြတ်စွာဘုရား သီတင်းသုံးရာသို့ ရောက်ရှိသွားပြီး လူ့လောကကြီးမှာ မိခင်၊ ဖခင်ကို စော်ကားပြစ်မှားသော သားဆိုးသမီး ဆိုးများ မရှိပါစေနှင့်၊ မမွေးဖွားပါစေနှင့်၊ မကြားလို၊ မတွေ့လိုပါရစေနှင့်ဟု မြတ်ဘုရားထံ ဆုတောင်းမိပါ သည်။

ကျွန်တော်တို့ ဗိမ္ဗိသာရအကျဉ်းထောင်မှ လေးလံ သောခြေလှမ်း၊ ပူဆွေးသောစိတ်များဖြင့် ပြန်လည်ထွက် ခွာကြပြီး ကားဖြင့်ခရီးဆက်ကြရာ လမ်းခရီး၌ သံစကား များကာထားသော ဆရာဇီဝကသရက်ခြံသို့ရောက်ရှိကြ ပါသည်။ ဇီဝကသရက်ခြံဥယျာဉ်မှာ ဗိမ္ဗိသာရမင်းက သူ၏ဂရင်ဂျီနာရောဂါကိုပျောက်ကင်းအောင်ကုသပေး သောကြောင့် ဆရာဇီဝကကို လက်ဆောင်ပေးခဲ့ခြင်းဖြစ် သည်။ ဆရာဇီဝကသည်လည်း သရက်ဥယျာဉ်တွင် ကျောင်းဆောက်လုပ်ပြီး မြတ်စွာဘုရားကိုသီတင်းသုံးရန် လှူဒါန်းခဲ့သည်ဟုဆိုပါသည်။ ဒေဝဒတ်က မြတ်စွာ ဘုရားကို ကျောက်တုံးဖြင့်လှိမ့်ကာလုပ်ကြံစဉ်ကရရှိသော ခြေထောက်ဒဏ်ရာကို ဇီဝကက ဤနေရာ၌ပင်ကုသပေး

မိနေဆဲဖြစ်ပါသည်။ ဖခင်ထံမှမင်းအာဏာကို သူ ကိုးကွယ်သော၊ သူမြှောက်စားထားသော ရှင်ဒေဝဒတ် ကမြှောက်ပေးတိုင်း ယုံကြည်ပြီး ခမည်းတော်ကိုဖမ်းဆီး ချုပ်နှောင်ကာ ထီးနန်းကိုသိမ်းပိုက်ခဲ့သည်။ ဥမမည် စာမမြောက်သောလူငယ်လေးကို စိတ်ရိုင်းဓာတ်သွင်း ခဲ့သော ရှင်ဒေဝဒတ်သည် ဂေါတမဘုရားကိုကြည်ညို ကိုးကွယ်သော ဗိမ္ဗိသာရမင်းအပေါ် အမျက်မာန်ရှအပြိုး ထားခဲ့သည်။ သူ့ကိုနေရာမပေးသော ယောက်ဖ တော်စပ်သည့် ဂေါတမဘုရားကိုလည်း အငြိုးကြီးခဲ့ သည်။ ဒေဝဒတ်သည် မြတ်စွာဘုရား၏ လက်ဝဲရံ၊ လက်ယာရံများအပေါ် မုန်းတီးကာ သေကြောင်းကြံ ခဲ့သည်။ မြတ်စွာဘုရားကို အဇာတသတ်၏စစ်သည် တော်များသုံးကာ လုပ်ကြံခဲ့သည်။ သူသည် အကြံကြီး စွာ ဂေါတမမြတ်စွာဘုရား၏နေရာကို ရလိုမှုဖြင့် လုပ်ကြံခဲ့သလို ဖခင်အားသတ်ရန် သားတော်ကို မြှောက်ပေးခဲ့သည်မှာ ကောက်ကျစ်စဉ်းလဲ ရက်စက် သောလုပ်ရပ်ဟု ကောက်ချက်ချရမည်ဖြစ်ပါသည်။

ဖခင်ရင်းကိုဖမ်းဆီးချုပ်နှောင်ပြီး ခြေဖဝါးကိုခွဲ ဆားနှင့်ပက်၊ သံခြေချင်းဖြင့်တုပ်နှောင်ကာ ဒီနေရာတွင် ထားခဲ့ပါသည်ဟု လမ်းပြဦးပဥ္စင်းကဆိုသောနေရာသည် ကျောက်တုံးကြီးများစီကာ လေးထောင့်ပုံအုတ်ရိုး၏ အလယ်ရှိ မြေကွက်လပ်ကြီးဖြစ်ပါသည်။ ဤနေရာ

ခဲ့သည်ဟုဆိုသည်။ မြတ်စွာဘုရားသည် သရက်ခြံ၌ ဇီဝကသုတ်တော်များကိုဟောကြားခဲ့သည်။ ဆရာ ဇီဝကသည် ဂေါတမမြတ်စွာဘုရားနှင့် ဗိမ္ဗိသာရ၏ ဆေးပညာသမားတော်ဖြစ်ရုံမက အဇာတသတ်မင်း၏ ကျေးဇူးရှင်လည်းဖြစ်သည်။ မြတ်စွာဘုရား ဝမ်းကိုက်ရောဂါစံစားရစဉ်ကလည်း ဝေဠုဝန်ကျောင်းတော်၌ ကုသပေးခဲ့ရသည်။

အဇာတသတ်မင်းသည် ဖခင်ရင်းကိုသတ်သည့်နေ့၌ပင် သူ၏သားတော် ဖွားမြင်ခဲ့သည်။ သားတော်မွေးဖွားသည်ဆိုသောသတင်းကြောင့် ပျော်ရွှင်ကြည်နူးခဲ့ရသည်။ သူ၏အပျော်ကို မိခင်ကြီးထံကူးစက်စေရန် သွားရောက်တွေ့ဆုံပြောပြခဲ့ရာ မယ်တော်ဝေဒေဟီမိဖုရားကြီးက "သားတော်အရှင်မင်းကြီးရဲ့ ခမည်းတော်ဟာလဲ အရှင်မင်းကြီးကိုချစ်တာပါပဲ၊ သားတော်ချစ်တာထက် မလျော့နိုင်ပါ" ဆိုသောစကားကြောင့် အဇာတသတ်မင်း နောင်တကြီးစွာရခဲ့ပြီး ဖခင်ကိုလွှတ်ပေးရန်မှုပြန်ခေါ်ခိုင်းရာ နောက်ကျသွားခဲ့ပြီဖြစ်သည်။ ဖခင်ကိုသတ်မိသောနောင်တကြောင့် ပူဆွေးသောကရောက်ကာ နာမကျန်းဖြစ်ခဲ့သည်။ ဆရာဇီဝကက ဆေးကုသပေးပြီး သူ၏သရက်ခြံဥယျာဉ်၌ သီတင်းသုံးနေသော ဂေါတမမြတ်စွာဘုရားထံ ခေါ်သွားခဲ့သည်။ အဇာတသတ်က သူသည် ခမည်းတော်ဗိမ္ဗိသာရမင်းကို သတ်မိပါသည်ဟု ဝန်ခံခဲ့သည်။ မြတ်စွာဘုရားက ရဟန်းဝတ်ခြင်းအကျိုး သာမညဖလသုတ္တန်ကိုဟောကြားရာ ကုသိုလ်စိတ်ပြန်ဖြစ်ပြီး သာသနာ့ဘောင်သို့ ခေတ္တဝင်ရောက်ခဲ့သည်။ လောကများအတွက် နောင်တတရားရသွားခဲ့ရသည်ဟုဆိုသည်။

မိမိ၏ကျူးလွန်မှုများအပေါ် ကုသိုလ်ပြုလိုစိတ်များဖြစ်ပွားနေခိုက် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သွားပြီဟု ကြားသိရသောအခါ အဇာတသတ်မင်းသည် ရူးမတတ်ခံစားခဲ့ရပြီး မစားနိုင်မသောက်နိုင်ဖြစ်သွားသည်ဟု ဆိုပါသည်။ အစွန်းရောက်သောစိတ်မာတတ်ရှိသူ၊ ယုံလွယ်သူ၊ ဒေါသကြီးသူ ဘုရင်တစ်ပါး၏ လုပ်ရပ်နှင့် သံဝေဂကို သင်ခန်းစာယူမိပါသည်။

ကျွန်တော်တို့ ဆရာဇီဝကသရက်ခြံဥယျာဉ်ကို အပြင်ဘက်မှသာ ခေတ္တကြည့်ကြပါသည်။ သရက်ခြံဥယျာဉ်ကို ၁၉၂၄ ခုနှစ်တွင် အိန္ဒိယသမိုင်းပညာရှင် ဒေါက်တာပတီးလ်ဆိုသူက စတင်တူးဖော်ခဲ့ပါသည်။ ၁၉၅၄ ခုနှစ်တွင်ယပ်မံတူးဖော်ရာ ထူးထူးခြားခြား မတွေ့ရဘဲ အဆောက်အအုံဟုယူဆရသော အခန်းနံရံများကိုသာ တွေ့ခဲ့ရကြောင်း သိရှိရပါသည်။

ကျွန်တော်တို့ ဇီဝကသရက်ဥယျာဉ်မှ ရှေ့ခရီးဆက်ကြရာ ပတ်ဝန်းကျင်တစ်ခွင်မြင်ကွင်းတွင် စိမ်းစိုခြင်းမရှိသော ကျောက်တောင်ကြီးများ၏အလယ်မှ ကားလမ်းသည် တောင်ကြောများကိုကွေ့ပတ်ကာ ဖြတ်သန်းနေပါသည်။ ဤနေရာသည် တစ်ချိန်က မြင်းစွာသံ၊ စစ်ဖိနပ်သံ၊ ဆင်အော်သံ၊ ဓား၊ဒိုင်းတို့ဖြင့် ထိုးခုတ်သံ၊ စစ်မိန့်သံတို့ မြည်ဟည်းခဲ့ပေလိမ့်မည်။ မာဂဓနိုင်ငံသားများစွာသည် အာဏာစက်ပြင်းထန်သော အဇာတသတ်မင်းကိုကြောက်ကြရ၏။ အဇာတသတ်မင်းသည် ဒေဝဒတ်ကိုမြှောက်စားကာ ဆရာတင်ခဲ့သည်။ အဇာတသတ်မင်းသည် ဖခင်ကိုသတ်သောကံကြွေးကြောင့် သားဖြစ်သူ ဥဒယဘဒ္ဒကလည်း မင်းအဖြစ်ကိုရယူရန် ဖခင်ကိုလုပ်ကြံသတ်ဖြတ်ခဲ့ပြန်သည်။

အဇာတသတ်မင်းမှစ၍ ဖခင်ကိုလုပ်ကြံသတ်ဖြတ်ခဲ့သောသမိုင်းသည် မင်း ၅ ဆက်တိုင် အစွန့်ရှည်ခဲ့သည်။ ဖခင်ကိုသတ်ဖြတ်လုပ်ကြံကာ မင်းအဖြစ်ကိုရယူခဲ့သော သွေးစွန်းသောရာဇဂြိုဟ်၊ မြတ်စွာဘုရားကို သေကြောင်းကြံကာ သွေးစိမ်းရှင်ရှင်ထွက်အောင်ပြုခဲ့သော အကျည်းတန်သော ရာဇဂြိုဟ်၊ ရှင်ဒေဝဒတ်၏ အကြံပက်စက်မှုများဖြင့် ရက်စက်သောရာဇဂြိုဟ်တွင် ကျွန်တော်ခြေချမိခြင်းအတွက် လောဘ၊ ဒေါသ၊ မောဟတရားတို့ကိုကား ဆင်ခြင်အပ်၏ဟူသောအတွေးများ ပျံ့လွင့်လျက် ဝဋ်နာကံနာဆိုသည်မှာ ရှောင်လွှဲ၍မရသော ဘဝသံသရာပါလားဟု သံဝေဂရမိပါသည်။ ။

**မောင်မိုးယံ**

# မေတ္တာဝန်းကျင်



✔ မြင်းမူမောင်နိုင်မိုး

(၁)

လွန်ခဲ့သော ၄ လခန့် မိုးတွင်းကာလ၏ တစ်နံနက်ခင်းတွင်ဖြစ်ပါ၏။ ကျွန်တော်တို့နေထိုင်ရာ ဒဂုံမြို့သစ်အရှေ့ပိုင်းနေအိမ်တွင် ခြံဝင်းတစ်ခုလုံး ရေတွေ ဖွေးနေ၏။ ရေကများလွန်းတော့ ထမင်းစားခန်းထဲအထိ အနည်းငယ်စိမ့်၍ဝင်နေသည်။ ရေစပ်စပ်ကလေးရှိသည်ကို ကျွန်တော်သတိမထားမိပေ။

နံနက် ၆ နာရီခွဲခန့် ရုံးသွားနေကျဖြစ်၍ အသင့်ပြင်ဆင်ထားသော ထမင်းခြင်းကိုယူကာ မီးဖိုခန်းထဲမှ ထမင်းစားခန်းသို့ ခြေတစ်ဖက်ချလိုက်၏။ မီးဖိုခန်းက မြင့်သည်။ ထမင်းစားခန်းက အနည်းငယ်နိမ့်သည်။ အထက်တွင်ရေးခဲ့သည့်အတိုင်း ရေစပ်စပ်ကလေးရှိနေသည်ကို သတိမထားမိတာကတစ်ကြောင်း၊ အမြင့်မှ အနိမ့်သို့ ဆတ်ခနဲဆင်းလိုက်သည်ကတစ်ကြောင်း ခြေတစ်ဖက်သည် လျှောခနဲချော်သွားလေတော့၏။

ချော်သွားသောခြေထောက်ကို ဘယ်လိုမှထိန်းမရတော့ဘဲ လူက သမံတလင်းပေါ် ပက်လက်ကြီးလဲကျလေတော့၏။ နောက်စေ့နှင့် သမံတလင်းဆောင့်မိသည်။ မျက်လုံးထဲ မီးဝင်းဝင်းတောက်သွားလေတော့၏။ ရုတ်တရက်မှုးမိုက်သွားသဖြင့် ချက်ချင်းပြန်မထနိုင်။ သတိရသဖြင့် မိမိနောက်စေ့ကို လက်ဖဝါးဖြင့်စမ်းကြည့်မိသည်။ တော်ပါသေးရဲ့။ ခေါင်းတော့ကွဲမသွားသေးဘူးဟု တစ်ကိုယ်တည်းရေရွတ်မိ၏။ ကံကောင်းတာက ရုတ်တရက် ခေါင်းကိုအပေါ်မြှင့်လိုက်မိသဖြင့် ခေါင်းနှင့် သမံတလင်း အပြည့်အဝမိတ်မဆက်လိုက်ရခြင်းဖြစ်သည်။ နည်းနည်းတော့ ခပ်ပြင်းပြင်းလေးထိမိသွားပုံပေါ်သည်။ ပခုံးလက်ရုံးတွေရော၊ ခါးကြောတွေရော တောင့်တင်းကိုက်ခဲနေတော့၏။

ကျွန်တော်သည် ညအိပ်ရာဝင်ချိန် စောသလို နံနက် အိပ်ရာထလည်းစောပါသည်။ အိမ်သားတွေ အိပ်ရာမဝင်မီ ကျွန်တော်က စောစောအိပ်ရာဝင်၏။ အိမ်သားတွေ အိပ်ရာကမနိုးမီ ကျွန်တော်က စောစောနိုး၏။ အသင့်ပြင်ပေးထားသော ထမင်းခြင်းကို ကားပေါ် ကောက်တင်ကာ ရုံးကို စောစောသွားမြဲဖြစ်၏။

ယနေ့လည်း မည်သူမျှမနိုးသေး။ မည်သူ့ကိုမှလည်း နိုးပြီးမပြောတော့။ တင်စရာရှိသည့်ပစ္စည်းများကို ကောက်တင်ကာ ရုံးကိုသာထွက်လာခဲ့တော့၏။ နာရီဝက်ကျော်ကျော်လောက်ကြာပြီးမှ မူးသည့်အရှိန်ပြေတော့၏။

ဒီအကြောင်းကို နေ့လယ်လောက်ကျမှ ဇနီးသည်ကို ဖုန်းဆက်၍ပြောပြဖြစ်ခဲ့၏။ မကြာမီ သားတွေ၊ သမီးတွေက ဖုန်းဆက်လာကြသည်။ ဖခင်ဖြစ်သူကို စိတ်ပူပင်ကြ၍ဖြစ်၏။ ဦးခေါင်းကိုရိုက်ချင်းဓာတ်မှန် သွားရိုက်ဖို့၊ နီးစပ်ရာဆေးခန်းကို ပြသစစ်ဆေးဖို့ သတိပေးပြောဆိုကြ၏။ အဖေ အန်သေးလား၊ ခေါင်းမူးနေသေးလား မကြာခဏမေးမြန်းလာကြ၏။ သားသမီး၊ ဇနီးတို့၏ စိတ်ပူပင်သောဇာကို နားလည်ပါသော်ငြား မိမိမှာ လုပ်စရာအလုပ်တွေကများလှ၏။ ထို့ကြောင့် "ဘာမှမဖြစ်ဘူး၊ အခု ကောင်းသွားပြီ၊ အဖေမသက်သာရင် ဆေးရုံသွားပြပါ့မယ်၊ စိတ်မပူကြပါနဲ့"ဟု ပြောရတော့၏။

သက်သက်သာသာ၊ နေသာထိုင်သာရှိတာတော့ အမှန်ပင်ဖြစ်ပါ၏။ သို့သော် ဇက်ကြောတွေက တောင့်တောင့်ကြီးဖြစ်နေ၏။ နဂိုကတည်းက ကျီးပေါင်းရောဂါအခံရှိတော့ ဇက်ကြောကို မကြာခဏ ကိုယ့်ဘာသာနှိပ်နယ်နေမိ၏။ ချော်လဲပြီး ၃ လလောက်အကြာမှာတော့ 'မဖြစ်ချေဘူး၊ သူတို့ပြောသလို ဆေးတော့သွားစစ်ဦးမှပဲ'ဟုတွေးကာ စစ်မည့်ဆေးရုံကိုရွေးချယ်တော့ မိမိတက်ရောက်ခဲ့ဖူးသည့် အမှတ်(၂)တပ်မတော်ဆေးရုံကိုသာ ရွေးချယ်မိတော့၏။ သို့နှင့် ဆေးရုံတပ်မှူးဗိုလ်မှူးချုပ်စိန်လင်းထံ ဖုန်းဖြင့်ဆက်သွယ်၍ မိမိအခြေအနေကို တင်ပြမိပါသည်။ တပ်မှူးနှင့်ခင်မင်ရင်းနှီးခဲ့သည်မှာ ၁၀ နှစ်ကျော်ခန့်ရှိပြီဖြစ်ပါ၏။ တပ်မှူးသည် မြင့်မိုရ်ရွှေစင်ပဋ္ဌာန်းတရားတော်ကြီးနှင့်ပတ်သက်သည့်ဆောင်းပါးများကို ကျွန်တော်၏ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် လပေါင်းများစွာ အခန်းဆက်ရေးသားခဲ့ဖူးပါသည်။ ထို့ပြင် ၂ နှစ်တစ်ခါ၊ ၃ နှစ်တစ်ခါ ဆေးစစ်ခြင်းကိုလည်း တပ်မှူးထံတွင်ပင် စစ်ဆေးခဲ့ဖူးသည်။ ယခုတစ်ကြိမ်တွင်လည်း တပ်မှူးက မနက်ဖြန်မနက် ၉ နာရီ သူ့ရုံးခန်းကိုလာခဲ့ပါဟု ကုသခွင့်ပြုကြောင်း ချက်ချင်းအကြောင်းပြန်ပါသည်။ သို့နှင့် အမှတ်(၂)တပ်မတော်ဆေးရုံသို့ အထွေထွေဆေးစစ်ကုသမှုပြုရန် ရောက်ရှိခဲ့ပြန်တော့သည်။

(၂)

၁၉၉၀ ပြည့်နှစ်က ဤဆေးရုံတွင် ကျွန်တော်တက်ရောက်ကုသခဲ့ဖူးပါသည်။ နာဂတောင်တန်းဒေသ၊ ခန္တီးမြို့၊ လဟယ်မြို့များတွင် တာဝန်ထမ်းဆောင်ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)(သုတေသနဌာနခွဲ)သို့ စစ်ဦးစီးမှူး(ဒုတိယတန်း)အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခါစကဖြစ်ပါသည်။ တောထဲတောင်ထဲကပါလာခဲ့သော ငှက်ဖျားရောဂါသည် မြို့ကြီးပြကြီးရောက်လေကာမှ ပို၍အစွမ်းပြတော့၏။ မတတ်သာသည့်အဆုံး ဆေးရုံတက်ရောက်ကုသရခြင်းဖြစ်ပေသည်။

မှတ်မိနေပါသည်။ ဖျားနာဆောင်(၃)၊ အခန်းနံပါတ်ကလည်း (၃)ဖြစ်သည်။ စစ်ဆေးရုံ၏အကျယ်အဝန်းဧရိယာမှာ ပြောင်းလဲလာခြင်းမရှိသော်လည်း လွန်ခဲ့သောနှစ် ၃၀ က သစ်ပင်ငယ်လေးများသည် ယခုတော့ သစ်ပင်ကြီးများဖြစ်လာခဲ့ချေပြီ။ အရိပ်အာဝါသကောင်းလှစွာ၏။ ဆေးရုံရှေ့မျက်နှာစာ ရေကန်ကြီးထဲတွင် ဘဲငန်းကြီးများ ရေထဲတွင်ကူးခပ်နေကြသည်။ ကန်ဘောင်တစ်လျှောက်တွင်လည်း တကယ့်ဘဲငန်းတွေများ ပုံတူသွန်းလုပ်ထားသော ဘဲငန်းတွေကိုပါ ရှုမြင်ရလေသည်။ ကြည်နူးဖွယ်ကောင်းလေစွ။ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က တက်ရောက်ဆေးကုသခဲ့ရသောနေရာလေးကို မျှော်ငေး၍ကြည့်မိသည်။ ထိုစဉ်က ဖျားနာဆောင် (၃)ထဲက အခန်း(၃)ထဲမှာ ကျွန်တော်အပါအဝင်လူနာ ၃ ဦးနေထိုင်ခဲ့ကြရသည်။ အားလုံးလိုလိုသည် ငှက်ဖျားရောဂါသည်များပင်ဖြစ်ကြ၏။

ဆေးရုံတက်ရောက်ကုသရင်း လူနာအချင်းချင်းလည်း ညီရင်းအစ်ကိုလို ခင်မင်သွားခဲ့ကြသည်။ မိမိတို့အား ကုသပေးသော သူနာပြုစစ်သည်များနှင့်လည်း မိသားစုသဖွယ် ခင်မင်သွားခဲ့ကြသည်။ နေကောင်းကျန်းမာ၍ ဆေးရုံကဆင်းရတော့ ထိုအခန်းလေးနှင့်ထိုအဆောင်လေးကို လွမ်းပင်လွမ်းမိသေးတော့၏။ ခုတင်ပေါ်မှနေ၍ ပြတင်းကိုကျော်ကာ ကုံကော်ပင်တွေ၊ ခရေပင်တွေကိုလှမ်း၍မြင်ရ၏။ ထိုသစ်ပင်စိမ်းစိမ်း

အုပ်အုပ်လေးတွေပေါ်မှာ ချိုးငှက်ကလေးတွေ၊ အခြားသောတေးဆိုငှက်ကလေးတွေ ဝဲကာပျံကာ၊ နားခိုကာ ပြုလုပ်နေသည်ကိုလည်း ရှုမြင်နေရ၏။

ယခုတစ်ဖန် ဆေးရုံသို့ အငြိမ်းစားစစ်သည်အိုဘဝဖြင့်ရောက်လာတော့လည်း ရှခင်းတို့သည်လည်းကောင်း၊ ကြင်ကြင်နာနာဆက်ဆံလေ့ရှိသော စစ်သည်များ၊ သူနာပြုများ၏ မေတ္တာသည်လည်းကောင်း ပြောင်းလဲခြင်းမရှိကြပါချေ။

ဦးခေါင်းကိုဓာတ်မှန်ရိုက်ကြည့်တော့ လိုဏ်ခေါင်းကြီးလိုအထဲထဲကို ကိုယ်တစ်ပိုင်းလောက်ဝင်သွားပြီး စက်သံကိုကြားရသည်မှာ ရင်ထဲလှိုက်ဖို ဘာလိုလိုကြီးဖြစ်ပေါ်ပါ၏။ တပ်မှူးက စစ်ဆေးသင့်တာမှန်သမျှအကုန်စစ်ဆေးပေးပါသည်။

တပ်မှူး၏ရုံးခန်းထဲတွင်လည်း မိမိအရွယ်တွေ၊ မိမိထက်ပိုမိုအသက်ကြီးသောအရွယ်တွေ အမျိုးသမီးရော အမျိုးသားပါ စုံလင်စွာတွေ့ရှိရပါ၏။ စိတ်ရှည်လက်ရှည်မေးမြန်းပြီး စာနာစိတ်၊ ကရုဏာစိတ်အပြည့်ဖြင့် ဆေးကုသမှုပြုပေးသော တပ်မှူးကို ကျေးဇူးအထူးတင်မိသည်။ ဘယ်သူမှ၊ ဘယ်ဝါမှမဟုတ်၊ အားလုံးအပေါ်တွင် စေတနာ၊ မေတ္တာထားကာ ကုသစောင့်ရှောက်နေသည်ကို အကြိမ်ကြိမ်အခါခါမြင်တွေ့နေရသည်ဖြစ်၍လည်း လေးစားမိသည်မှာ အမှန်ပင်ဖြစ်သည်။ တကယ်တော့ ဤဆေးရုံကြီး၏အရိပ်ကိုနားခိုရတိုင်း ငြိမ်းအေးမှု ခွန်အားတွေရခဲ့သည်မှာ ကျွန်တော်တစ်ဦးတည်းမဟုတ်။ လာရောက်သူ၊ တက်ရောက်သူအားလုံးပင် ဖြစ်မည်ထင်သည်။

တာဝန်ကျနေသော စစ်သည်သူနာပြုလေးတွေကို သွားလိုသောနေရာမေးလျှင် စိတ်ရှည်လက်ရှည်ဖြေကြသည်။ လိုက်လံပို့ဆောင်ပေးကြသည်။ မိမိမှာ ထီးမပါတော့ မိုးရွာလျှင် သူတို့ထီးကလေးတွေနှင့်ပင် လိုက်ပြီး ဆောင်းပေးကြသေးသည်။ ဤအမှတ်(၂)တပ်မတော်ဆေးရုံကား တပ်မှူးသာမက လက်အောက်အရာရှိ ဝန်ထမ်းများ၊ စစ်သည်များအားလုံးသည် မေတ္တာရနံ့ဖြင့် ထုံပျံ့နေကြသူများပါကလားဟု ကျွန်တော်တွေးမိသည်။



ပုဂ္ဂလိကဆေးရုံဆေးခန်းများသို့ သွားရောက်ကုသလျှင် သိန်းချီ၊ သောင်းချီကုန်ကျနိုင်သော်လည်း ဤစစ်ဆေးရုံသို့လာရောက်ကုသလျှင် ဘာတစ်ပြားမှကုန်ကျမှုမရှိ။ ဆေးထိုး၊ ဆေးစစ်၊ သွေးစစ်၊ ဆီးစစ်၊ ဝမ်းစစ်၊ သလိပ်စစ် စစ်သမျှတွေအကုန်လုံး အဖိုးအခမယူ။ အားလုံးကြည်ဖြူကြပါ၏။

ထို့ကြောင့် ဤကဲ့သို့လာရောက်ကုသခွင့်ရရှိစေသည့် တပ်မတော်ကြီးကိုလည်း အကြိမ်ကြိမ်အခါခါ ကျေးဇူးတင်ရပေတော့သည်။

ယခုတစ်ခေါက်တွင် စတင်စစ်ဆေးသည့်မှ ၇ ရက်မြောက်သောနေ့တွင် အားလုံးပြီးစီးပါသည်။ မိမိ၏အခြေအနေမှန်များကို သိရှိခွင့်ရသဖြင့် အလွန်ပင်ဝမ်းမြောက်မိသည်။ အားလုံးပြီးစီးသည့်အခါ တပ်မှူးကို ပြန်လည်သတင်းပို့ရပါသည်။ တပ်မှူးက စာရွက်စာတမ်းများကို စိတ်ကျေနပ်လောက်အောင် အထပ်ထပ်ဖတ်ရှုပြီးမှ လိုအပ်သည့်ဆေးဝါးတွေပေးသည်။ လိမ်းဆေးရော သောက်ဆေးတွေပါ စုံလင်လှပေသည်။

တပ်မှူးပေးလိုက်သောဆေးစာရွက်တွေ၊ ဆေးထုပ်ဆေးဘူးတွေကိုယူပြီး ဆေးရုံအောက်ကိုဆင်းခဲ့သည်။

မိမိကားရပ်တန့်ထားရာနေရာအနီးတွင် ခုံတန်းကလေးရှိ၏။ ခေတ္တထိုင်ပြီး ဟိုဒီငေးမျှော်ကြည့်မိသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ တုန်းကလည်း ဒီခုံတန်းလေး

နားမှာ ရပ်ကြည့်ငေးမျှော်ခဲ့ဖူးသည်။ ကုံကော်ပင်တွေ၊ ခရေပင်တွေ အုပ်ဆိုင်းနေသော ဒီဝန်းကျင်ကို ချစ်ခင်လေးစားစွာ တမက်တမော ငေးမျှော်ကြည့်ရှုခြင်းသာပင်။

ထိုသို့ကြည့်ရှုရင်း အတူတကွဆေးရုံတက်ခဲ့သည့် လူနာစစ်သည်ညီအစ်ကိုတို့ကို မြင်ယောင်သည်။ သူတို့သည် အစိမ်းနုရောင်ဝတ်စုံကလေးများကို ဝတ်ဆင်ထားကြသည်။ ကျန်ရစ်ခဲ့သော ညီအစ်ကိုများ မကြာမီ ရောဂါပျောက်ကင်းကြပါစေဟု ဆုတောင်းခဲ့ဖူးသည်။ ထိုလူနာများကို စိတ်ရှည်စွာ၊ ကြင်နာစွာပြုစုကုသပေးနေကြသည့် ဆရာ၊ ဆရာမ၊ သူနာပြု ညီ၊ ညီမများလည်း နှင်းဆမ်းပန်းလို လန်းကြပါစေဟု မေတ္တာတုံ့ပြန် ဆုမွန်ပန်ခဲ့သေးသည်။

ခြော်. . . ဒီအဆောက်အအုံ၊ ဒီသိုက်မြို၊ ဒီအရိပ်ဟာဖြင့် ကျေးဇူးရှိတဲ့ပတ်ဝန်းကျင်တစ်ခုပါကလားဟု အတွေးမျှင်ဝယ် ဆင်ခြင်သုံးသပ်ခဲ့သေးသည်။ ထိုကဲ့သို့ အတွေးမျှင်ဖြန့်ကြက်နေမိစဉ် သစ်ပင်အုပ်အုပ်ထဲမှ ချိုးငှက်ကလေးတစ်ကောင် တောင်ပံခတ်ပျံသန်းရင်း မေတ္တာတေးတစ်ပုဒ်သီဆိုသည့်အသံကြားလိုက်ရဟန်ကို ကဗျာလေးတစ်ပုဒ်ဖွဲ့ဆိုခဲ့ဖူးသည်။

ထိုကဗျာလေး၏အမည်မှာ 'မေတ္တာဝန်းကျင်' ဟူ၍ပင်ဖြစ်ပါလေတော့သည်။

**မေတ္တာဝန်းကျင်**

ဖျားနာဆောင် သုံး၊ အခန်း သုံး တဲ့
ညှိုးချုံးကိုယ်ပူ၊ ဖျားသွေးဆူ၍
ငါမှူသတိ၊ လွတ်တော့မည့်နယ်
အကြည့်ဝေဝါး
ငှက်ဖျားနှိပ်စက်၊ ဆေးရုံတက်သည်
ခံခက်လေစွ ထိုနေ့က။

လူးရင်း လိမ့်ရင်း၊ မှန်ပြတင်းမှ
ရှုခင်းသာယာ၊ မြင်သည်မှာကား
သဏ္ဌာခြေလက်၊ မွေးနုညက်နှင့်
ချိုးငှက်ပြာညို၊ တေးမဆိုဘဲ
ဝေးကိုရှုမျှော်၊ ပင်ကုံကော်ဝယ်
အဖော်ကင်းပ၊ ဆိတ်ငြိမ်လှသည်
ငါ့နယ်နာဖျား နေရှော့သလား။

ဤသို့နှင့်ပင်၊ အတွေးမျှင်တို့
လေနှင်တိမ်မျော၊ ဟိုသည်လျှောရင်း
ရောဂါပျောက်ကင်း၊ ဆေးရုံဆင်းသော်
ရှိုင်းပင်းကြင်နာ၊ ပြုခဲ့ပါသည့်
လူနာစစ်သည်၊ ငါ့နောင်ညီတို့
ပြုံးကြည်ရှိုမြ၊ နှုတ်ဆက်ကြရင်း
လက်ပြကျန်ရစ် ခဲ့လေသည်။

အစိမ်းနုရောင်၊ ဝတ်စုံဆောင်သည့်
ညီနောင်တို့အား၊ မေတ္တာထား၍
ဆေးဝါးကိရိယာ၊ ပြည့်စုံစွာဖြင့်
ဆရာ ဆရာမ၊ ပြုစုကြလျက်
ကာလမကြာ၊ ငါ့ပမာလျှင်
ကောင်းစွာပျောက်ကင်း ကြပါစေ။

ဝါသနာ စေတနာ၊ အနစ်နာနှင့်
'ကြင်နာယုယ၊ ပြုစုကြသည့်'
'ဆရာ ဆရာမ၊ ညီ ညီမတို့'
နှင်းမြဆွတ်ဖျန်း၊ ကြာနွယ်ပန်းနယ်
ငြိမ်းချမ်းကြည်မွေ့ နိုင်ပါစေ။

ခြော် . . .
အရိပ်ခိုဖူး၊ သူ့ကျေးဇူးကို
အထူးဆင်ခြင်၊ ပြန်တွေးမြင်မိုက်
သစ်ပင်ယှိမ်းလှုပ်၊ စိမ်းအုပ်အုပ်မှ
ငါနှုတ်ဆက်သည်၊ ပြန်တော့မည်ဟု
သိသည်လေလား၊ ငါ့အပါးသို့
လှုပ်ရှားညင်သာ၊ ပျံဝဲလာရင်း
မေတ္တာပန်းပွင့်၊ တေးချိုဆင့်သည်
ရှေးနှင့်မတူ ချွေချိုးဖြူ။
ကုံကော်ရနံ့ နှင့်အတူ။ ။

(အမှတ်(၂)တပ်မတော်ဆေးရုံသို့ သတိတရ)
၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ငွေတာရီမဂ္ဂဇင်း
**မြင်းမူမောင်နိုင်မိုး**

ငွေတာရီ စာစဉ် | ၉၈ |



သက်ဦးမောင်

# ပွဲမကိုင် တက်မလှော် လှေပေါ်ကလူ



လူတစ်ယောက်က ဓာတ်ထဲကို အစိမ်းသက်သက် (ဓာတ်ထဲမှာ အခံလူမရှိဘဲနဲ့)ဝင်ချင်ကယ်ဆို ချက်ချင်း ဝင်လို့ရတယ်။ ဒါပေမဲ့ သရုပ်ဆောင်ထဲတော့မရဘူး။ သူက လေ့ကျင့်သင်ကြားရသေးတာကိုး။ ဒီတော့ဘာဖြစ်မလဲ။ သင်စရာမလိုတဲ့ ထမ်း၊ ပိုး၊ တင်၊ ချ လုပ်ရတဲ့ ကားဆွဲအလုပ်သင်ပေါ့။

အဲဒီလိုလိုက်လာကြတဲ့သူတွေ အများကြီးထဲမှာ မှတ်မှတ်ရရ သတိထားမိခဲ့တာကတော့ နေအောင်ဆိုတဲ့ ရွာသားလေးတစ်ယောက်ပဲ။ ဘာဖြစ်လို့ မှတ်မှတ်ရရ ဖြစ်ရသလဲဆိုတာကို ပြောရင်းနဲ့သိသွားမှာပါ။

❑

ဓာတ်သမားဆိုတာ နေရာစုံလှည့်ပတ်ပြီး လူပေါင်းစုံနဲ့ဆက်ဆံနေရတာဆိုတော့ လူရည်လည်ကြတာ များတယ်။ အကူကူနဲ့ ဘယ်သူတွေက ခံရသလဲဆိုတော့ ဓာတ်ပါးမဝသေးတဲ့ ဓာတ်သမားလက်သစ်တွေပေါ့။ သူများမလုပ်ချင်တာတွေ သူတို့လုပ်ရတယ်။ အစားအသောက်မလောက်ဘူးဆို သူတို့ပဲကျန်တယ်။ အဲဒီလက်သစ်တွေ ဓာတ်ပါးဝသွားပြီဆို သူတို့ကလဲ ကိုယ်ခံခဲ့ရသလို နောက်လက်သစ်တွေအပေါ် အခွင့်အရေးပြန်ယူတာပေါ့။

အဲဒီလိုဓာတ်သမားလက်သစ်မျိုးထဲမှာ နေအောင်ကတော့ မပါခဲ့ဘူး။ သူ့ရဲ့သမိုင်းကြောင်းကိုအစက ပြောရရင် ရွာတစ်ရွာကို ဓာတ်သွားကတော့ ကားဆွဲခေါင်းဆောင်နဲ့ ခင်ပြီးပါလာတာ။ ငါသနားပါလွန်းလို့ ဓာတ်ထဲလိုက်ပါရစေဆိုတဲ့ တောင်းဆိုချက်နဲ့ပေါ့။ ဓာတ်ဆရာကလဲ အလုပ်သမားအင်အားနည်းနေတော့ လိုက်ခဲ့ပေါ့လေ။

ဓာတ်ထဲကို အစိမ်းသက်သက်လိုက်လာတဲ့လူတွေရဲ့ ထုံးစံအတိုင်း မျက်စိသူငယ်နားသူငယ်နဲ့ ဘယ်နားအိပ်လို့ ဘယ်နားစားရ

မှန်းမသိ၊ ဟိုလူ့မျက်နှာကြည့် ဒီလူ့မျက်နှာကြည့်နဲ့ သိမ်ငယ်နေတတ်တာမျိုး နေအောင့်ဆီမှာမတွေ့ခဲ့ရဘူး။ နောက်ဇာတ်ခုံကိုကူးတဲ့အချိန်မှာပဲ အသားကျပြီးသားဇာတ်သမားတစ်ယောက်လို ကြွရွလို့။

ဇာတ်ထဲကိုစရောက်ရောက်ချင်းမှာပဲ မနေအောင်က သူ့ဇီဖနဲ့ အရည်အချင်းကို စပြတော့တာပဲ။ အလုပ်သမားခေါင်းဆောင်ကို နှုးနှပ်ပြီး လိုက်လာတာဆိုတော့ အဲဒီလူဟာ သူ့ဆရာပဲ။ သူနိုင်းတာလုပ်ရတာပေါ့။ ခုနကရှင်းပြခဲ့သလို ဇာတ်ခုံတစ်ခုံကို စရောက်ပြီဆိုတာနဲ့ ကားဆွဲအဖွဲ့တစ်ဖွဲ့လုံး ဝိုန်းဒိုင်းကြ ကားလိပ်တွေ၊ မီးတွေဆင်ကြရတော့တာပဲ။ အဲဒီအချိန်မှာ သူ့တာဝန်နဲ့သူ နားလည်မှုနဲ့ခွဲလုပ်ကြရတာပေါ့။ အသေးစိတ်ပြောရရင် နားမလည်သူတွေ မျက်စိထဲမြင်နိုင်မှာမဟုတ်လို့ သဘောလောက်ပဲ ပြောပြတော့မယ်။ ကားလိပ်ချည်မဲ့ဝါးတွေကို ဆက်တဲ့သူက ဆက်၊ ဆက်ထားတဲ့ဝါးတွေကို သူ့နေရာနဲ့သူ ကြိုးနဲ့တန်းလန်းချတဲ့သူကချ၊ အဲဒီဝါးလုံးမှာ အတောင်နှစ်ဆယ်ရှိတဲ့ ဇာတ်ခုံအပြည့်ကားလိပ်ကြီးတွေကို လိုက်ချည်တဲ့သူကချည်ပေါ့။

အဲဒီအထဲမှာ နေအောင်က လက်သင်ဆိုတော့ တာဝန်ရယ်လို့ သပ်သပ်မှတ်မှတ်မရှိသေးဘူး။ ဟိုဟာဝိုင်းကူသလိုလို ဒီဟာဝိုင်းကူသလိုလိုနဲ့ ဟိုအော်ဒီအော် အော်နေတာပဲ။ စင်အောက်ကလှမ်းကြည့်ရင် နေအောင်တစ်ယောက်ပဲ အလုပ်လုပ်နေတယ်ထင်ရတယ်။ အသံအကျယ်ဆုံးနဲ့ ဟိုပြေးသည်ကူးအများဆုံးကိုး။ ဒါပေမဲ့ သတ်သတ်မှတ်မှတ် ဘာလုပ်လိုက်တယ်ရယ်လို့တော့ မရှိဘူး။

ဇာတ်ခုံမှာ ရင်ခွဲကားဆိုတာ အလယ်ကနေ ဟိုဘက်တစ်ခြမ်း ဒီဘက်တစ်ခြမ်း ပွင့်သွားတဲ့ကားလိပ်ကြီးပေါ့။ အဲဒါက ဝါးနဲ့ဆင်လို့မရဘူး။ ပင်မပြေးလမ်းဖြစ်တဲ့ တန်းကြီးကို သွယ်ကြိုးနဲ့ ဇာတ်ခုံဟိုဘက်ထိပ်၊ ဒီဘက်ထိပ် တင်းနေအောင်ပစ်ရတယ်။ အဲဒီသွယ်ကြိုးကို ဟိုဘက်တစ်ယောက်၊ ဒီဘက်တစ်ယောက် ဇာတ်ခုံထိပ်ပေါ်ကိုတက်သွားပြီး အားနဲ့အင်နဲ့ဆွဲချည်ရတာ။

သူများတွေ ဝရုန်းသုန်းကားလုပ်ကိုင်နေချိန်မှာ နေအောင်လဲ လှုလုံးပြလို့ တော်တော်များများမြင်သွားပြီလဲဆိုရော အဲဒီကားကြိုးကို ကျွန်တော်တက်ချည်မယ်ဆိုပြီး ကြိုးစတစ်ဖက်ကိုကိုင်ပြီး ဇာတ်ခုံထိပ် တက်သွားတော့တာပဲ။ အဲဒီသွယ်ကြိုးကို တင်းနေအောင်ချည်ပြီး ပြန်ဆင်းမလာတော့ဘူး။ အလုပ်တွေ ရှုပ်ယှက်ခတ်နေတဲ့ ကားဆွဲအဖွဲ့ကလဲ လူတွေအများကြီးဆိုတော့ နေအောင်တစ်ယောက် ပျောက်နေတာကို သတိမထားမိကြဘူးပေါ့။

မတော်တဆသတိထားမိတဲ့သူက 'နေအောင်ကောဟေ့'လို့ ဆိုလိုက်တာနဲ့ ဇာတ်ခုံထိပ်ကနေ 'ကျွန်တော် ဒီပေါ်မှာခင်ဗျ' ဆိုတဲ့ နေအောင့် အသံအကျယ်ကြီးကို ကြားရတော့တာပဲ။ နိုင်းဖို့ခေါ်တဲ့သူလဲ ဘာလုပ်နေလဲ၊ ဘာလဲနဲ့ ဆက်စစ်ဆေးနေချိန်မရဘူး။ အဲဒီလိုနဲ့ ကားလိပ်တွေသာ အကုန်ဆင်ပြီးသွားတယ်၊ မနေအောင်တို့ ကြိုးတစ်ချောင်းပဲချည်လိုက်ရတယ်။ ဒါပေမဲ့ အသံကျယ်ကျယ်နဲ့ ပြေးလွှားအော်ဟစ်ထားတဲ့ အရှိန်ကြောင့် နောက်ရက်မှာ 'ကားဆွဲအသစ်လေးက သိပ်အလုပ်လုပ်တာပဲ'ဆိုတဲ့ မှတ်ချက်ချသံက တန်းပျံ့နှံ့သွားတော့တာ။ အဲဒါ နယ်ပယ်စုံရောက်ပြီး လူရည်လည်တဲ့ ဇာတ်သမားရင့်မာကြီးတွေကို မအူမလည်နဲ့ နောက်မှလိုက်လာတဲ့ ရွာသားက နပ်ချလိုက်တဲ့ နေအောင်ရဲ့ ပထမဦးဆုံး အရည်အချင်းပဲ။

❑

နေအောင်က ဒီလောက်နဲ့တင် ကျေနပ်တဲ့လူစားမျိုးမဟုတ်ဘူး။ လေးငါးရက်လဲကြာရော ဇာတ်ထဲမှာ ဘယ်သူပါဝါအရှိဆုံးလဲ လေ့လာတော့တာပဲ။ ဘယ်သူဖြစ်ဖြစ် ရအုံးမှာလဲ၊ ခေါင်းဆောင်ပြဇာတ်မင်းသားပေါ့။ အဲဒီမင်းသားနားကို အလုပ်အားတာနဲ့ မယောင်မလည်လုပ်ပြီး ကပ်သွားတော့တာပဲ။ မင်းသား ဘာလိုအပ်လဲဆိုတာ အရိပ်ကြည့်ပြီး ပျာယာခတ်လုပ်ပေးနေတတ်တယ်။ လက်ကလုပ်ပေးသလို ပါးစပ်ကလဲမနားဘူး။

"အစ်ကိုတို့များကုသိုလ်ထူးလိုက်တာ၊ အဝတ်အစားလေးဝတ်ပြီး စင်ပေါ်တက်ရပ်လိုက်တာနဲ့တင် အောက်ကပရိသတ်က မီးသေပြီးသားပဲ၊ ဒီကြားထဲ အနုပညာက ထူးချွန်သေးတော့ ဝက်ဝက်ကွဲအောင်မြင်တာ ဘာအံ့ဩစရာရှိမှာလဲ "ဆိုတာမျိုး။

"ကျွန်တော် ရေချိုးသွားမလို့ အစ်ကို၊ အဝတ်အစားမလျှော်ရသေးတာတွေပေးလိုက်လေ၊ သူများကို မလျှော်ခိုင်းပါနဲ့အစ်ကိုရယ်၊ အစ်ကို့အဝတ်အစားတွေက တန်ဖိုးကြီးတာတွေချည်းပဲ၊ ဆပ်ပြာမပြောင်ရင် စဏလေးနဲ့ဆွေးကုန်မှာ၊ နှမြောစရာကြီးဗျာ၊ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ်ကလွဲပြီး ဘယ်သူ့ကိုမှ စိတ်မချဘူး" ဆိုတာမျိုး။

"အင်း ... ကားဆွဲနေရလို့ မအားလို့သာ၊ နို့မို့ဆို အစ်ကို့နားမှာ တစ်ညလုံးနေပြီး အစ်ကို့ဝေယျာဝစ္စတွေ လုပ်ပေးနေချင်တယ်၊ ခေါင်းဆောင်မင်းသားဆိုတာ အရမ်းပင်ပန်းတယ်မဟုတ်လား၊ ဒါကို နားမလည်ကြတော့ စိတ်ရှည်လက်ရှည် လုပ်မပေးကြဘူး၊ အစ်ကိုကိုယ်တိုင် အဝတ်အစားတွေရှာဖွေဝတ်နေရတာ ကျွန်တော်ဖြင့် မကြည့်ရက်ပါဘူး အစ်ကိုရယ်"ဆိုတာမျိုး။

မင်းသားက သဘောကျပြီပေါ့။ ခိုင်းတာကျတော့လဲ စကားလုံးမဟောင်မဆုံးသေးဘူး ခိုင်းတဲ့ဆီကို သွားနေပြီ။ ဝေယျာဝစ္စကျတော့လဲ မျက်လုံးနဲ့ကြည့်တာနဲ့တင် အစီအစဉ်တကျ အသင့်ပြင်ပြီးသားဆိုတော့...။

နေအောင့်ကို ကားဆွဲတဲ့နေရာမှာ အတွေ့နည်းလာတော့ ညကြေးတန်းတူရတဲ့ အလုပ်သမားတွေက ပြောတော့တာပေါ့။ ဒီတော့ တာဝန်ခံပြီးခေါ်လာတဲ့ အလုပ်သမားခေါင်းဆောင်ရဲ့တာဝန်ဖြစ်လာရော။ ဒါကြောင့် အလုပ်လုပ်တိုင်း နေအောင်ရေလို့ခေါ်လိုက်ရင် အရင်လို လူရောက်မလာတော့ဘူး။ မင်းသားက ဘာခိုင်းထားလို့ဆိုတဲ့ အကြောင်းပြချက်ပဲရောက်လာတော့တယ်။ မင်းသားခိုင်းထားတာဆိုတော့ ကျန်သူတွေလဲ ဘာပြောရဲမှာလဲ။

"နေအောင့်လို ဖိနပ်ကိုင်ရ ကိုင်ရ၊ အတွင်းခံ
လျှော်ရလျှော်ရ ကိုယ်ဖိမ်ကျရင်ပြီးရောဆိုတဲ့ အာခွင့်အရေး
သမားအောက်တန်းစားတွေ များလာလို့ကတော့
ဇာတ်ပျက်ပြီသာ မှတ်ပေတော့"

ဒီလိုနဲ့ နေအောင်ဟာ ဇာတ်ထဲရောက်ပြီး ၁၅ ရက်လောက်နဲ့တင် မင်းသားနားမှာ အကောင်းစားအကြွင်းအကျန်တွေစားပြီး စိမ်နဲ့နေရတဲ့ ဇာတ်သမားတစ်ယောက်ဖြစ်သွားတော့တာပဲ။ သူ့အရင် နှစ်နဲ့ချီပြီး ကားဆွဲလုပ်နေခဲ့တဲ့သူတွေကတော့ ချွေးဒီးဒီးကျအောင်လုပ်နေရတုန်း။

❑

တစ်ရက်မှာ မနက်ခင်း မီးစက်ငြိမ်း ပွဲသိမ်းလို့ ဇာတ်သမားတွေ အိပ်ဖို့ပြင်နေကြတဲ့အချိန်မှာ နေအောင် ဇာတ်ခုံထဲကနေထွက်လာတာကိုကြည့်ပြီး ဇာတ်သမားအကုန်လုံး မျက်လုံးပြူးသွားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ တော်ရုံဇာတ်သမားစိတ်ကူးတောင်မယဉ်ရဲတဲ့ ဈေးအကြီးဆုံး ဂျင်းဂျာကင်၊ ဘောင်းဘီပမ်းဆက်နဲ့ကိုး။ အဲဒီပမ်းဆက်ကို ဇာတ်သမားတိုင်း သိကြတယ်။ ပြဇာတ်မင်းသားရဲ့ဟာလေ။ ပြဇာတ်မင်းသားတောင် ဖျစ်ဖျစ်မြည်အောင် ညှစ်ဝယ်ထားရတာ။ နောက်ကျောမှာလဲ မင်းသားရဲ့ လည်သာကျောပိုးအိတ်နဲ့၊ ခေါင်းပေါ်မှာလဲ မင်းသားရဲ့ NIKE တံဆိပ်ဦးထုပ်နဲ့။ ပွဲဈေးတန်းက ကွမ်းယာသည်ခပ်ချောချောကောင်မလေးဆီမှာ ကွမ်းယာဝယ်စားတယ်။ စကားတွေပြောနေတာ ဖောင်လို့။ ကောင်မလေးမျက်နှာကလဲ ဂုဏ်ယူနေတဲ့အပြုံးတွေနဲ့ ရွှင်လို့ကြည်လို့။ ဇာတ်သမားရင့်မာကြီးတွေ ပါးစပ်အဟောင်းသားနဲ့ပေါ့။ ဒီလောက်စတိုင်ကျတဲ့ကားဆွဲ မြင်မှ မမြင်ဖူးဘဲနဲ့ကိုး။

မင်းသားတစ်ယောက် ပြဇာတ်ထဲမှာ ဖတ်မှဲ့ဖတ်စုံကို ကားဆွဲကယူဝတ်တာ ထုံးစံမှမရှိတာ။ နောက်ပြီးတော့ နေအောင်ဆိုတာက ခုမှ

ဇာတ်ထဲလိုက်လာတဲ့သူ။ သိပ်လဲ ရင်းနှီးသေးတာမဟုတ်ဘူး။ အူရွ နေတဲ့ဇာတ်သမားအချို့ဟာ အိပ် တောင်မအိပ်နိုင်ဘဲ မင်းသား အိပ်ရာကအနိုးကိုစောင့်ကြတယ်။ တိုင်ဖို့ပေါ့။

နေ့လယ် ၁၁ နာရီလောက် ကျတော့ မင်းသားနိုးလာပြီး မင်းသား ရဲ့အခန်းရှေ့ ဇာတ်ခုံတိုင်နှစ်တိုင်ကို ကြိုးပြေးထားတဲ့အပေါ်မှာ ဖြူဖွင်း နေအောင်လျှော်ထားတဲ့ မင်းသား အဝတ်အစားတွေဟာ တစီတတန်း ကြီးပဲ။ မင်းသားအနိုးကိုစောင့်နေ တဲ့သူတွေ နေအောင့်အကြောင်းကို ပြေးပြောကြပါလေရော။ မင်းသားက ရုတ်တရက်တော့ စိတ်ဆိုးတာပေါ့။ ဒါပေမဲ့ ကြာကြာစိတ်မဆိုးနိုင်ဘူး။ သူ့ကို နေအောင်ဆက်ဆံပုံလေးကို မျက်စိထဲမြင်လာတယ်။

ကောင်မလေးနှစ်ယောက် ထိပ်တိုက်ဆုံနေလို့ ဖြေရှင်းပေးခဲ့ တာလဲ နေအောင်ပဲ။ အိမ်ကမိန်းမကို ယုံကြည်ပဲအောင် လိမ်ပေးတာလဲ နေအောင်ပဲ။ အသစ်ရောက်လာတဲ့ ယိမ်းမင်းသမီးလေးကို ဘယ်သူမှ မသိအောင် အခန်းထဲပို့ပေးခဲ့တာလဲ နေအောင်ပဲ။ ဒီတော့ –

"ဟေ့ကောင် နေအောင်... မင်းက ငါ့အဝတ်အစားတွေယူဝတ် တယ်ဆို"

"ဟုတ်ပါတယ်အစ်ကိုရယ်၊ ဒါပေမဲ့ အစ်ကို့အဝတ်အစားတွေကို မတန်မရာ အလွဲသုံးစားလုပ်ချင်လို့ မဟုတ်ပါဘူး၊ ကျွန်တော့်မှာရှိတဲ့ ပုဆိုးလေးနှစ်ထည်ကို တစ်ပြိုင် တည်း လျှော်လိုက်ချင်လို့၊ နောက် ပြီး အစ်ကို့အဝတ်အစားတွေကိုလဲ လျှော်ဖို့ယူသွားရင်းက အလွယ်ဟာ လေး ခဏကောက်ဝတ်မိတာပါ၊ ကျွန်တော့်ပုဆိုးလေးခြောက်တော့ အစ်ကို့ဟာကိုချွတ်ပြီး လျှော်လိုက် တယ်လေ"

မင်းသား ဘာမှမပြောနိုင် ဘူး။ ပြစ်ဖွတ်ပျောက်ပျက်သွားတာ မဟုတ်တော့ နောက်မပတ်နဲ့လို့ ပြောပြီး ပြီးလိုက်ရတာပဲ။ မင်းသား က တင်းတင်းကြပ်ကြပ်ကြီး မပြော မှန်းသိတော့ မလိုက်နာပါဘူး။ သူ့ ဘက်ကလဲ မင်းသားကို နိုင်ကွက် တွေနဲ့ကိုး။ ဒီတော့ မင်းသားအိပ်ပြီ ဆိုတာနဲ့ ပွဲဈေးတန်းက ကောင်မ လေးတွေဆီမှာ အပျံစားနေအောင် ကတော့ လွှားလွှားလွှားလွှားနဲ့ကို ဖြစ်လို့။ သူ့တောင် မင်းသားထင်နေ ကြသေး။

❑

အလုပ်သမားအဖွဲ့ သေတ္တာ တွေကိုထမ်းပိုးပြီး ချွေးဒီးဒီးကျနေ ချိန်မှာ နေအောင်တို့က အေးအေး ဆေးဆေးပဲ။ သေတ္တာမထမ်းရတော့ ဘူးလေ။ မင်းသားရဲ့အကျ ၤ စွန့်ကြဲ ထားတဲ့ အဝတ်အစားတွေ ပြောင် ပြောင်ရောင်ရောင်နဲ့ စီးကရက်ခဲပြီး ပြုံးပြုံးလေးရပ်ကြည့်နေလိုက်တာ စတိုင်ကိုကျလို့။ အလုပ်သမားအဖွဲ့ က ချွေးဒီးဒီးကျရင်းကနေ မသိမသာ ကွက်ကြည့်ကွက်ကြည့်နဲ့ ငေးကြ လို့။ သူတို့တွေရဲ့ဇာတ်သက်က ဆယ်နှစ်အထက်ရှိကြတဲ့သူတွေ ချည်းပဲ။ ဒါပေမဲ့ နေအောင့်လို ပြောင်ပြောင်ရောင်ရောင် သက်သက် သာသာနဲ့ တစ်ခါမှမနေခဲ့ရဖူးဘူး။

အဲဒီလို မနေခဲ့ရပေမဲ့ နေအောင့်ကိုအားကျတဲ့စိတ်နဲ့တော့ ကြည့်ကြတာမဟုတ်ဘူး။ ဖိနပ် တိုက်၊ ခြေအိတ်လျှော်ပြီး အစွင့် အရေးကို ကြိုးသလို မျက်နှာပြောင် ပြောင်ယူတတ်တဲ့ အရှက်နည်းမှု အတွက် အနိချင်စိတ်နဲ့ကြည့်ကြ တာ။ မင်းသားရဲ့ စတိုင်ဘောင်းဘီ အကျလေးနဲ့၊ စပို့ရှပ်အကောင်းစား အရောင်လွင့်လွင့်လေးနဲ့ နှုတ်ခမ်း များမှာ စီးကရက်လေး ယီးလေး ခိုချိတ်ပြီး ဂိုက်ပေးကြမ်းနေတဲ့ နေအောင်ကတော့ ဘယ်သိမှာတုံး။ သူ့ကို အလုပ်သမားအဖွဲ့က အထင် ကြီးအားကျလို့ ကြည့်နေတယ်ထင် နေတာပေါ့။


နောက်ပိုင်းမင်းသားကြီး အောင်မြစိန်ကတော့ နေအောင့်ကို ကြည့်ပြီး ခေါင်းလေးယမ်းရင်း ပြောတယ်။

"နေအောင့်လို ဖိနပ်ကိုင်ရ ကိုင်ရ၊ အတွင်းခံလျှော်ရလျှော်ရ ကိုယ်ခိမ်ကျရင်ပြီးရောဆိုတဲ့ အခွင့် အရေးသမားအောက်တန်းစားတွေ များလာလို့ကတော့ ဇာတ်ပျက်ပြီ သာ မှတ်ပေတော့"တဲ့။ ။

**သက်ဦးမောင်**

# နိုင်ငံတော်ကဗျာ

ကောလင်းမင်းဝံ(ရွှေညာမြေ)



အသက်ကိုရင်း၊ လွတ်လပ်ခြင်းကို
ဆောင်ကြဉ်းခဲ့ပေ မြန်မာပြည်။

ဇာတိသွေးသည်
နီတွေးပြည့်လျှံ၊ ရဲရဲညံ့အောင်
လွှင့်မျံခဲ့ပေ မြန်မာပြည်။

သူရသတ္တိ၊ အပြည့်ရှိ၍
မာဟိမာန်ဟုန်၊ ကမ္ဘာ့ဟုန်ဟည့်
မျိုးဂုဏ်မြင့်ပေ မြန်မာပြည်။

သမိုင်းလှမျိုး၊ မော်ကွန်းထိုး၍
မညှိုးဘာသာ၊ သာသနာနှင့်
ဂုဏ်ဖြာပြည်ဝန်း၊ လွှန်တင့်ဆန်းသည့်
ရွှေနန်းရွှေထီး၊ တို့မြေကြီးကို
ကာဆီးခဲ့ပေ မြန်မာပြည်။

ကမ္ဘာမကျေ၊ မြန်မာပြည်တည့်
တို့ပြည် တို့မြေ၊ ဘိုးဘွားမွေကို
မသွေမတိမ်း၊ တို့စောင့်ထိန်းလျက်
တည်ကိန်းရင်မှာ၊ ပြည်မြန်မာဟု
ညီညာစည်းလုံး၊ စိတ်နှလုံးဖြင့်
ပြည့်ဖုံးခြုံလွှမ်း၊ မညှိုးနွမ်းရန်
ထမ်းရွက်တို့ပြည်၊ ဖိုးတန်မြေသည်
တို့တွေများ၏ တာဝန်ပေ။ ။

---

## ငွေတာရီ မဂ္ဂဇင်း

## ရွေးချယ်သောကဗျာများ

၁-၁၀-၂၀၂၀ ရက်မှ ၃၁-၁၀-၂၀၂၀ ရက်အထိ ရောက်ရှိလာသောကဗျာများအနက် အောက်ဖော်ပြပါကဗျာများကို ငွေတာရီမဂ္ဂဇင်းတွင်အသုံးပြုရန် ရွေးချယ်ထားပါသည်-

၁။ မာဟာ်မှန်(ဟိန်းဆက်သွင်)၊ ၂။ အလွမ်းရက်များရဲ့ နာရီဟာမျို့ကို ပန်းရယားနဲ့ဖာစီပို့တဲ့အခါ(ဟိန်းဆက်သွင်)၊ ၃။ လူစမူဆာ(ဦးမြင့်-ကျွန်းလှ)၊ ၄။ ရွှေတိဂုံနှင့် အမေသုံ(ဘအုန်း-ပုသိမ်)၊ ၅။ ပုဂံဆိုတာ(သွန်းမိုးစက်-ပခုက္ကူ)၊ ၆။ ချစ်ရပါသော ငွေတာရီ(သွန်းမိုးစက်-ပခုက္ကူ)၊ ၇။ ရွှေလက်ကမ်းလို့(ကျော်ဇွာသူ-သာယာဝတီ)၊ ၈။ ဆောင်းဟေမန္တ မြန်မာ့အလှ(စိုင်းနေဝန်း-ဟူမွလင်း)၊ ၉။ ထမင်းအိုးလေးများ(ထွဋ်ခေါင်)၊ ၁၀။ ကျေးရွာဝါဒဗားရှင်းသစ်(စောထိပ်တင်-ပွင့်ဖြူ)၊ ၁၁။ မာယာထောင်ချောက် (လွမ်းဝေ-လေးမျက်နှာ)၊ ၁၂။ လက်ပံပျိုနှင့် မလွမ်းပို(ကိုဖေလင်းအောင်-တန့်ဆည် ကျည်းကန်)၊ ၁၃။ အစွမ်းထက်သူများ(ဆောင်းနေရောင်-အဖျောက်)၊ ၁၄။ ဆွမ်းတော်ဖျိုး(ခင်နှင်းဆီ- ရန်ကုန်)၊ ၁၅။ ငြိမ်းချမ်းပါစေမြန်မာပြည်(အံ့ဘုန်းလူ)၊ ၁၆။ ဆန္ဒဆုမွန်(ဟိန်းစံ-ပဲခူး)၊ ၁၇။ ပန်း(ပုသိမ်- မောင်ကြေးရည်)၊ ၁၈။ အညာလာရောက် အောက်ပြည်မောင်ကြီး(မောင်ကျော်သန်း-အာ.တီ.စီ)၊ ၁၉။ အလင်းပြန်ရပ်ဝန်း၊ အလင်းပြန်နှလုံးသား(မောင်ရိုးညွှာ-ပင်လယ်ဘူး)။

# ဘဝပုစ္ဆာအဖြေရှာ(၁၂၆)

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)



ဤကိစ္စများဖြစ်ပွားပြီးနောက် ရက်သတ္တတစ်ပတ်ခန့်အကြာ၌ မိမိတို့ဌာနသို့ လူထူးလူဆန်းတစ်ဦး ရောက်ရှိလာ၏။ အသက် ၅၀ ကျော်ခန့်အရွယ်ရှိ အမျိုးသားတစ်ဦးဖြစ်၏။

"ကျွန်တော့်နာမည်က ဦးဝင်းဖြစ်ပါတယ်၊ ကျွန်တော်ဟာ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲကာလတုန်းက ရန်ကုန်မြို့ဝန်အဖြစ်ဆောင်ရွက်ခဲ့တဲ့ ဦးမွှံရဲ့မြစ်တော်သူဖြစ်ပါတယ်၊ ဘေးတော်ဦးမွှံဟာ အင်္ဂလိပ်ကိုစစ်ရှုံးပြီးနောက် သူ့ဇာတိ ရွှေတောင်ကိုပြန်လာခဲ့ပါတယ်၊ နဂိုတုန်းက ဦးမွှံဟာ ရွှေတောင်မြို့ဝန်ဖြစ်ပါတယ်၊ ရန်ကုန်ရဲ့မူလမြို့ဝန်ဦးအုပ်ဟာ အင်္ဂလိပ်တွေနဲ့ဆက်ဆံရေး မပြေလည်တာကြောင့် ဦးအုပ်နေရာမှာ ရွှေတောင်မြို့ဝန် ဦးမွှန်ကို ပြောင်းရွှေ့ခန့်ထားခဲ့ခြင်းဖြစ်ပါတယ်၊ ဒါပေမဲ့ နဂိုကတည်းက နယ်ချဲ့ချင်တဲ့ အင်္ဂလိပ်တွေဟာ အပြစ်ရှာပြီး အကြောင်းပြချက်အမျိုးမျိုးနဲ့ မြန်မာကို စစ်ကြေညာပြီး အောက်မြန်မာပြည်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပါတယ်၊ မြို့ဝန်ဦးမွှံဟာ ရွှေတောင်ကို ပြန်လာတဲ့အခါ အန္တရာယ်ရှိနိုင်တာကြောင့် သူပိုင်ဆိုင်တဲ့ အဆောင်အယောင်ပစ္စည်းနဲ့ ရွှေငွေရတနာတွေကို လမ်းခရီးတစ်နေရာမှာ လျှို့ဝှက်မြှုပ်နှံခဲ့ပါတယ်၊ နွားမယ်ကြီးကျေးရွာပတ်ဝန်းကျင်တစ်ဝိုက်ဖြစ်မယ်လို့ ခန့်မှန်းရပါတယ်။

ဘေးတော်ဦးမွှံဟာ ရတနာတွေမြှုပ်နှံခဲ့တဲ့နေရာရဲ့မြေပုံကို သူ့ဆီမှာပဲသိမ်းထားခဲ့ပါတယ်၊ ဒါ့ကြောင့် ရတနာတွေမြှုပ်နှံထားခဲ့တဲ့နေရာကို သူကလွဲပြီး ဘယ်သူမှ မသိကြပါဘူး၊ မြှုပ်နှံခဲ့တဲ့ရတနာပစ္စည်းစာရင်းကိုတော့ ရေးမှတ်ထားခဲ့ပါတယ်၊ သူ့ရဲ့မိသားစုက အဲဒီစာရင်းကို သိမ်းဆည်းထားပြီး သားစဉ်မြေးဆက် လက်ဆင့်ကမ်းခဲ့ကြပါတယ်၊ အကြောင်းအမျိုးမျိုးကြောင့် ဘေးတော်ဦးမွှံ ကွယ်လွန်ချိန်အထိ ဒီပစ္စည်းတွေကိုပြန်လည်တူးဖော်ရယူနိုင်ခြင်းမရှိခဲ့ကြပါဘူး၊ ရတနာပစ္စည်းတွေမြှုပ်နှံထား

ခဲ့တဲ့နေရာရဲ့ မြေပုံကိုလဲ ဘေးတော်ဦးမှုံက ဘယ်သူ့ကိုမှ ပေးမထားခဲ့တာဟာ အဓိကအကြောင်းအရင်းပါပဲ၊ ရွှေတောင်မြို့နယ်၊ ဖိုးသိန်းတန်ကျေးရွာအုပ်စု၊ နွားမယ်ကြီးကျေးရွာတစ်ဝိုက်မှာဆိုတာလောက်ကိုပဲ အကြမ်းဖျင်းသိထားခဲ့ရတယ်"

"အခု ကျွန်တော် ဒီဌာနကိုရောက်လာခဲ့ရတာကတော့ ဘေးတော်ဦးမှုံရဲ့ရတနာပစ္စည်းတွေကို နွားမယ်ကြီးကျေးရွာက နွားကျောင်းသားတစ်စုဟာ မြွေလိုက်ရိုက်ရင်းနဲ့ မြွေဝင်ပြေးသွားတဲ့တွင်းကိုတူးဖြိုရာက မတော်တဆတွေ့ရှိခဲ့ကြရတယ်၊ အဲဒီရှေးဟောင်းရတနာတွေကို သူတို့ကရောင်းစားခဲ့ကြလို့ အဖမ်းခံရတယ်၊ ဒီရတနာတွေကိုတော့ သက်ဆိုင်ရာက ဆရာတို့ရဲ့ဌာနမှာ လာရောက်အပ်နှံထားကြတယ်ဆိုတာ ကြားသိရပါတယ်၊ ဒါ့ကြောင့် မြို့ဝန်ဦးမှုံရဲ့မြစ်တော်သူ ကျွန်တော်က လာရောက်တောင်းခံတာပါ၊ ဟောဒီမှာ မူလပစ္စည်းစာရင်းစာရွက်၊ ဒါက ကျွန်တော့်ရဲ့လျှောက်လွှာပါ"

သူက ဌာနအကြီးအကဲ ညွှန်ကြားရေးမှူးချုပ်ထံ ကမ်းပေးလိုက်ခြင်းဖြစ်၏။ ညွှန်ကြားရေးမှူးချုပ်က အသေးစိတ်ဖတ်ရှုပြီး သက်ပြင်းတစ်ချက်ချလိုက်၏။ ထို့နောက် မိမိမျက်နှာကိုလှမ်းကြည့်ကာ –

"အင်း ... အတော့်ကိုစိတ်ဝင်စားစရာကောင်းတဲ့ ဖြစ်ရပ်တစ်ခုပါပဲ၊ ဒီကိစ္စကိုကိုင်တွယ်ဖြေရှင်းပေးဖို့ အတွက် အသင့်တော်ဆုံးပုဂ္ဂိုလ်ဟာ ဦးကျော်ဝင်းပါပဲ၊ ဦးကျော်ဝင်းဟာ မနုဿဗေဒဆိုင်ရာ ရှေးဟောင်းသုတေသနပညာရှင်တစ်ယောက်ဖြစ်တယ်၊ မြို့နယ်တရားသူကြီး အချိန်ပြည့်တာဝန်ကိုလဲ ဆောင်ရွက်ခဲ့ဖူးတယ်၊ ဒါ့ကြောင့် ဦးဝင်းရဲ့ကိစ္စကိုကိုင်တွယ်ဖြေရှင်းပေးဖို့ အတွက် ဦးကျော်ဝင်းကို ကျွန်တော်က တာဝန်ပေးပါတယ်"

သို့ဖြင့် အထုပ်ကြီးတစ်ထုပ်သည် ဦးကျော်ဝင်း၏ပခုံးပေါ်သို့ ရောက်ရှိလာရလေတော့၏။ သူသည် ဦးဝင်း၏ရုပ်လက္ခဏာကို မသိမသာအကဲခတ်မိလေလောကြည့်မိ၏။ လူလိမ်တစ်ယောက်တော့ ဟုတ်ဟန်မတူ။ သူရပိုင်ခွင့်ရှိသည်ဟု ခိုင်ခိုင်မာမာလက်ခံယုံကြည်ထားသော အခွင့်အရေးတစ်ရပ်အတွက် တရားဥပဒေကြောင်းအရ တရားဝင်လာရောက်တောင်းခံနေခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှား၏။

ဦးဝင်း၏ဖိတ်ကြားချက်အရ ကိုကျော်ဝင်းသည် နောက်တစ်နေ့တွင် သူနေထိုင်ရာ ပြည်လမ်း ၇ မိုင်ရှိ သူ၏နေအိမ်သို့သွားရောက်၏။ သူ ဘာလုပ်ငန်းလုပ်သည်ဟု မသိရသော်လည်း လူရတတ်တစ်ဦးဖြစ်ကြောင်း နေပုံထိုင်ပုံအဆောင်အယောင်အရ သိသာ၏။ သူနှင့်သက်တူရွယ်တူခန့်ရှိပုံရသော သူ့ဇနီးကလည်း ချောမောလှပပြီး သဘောသကာယကောင်းပုံရ၏။ သူတို့၏ဧည့်ခန်းတွင် ချိတ်ဆွဲထားသော မိသားစုဇယား(Family Tree) ပန်းချီကားချပ်ကြီးမှာ စိတ်ဝင်စားစရာကောင်းလှ၏။ မြို့ဝန်ဦးမှုံမှသည် ဦးဝင်းအထိ ဆင်းသက်လာပုံမျိုးရိုးစဉ်ဆက်ဇယားကို ရေးဆွဲထားသည့်ပုံဖြစ်၏။ ပတ္တူစပေါ်တွင် ရေးဆွဲထားခြင်းဖြစ်ပြီး ဆီဆေးကိုအသုံးပြုထားခြင်းဖြစ်၏။ ဟောင်းနွမ်းနေသည့်အရောင်အသွေးနှင့် အသွင်အပြင်အရ လွန်ခဲ့သောနှစ်အတန်ကြာကာလက ရေးဆွဲထားပုံရကြောင်း ပေါ်လွင်၏။ မိမိကစ၍ –

"ဒီမိသားစုဇယားပုံစံနဲ့ပတ်သက်လို့ ကျွန်တော်ဘယ်လိုမှမဝေဖန်လိုပါဘူး၊ ဦးဝင်းဟာ မြို့ဝန်ဦးမှုံရဲ့မြစ်တော်သူဖြစ်တယ်ဆိုတာကိုလဲ ကျွန်တော်အငြင်းမပွားလိုပါဘူး"

"ဒါပေမဲ့ တရားဥပဒေကြောင်းအရပြောကြမယ်ဆိုရင်တော့ ဦးဝင်းဘက်က အတော်လေးအရေးနိမ့်နေပါတယ်၊ အားနည်းနေပါတယ်"

ဦးဝင်းသည် မျက်မှောင်ကြုတ်၍ မိမိကိုကြည့်နေ၏။ ထို့နောက် –

"ဘယ်အချက်မှာအရေးနိမ့်ပြီး ဘယ်အချက်မှာအားနည်းနေတာလဲဆရာ"

"ပထမအချက်ကတော့ နွားမယ်ကြီးကျေးရွာနားမှာ မတော်တဆတူးဖော်တွေ့ရှိခဲ့ရတဲ့ ရှေးဟောင်းရတနာပစ္စည်းတွေဟာ မြို့ဝန်ဦးမှုံပိုင်ဆိုင်ခဲ့တဲ့ ပစ္စည်းတွေဖြစ်တယ်ဆိုတာကို ခိုင်ခိုင်မာမာသက်သေထူနိုင်ဖို့ ဖြစ်ပါတယ်"

"ဟာ…ရှင်းနေတာပဲဆရာ၊ ပစ္စည်းစာရင်းထဲမှာ ဖွက်မြီးကိုးရွှေကြိုးကိုးကြိုးတပ်ရွှေစလွယ်ဆိုတာ ပါနေတယ်လေ၊ အဲဒါမြို့ဝန်အဆင့်တွေကို ရှင်ဘုရင်က ချီးမြှင့်တဲ့ အဆောင်အယောင်ပစ္စည်းပဲဗျ၊ ဦးမှုံဟာ ရွှေတောင်မြို့ဝန်ရော ရန်ကုန်မြို့ဝန်ပါ လုပ်ခဲ့ရတဲ့လူဆိုတော့ သူ့ပစ္စည်းမဟုတ်လို့ ဘယ်သူ့ပစ္စည်းဖြစ်ရမှာလဲဗျ"

ဦးဝင်း၏အသံက အနည်းငယ်မာကျောနေ၏။ မိမိက–

"ဒါပေမဲ့ ဖမ်းဆီးရမိတဲ့ပစ္စည်းတွေထဲမှာ ကိုးကြိုးတပ်ရွှေစလွယ်ဆိုတာ ပါမလာဘူးခင်ဗျ"

"ဒါကတော့ ရှင်းပါတယ်၊ ဒီလောက်အဖိုးတန်တဲ့ ပစ္စည်းမျိုးကို တွေ့တဲ့လူတွေက စောစောစီးစီး အပျောက်ရှင်းပစ်လိုက်ကြတာ ဖြစ်မှာပေါ့ဗျာ၊ ကျွန်တော့်ဆီမှာ ရှိနေတဲ့ ပစ္စည်းစာရင်းနဲ့ ဆရာတို့ရထားတဲ့ ပစ္စည်းစာရင်းကို တိုက်ကြည့်လိုက်ရင်လဲ ဦးမှုံရဲ့ပစ္စည်းဆိုတာ အခြေပေါ်မှာပါပဲ"

"ကောင်းပါပြီ၊ အစု သက်ဆိုင်ရာက ကြိုးစားပြီး လိုက်လို့ ရွှေကြိုးကိုးကြိုးတပ်ရွှေစလွယ်ကိုပြန်ရပြီပဲထားပါတော့၊ ဒီပစ္စည်းတွေဟာ မြို့ဝန်အဆင့်ရှိတဲ့ပုဂ္ဂိုလ်တစ်ယောက် ပိုင်ဆိုင်ခဲ့တယ်လို့ ယူဆနိုင်တာပဲရှိမယ်၊ ရွှေတောင်မြို့ဝန်ဦးမှုံပိုင်ဆိုင်ခဲ့တဲ့ပစ္စည်းရယ်လို့ အတိအကျပြောဖို့က ခက်နေတယ်၊ ဘာကြောင့်လဲဆိုတော့ တခြားမြို့ဝန်တွေလဲ ရှိခဲ့သေးတာကိုးခင်ဗျ၊ ဒါကြောင့် ဒီရှေးဟောင်းရတနာပစ္စည်းတွေကို မြို့ဝန်ဦးမှုံပိုင်ဆိုင်ခဲ့တယ်ဆိုတာ တရားဥပဒေအရ ခိုင်ခိုင်မာမာသက်သေပြနိုင်ဖို့ လိုပါတယ်၊ အဲဒီလိုသက်သေပြပြီးရင် ဦးဝင်းဟာ ဦးမှုံရဲ့အမွေဆက်ခံထိုက်သူဖြစ်ကြောင်း ခိုင်ခိုင်မာမာ သက်သေပြနိုင်ရပါမယ်၊ တရားဥပဒေကြောင်းအရ ဆိုရင်တော့ အဲဒီလိုအဆင့်ဆင့်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်"

"ဒါပေမဲ့ အခုတွေ့ရှိထားတဲ့ ရှေးဟောင်းရတနာပစ္စည်းတွေဟာ နိုင်ငံတော်ကပြဋ္ဌာန်းထားတဲ့ ရှေးဟောင်းဝတ္ထုပစ္စည်းအက်ဥပဒေအရ အကျုံးဝင်နေပါတယ်၊ တစ်နည်းပြောရရင်တော့ နိုင်ငံတော်ပိုင်ပစ္စည်းတွေဖြစ်နေပါတယ်၊ ဒါ့ကြောင့် ဦးဝင်းအနေနဲ့ တောင်းဆိုပိုင်ခွင့်လုံးဝမရှိပါဘူး၊ ဒီပစ္စည်းတွေကို ဦးဝင်းကိုယ်တိုင် မတော်တဆ ပြန်ပြီးတွေ့ရှိခဲ့တယ်ဆိုရင်တောင် နိုင်ငံတော်ကို အသိပေးပြီး အပ်နှံရမှာဖြစ်ပါတယ်၊ အဲဒီလိုဆိုရင်တော့ နိုင်ငံတော်က ဦးဝင်းကို ထိုက်ထိုက်တန်တန် ဆုကြေးငွေချီးမြှင့်မှာဖြစ်ပါတယ်၊ ဒီရှေးဟောင်းရတနာပစ္စည်းတွေကို မတော်တဆတွေ့ရှိပြီး တရားမဝင်ရောင်းချခဲ့တဲ့ နွားကျောင်းသားတွေရော လက်ခံပယ်ယူမိသူတွေပါ အမှုဖြစ်နေကြပြီ၊ တရားရုံးက ဘယ်လိုစီရင်ချက် ချအုံးမယ် မသိပါဘူး၊ အဲ … ကျွန်တော်တို့ကတော့ သူတို့ဆီက သိမ်းဆည်းလာတဲ့ ရွှေငွေရတနာ ရှေးဟောင်းပစ္စည်းတွေကို ဒီတစ်ပတ်အတွင်း စီရင်ချက်ချရတော့မယ်၊ ဘယ်ပစ္စည်းတွေကို ပြခန်းတွေထဲမှာ ခင်းကျင်းပြသထားမယ်၊ ပန်းထိမ်ဖိုတွေက ထုရိုက်ထားလို့ ပုံပျက်ပန်းပျက်ဖြစ်ပြီး ပြသဖို့မသင့်လျော်တော့တဲ့ ပစ္စည်းမျိုးတွေကိုတော့ လုံခြုံရေးအာမခံခန်းထဲမှာ သိမ်းဆည်းထားမယ်ဆိုတဲ့ စီရင်ချက်ဖြစ်ပါတယ်"

ထိုနေ့မှစ၍ ဦးဝင်းသည် မိမိတို့ဌာနသို့မလာတော့။ အဆက်အသွယ်လည်း လုံးဝမပြုလုပ်တော့။ ရှေးဟောင်းရတနာတွေအတွက် မျှော်လင့်ချက်မထားတော့သောကြောင့်ပေလော။

မိမိတို့မှာမူကား ဤရက်များအတွင်း နွားမယ်ကြီးရွာမှ သက်ဆိုင်ရာကသိမ်းဆည်းလာသည့် ရှေးဟောင်းရတနာပစ္စည်းများနှင့် အလုပ်ရှုပ်နေကြ၏။ ပုဂ္ဂလိကပစ္စည်းဝယ်ယူစုဆောင်းသူတို့ထံမှ သိမ်းဆည်းခဲ့သော ရတနာတို့မှာ အခြေအနေကောင်းမွန်၏။ မူလလက်ရာမပျက်ရှိနေကြ၏။ သို့ရာတွင် ထိုပစ္စည်းမျိုးတို့၏ အရေအတွက်ကနည်းပါးလှ၏။ ပန်းထိမ်ဖိုများက လက်ခံဝယ်ယူထားသော ရတနာပစ္စည်းတို့မှာမူကား အရည်ကျိုရန်ထုရိုက်ထားခြင်းခံရသဖြင့် အတော်ပင် ပုံပျက်ပန်းပျက်ဖြစ်နေ၏။ ထိုပစ္စည်းတို့ကိုမူကား လုံခြုံရေးအာမခံခန်း (Vault)ထဲတွင် သိမ်းဆည်းထားရန်မှတစ်ပါး အခြားမရှိပြီ။

ကိုကျော်ဝင်းသည် အမျိုးသားပြတိုက်အတွင်း၌ နွားမယဉ်ကြီးရှာမှ ရှေးဟောင်းရတနာများကို ခင်းကျင်းပြသရန် စီစဥ်ဆောင်ရွက်လျက်ရှိစဥ် တစ်စုံတစ်ရာကို စဉ်းစားတွေးတောနေမိလေ၏။

"အမျိုးသားပြတိုက်ရဲ့ ပြတိုက်မှူးကြီးနေရာ လစ်လပ်နေတာကြာပြီ၊ အခုထိမခန့်သေးတာဟာ ဘာကြောင့်လဲ၊ သင့်တော်သူမရှိသေးလို့ဆိုရင်လဲ ထားပါတော့၊ ငါဟာ မနုဿဗေဒဘာသာရပ်နဲ့ ဝိဇ္ဇာ(ဂုဏ်ထူး) ဘွဲ့ကိုရော မဟာဝိဇ္ဇာဘွဲ့ကိုပါ ရရှိထားပြီးခဲ့ပြီ၊ အမေရိကန်ပြည်ထောင်စု၊ ဟာဝိုင်အီပြည်နယ်၊ ဟိုနိုလူလူမြို့ အရှေ့အနောက်ဗဟိုရေးရာတက္ကသိုလ်မှာလဲ ပြတိုက်ပညာသင်တန်းကို ၆ လ တက်ရောက်သင်ယူ အောင်မြင်ခဲ့ပြီးပြီ၊ ဒီမှာလဲ ပြည်တွင်းပြည်ပက လာရောက်ပြသတဲ့ ယာယီပြပွဲတွေကို အကြိမ်ကြိမ် ဦးဆောင်ခင်းကျင်းပြသပေးခဲ့ပြီးပြီ၊ ပြတိုက်ပညာနဲ့ပတ်သက်လို့ စာနယ်ဇင်းတွေမှာ ဆောင်းပါးတွေ အများကြီးရေးခဲ့ပြီးပြီ၊ ငါ့မှာ ဘာအားနည်းချက်ရှိနေလို့ ပြတိုက်မှူးကြီးရာထူးနေရာအတွက် မခန့်ထားရတာလဲ၊ ဒီဌာနမှာအလုပ်စလုပ်ကတည်းက ၁၂ နှစ်ကြာမှ ရာထူးတစ်ဆင့်တက်ရတယ်၊ အဲဒီတော့မှ ပြန်တမ်းဝင်အရာရှိဖြစ်ရတယ်၊ အဲဒီတုန်းကတော့ ရာထူးနေရာလပ်မရှိလို့ ကြန့်ကြာခဲ့ရတယ်၊ ထားပါတော့ ... အခုဟာက ပြတိုက်မှူးကြီးရာထူးနေရာ လစ်လပ်နေတာကြာလှပြီ၊ ပြတိုက်နဲ့ပတ်သက်တဲ့အလုပ်တွေပေါ်လာရင်တော့ ငါ့ကိုပဲရွေးပြီးခိုင်းလေ့ရှိတယ်၊ ချီးမြှောက်ဖို့ကျတော့ စဉ်းတောင်စဉ်းစားပုံမပေါ်ဘူး၊ အင်း ... တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့စကားပုံအတိုင်း လုပ်ရတော့မလိုဖြစ်လာပြီ"

ထိုအချိန်၌ မနုဿဗေဒဘာသာက ပြန်၍စန်းထလာပြီဖြစ်၏။ မူလစနစ်သစ်ပညာရေးစခါစတွင် မနုဿဗေဒကို သာမန်ဘာသာရပ်အဖြစ်သာ သတ်မှတ်ခဲ့၏။ မိမိသည် စနစ်ဟောင်းတုန်းက ထိုဘာသာရပ်တွင် ဝိဇ္ဇာ(ဂုဏ်ထူး)တန်းနှင့် မဟာဝိဇ္ဇာတန်းတက်ရောက်ခဲ့ရာ နောက်ဆုံးမျိုးဆက်ဟုဆိုနိုင်၏။ ထိုအချိန်မှစ၍ မျိုးဆက်ပြတ်သွားခဲ့ရာ မနုဿဗေဒကို သာမန်ဘာသာတွဲအဖြစ် သင်ယူခဲ့ရသူတွေသာရှိတော့၏။ အနှစ် ၂၀ ကျော်ခန့်ကြာလာချိန်၌ ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သူ ရှမ်းပြည်နယ်ကိုယ်စားလှယ် ဦးတင်ဧ(တင်ဧ–ရှမ်းပြည်)က နိုင်ငံတော်အကြီးအကဲထံသို့ အချက်နှစ်ချက်တင်ပြခဲ့သည်။ ယင်းတို့မှာ တိုင်းရင်းသားယဉ်ကျေးမှုဖော်ထုတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် အထောက်အကူပြုသည့် မနုဿဗေဒကို အထူးပြု(အဓိက) ဘာသာရပ်အဖြစ် တိုးမြှင့်ပေးရန်နှင့် တိုင်းရင်းသားဘာသာစကားပြောသင်တန်းကျောင်းကြီးကို ဖွင့်လှစ်ပေးရန်တို့ ဖြစ်ကြပါသည်။ နိုင်ငံတော်အကြီးအကဲက မနုဿဗေဒကို အဓိက(အထူးပြု)ဘာသာရပ်အဖြစ် တိုးမြှင့်ရန်ကိစ္စအတွက် ချက်ချင်းဆောင်ရွက်ပေးစေခဲ့၏။ တိုင်းရင်းသားဘာသာစကားပြောသင်တန်းကျောင်း ဖွင့်လှစ်ရန်ကိစ္စကိုမူ နောင်အခြေအနေပေးပါက ဆောင်ရွက်ပေးမည်ဟု ကတိပြုခဲ့၏။

သို့ဖြင့် မနုဿဗေဒသည် တက္ကသိုလ်တွင် ပြန်၍စန်းထလာ၏။ ရာထူးအဆင့်အသီးသီး၌ နေရာလပ်တွေပေါ်ထွန်းလာ၏။ သို့ရာတွင် ထိုနေရာတို့၌ဖြည့်စွက်နိုင်မည့် မျိုးဆက်သစ်များမရှိကြတော့။ ခါးဆက်ပြတ်သွားခဲ့ပြီဖြစ်သောကြောင့်ပင်တည်း။

"ဟုတ်ပြီ ... ဟုတ်ပြီ၊ ငါ ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနမှာလစ်လပ်နေတဲ့ ကထိကရာထူးနေရာအတွက် လျှောက်ထားလိုက်မယ်၊ ဝန်ထမ်းဖြစ်နေလေတော့ ယဉ်ကျေးမှုဝန်ကြီးဌာနကနေတစ်ဆင့် လျှောက်ထားရမှာပဲ၊ ဝန်ကြီးက ကန့်ကွက်ရန်မရှိကြောင်း မှတ်ချက်နဲ့ ပညာရေးဝန်ကြီးဌာနကိုပေးပို့လိုက်ရင် ငါ့ရဲ့လျှောက်လွှာအဆင်ပြေသွားမှာပေါ့"

သို့ကလိုအတွေးနှင့်အတူ မဆိုင်းမတွပင် လျှောက်လွှာတင်လိုက်လေတော့သည်။ ထိုလျှောက်လွှာနှင့်ပတ်သက်၍ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး၏ စဉ်းစားဆင်ခြင်ကောက်ချက်ချပုံမှာ စိတ်ဝင်စားဖွယ်ရာကောင်းလှပေသည်။ ။

**မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)**



# ကျီစယ်တို့လှည့် မတို့လှည့်

ဟန် သူ ရ ဗိုလ်

အရင်ဘဝက သူများ
အသိုက်အမြုံ ဖျက်ဆီးမိခဲ့လို့
ဒီဘဝ ဝဋ်ကြွေးဆပ်ရတာ
များလား။ ငယ်စဉ်
ကတည်းက မိရင်းဖရင်းကို
မသိမမြင်ခဲ့တဲ့ ပန်းဝါ။
ကိုယ်ပိုင်မိသားစုဘဝ
လေးရတော့မယ်ဆိုတော့
ပျောက်လိုက်တာ။

(၁)

"ပန်းဝါ...ဟဲ့...ပန်းဝါ"

"ရှင် ... ဒေါ်ကြီးလုံး၊ သမီး မီးဖိုချောင်ထဲမှာ"

"နင့်ယောကျ်ား ဆက်နိုင် သေပြီတဲ့"

"ရှင်..."

ရုတ်တရက် တုတ်ထိုးအိုးပေါက် အော်ချလိုက်တဲ့ ဒေါ်ကြီးလုံး စကားက ခါးသီးစရာ။ မဖြစ်နိုင်တာ ...။ ကိုဆက်နိုင်က မာမာချာချာကြီး။ မနက်ကပေါင် လင်မယားနှစ်ယောက် ရွှေဈာရုံမှာ ဆီမီးထွန်းခဲ့သေးတာ။

"မြန်မြန်လုပ်ဟဲ့ ... သေတာက ဟိုဘက်ကမ်းမှာတဲ့"

ချွေးသီးချွေးပေါက်တွေနဲ့ ပျာလောင်ခတ်နေတဲ့ ဒေါ်ကြီးလုံးကို ကြည့်ရင်း ပန်းဝါတစ်ယောက် အာစေးမိသလိုဖြစ်နေသည်။ သူ တကယ် ပြောနေတာလား။

"ဟဲ့ ... ဘာငိုင်နေတာလဲ၊ အဲဒီထမင်းအိုးကို မီးသတ်လေ"

ပြောပြောဆိုဆို သူ့လက်ထဲက သစ်သားယောက်မကိုဆွဲယူလိုက်မှ သတိဝင်လာသည်။

"ဒေါ်ကြီးလုံး ... ဘာတွေလာပြောနေတာလဲ"

"လုံးစေ့ပတ်စေ့တော့မသိဘူးအေ၊ မောင်စိန် ဖုန်းထဲပြောတာကတော့ ရေနစ်သေတာတဲ့"

"နောက်တာဖြစ်ပါအုံးမယ် ဒေါ်ကြီးလုံးရယ်၊ ကိုဆက်နိုင်က ဆိုက်ကားနင်းတာလေ၊ သမ္ဗန်လိုက်တာမှမဟုတ်တာ၊ သေချာအောင် ပြန်ဆက်ကြည့်ပါအုံး၊ ကိုမောင်စိန်တို့က နဂိုကတည်းကမှ အစအနောက် သန်ကသန်နဲ့"

"နင့်နှယ် ခက်လိုက်တာအေ၊ သေချာပါတယ်ဟဲ့၊ နင့်ယောက်ျား ဆက်နိုင်မှ ဆက်နိုင်၊ အခု ဆေးရုံကြီး ရင်ခွဲရုံမှာတဲ့၊ သေချာပါတယ်အေ"

ပန်းဝါ ဘယ်လိုမှမတွေးတတ်တော့။ ယုံလည်းမယုံနိုင်။ ဆိုက်ကားနင်းတဲ့ သူ့ယောက်ျားက ရေနစ်သေသတဲ့။ မြစ်ထဲရေဆင်းချိုးစရာ ဘာအကြောင်းမှလဲမရှိဘဲနဲ့။ ဆွဲခေါ်နေတဲ့ ဒေါ်ကြီးလုံးလက်ကို ရုန်းလိုက်သည်။ ညနေဆို ကိုဆက်နိုင် ပြန်လာမှာ။ ဘာလို့လိုက်ရမှာလဲ။

"ဟဲ့...ဟိုမှာ ရင်ခွဲအမီ စောင့်နေကြတာ၊ မြန်မြန်လာပါအေ"

ပြောပြောဆိုဆို ဒေါ်ကြီးလုံးက ရွာကူးတို့ဆိပ်ဆီ အတင်းဆွဲခေါ်သည်။ ထမင်းလုံးတစ္ဆေစီးခံရသလို ဆွဲခေါ်တဲ့လက်ကို သပ်သပ်ချမိသည်။ ဖုန်းဆက်တဲ့ကိုမောင်စိန် ကျီစယ်တာဖြစ်ပါစေလို့ အထပ်ထပ်ဆုတောင်းမိသည်။ တကယ်ဆိုရင်ကောဆိုတဲ့ အတွေးဝင်လာတော့ ခေါင်းကို ဆတ်ခနဲ ယမ်းလိုက်သည်။ ခက်ခက်ခဲခဲတည်ဆောက်ထားတဲ့ သူတို့ဘဝလေး



ပျက်စီးသွားလို့မဖြစ်။ ပန်းဝါတို့မှာ မျှော်လင့်ချက်အိပ်မက်တွေရှိသည်။ မနက်က ဟိုဘက်ကမ်းမကူးခင် ပန်းဝါရဲ့ဗိုက်မို့မို့လေးကို တယုတယ နမ်းသွားတဲ့ ကိုဆက်နိုင်ကို မြင်ယောင်လာသည်။ "ကိုယ်ပိုင် မိသားစုဘဝလေး တကယ်ဖြစ်လာပြီ"လို့ ကြည်ကြည်နူးနူးပြောသွားခဲ့ရာသည်။ ပန်းဝါစိတ်ကိုတင်းကြည့်သည်။ မရ။ မျက်ရည်ကတားမရဆီးမရ တအီအီစီးကျလာသည်။

(၂)

မြို့ဘက်ကမ်း ကူးတို့ဆိပ်ရောက်တော့ ကိုဆက်နိုင်ထိုးနေကျဂိတ်ကဆိုက်ကားဆရာတချို့ ကမ်းစပ်ဆီ ပြေးဆင်းလာသည်။ ထိုထဲကမှ ကိုဆက်နိုင်ကို တူလိုသားလို အရင်းနှီးဆုံး ဦးလေးမြက အရုပ်ကြိုးပြတ်ဖြစ်နေတဲ့ ပန်းပါကို အသာအယာတွဲကူသည်။

"ငါတို့လဲ ထင်မထားဘူးဟာ၊ ဖြစ်ချိန်တန်လို့ဖြစ်တယ်လို့ ပြောရမှာပဲ"

"ဘာကိုထင်မထားတာလဲ"

ကမ်းပါးယံ လှေကားထစ်တွေကို အားယူတက်နေတဲ့ပန်းဝါ ခြေလှမ်း ဆတ်ခနဲရပ်သွားသည်။

"ပြောလေဦးလေးမြ၊ ဘာကိုထင်မထားတာလဲ၊ ကိုဆက်နိုင် ဘာလို့သေတာလဲ"

မဖူးရင်းနဲ့ မျက်ရည်မဟူစီးကျလာသည်။ ဦးလေးမြမျာ စုတ်သပ်ကာ ခေါင်းကိုယမ်းရင်း အဖြေခက်သလိုဖြစ်နေသည်။

"ပြောပါ ဦးလေးမြရဲ့၊ သမီး ယောကျ်ား ဘာလို့သေတာလဲ"

"လာပါဟာ ... နောက်မှ အကြောင်းစုံရှင်းပြပါ့မယ်၊ ဟိုမှာ ကာယကံရှင်မိသားစုကိုစောင့်နေတာ"

"ပြောပါ ဦးလေးမြရဲ့၊ ကိုဆက်နိုင်က ရေဆင်းချိုးတာလား၊ သူမှ ရေမကူးတတ်တာ"

"မဟုတ်ပါဘူးဟာ၊ ဟိုရောက်ရင် သိရမှာပဲ၊ မြန်မြန်သာ တက်စမ်းပါ"

"သမီးကိုသနားရင် အခုပြောပြပါ၊ ရှိကြီးခိုးပါတယ်ဦးလေးမြရယ်"

ပန်းဝါရဲ့ တုန်ယင်နေတဲ့ လက်အုပ်ကလေးကိုကြည့်ရင်း သက်ပြင်းလေးလေးကြီးကို ခပ်ပြင်းပြင်း မှုတ်ထုတ်လိုက်ရသည်။ ပါးမို့လေး တွတ်တွတ်နီအောင်ငိုရှိုက်နေတဲ့ ၁၉ နှစ်အရွယ်ကလေးမအတွက် တခြားစကားလုံးလည်း ခေါင်းထဲမှာ ရှာမတွေ့။

"ဆက်နိုင်က မြစ်ထဲခုန်ချပြီး သေတာ"

"ရှင် ..."

ဦးလေးမြအသံက တိုးတိုးလေးဆိုပေမဲ့ ပန်းဝါရင်ထဲ မြောင်းဆန်သွားသည်။ အံ့အားသင့်ခြင်း၊ မယုံကြည်ခြင်းတို့နှင့်အတူ အရာရာကို လက်မခံနိုင်ဖို့ခဲယဉ်းသွားသည်။ ကိုယ်မရှိရင်မဖြစ်ဘူးဆိုတဲ့သူက ပန်းဝါကိုထားပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေပါ့မလား။ ရင်သွေးလေးရှိမှန်းသိတဲ့နေ့ကစပြီး အပျော်လွန်စိတ်ကူးတွေနဲ့ အနာဂတ်ကိုခြယ်မှုန်းသူကြီးက မြစ်ထဲခုန်ဆင်းသတဲ့လား။ ရိုးသားကြိုးစားပြီး အရှက်အကြောက်ကြီးတဲ့ ကိုဆက်နိုင် ကိုယ့်ကိုယ်ကိုယ် သတ်သေမှာတဲ့လား။ မဖြစ်နိုင်တာ။ ဘယ်လိုမှမဖြစ်နိုင်တာ။ သေလောက်အောင် စိတ်ညစ်စရာ သူ့မှာ ဘာများရှိလို့လဲ။

"မဖြစ်နိုင်တာ ဦးလေးမြရယ်၊ အကြောင်းတစ်ခုခုတော့ရှိမှာပါ"

"ဆိုက်ကားပေါ်တက်ပါကွယ်၊ ဟိုရောက်ရင် အကြောင်းစုံသိပါလိမ့်မယ်"

မသက်မသာနဲ့ ကူရှင်ပေါ်ထိုင်ချရင်း နံဘေးကဆိုက်ကားဆီ အကြည့်ရောက်သွားသည်။ ဦးကာင်းထိပ်မှာချိတ်ဆွဲထားသည့် စံပယ်ကုံးလေးက မနက်တုန်းကလိုမဟုတ်၊ ညှိုးနွမ်းလို့နေသည်။

(၃)

"ဖြန်း"

ရုတ်တရက် ပါးတစ်ဖက် ပူခနဲဖြစ်ကာ လူက ငိုက်ကျသွားသည်။ ဘေးကတွဲကူထားတဲ့ ဒေါ်ကြီးလုံးပါ ယိုင်လဲသွားသည်။ မြန်ဆန်လွန်းတဲ့ အဖြစ်အပျက်ကို ဦးလေးမြလည်း မှင်တက်မိနေသည်။

"ဟဲ့...ဟဲ့...မလုပ်နဲ့လေ၊ ပန်းဝါက ကိုယ်ဝန်နဲ့"

ရင်ခွဲရုံရှေ့လူအုပ်ထဲက ပြေးထွက်လာတဲ့ ကိုမောင်စိန်က ပါးရိုက်

သော အမျိုးသမီးကိုဆွဲတားလိုက်သည်။

"ကျွန်မကိုလွှတ်စမ်း၊ ဒီကောင်မကို အသေသတ်ရမှ ကျေနပ်မယ်၊ လူကြည့်တော့ မလောက်လေး မလောက်စားနဲ့၊ ကျွန်မမောင် အသေဆိုးနဲ့သေတာ သင်းကြောင့်..."

မျက်ရည်ကြားက ဗူပူပြီး မော့ကြည့်လိုက်တော့ ကိုဆက်နိုင်ရဲ့ အစ်မအကြီးဆုံး မခက်ခက်နိုင်။

သူ့ဘေးမှာက ဝိန်ဝိန်ပါးပါး အစ်မလတ် မထက်ထက်နိုင်။ မျက်လုံးများက ကြောက်ခမန်းလိလိ ဝင်းဝင်းတောက်နေသည်။ ဖျိုးခနဲ ဖျတ်ခနဲ ပန်းဝါဆံပင်ကိုလှမ်းဆွဲကာ ခေါင်းကို တရစပ်ရိုက်နှက်တော့သည်။

ဒေါ်ကြီးလုံး၊ ဦးလေးမြနှင့် ကျန်သူများက လူချင်းအတင်းခွဲသော်လည်း ဖော်ဖော်နှင့်မရ။ ဘာပအဆက်ဆက် ရန်ငြိုးမပြေသူလို သဲကြီးမဲကြီး မိရာကိုကုတ်ဖဲ့ကန်ကျောက်လို့နေသည်။ ပန်းဝါ ဘာတစ်ခုမှပြန်မစုခံ။ လည်စင်းပေးလိုက်သည်။ ဟုတ်တယ်။ ကိုဆက်နိုင်သေရတာ ပန်းဝါအပြစ်။ မရှိဆင်းရဲသားဘဝ၊ နုံချာလှတဲ့ကြမ္မာ ယှဲ့ယှဲ့ထဲ ကိုဆက်နိုင်ကိုဆွဲခေါ်မိတဲ့ အပြစ်။ လုပ်ပါ ... သေအောင်လုပ်ပစ်စမ်းပါ။

"မိဘမဲ့ကလေကဝကများ"

"ပိုင်းလုံးမ"

"ငါ့မောင်သေသလို နင်လဲသေရမယ်"

မကြီးနဲ့ မလတ်တို့ရဲ့ ဆဲဆိုရိုက်နှက်ချက်တွေက ပန်းဝါခန္ဓာကိုယ်ပေါ် သိစိတ်မဲ့ကျရောက်နေသည်။ ဟုတ်ပါသည်။ ပန်းဝါထက် နှစ်နှစ်ပဲကြီးတဲ့ ကိုဆက်နိုင်။ သူတို့အတွက် တစ်ဦးတည်းသောမောင် အငယ်ဆုံး။ တက္ကသိုလ်ပထမနှစ်နဲ့ မိန်းမခိုးပြေးသူ။ မိဘနဲ့ အစ်မတွေရင်ကိုခြေစုံကန်သွားသူ။ အဓိကတရားခံက ပန်းဝါ။ ရွှေစာရံဘုရားပေါ် ကိုဆက်နိုင်တို့မိသားစု ဘုရားလာဖူးတုန်းက ပန်းဝါ ဆီမီးခွက်တွေမရောင်းဘဲ ထားခဲ့ရမှာ။ ရင်ပြင်တော်ပေါ် ဆီမီးငါးရာပူဇော်တော့ သူတို့နှင့်အတူ ကူပြီးမထွန်းပေးဘဲနေရမှာ။

"ညီမလေးက ပန်းဆိုင်မဖွင့်ဘူးလား"တဲ့။ ပထမဆုံးမိတ်လာဖွဲ့တဲ့ ကိုဆက်နိုင်ရဲ့အမေးစကား။

"ဟင့်အင်း ... ပန်းဆိုင်က အရင်းအနှီးကြီးတယ်၊ ဆိုင်ခန်းလေလံဆွဲရတယ်၊ ပန်းဝါတို့က အခုလို သီတင်းကျွတ်ချိန်မှ ဆီမီးခွက်လေးတွေ ရောင်းခွင့်ရတာ"

ကိုဆက်နိုင်က ပြုံးသည်။ "ပန်းဝါက ဘုရားပန်းမရောင်းလဲ နောင်ဘဝအဆက်ဆက်လှနေမှာ"တဲ့။ ရှက်လိုက်တာ။ အဲဒီတုန်းကများ မြေခွက်ထဲလောင်းထည့်တဲ့ဆီတွေလည်း ဟိုဖိတ်ဒီဖိတ်။ ပန်းဝါတော့ အများကြီးမသိပါဘူး။ ဘုရားပန်းလှူရင် နောင်ဘဝ အဆင်းလှမယ်။ ဆီမီးလှူရင် နောင်ဘဝ အချင်းလှမယ်။ အဲဒီလောက်ပဲ ပန်းဝါသိတာ။ ပန်းဝါက ပညာတတ်ကြီးဖြစ်ချင်တာ။ ဒါပေမဲ့ မွေးစားအမေ ဆရာလေးဒေါ်ခေမာဆုံးတော့ ပန်းဝါပညာရေးလည်း လေးတန်းနဲ့ဆုံးခန်းတိုင်တာပါပဲ။

ဒေါ်ကြီးလုံးက ဒုတိယမွေးစားအမေပေါ့။ သမွန်ဆိပ်က ဒေါ်ကြီးလုံးထမင်းဆိုင်မှာကူလုပ်ပေးရင်း ပန်းဝါ အရွယ်ရောက်ခဲ့ရတာ။ သူ့အစ်မတွေ လစ်ရင်လစ်သလို မြို့ဘက်ကမ်းကနေ ကူးကူးလာတတ်တဲ့ ကိုဆက်နိုင်ကိုကြည့်ပြီး ဒေါ်ကြီးလုံးက သတိတော့ပေးသား။

"ပန်းဝါရယ်... မောင်ဆက်နိုင်နဲ့က ရေ့ဆက်လို့မရတဲ့ အခြေအနေပါ၊ ငြင်းလိုက်တာကောင်းမယ်၊ ဟိုတစ်ခါ သူတို့မိသားစု ထမင်းဝင်စားတုန်းက တော်တော့်ကို ကိန်းကြီးခန်းကြီးနိုင်တာပါအေ၊ တစ်လောကလုံး သူတို့လုပ်စာထိုင်စားရတဲ့ အချိုးမျိုး၊ သူ့အစ်မနှစ်ယောက်က ပိုဆိုးသေး"

အဲဒီတုန်းက ပန်းဝါမှာ မရှိမာနလေးနဲ့။ ပန်းဝါ အရွယ်ရောက်ပြီဆိုတာနဲ့ လာပိုးကြသူတွေကို ကြည့်ပါအုံး။ ကူလီထမ်းတဲ့သူတွေ၊ သမ္ဗန်ခတ်တဲ့သူတွေ။ အို...ကိုဆက်နိုင်လို မြို့ကြီးသား တက္ကသိုလ်ကျောင်းသား ဖြူဖြူခွံ့ခွံ့ တစ်ယောက်မှမပါဘူး။ အဲဒီတော့ ကိုဆက်နိုင်က ပန်းဝါရဲ့ တစ်ဦးတည်းသော ရွှေမင်းသားပေါ့။ ကိုဆက်နိုင် ချစ်ခွင့်ပန်တော့ ပန်းဝါ မငြင်းပါဘူး။ စတွေ့တဲ့ ရွှေစာရံဘုရားပေါ်မှာပဲ ခေါင်းညိတ်

လက်ခံခဲ့တာ။ ညနေစောင်း ထမင်းဆိုင်သိမ်းချိန် ဒေါ်ကြီးလုံးမသိအောင် သူ့ကိုခိုးခိုးတွေ့ရတာ အမောသား။ နေဝင်ဆည်းဆာရောင်ပြန်ဟပ်နေတဲ့ တစ်ဖက်ကမ်းက သူနေတဲ့မြို့ကြီးကို ရွှေစာရံရှင်ပြင်ထက်ကနေ အတူတူကြည့်ရတာတွေက အမှတ်တရပါပဲ။

"ဟိုးကအဆောက်အအုံဝါဝါကြီးကိုတွေ့လား၊ အဲဒီအနောက်လမ်းမှာ ကိုယ်နေတာ၊ ဟိုး...မြင့်မြင့်အဆောက်အအုံကြီးက မီးသတ်စခန်းမျှော်စင်လေ၊ တောင်ဘက်အစွန်က ခေါင်းတိုင်ဖြူဖြူကိုတွေ့လား၊ အဲဒါ မြို့စွန်သုသာန်က မီးသင်္ဂြိုဟ်စက်ပေါ့"

"ဟိုး...မြောက်ဘက်အစွန်က ရှင်တော်ပင်လည်းဘုရား မဟုတ်လား"

"ဟုတ်တာယ်၊ ပန်းဝါရောက်ဖူးလား"

"ဟင့်အင်း ... ပန်းဝါ မြို့ပေါ် တစ်ခါမှမရောက်ဖူးဘူး၊ ဒီဘက်ကမ်းရွာမှာပဲ ဒေါ်ကြီးလုံးနဲ့ ထမင်းအတူရောင်းရင်း ကြီးပြင်းခဲ့တာ၊ ပန်းဝါဘဝမှာ ဟောဒီရွှေစာရံဘုရားပဲဖူးဖူးတာ၊ ဒါတောင် အပိုဝင်ငွေရအောင် ဆီမီးခွက်ရောင်းတဲ့ သီတင်းကျွတ်မှပဲ ဖူးဖြစ်တာ"

"ခုတော့ အပတ်တိုင်းဖူးဖြစ်ပြီပေါ့လေ"

ကိုဆက်နိုင်က ကြည်ကြည်နူးနူးနဲ့ ပန်းဝါလက်ကလေးကို ညှစ်လိုက်သည်။ နောက်ဆုံးအခေါက်သမ္ဗန်ရောက်တဲ့အချိန်မှပဲ မလွှတ်ချင်လွှတ်ချင်နဲ့ ပန်းဝါလက်အစုံကို ဖြေလျှော့ပေးတတ်သည်။

ထိုမလွှတ်ချင်တဲ့လက်ကလေး ပန်းဝါအတန်တန်တားတဲ့ကြားက အစ်မတွေကိုခြေစုံကန်ကာ ရှင်ခွင်ထဲပြေးဝင်လာခဲ့သည်။ ပန်းဝါမငြင်းသာ။ ပြန်လည်တွေးပွေ့ကာ လောကဓံခရီးကို နှစ်ယောက်သားအတူတူလျှောက်လှမ်းခဲ့ကြသည်။

(၄)

"ပန်းဝါ သတိရပြီလား၊ မျက်လုံးဖွင့်ကြည့်ပါအုံး"

"အား ... ကျွတ် ... ကျွတ် ... သမီးဘာဖြစ်သွားတာလဲ၊ ခု ဘယ်ရောက်နေတာလဲ"

တစ်ကိုယ်လုံးနာကျင်ကိုက်ခဲနေသည့်ကြားမှ ဒေါ်ကြီးလုံးကို အားယူမေးကြည့်မိသည်။

"ဆေးရုံမှာပဲ ရှိသေးတာယ်၊ ဟိုကောင်မတွေနဲ့ ဝရုန်းသုန်းကားဖြစ်တဲ့အချိန် နင်က သတိလစ်သွားတော့ အရေးပေါ်ကိုရွှေ့လာတာ၊ တော်သေးတာပေါ့အေ၊ ဘာမှမဖြစ်လို့"

"ကိုဆက်နိုင်ကော..."

"မပြောချင်ပါဘူးအေ၊ ငါတို့လဲ အတန်တန်တားတာပဲ၊ သူတို့မောင် နောက်ဆုံးခရီး သူတို့ပဲပို့မယ်ဆိုပြီး အိမ်ကိုပြန်သယ်သွားကြလေရဲ့"

"ရှင်...အဲဒီလိုမဖြစ်ရဘူးလေ၊ ကိုဆက်နိုင်က ကျွန်မယောကျ်ားလေ၊ ဟင့်အင်း ... ရွာကိုပြန်သယ်မယ်၊ သူတို့နဲ့မထည့်နိုင်ပါဘူး"

"စိတ်လျှော့စမ်းပါ ပန်းဝါရယ်၊ ဗိုက်ထဲကရင်သွေးလဲငဲ့ပါအုံး၊ ဟိုဟာမတွေက နင့်တွေ့ရင် သရဲမရဲ စီးနေတာ၊ ထပါအေ ... ရွာကိုပြန်ရအောင်ပါ"

"နောက်ဆုံးအနေနဲ့ ကိုဆက်နိုင်မျက်နှာကို သေချာကြည့်ချင်သေးတယ်၊ အဲဒီအခွင့်အရေးတောင်မရှိတော့ဘူးလား"

ပြောရင်းနဲ့ ပန်းဝါ ရှိုက်ကြီးတငင် ငိုချလိုက်သည်။ ဒေါ်ကြီးလုံးလည်း ပန်းဝါကိုကြည့်ရင်း မျက်ရည်ကျလာသည်။ ဘယ်လိုနှစ်သိမ့်ပေးရမလဲ မသိတော့။ လူနာခုတင်ဘေးမှာ ရပ်နေကြတဲ့ ဦးလေးမြနှင့် ကိုမောင်စိန်တို့လည်း မျက်နှာမကောင်းကြ။ ကိုမောင်စိန်က ရှေ့ကိုတစ်လှမ်းတိုးကာ ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်သည်။ ခေါင်းကိုငုံ့လိုက်သည်။

"ဆက်နိုင်သေရတာ ငါ့အပြစ်ပါဟာ"

ကြေကြေကွဲကွဲနဲ့ ထွက်လာတဲ့ ကိုမောင်စိန်၏စကားကြောင့် ပန်းဝါ ဆွံ့အသွားသည်။

"အရင်ကတည်းက ဆက်နိုင်ကို နောက်နေကျဆိုတော့ ဒီမနက်လဲ သူအိမ်သာသွားတုန်း ဆိုက်ကားကို ဝှက်ထားလိုက်တာ၊ ဒီလောက်အထိဖြစ်သွားမယ်မထင်ဘူးဟာ"

ပြောရင်းနဲ့ ကိုမောင်စိန့်အသံက တိမ်ဝင်သွားသည်။ မနက်က

ဗျာများနေတဲ့ ဆက်နိုင်အဖြစ်ကို မြင်ယောင်လာသည်။

"ကိုမောင်စိန် ... ကျွန်တော့် ဆိုက်ကား ခင်ဗျားဝှက်ထားတာ မဟုတ်လား"

"ဟာ ... ဒီတစ်ခါ တကယ် မနောက်ဘူးဟ၊ ဈေးကားနဲ့ မတော်တဆချိတ်ပြီး မြစ်ထဲကျတာပါဆို"

"မဖြစ်နိုင်တာဗျာ၊ ကားလမ်းနဲ့က အဝေးကြီး"

"အဲဒါတော့ ငါလဲမသိဘူး၊ မြင်လဲမမြင်ဘူး၊ လမ်းသွားလမ်းလာ ပြောမှ ငါလဲသိရတာ"

"တကယ် ... တကယ်လား ဗျာ၊ ဘယ်နားကျတာတဲ့လဲ"

သူ့ခွင်ထဲဝင်လာတဲ့ ဆက်နိုင်မသိအောင် ကိုမောင်စိန် ကျိတ်ရယ်လိုက်သည်။ ဒီကောင်လေးကို နောက်ပြောင်ကျီစယ်တိုင်း တကယ် အဟုတ်မှတ်စမြဲပင်။

"မင်းထားခဲ့တဲ့ သဖန်းပင်ကျော်ကျော်လေးမှာကျတာလို့ ပြောတာပဲ၊ ငါတော့ ဂိတ်ပြန်ပြီ"

"နေအုံးလေဗျာ၊ ကျွန်တော့်ကို ကူရှာပေးအုံး"

"တစ်ကြောင်းပဲရသေးတာဟ၊ ရေကတိမ်တိမ်လေးရယ်၊ တော်ကြာ ရေစီးနဲ့မျောလို့ စားစရာမရှိ လျော်စရာရှိ ဖြစ်နေမယ်၊ ဆိုက်ကားတစ်စီးတန်ဖိုးက နည်းတာမဟုတ်ဘူး"

ကမ်းပါးယံပေါ်က ခုန်ဆင်းရမလား၊ တခြားလမ်းက ပတ်ဆင်းရမလားဆိုတာ ဝေခွဲမရဖြစ်နေတဲ့ ဆက်နိုင်ကို ဒီအတိုင်းထားခဲ့လိုက်သည်။ ယာခင်ရက်က ထိုနေရာမှာ မြစ်သဲစုပ်ထားသည်ကိုတော့ ကိုမောင်စိန်လည်း သတိမမူမိ။

ပန်းဝါ နားနှစ်ဖက်ကို တင်းတင်းပိတ်ရင်း ခေါင်းကို နာနာကြည်းကြည်း ယမ်းလိုက်သည်။ ဘာမှမကြားလို့၊ မသိလို့တော့။

"ငါ့ကိုခွင့်မလွှတ်ပါနဲ့ ပန်းဝါရယ်၊ အရင်လိုရှာမတွေ့ရင် သူ့ဂိတ်ကို ပြန်လာမယ်ထင်ခဲ့တာ"

ပန်းဝါ ကိုမောင်စိန်ကို အပြစ်မတင်ချင်၊ မတုံ့ပြန်ချင်တော့။ ဖန်လာတဲ့ကံကြမ္မာကိုသာ ယိုးမယ်ဖွဲ့ချင်တော့သည်။ အံကိုတင်းတင်းကြိတ်ရင်း ခုတင်ပေါ်ကဆင်းလိုက်သည်။

"ကျွန်မကို ရွာသာပြန်ပို့ပေးပါတော့"

(၅)

အရင်ဘဝက သူများအသိုက်အမြုံဖျက်ဆီးမိခဲ့လို့ ဒီဘဝ ဝဋ်ကြွေးဆပ်ရတာများလား။

ငယ်စဉ်ကတည်းက မိရင်းဖရင်းကို မသိမမြင်ခဲ့တဲ့ ပန်းဝါ။ ကိုယ်ပိုင်မိသားစုဘဝလေးရတော့မယ်ဆိုတော့ ပျော်လိုက်တာ။ သမီးလေး မွေးမှာလို့ ကိုဆက်နိုင်က ကြိုတင်ဟောကိန်းထုတ်သေးတာ။ ပန်းဝါက ကိုယ်ဝန်နဲ့မှတဖြည်းဖြည်းပိုလှလာလို့တဲ့။ ခုတော့ လင်မယားနှစ်ယောက် ဗိုက်ကမလေးသပ်၊ အနာဂတ်ကို ခြယ်မှုန်းခဲ့တာတွေ ပျက်သုဉ်းပြီတဲ့လား။ ဒီလိုဖြစ်မယ်မှန်း ကြိုသာသိရင် ကိုဆက်နိုင်ကို ပန်းဝါဘဝထဲ အဝင်မခံပါဘူးလေ။

ဆင်းရဲခြင်း၊ နုံချာခြင်း၊ အနိုမ်ခံရခြင်းတွေဆိုတာ ပန်းဝါအတွက်တော့ နေသားကျပြီးသားပါ။ ကိုဆက်နိုင်ကို တဒင်္ဂလေး ပိုင်ဆိုင်ခွင့်ရခြင်းက ပန်းဝါအတွက် ဘုရားပေးတဲ့ဆုလာဘ်ပါပဲ။ 'ကိုဆက်နိုင်ရေ...ရင်သွေးလေးအတွက် ပန်းဝါလောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်ရအုံးမယ်'

"တောင်ဘက်အစွန်းက ခေါင်းတိုင်ဖြူဖြူလေးကိုတွေ့လား၊ အဲဒါ မြို့စွန်သုသာန်က မီးသင်္ဂြိုဟ်စက်ပေါ့"

ရွှေစာရံရင်ပြင်ထက်က လက်ရန်းကို အားပြုရင်း မျှော်ကြည့်မိသည်။ အရင်က ဘေးနားရပ်ရင်း ညွှန်ပြသူကြီးက ခုတော့ ဟိုဘက်ကမ်းမှာတဲ့လား။ ခေါ်လဲမကြား၊ အော်လဲမကြားပြီတဲ့လား။

ကိုဆက်နိုင်ကို သင်္ဂြိုဟ်မဲ့ အချိန်နီးလာပြီထင်သည်။ ဟော... ဟိုးက မီးခိုးဖြူဖြူလေးတွေက ကိုဆက်နိုင်များလား။ ဟုတ်မှာပါ။ ရိုးသားဖြူစင်ပြီး ပန်းဝါကို အသက်လောက်ချစ်တဲ့ ကိုဆက်နိုင်ပါ။ ကြည့်စမ်းပါအုံး၊ ပန်းဝါကို ဝေ့ယမ်း နှုတ်ဆက်နေတာများလား။

မှုန်ပျပျသာမြင်ရသော မီးခိုးခေါင်းတိုင်လေးကို ပန်းဝါတစ်ယောက် လွှမ်းဆွတ်ခြင်း၊ ကြေကွဲခြင်းများစွာဖြင့် မှန်းမျှော်ကြည့်နေမိတော့သည်။ ။

**ဟန်သူရဇိုလ်**

# စပွန်ဆာ

ကျော်လွင် (စက်မှု)

ဆရာစိန်ဒိုးစာဖတ်နေခိုက် လမ်းမဆီမှ လော်စပီကာဖြင့် ကြော်ငြာသံကိုကြားလိုက်သဖြင့် နားစွင့်လိုက်မိသည်။ အထူးတလည် နားမစွင့်လိုက်ရ။ အကြောင်းမှာ လော်စပီကာလေးလုံးတပ်ထားသောကြော်ငြာယာဉ်က သူ့အိမ်ရှေ့တည့်တည့်တွင် လာ၍ရပ်လိုက်ခြင်းကြောင့်ဖြစ်သည်။ လော်စပီကာသံမည်မျှပြင်းမပြင်းကို သူထိုင်နေသည့် ကုလားထိုင်အေားရှိ အိမ်ရှေ့မျက်နှာစာသံစကာတစ်ခုလုံး လှုပ်ခါယမ်းသွားသည်ကိုကြည့်၍ သိနိုင်သည်။

"အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ကျင်းပမည့် အလှမယ်ပြိုင်ပွဲကြီးကို တန်ဆောင်မုန်းလဆန်းဆယ်ရက်၊ ညရှစ်နာရီတိတိတွင် မိုးလုံလေလုံအားကစားရုံကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကြွရောက်ကြည့်ရှုအားပေးကြပါရန် လေးစားစွာဖြင့် ဖိတ်မန္တကပြုလိုက်ပါတယ်ခင်ဗျား"

ကြော်ငြာသံဆုံးသည်နှင့် မော်တော်ယာဉ်က ရှေ့ကိုဆက်လက်ထွက်ခွာသွားသဖြင့် နားကွဲမတတ်ခံစားရသောအသံမှ သက်သာရပြီဟု တွေးလိုက်သည်။

သို့ရာတွင် ဆရာစိန်ဒိုး၏အိမ်နှင့် တစ်အိမ်ကျော်ခြံရှေ့တွင် မော်တော်ယာဉ်ကိုရပ်ကာ ကြော်ငြာပြန်သည်။ ယာဉ်နောက်ဘက်တွင်တပ်ထားသော လော်စပီကာနှစ်လုံးဖြင့် ဒုတိယမို့ အသံဖြင့်နှိပ်စက်ခြင်းကို ခံရပြန်သည်။ ကြော်ငြာပါအကြောင်းအရာ၊ စကားသံလေယူလေသိမ်းကအစ အပြောင်းအလဲမရှိ၊ ကွက်တိဖြစ်နေသဖြင့် ကြော်ငြာသည့်လူ တော်ပါပေသည်ဟု စိတ်ထဲက ချီးမွမ်းမိသည်။

ဆရာစိန်ဒိုး၏ကျောင်းရှေ့တွင် ကျောင်းတက်၊ ကျောင်းဆင်းချိန် လာရောက်ဈေးရောင်းသော ဈေးလှည်းများကို ပြန်လည်သတိရလိုက်မိသည်။


"ဝါးဟားဟားရေခဲချောင်း တစ်ရာတန်ပါတယ်၊ နှစ်ရာတန်ပါတယ်၊ သုံးရာတန်လဲ ပါပါတယ်"

"ကုလားပဲသုပ်မွှေးမွှေးလေး"

"ပေါက်စီပူပူလေးရပြီ၊ ကြက်သားပေါက်စီ လေးရာ၊ ပဲပေါက်စီ နှစ်ရာ၊ အုန်းသီးပေါက်စီ နှစ်ရာ"

ဈေးလှည်းဖြင့် ဈေးရောင်းသည့်သူက ရောင်းချမည့်ပစ္စည်းကို အော်ဟစ်ကာ ဈေးခေါ်ရောင်းချနေခြင်းမျိုးမဟုတ်ဘဲ အသင့်သွင်းထားသောအသံက ဆောင်းဘောက်ထဲမှ အဆက်မပြတ်တရစပ်ထွက်လာခြင်းဖြစ်သည်။

ယခုကြားလိုက်ရသည့် အလှမယ်ပြိုင်ပွဲကြော်ငြာကလည်း ထိုနည်းတူစွာ အသံသွင်း



ထားကာ လော်စပီကာမှ ထပ်တလဲလဲ မပြောင်းမလဲ ထွက်ပေါ်နေခြင်းဖြစ်ကြောင်း သတိပြုမိတော့သည်။ ယာဉ်မောင်းသူက ယာဉ်ကို မောင်းလိုက်၊ ရပ်လိုက် လုပ်ရုံသာ။ ကြော်ငြာစာသားတွေ အလွတ်ကျက်ကာ၊ သို့တည်းမဟုတ် ရေးထားသောစာရွက်ကိုဖတ်ကာ ကြော်ငြာနေစရာမလို။ အတော့်ကို အဆင်ပြေသော်သက်သာသလောက် ကြားရသူအဖို့ အပ်ကြောင်းထပ်ကာ နားကြားပြင်းကတ်စရာဖြစ်နေသည်။

ဆရာစိန်ဒိုးပင်စင်ယူပြီးနောက် ပြန်လည်အခြေချနေထိုင်ရာ ဇာတိမြို့တွင် ယခင့်ယခင်



နှစ်များစွာက ပွဲလမ်းသဘင်တွေမလုပ်ဖြစ်တာ နှစ်နှင့်ချီ၍ကြာခဲ့ပြီဖြစ်ကြောင်း ကြားသိရသည်။ မည်သို့ဆိုစေ အလှမယ်ပြိုင်ပွဲဆိုတော့ ကြိတ်ကြိတ်တိုးစည်ကားမည့်ပွဲမို့ သူလည်း သွားရောက်ကာ အားပေးရမှာပဲဟု တွေးလိုက်သည်။

❑

"ဆရာကြီးရှိပါသလား ခင်ဗျာ"ဟု အိမ်ရှေ့မှခေါ်သံကြားလိုက်သည်။

"ရှိတယ်ဟေ့...ဘယ်သူများလဲ"ဟု ဆရာစိန်ဒိုးကပြောကာ အိမ်ရှေ့သို့ ထွက်ကြည့်လိုက်သည်။

"စတုဒိသာကူပွန်လက်မှတ် လာပေးတာပါ"ဟုပြောကာ နံပါတ်ရေးထားသော ကူပွန်စာရွက်တစ်ရွက်ကို ရပ်ကွက်ရုံးစာရေးလေးက ထုတ်ပေးသည်။

"ဒါက ဘာလုပ်ရမှာလဲကွ" ဟု ဆရာစိန်ဒိုးက မေးသည်။

"သင်္ကြန်ခါနေ့လယ်မှာ ရပ်ကွက်အလိုက် စတုဒိသာပွဲတွေလုပ်ကြမှာ၊ အဲဒီကူပွန်စာရွက်ပြပြီး ပစ္စည်းထုတ်ယူရုံပဲ ဆရာကြီး"

ရပ်ကွက်ရုံးက စာရေးလေးပြောတာကို လိပ်ပတ်မလည်သော်လည်း ကူပွန်စာရွက်ကို ပြောပေးပေးကာ နောက်တစ်အိမ်ဆီသို့ အသော့နှင့်သွားသောကြောင့် မေးချိန်ပင်မရတော့ပေ။

ထို့ကြောင့် စတုဒိသာကူပွန်လက်မှတ်နဲ့ ဘယ်လိုလုပ်ရမလဲဟု မေးရန် ညီမဖြစ်သူ၏အိမ်သို့ထွက်လာခဲ့သည်။ အိမ်ထဲသို့ဝင်လိုက်သည်နှင့် သားအမိနှစ်ယောက် ဗျစ်ဟောက်ဗျစ်ဟောက် ဆူညံပွက်လောရိုက်နေကြသံကို ကြားလိုက်ရသည်။

"ဟဲ့ ... ဒီသားအမိ ဘာတွေဖြစ်နေကြတာတုံး"

"ပြောကိုမပြောချင်ပါဘူး အစ်ကိုကြီးရယ်၊ အကြီးကောင်က သီချင်းဆိုပြိုင်ပွဲဝင်ပြိုင်မလို့တဲ့၊ အဲဒါ သူ့အတွက် အကျီအဝတ်အစားဝယ်ပေးဖို့ ပူဆာနေတာလေ၊ ပိုက်ဆံမရှိရတဲ့ကြားထဲ"ဟု ညီမဖြစ်သူက ညည်းတွားကာပြောနေသည်။

"ဟေ ... သီချင်းဆိုပြိုင်ပွဲက ဘယ်တော့လဲ၊ ဘယ်မှာလဲ"ဟု ဆရာစိန်ဒိုးက မေးလိုက်သည်။

"အမျိုးသားနေ့အထိမ်းအမှတ်ပွဲ၊ ဘောလုံးကွင်းထဲမှာ သင်္ကြန်ခါညမှာ ပြိုင်ရမယ်၊ ဆုကြေးငွေက ပထမဆု ခြောက်သိန်း၊ ဒုတိယဆု လေးသိန်း၊ တတိယဆု နှစ်သိန်းနဲ့ နှစ်သိမ့်ဆုတွေလဲပါမယ်"ဟု တူတော်မောင်က အားရပါးရပြောနေသည်။

"ဆုကြေးတွေက မနည်းပါလား"ဟု ဆရာစိန်ဒိုးက အံ့အားသင့်စွာပြောသည်။

"မိန်းစပွန်ဆာက ပပဝတီပိုးထည်တိုက်နဲ့ ကိုစပွန်ဆာက စူပါစတားဆောက်လုပ်ရေးလုပ်ငန်းတွေဆိုတော့ ဆုတွေကဘယ်သေးပါ့မလဲ၊ ဆုရရင် အမေ့ပိုက်ဆံကို ပြန်ဆပ်မှာပါနော်"

"ဟဲ့ ... စပွန်ဆာဆိုတာက ဘာကြီးလဲ"ဟု အမေဖြစ်သူက နားမလည်ဟန်ဖြင့် သားဖြစ်သူကို မေးသည်။

"ဟာ...အမေကလဲ ဒီခေတ်ကြီးမှာ ဒါလေးတောင်မသိဘူးလား" ဟု အမေဖြစ်သူကို ဘယ်ခေတ်မှာနေတာလဲ ဟူသောအကြည့်မျိုးဖြင့် ကြည့်သည့်တိုင် သူကိုယ်တိုင်လည်း ဂဃနဏရှင်းပြနိုင်ပုံမရပေ။

"ကဲ...ကဲ...ငါ အခုလာတာက ဟောဒီစတုဒိသာကူပွန်လက်မှတ်နဲ့ ဘယ်လိုထုတ်ရမလဲလို့ လာမေးတာ"ဟု စကားဖြတ်ကာ ပြောလိုက်သည်။

"အစ်ကိုကြီးရဲ့ကူပွန်လက်မှတ်နံပါတ်ကို ရပ်ကွက်ထဲက လမ်းတွေအလိုက် အိမ်တွေမှာကပ်ထားတဲ့ စာရင်းတွေကို လိုက်ရှာကြည့်ပြီး နံပါတ်တွေ့တဲ့အိမ်မှာ ကူပွန်ပြပြီး ထုတ်ယူရုံပဲလေ"

"ဘာပစ္စည်းတွေပေးလဲ"

"ဆန်၊ ဆီ၊ ဆပ်ပြာ၊ ခေါက်ဆွဲခြောက်ထုပ်၊ ကော်ဖီမစ်၊ အချိုရည်ဘူး အဲဒါမျိုးတွေကို တတ်နိုင်သူက တတ်နိုင်သလောက် ကြွပ်ကြွပ်အိတ်နဲ့ထည့်ထားပြီး ပေးတာ"

"ပစ္စည်းကောင်းကောင်း ထည့်ပေးတဲ့အိမ်မျိုးနဲ့တွေ့ရင်တော့ ကံကောင်းတာပေါ့"ဟု ညီမဖြစ်သူက ပြောသည်။

ဇရာဝတီတိုင်းဒေသကြီးအတွင်း ဆရာစိန်ဒိုး တာဝန်ထမ်းဆောင်ခဲ့စဉ်အခါက နိဗ္ဗာန်ဈေး၊ စတုဒိသာပွဲများနှင့် ကြုံခဲ့ဖူးသည်။ ရပ်ကွက်၊ လမ်းအလိုက် ထမင်း၊ ဟင်းမှသည် မုန့်ပဲသရေစာ မြန်မာမုန့်မျိုးစုံကို အိမ်ရှေ့တွင်ခင်းကျင်းထားကာ လာသမျှလူ အဖယ့်တ်အလတ် အမြတ်မရွေး ကြိုက်သလောက်စား၊ အဝကျွေးသည့်ပွဲဖြစ်သည်။ ဆရာစိန်ဒိုးသည်ပင် သူကြိုက်သော ကောက်ညှင်းနှင့်လုပ်သည့် မုန့်ပဲသရေစာများကို တစ်မျိုးပြီးတစ်မျိုး အဝအပြဲစားသဖြင့် နောက်ရက်တွင် ဝမ်းချုပ်၍ အပူကန်ကာ ဝမ်းနုတ်ဆေး စားရသည်အထိ ဖြစ်ခဲ့သည်။ သူ့အတွက်တော့ နှစ်သက်စရာ၊ ပျော်စရာကောင်းသော နိဗ္ဗာန်ဈေး စတုဒိသာပွဲများအဖြစ် အမှတ်တရရှိနေခဲ့သည်။

❑

အမျိုးသားနေ့တွင် ဆရာစိန်ဒိုး နေ့လယ်စာစားပြီးသည်နှင့် စတုဒိသာကူပွန်လက်မှတ်ကိုကိုင်ကာ အိမ်မှထွက်လာခဲ့သည်။ ရတနာလမ်းထိပ်အရောက်တွင် ပစ္စည်းထည့်ထားသော ကြွပ်ကြွပ်အိတ်ကိုယ်စီကိုင်၍ လမ်းထဲမှ ထွက်လာသော ကလေး၊ လူကြီး တစ်သိုက်ကို တွေ့လိုက်သည်။ ကြွပ်ကြွပ်အိတ်ထဲတွင် ခေါက်ဆွဲခြောက်ထုပ်၊ အချိုရည်ဘူးများကို လှမ်းမြင်လိုက်သည်။ ဟုတ်ပြီဟုတွေးကာ ရတနာလမ်းထဲသို့ ဆရာစိန်ဒိုးဝင်ခဲ့သည်။ တစ်အိမ်ပြီးတစ်အိမ်၊ အိမ်ရှေ့တွင်ကပ်ထားသော ကူပွန်နံပါတ်စာရင်းကိုလိုက်၍ကြည့်သည်။ လမ်းသာဆုံးသွားသည်၊ သူ၏ကူပွန်နံပါတ်ကိုရှာမတွေ့ခဲ့ပေ။

ဟိုရှေ့မှာ သရဖီလမ်း။ ကြွပ်ကြွပ်အိတ်ကိုယ်စီဆွဲကာ လမ်းထဲမှ ထွက်လာသူများကို တွေ့ရပြန်သည်။ ဆရာစိန်ဒိုးလည်း သရဖီလမ်းထဲသို့ ဝင်ခဲ့ပြန်သည်။ လမ်းအစမှသည် လမ်းအဆုံးသို့ရောက်သည့်တိုင် သူ၏ကူပွန်နံပါတ်ကို ရှာ၍မတွေ့။ နေကပူပူ၊ အသက်အရွယ်ရလာပြီမို့ လမ်းလျှောက်ရသည်မှာ ဟိုတုန်းကနှင့်မတူ မောပန်းသလို ခံစားရသည်။ ပစ္စည်းရဖို့ထက် အပြင်မထွက်တာလည်းကြာပြီမို့ အငြိမ်းစားယူပြီးနောက် ကိုယ့်အရပ်ဒေသသို့ပြန်လာချိန် ပထမဆုံးအကြိမ်စတုဒိသာပွဲ အတွေ့အကြုံရအောင် ထွက်လာခဲ့ခြင်းဖြစ်သည်။

"ကိုယ့်ယဉ်ကျေးမှု စာပေ၊ ဓလေ့ထုံးစံတွေကို
လေးစားမြတ်နိုးတန်ဖိုးထားတတ်ခြင်းက အမျိုးသားစိတ်ရဲ့
အခြေခံအကျဆုံးလက္ခဏာလို့လဲဆိုနိုင်ပါတယ်"

လမ်းမတော်လမ်းအရောက်တွင် ကြွပ်ကြွပ်အိတ်များဈွာကို ဆိုင်ကယ်တွင်ချိတ်ကာ ကူပွန်လက်မှတ်တွေရှေတွက်နေသော တပည့်ဖြစ်ခဲ့ဖူးသူ မောင်ကံသိမ်းကို တွေ့လိုက်သည်။ ကြွပ်ကြွပ်အိတ်တွေထဲတွင် ဆီဘူးတွေ၊ မုန့်ဘူးတွေကို လှမ်းမြင်ရသည်။ တစ်ယောက်တည်းနဲ့ အများကြီးရလာပါလား၊ ဒါမှမဟုတ် လူကြုံပါးကာ ထုတ်ခိုင်းလိုက်တာတွေများလားဟု တွေးမိသည်။

"ဟော့...တပည့်ရေ၊ ဆရာ့နံပါတ်လေးကြည့်ပေးစမ်းပါအုံး၊ ဘယ်နေရာလောက်မှာများ ထုတ်လို့ရနိုင်မလဲဆိုတာကို"ဟု ဆရာစိန်ဒိုးက သူ့ကူပွန်လက်မှတ်ကိုထုတ်ပြသည်။

"ကွက်သစ်ထဲက သံလွင်လမ်းလောက်မှာဖြစ်ဖို့များတယ် ဆရာကြီး" ဟု တပည့်က ခက်ထိပြောနေသည်။ ဆရာစိန်ဒိုး နည်းနည်းလေးတော့ စိတ်ပျက်သွားသည်။ ထိုနေရာရောက်အောင် တော်တော်လေး ရှေ့ဆက်သွားရဦးမည်။ ထွက်လာမိပြီးမှတော့ မထူးတော့ပြီ။ ရောက်အောင်သွားရမပေဟာ့မပေါ့ဟုတွေးကာ ဆက်၍ထွက်လာခဲ့သည်။

တွေ့ပေပြီ၊ ဟိုရှေ့မှာ သံလွင်လမ်း။ နဖူးမှစို့ထွက်လာသောချွေးကို သုတ်လိုက်သည်။ လက်ထဲမှ ကူပွန်နံပါတ်ကိုကြည့်ကာ လမ်းထဲသို့ဝင်

လိုက်သည်။ ဟော… သည်အိမ်ရှေ့တွင်ကပ်ထားသောစာရင်းတွင် သူ့ကူပွန်နံပါတ်ကိုတွေ့ရပြီ။ သို့သော်လည်း အိမ်ရှေ့တွင် လူရိပ်လူယောင်ကိုပင်မတွေ့ရ။ အိမ်ထဲသို့ အသာကဲကြည့်သည်။ အမျိုးသမီးတစ်ဦး အိမ်ရှေ့သို့ထွက်လာသည်။ ဆရာစိန်ဒိုးက လက်ထဲမှကူပွန်စာရွက်ကို ထုတ်ပြ၍ "စတုဒိသာ လာထုတ်တာပါ"ဟု ပြောလိုက်သည်။

"နံပါတ်ကတော့ ဟုတ်တယ်၊ အင်း… ဒါပေမဲ့ အကုန်လုံးကိုထုတ်ပေးပြီးသွားလို့ စားပွဲခုံတောင်သိမ်းပြီးသွားပြီ"ဟုပြောသည်။ ထိုအမျိုးသမီးက သူ့ကိုဟာစ်လှည့်၊ သူ့လက်ထဲက ကူပွန်လက်မှတ်ကိုဟာစ်လှည့်ကြည့်ကာ ဇဝေဇဝါဖြစ်နေပုံရသည်။

ဆရာစိန်ဒိုးတစ်ယောက် နှုတ်ဖျားက 'ဗုဒ္ဓေါ'ဟုရေရွတ်ကာ သူ့တပည့် မောင်ကံသိမ်းကို မြင်ယောင်လိုက်သည်။ သူ ကံမကောင်းသော်လည်း သူ့ညီမပြောသည့် ကံကောင်းခြင်းကို သူ့တပည့်မောင်ကံသိမ်းတစ်ယောက် နာမည်နှင့်လိုက်အောင် ကံကောင်းခြင်းတွေကို သိမ်းပိုက်သွားလေသလားဟုတွေးသည်။

ပေးကားပေး၏မရ၊ ကျွေးကားကျွေး၏ မဝ။ ဟိုးတုန်းက အဝအပြစားခဲ့ရသော စတုဒိသာ ကောက်ညှင်းမုန့်မျိုးစုံကိုသာ သတိရနေမိတော့သည်။

❑

ဒီလိုနှင့် ညနေပင်စောင်းသွားလေပြီ။ သူ့အိမ်ရှိရာရပ်ကွက်အထိ ပြန်လျှောက်သည်နှင့် မိုးချုပ်ပေတော့မည်။ ဗိုက်ကလည်းဆာလာသဖြင့် လမ်းဘေးရှိ လက်ဖက်ရည်ဆိုင်သို့ဝင်ကာ လက်ဖက်ရည်သောက်သည်။ ဆိုင်ဖျော်လက်ဖက်ရည်ကို မသောက်ရတာလည်းကြာ၊ ဆာကလည်းဆာနေသဖြင့် လက်ဖက်ရည်က အလွန်အရသာရှိနေသည်။ လမ်းလျှောက်ခဲ့ရသဖြင့် ညောင်းညာကိုက်ခဲနေကာ အမောအပန်းလည်း ဖြေလိုသဖြင့် ခပ်ကြာကြာလေးထိုင်၍ နားနေလိုက်သည်။

မိုးချုပ်သည်နှင့် လမ်းမပေါ်တွင် လူစည်ကားစပြုလာသည်။ ပွဲလမ်းသဘင်သွားမည့်သူများဖြစ်သည်။ ခုမှပင် သူသတိရလိုက်သည်။ လော်စပီကာဖြင့်ကြော်ငြာသည့် အလှမယ်ပြိုင်ပွဲက ဒီနေ့ည၊ တူတော်မောင် သီချင်းဆိုပြိုင်ပွဲကလည်း ဒီနေ့ည။ သူထိုင်နေသောလက်ဖက်ရည်ဆိုင်မှ အိမ်ပြန်မည့်လမ်းပေါ်တွင် အလှမယ်ပြိုင်ပွဲကျင်းပမည့်အားကစားရုံကရှိနေသည်။ တူတော်မောင်၏ သီချင်းဆိုပြိုင်ပွဲကိုကြည့်လိုသည့်တိုင် သူထိုင်မနေသော လက်ဖက်ရည်ဆိုင်မှ ဆန့်ကျင်ဘက်အလှမ်းဝေးသောနေရာတွင်ရှိနေသည်။ ထို့ကြောင့် အပြန်လမ်းတွင်ရှိနေသော အလှမယ်ပြိုင်ပွဲကျင်းပမည့် အားကစားရုံဆီသို့ ဆရာစိန်ဒိုးထွက်လာခဲ့သည်။

"အလှမယ်ပြိုင်ပွဲကြီး ဖြစ်မြောက်ရေးအတွက် မိန်းစပွန်ဆာကတော့ စိန်လျှံဝေဖြိုးစိန်ရွှေရတနာဆိုင်ကဖြစ်ပြီး ကိုစပွန်ဆာကတော့ ဆင်းရန့်သင်းပျံ့အလှကုန်လုပ်ငန်းကဖြစ်ပါတယ်၊ ဒါ့အပြင် မိတ်ကပ်ဆံပင်အလှပြင်ကစ်ကစ်နှင့်အဖွဲ့၊ လက်ဝတ်ရတနာအဆင်အပြင် မျှောမျှောနှင့်ညီမများ၊ ဖက်ရှင်ဒီဇိုင်နာယမင်းခင်တို့က ပါဝင်အားဖြည့်ကူညီပေးထားကြပါတယ်"

"ဆုကြေးငွေများအဖြစ် ပထမဆု ငွေကျပ်သိန်းနှစ်ဆယ်၊ ဒုတိယဆု ငွေကျပ်ဆယ့်ငါးသိန်း၊ တတိယဆု ငွေကျပ်ဆယ်သိန်းနဲ့ အလှမယ်ဆုပေါင်းများစွာကို ချီးမြှင့်မှာဖြစ်ပါတယ်"

ပွဲစတင်ချိန်တွင် အစမ်းအနားအစီအစဉ်ကြေညာသူပြောလိုက်သောစကားကိုကြားလိုက်ရသဖြင့် ဆရာစိန်ဒိုး အံ့သြသွားသည်။ ဆုကြေးတွေက နည်းနည်းနောနောမှ မဟုတ်ပါကလား။ ရုံထဲသို့ဝင်လိုက်သည်နှင့် မီးရောင်စုံတွေက တဖိတ်ဖိတ်တလက်လက်ဖြင့် ဝင်းလက်တောက်ပနေသည်။ မီးမောင်းတွေ၊ မီးဆလိုက်တွေက ဟိုသည်ဖြတ်ယမ်းကာ ပွဲခင်းတစ်ခုလုံးကိုဖြန့်ကြက်နေသည်။ ပွဲကြည့်ပရိသတ်က ဝင်လာမစဲ တသဲသဲမို့ ဆရာစိန်ဒိုးသည်လည်း လူအုပ်နှင့်အတူရောပါကာ ရှေ့ကိုရောက်မှန်းမသိရောက်လာသည်။ ရှေ့တွင် ထိုင်ခုံများခင်းထားသည်မို့ ရှေ့ဆက်မတိုးနိုင်သော်

လည်း ပွဲစတင်နေပြီဖြစ်၍ လူတိုးသည့်ဒဏ်ကိုတော့ ခံနေရသည်။

"ကွိကွိတို့သားအမိလဲ ဒီပွဲကို လာကြည့်တာလား၊ ကလေးက သွားရည်တွေကျနေလိုက်တာ ရင်ဘတ်တစ်ခုလုံး စိုရွှဲနေပြီ၊ သွားရည်ခံလေးဘာလေးတပ်ထားပေးပါလား၊ ဈာသီဥတုကအေးလာတော့ တော်ကြာ အအေးမိပြီး ဖျားနေအုံးမယ်"ဟု ပြောသံကိုကြားလိုက်သည်။ ဆရာစိန်ဒိုးဘေးမှ လူငယ်က ကလေးငယ်ချီထားသော မိန်းကလေးကို ပြောနေခြင်းဖြစ်သည်။

"အမယ်လေးလေး... ကလေးကိုတော့ သွားရည်ကျနေတယ်လို့ ပြောတယ်၊ နင်ကျတော့ ဟင်း ... ဟင်း၊ နင့်ကို စုနကတည်းက ပွဲခင်းထဲဝင်လာတာကို လှမ်းတွေ့လိုက်ပြီးသား၊ မျက်လုံးကိုပြူးထွက်ပြီး ပါးစပ်ကအဟောင်းသားနဲ့၊ ငါ့ကိုတောင် မမြင်ဘူးမဟုတ်လား၊ ကလေးလို သွားရည်တများများ မကျခင် သွားရည်ခံဝတ်ရမှာက လူပျိုသိုးကြီးဦးမြို့စိလို့ပြောလိုက်စမ်းပါ သားလေးရယ်"

"ဟာ...ဒီကွိကွိမတစ်ယောက်ကတော့ သူများကိုပြောရမယ်ဆိုရင် ပီသသာလေးနဲ့ဘေးပစ်တာထက်ဆိုးသေးတယ်"ဟု လူငယ်ကပြောသည်။ လူကြားသူကြားထဲတွင် အပြောခံရသဖြင့် မျက်နှာနီမြန်းကာ ရှက်သွားပုံရကြောင်း မီးရောင်အောက်တွင် မြင်တွေ့လိုက်ရသည်။

သားသည်အမေမိန်းကလေး၏စကားက ထိုလူငယ်ကိုသာမက ဘေးတွင်ရပ်နေသော ဆရာစိန်ဒိုးကိုလည်း ဇွေဝိုက်ကာထိမှန်သွားသလို ခံစားရသည်။ သူ့လိုအရွယ်က ဒီလိုပွဲခင်းထဲမှာရှိနေခြင်းသည်ပင် အပြောခံရစရာဖြစ်နေမှာပဲဟုတွေးကာ စိတ်ထဲတွင်မလုံမလဲဖြစ်မိသည်။ ထို့ကြောင့် တဖြည်းဖြည်းနောက်ပြန်ဆုတ်ကာ ပွဲခင်းထဲကပြန်ထွက်လာခဲ့သည်။

❑

ရုံထဲမှထွက်လာပြီးနောက် အိမ်ပြန်ရောက်လျှင် ထမင်းနှင့်စားရန် ပွဲဈေးတန်းမှအကြော်ဝယ်၍ပြန်ခဲ့သည်။ ဇရာနဒီပန်းခြံရှေ့သို့အရောက် လူအများသွားလာနေသည်ကိုတွေ့ရသဖြင့် ဘာပွဲများရှိနေပါလိမ့်ဟု သိလိုသဖြင့် ပန်းခြံတွင်းသို့ ဆရာစိန်ဒိုးဝင်ခဲ့သည်။ ကပ်ထားသောကြော်ငြာကိုတွေ့၍ ဖတ်ကြည့်လိုက်ရာ 'အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ဆုပေးပွဲနှင့် စာပေဟောပြောပွဲ'ဆိုပါလား။ ဆရာစိန်ဒိုး စိတ်ဝင်စားသွားသည်။

ယခုလို စာပေနှင့်ပတ်သက်သောပွဲမျိုးတွင် မြန်မာစာပေကို ချစ်မြတ်နိုးသော၊ မြန်မာစာပြဆရာတစ်ယောက်ဖြစ်ခဲ့သော ဆရာစိန်ဒိုးအနေဖြင့် အားတက်သရော ပံ့ပိုးကူညီ အားပေးရပေလိမ့်မည်။

"ကျွန်တော်တို့တစ်တွေရဲ့ မိဘ၊ ဘိုးဘွားတွေကအစ သားစဉ်မြေးဆက် အစဉ်အဆက်တို့ရဲ့ ရင်ထဲ အသည်းထဲမှာ အမြစ်စွဲအောင်တည်ရှိနေတာကတော့ အမျိုးသားရေးစိတ်ဓာတ်ပဲဖြစ်တယ်၊ ကိုယ့်ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံတွေကို လေးစားမြတ်နိုးတန်ဖိုးထားတတ်ခြင်းက အမျိုးသားစိတ်ရဲ့ အခြေခံအကျဆုံး လက္ခဏာလို့လဲဆိုနိုင်ပါတယ်"

ဟောပြောပွဲမှထွက်ပေါ်လာသောအသံက လေထဲမှပျံ့လွင့်လို့လာသည်။

"ဆရာကြီးပါလား၊ ဟိုရှေ့မှာ ထိုင်ခုံရှိပါတယ်၊ ကျွန်တော်လိုက်ပို့ပေးပါ့မယ်"ဟုပြောလိုက်သောအသံကြောင့် ဆရာစိန်ဒိုးက သူ့အနားသို့ရောက်လာသောသူကို ကြည့်လိုက်မိသည်။

"မောင်ရေချမ်းပါလား၊ နေပါစေကွယ်၊ ဒီကနေပဲနားထောင်ပါ့မယ်၊ ဒါနဲ့ ဒီပွဲကျင်းပတာ အသံမကြား ဘာမကြား တိတ်တိတ်ဆိတ်ဆိတ်နဲ့ ကြိုပြီးမသိခဲ့ရဘူး"ဟု အလှမယ်ပြိုင်ပွဲကဲ့သို့ လှည့်လည်ကြော်ငြာသံကို မကြားရ၍ တပည့်ဖြစ်ခဲ့ဖူးသူ မောင်ရေချမ်းကို မေးလိုက်ခြင်းဖြစ်သည်။



"ဒီလိုပါ ဆရာကြီး၊ ကျွန်တော်တို့ရပ်ကွက်စာကြည့်တိုက်မှာ စာဖတ်သူတွေဆုံကြရင်းက ဒီပွဲလေးလုပ်ရရင် ကောင်းမယ်ဆိုပြီး တိုင်ပင်ရာက လုပ်ဖြစ်သွားတာပါ၊ ပွဲတစ်ပွဲဖြစ်ဖို့က ငွေကြေးလဲ လိုသေးတယ်"

"အေး ... အဲဒါပေါ့ ဟုတ်တယ်"

"ငွေကြေးသိပ်မတတ်နိုင်ပေမဲ့ ပွဲဖြစ်မြောက်ရေးအတွက် နေရာထိုင်ခင်း၊ အခမ်းအနားပြင်ဆင်ရေးကို ဦးကျားကြီး ဦးဆောင်တဲ့ အနေးယာဉ်လုပ်သားများအဖွဲ့၊ စာရေးဆရာများ ကြိုဆိုနေရာချထားရေးကို ဦးစံမတူဦးဆောင်တဲ့ ကုန်တင်ကုန်ချ အလုပ်သမားများအဖွဲ့၊ ဧည့်ခံကျွေးမွေးရေးကို ဒေါ်စိမ်းစိမ်းဦးဆောင်တဲ့ ကုန်စိမ်းဈေးသည်များအဖွဲ့၊ စာစီစာကုံးပြိုင်ပွဲအကဲဖြတ်ဆုချီးမြှင့်ရေးကို ဆရာဦးရဲဝေဦးဆောင်တဲ့ ဆရာ၊ ဆရာမများအဖွဲ့တွေက အားလုံးဝိုင်းဝန်းပြီး ဆောင်ရွက်ခဲ့ကြတာပါ"

မြန်ပြည်ဟာစ်လွှား ဟိုပွဲစပွန်ဆာ၊ သည်ပွဲစပွန်ဆာ စသည်ဖြင့် စပွန်ဆာအမျိုးမျိုးရှိကြသည့်အနက် ဒီရပ်ကွက်မှ သူတို့တစ်တွေက ရှားရှားပါးပါးတွေ့ရသော စာပေပွဲစပွန်ဆာများဖြစ်သည်။ ထိုပွဲလေးဖြစ်မြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီသော စာပေချစ်သူများကို ချီးကျူးမိလေသည်။

"ကောင်းလိုက်တာကွာ၊ အခုလိုလုပ်နိုင်တာကို ဆရာကြီး ချီးကျူးပါတယ်၊ ဒါနဲ့ စာစီစာကုံးပြိုင်ပွဲဆုကို ဘယ်လောက်ချီးမြှင့်ပေးနိုင်လဲ"ဟု ဆရာစိန်ဒိုးက ကြားသိခဲ့ရသည့် အလှမယ်ပြိုင်ပွဲနှင့် သီချင်းဆိုပြိုင်ပွဲများအတွက် ဆုကြေးငွေကို သတိရကာ မေးလိုက်ခြင်းဖြစ်သည်။

"ပထမဆုကို နှစ်သောင်းကျပ်၊ ဒုတိယဆုကို တစ်သောင်းငါးထောင်ကျပ်၊ တတိယဆုကို တစ်သောင်းကျပ်နဲ့ ဂုဏ်ပြုလက်မှတ်တွေပဲ ချီးမြှင့်ပေးနိုင်ပါတယ်ဆရာကြီး"

ကြားလိုက်ရမေးခွန်းကြောင့် ဆရာစိန်ဒိုးအမော်ပင် စိတ်မကောင်းဖြစ်မိသည်။

"အခုပွဲမှာလာနားထောင်တဲ့ပရိသတ်လဲရှိတာကို တွေ့ရတယ်၊ ဒါက တပည့်တို့ရပ်ကွက်စာကြည့်တိုက်အဖွဲ့ရဲ့ အောင်မြင်မှုပဲ၊ နောင်ကိုကော အခုလိုပွဲမျိုးလုပ်ဖို့ အစီအစဉ်ရှိလား"

"လာမဲ့ နတ်တော်လဆန်းတစ်ရက် စာဆိုတော်နေ့မှာ စာပေပြိုင်ပွဲ၊ ဆုပေးပွဲနဲ့ စာပေဟောပြောပွဲလုပ်ဖြစ်လိမ့်မယ်လို့တော့ တိုင်ပင်ထားတယ် ဆရာကြီး"

"ဒါဆိုရင် စာဆိုတော်နေ့မှာလုပ်မဲ့ပွဲအတွက် ဆရာတတ်နိုင်သလောက် ပါဝင်ကူညီမယ်ကွာ"ဟု ဆရာစိန်ဒိုးက ပွဲဖြစ်မြောက်ရေးအဖွဲ့မှ တပည့်ဖြစ်သူ မောင်ရေချမ်းကို ပြောသည်။

ဆရာစိန်ဒိုး စုဆောင်းထားသည့် ပင်စင်ဆုကြေးငွေ၊ အငြိမ်းစားလစာ ချွေးနဲ့စာထဲမှ တတ်နိုင်သမျှ ပံ့ပိုးကူညီလိုစိတ်ဖြစ်ပေါ်လာခြင်းကြောင့် ပြောလိုက်ခြင်းဖြစ်သည်။

ယခုလို စာပေနှင့်ပတ်သက်သောပွဲမျိုးတွင် မြန်မာစာပေကို ချစ်မြတ်နိုးသော၊ မြန်မာစာပြဆရာတစ်ယောက်ဖြစ်ခဲ့သော ဆရာစိန်ဒိုးအနေဖြင့် အားတက်သရောပံ့ပိုးကူညီအားပေးရပေလိမ့်မည်။

ထိုကဲ့သို့ ပံ့ပိုးကူညီအားပေးလိုခြင်းမှာ စပွန်ဆာတစ်ယောက်ဖြစ်လို၍မဟုတ်ကြောင်း ဆရာစိန်ဒိုး ကိုယ့်ကိုယ်ကိုယ်အသိဆုံးပင်ဖြစ်လေသည်။ ။

**ကျော်လွင်(စက်မှု)**

# ငါးဖမ်းသမားနှင့် တွေ့ ဆုံ ခြင်း




ကိုင်းသစ်အောင်

'ငါးဖမ်းသမား'သည် စာရေးဆရာမိုးကျော်ဇင်၏ ဒုတိယမြောက်လုံးချင်း ဝတ္ထုလက်ရာဖြစ်ပါသည်။ ပတ္တမြားဖြစ်တည်လာပုံအကြောင်းကို ပြောပြထားသည့် စာရေးသူ၏ အမှာစာကိုလည်းဖတ်ရှုရပါသည်။ ဝတ္ထုထဲရှိ သင်္ဘောသားဇာတ်ဆောင် 'ကျွန်တော်'နှင့် ငါးဖမ်း သင်္ဘောသမားဟောင်း မျိုးကိုကိုကို သဃၤန်းကျွန်းရထား ပေါ်တွင်တွေ့ဆုံရာမှ သူ့ဘဝဇာတ်ကြောင်းကို ပြန်လည် ပြောပြဟန်ဖြင့် ဝတ္ထုဇာတ်ကြောင်းကို ရေးဖွဲ့ထားသည်။ ဝတ္ထု၏အစပိုင်းနှင့်အဆုံးပိုင်းကိုမူ စကားပြေဖြင့် ရေးသားထားသော်လည်း ဝတ္ထု၏အဓိကကိုယ်ထည်ပိုင်းကိုတော့ ဇာတ်ကြောင်းပြောပြဟန် စကားပြောဖြင့် ရေးသားထားပါသည်။

အဝေးသင်နှင့်ဝိဇ္ဇာဘွဲ့ရရှိထားသော မျိုးကိုကိုဆိုသည့် လူငယ်လေးတစ်ယောက်။ သဃၤန်းကျွန်းရှိ မြေညီတိုက်ခန်း ကျဉ်းကျဉ်းကလေးမှာ နေထိုင်သည်။ သူ့အဖေက အရက်ရောင်းပြီး စီးပွားရှာသည်။ "မှတ်ထားကွ၊ ငါတို့နိုင်ငံမှာ ရေရောင်းတဲ့အလုပ်က စီးပွားဖြစ်အမြန်ဆုံး" "အေးပေါ့ ကွာ... ဖောင်စီးရင်း ရေမငတ်စေနဲ့၊ ငါသိသလောက်ကတော့ သင်္ဘောလိုက်တယ်ဆိုတာ အရင်းအနှီးရှာဖွေတာမျိုးလောက်ပဲ၊ စီးပွားရေးအလုပ်တော့ မဟုတ်ဘူး" အစရှိသော မျိုးကိုကို၏အဖေပြောသည့်စကားများကို ဝတ္ထုထဲက ငြီလုံးအဖြစ် ခံစားရပါသည်။ သင်္ဘောမတက်မီ မလေးရှားနိုင်ငံ၊ မီရီဆိပ်ကမ်း မြို့ကလေးတွင် အပျော်ရှာသော ကုန်းချုပ်တစ်ယောက်၊ အင်ဒိုနီးရှားမလေးဟန်ဆောင်ထားသည့် ကိုယ်ခန္ဓာရင်းနှီးစားသောက်နေရသူ မြန်မာမိန်းကလေးတစ်ယောက်နှင့်တွေ့ရပုံက ရင်နင့်စရာပင်ဖြစ်သည်။ ဒီကိစ္စနှင့်ပတ်သက်ပြီး စာရေးသူအနေဖြင့် 'မြည်သံစွဲအလင်္ကာ' ပါထည့်သွင်း၍ ပွင့်ပွင့်လင်းလင်းအရေးရဲသည်ဟု ယူဆမိပါသည်။

ထို့ပြင် သူ ပထမဦးဆုံးရောက်ရှိသော ကုန်တင်သင်္ဘောပေါ်တွင် ကုန်းချုပ်သုံးစွဲသောစကားမှာ မှန်နေသော်လည်း ဖတ်ရသည်မှာ အဆင်မပြေသလို ခံစားမိသည်။ ထိုစကားကို ကုန်းချုပ်က တစ်ကြိမ်တည်းသာမဟုတ် နှစ်ကြိမ်သုံးစွဲခဲ့သည်။ စာရေးသူသည် ကုန်းချုပ်၏စရိုက်ကိုဖော်ပြရာ၌ ပေါ်လွင်စေရန်သုံးနှုန်းသော်လည်း ပုံနှိပ်အက္ခရာအဖြစ်သို့ပြောင်းလဲသောအခါ အနည်းငယ်ပြောင်းလဲရေးသားသင့်သည်ဟု ထင်မြင်မိပါသည်။ ဖွဲဆော်ဦးအခေါက်၌ပင် သင်္ဘောပေါ်တွင် သူ့ဖျားနာနေသဖြင့် သင်္ဘောကပ္ပိတန်က သူ့ကိုလက်မခံဘဲ ပြန်နှင်ချခဲ့သည်။ သူ့ကို အမေရိကန်ဒေါ်လာ ၂၀၀ ပေးခဲ့သည်။ သင်္ဘောတက်ရန်လိုင်းကြေး အမေရိကန်ဒေါ်လာ ၂၀၀၀ ကို တစ်မိသားစုလုံးရုန်းကန်ရှာဖွေခဲ့ရသော်လည်း သူ ပြန်ရခဲ့သည်က ဒေါ်လာ ၂၀၀ သာ ဖြစ်သည်။

သူ နောက်တစ်ခါတက်ရသောသင်္ဘောကတော့ ပင်လယ်ငါးဖမ်းသင်္ဘောဖြစ်သည်။ ထိုသင်္ဘောကို သူ တက်ဖို့ သင်္ဘောကုမ္ပဏီတစ်ခုရှိ 'အဘ'ဆိုသောသူသို့ အမေရိကန်ဒေါ်လာ ၁၅၀၀ ပေးရပြန်သည်။ ထိုငွေ ပမာဏကိုလည်း မိသားစုဝင်များ၏ စုပေါင်းအင်အားဖြင့် ဖျစ်ညှစ်ရရှိခဲ့ခြင်းပင်ဖြစ်သည်။ ထို့နောက် 'နွေဦး ၁၂၅' (Spring 125)ဟူသော ငါးဖမ်းသင်္ဘောပေါ်သို့ သူ ရောက်ရှိခဲ့သည်။ သူနှင့်လုပ်ဖော်ကိုင်ဖက်များက အောင်မျိုးဝင်းဟုခေါ်သော ဗလကြီး၊ ဇေယျာမိုး၊ ကိုမင်းသူ၊ ကိုနေမျိုးနှင့် ကိုဇော်တို့ဖြစ်သည်။ ကျောပြင်၌ ရေသူမပုံတက်တူးထိုးထားသော တရုတ်လူမျိုးတစ်ယောက်က သူတို့၏အလုပ်ကြပ်ဖြစ်လာသည်။ နောက်ပိုင်း၌ ထိုတရုတ်ကို 'ရေသူမ' ဟုပင် သုံးနှုန်းခဲ့သည်။

သင်္ဘောပေါ်တွင် ရှိုးစရာရေချိုးဝေးစွ၊ မျက်နှာသစ်စရာပင် ရေမရှိသောဘဝဖြစ်သည်။ သို့သော် သင်္ဘောပေါ်တွင်ပါသော ဖိလစ်ပိုင်လူမျိုးသင်္ဘောသားများက ထိုပင်လယ်ရေငန်များကိုပင် မိမွေးတိုင်းဖမွေးတိုင်းအနေအထားနှင့် ရေချိုးနေကြသည်။ သင်္ဘောပေါ်တွင်ရှိသော ရေချိုထုတ်စက်ကလည်း သင်္ဘောသား အယောက်သုံးဆယ်စာအတွက် အလုံအလောက်မထုတ်ပေးနိုင်။ သောက်ရေအတွက်ကိုသာ ညနေပိုင်း၌ ရေချိုစက်၏ Drain Cock ဖွင့်ပြီး ရေသန့်ဘူးတွေထဲသို့ ထည့်ခွင့်ပေးသောအချိန်ကလည်း ငါးမိနစ်မျှသာဖြစ်သည်။ ဤသည်ကပင် ငါးဖမ်းသင်္ဘောပေါ်ကဘဝတချို့၏ စာမျက်နှာတစ်ရွက်ကို ဖျက်ခနဲ ဖတ်လိုက်ရခြင်းပင်ဖြစ်သည်။

ရေသူမ၏ လူ့အခွင့်အရေးချိုးဖောက်သည့် ဆက်ဆံမှုများကိုလည်း မြင်သာအောင်ရေးသားခဲ့သည်။ ငါးများချိတ်ကြိုးများ ရေထဲသို့ချရာ၌ ရှုပ်ထွေးကုန်သဖြင့် ကိုဇော်ဇော်သည် ရေသူမ၏ကန်ခြင်းကို ဦးစွာခံခဲ့ရသည်။ သင်္ဘောကပ္ပိတန်ရှေ့တွင် ဇေယျာမိုးက "ငါတို့ပြန်မယ်"ဟုပြောသောအခါ သူတို့အုပ်စုထဲတွင် ဗလအကြီးဆုံးဖြစ်သည့် ဗလကြီးကို ရေသူမအပါအဝင် တရုတ်များက ဝိုင်းဝန်းကန်ကျောက်နှိပ်စက်ကြပုံမှာလည်း အနေးကွက်ရုပ်ရှင်ကားတစ်ကားကို ကြည့်ရသလိုပင်ဖြစ်သည်။ သဘောကတော့ ဗလအကြီးဆုံးသူကို စတင်ချိုးနှိမ်လိုက်ခြင်းပင်ဖြစ်သည်။ သူတို့အားလုံးက "ငါတို့မပြန်တော့ဘူး၊ အလုပ်လုပ်ပါ့မယ်"ဟု ဆိုလိုက်တော့မှသာ နှိပ်စက်ခြင်းတွေရပ်တန့်သွားသည်။ အလုပ်လုပ်ရန် ငြင်းဆန်လျှင် အသတ်ခံရမည်ဟု ခြိမ်းခြောက်ခြင်းကိုသာ ကြုံတွေ့လိုက်ရသည်။ ရေသန့်ဘူးခွံမရှိသဖြင့် တက်မစင်ပေါ်က တစ်ယောက်ယောက်ပစ်ချလိုက်သော ရေသန့်ဘူးခွံကလေးကို လိုက်ကောက်ရခြင်းကလည်း ဝတ္ထုထဲက မမေ့နိုင်စရာအချက်တစ်ချက်ပင်ဖြစ်သည်။

ထမင်း၊ မှန်ညင်းချဉ်နှင့် ပြောင်းဖူးပြုတ်နည်းနည်းပါသော ခွေးစာသာသာ နံနက်စာကိုစားရသည်။ ငါးများချိတ်မိ၍ ပင်လယ်ထဲကနေ ကုန်းပတ်ပေါ်သို့ရောက်လာသော ငါးများ၏နှုတ်သီးဖျားကို ခြေထောက်ဖြင့်နင်းကာ သစ်သားတူကြီးများနှင့်ရိုက်နှက်ကြရသည်။ သင်္ဘောပေါ်၌ တရုတ်များနှင့် ဖိလစ်ပိုင်နိုင်ငံသားများ၏ တစ်ဆင့်နိမ့်သောဆက်ဆံရေးကို သူတို့မြန်မာခြောက်ယောက် ကြုံတွေ့ခံစားကြရ၏။ အလုပ်နားချိန်၌ သူတို့အချင်းချင်း ပြောဆိုကြသောစကားများကလည်း ဝတ္ထုကိုပံ့ပိုးပေးနေသည်ဟု ခံစားမိသည်။ ဗလကြီးက "သူတစ်ပါးကို ကိုယ်တိုင်သတ်မှမဟုတ်ဘူး၊ ဘေးကနေ ထိုင်အားပေးသလို ကြည့်နေတာကလဲ အကုသိုလ်ဖြစ်စေတာပဲတဲ့၊ အမေကပြောတာ၊ အမေက..." ဟု ပြောပုံ၊ ကိုမင်းသူက "ဒါကတော့ အလုပ်ပဲကွာ၊ ငါလဲ ဈေးက ဟင်းချက်ဖို့ဝယ်လာတဲ့ငါးတွေထဲ အရှင်ပါလာရင် ပြန်လွှတ်ပေးတဲ့ကောင်ပါပဲ၊ အခုတော့ မင်းလဲမြင်တဲ့အတိုင်းပဲ" ဟုပြန်ပြောပုံ အစရှိသော စကားများပင်ဖြစ်ပါသည်။ မူလစရိုက်က မည်သို့ပင်ဖြစ်ခဲ့စေကာမူ မိမိ၏အသက်အန္တရာယ်၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ ကျင့်သုံးနေခြင်းများကိုလည်း တွေ့ရပါသည်။

ငါးဖမ်းသင်္ဘောပေါ်တွင် အနေဆင်းရဲ၊ အစားဆင်းရဲ၊ အလုပ်ပင်ပန်းသည့်ကြားမှ ရေသူမ၏နှိပ်စက်မှုများကိုလည်း ကြုံတွေ့နေရသည်။ ထို့ပြင် လက်မောင်း

တွင် ငါးများချိတ်ဖောက်ဝင်သောဒုက္ခကိုလည်း ကြုံတွေ့ရသေးသည်။ အင်ဒိုနီးရှားလူမျိုး အဘိုးဆိုလျှင် လည်ပင်းတွင် ငါးများချိတ်ဖောက်ဝင်ရာမှ အသက်ကိုပင်ပေးလိုက်ရသည်။

"ငါ့သားလေးက ငါ့ကို သူ့ရဲ့ကောင်းလို့ထင်နေမှာပဲ၊ ငါ့မိန်းမကလဲ အဲဒီလိုထင်မှာ၊ သူတို့မွေးထားတဲ့ခွေးကမှ ငါ့ထက်အဆင့်ပိုမြင့်နေသေးတယ်၊ ငါက အဲဒီခွေးလောက်တောင် ကံမကောင်းဘူး" ဟူသော အဘိုး၏ ရင်ဖွင့်သံကလည်း ကြေကွဲစရာပင်ဖြစ်သည်။

ဆိပ်ကမ်းတွင် ငါးဖမ်းသင်္ဘောများဆိုက်ကပ်ထားရာမှ သင်္ဘောသားအချင်းချင်း တစ်စင်းနှင့်တစ်စင်း ကူးသန်းပြီး လူမျိုးတူချင်း ဝိုင်းဖွဲ့စကားပြော၊ အရက်သောက်ခြင်းတွေလည်းရှိသည်။ ဓေယျာမိုးသည် အင်ဒိုနီးရှားသင်္ဘောသားများနှင့်တွေ့ဆုံရာမှ 'နွေဦး ၁၂၅' တွင် သေဆုံးခဲ့ရသော အဘိုး၏အကြောင်းကို ပြောပြလိုက်သည်။ ထို့ကြောင့် ထိုညတွင် အင်ဒိုနီးရှား သင်္ဘောသားများ 'နွေဦး ၁၂၅' ဆီသို့ကူးလာပြီး တရုတ်များကိုရိုက်နက်ပြီးမှ မိမိတို့သင်္ဘောပေါ်သို့ ပြန်သွားကြသည်။ ရေသူမအပါအဝင် တရုတ်လူမျိုးများ ဖူးရောင်ပေါက်ကွဲ ဒဏ်ရာရကုန်ကြသည်။ မိမိလူမျိုးအတွက် ဥပဒေပြင်ပက ကလဲ့စားချေမှုများကိုလည်း ငါးဖမ်းသမားများတွင်တွေ့ရပါသည်။ တောတွင်းဥပဒေကျင့်သုံးခြင်းများကလည်း ငါးဖမ်းသင်္ဘောပေါ်၌ရှိနေပါသည်။ အကျိုးဆက်အနေဖြင့် အင်ဒိုနီးရှားသင်္ဘောသားများ သူတို့သင်္ဘောပေါ်သို့စီးနင်းတိုက်ခိုက်ပြီးသည့်နောက် 'ရေသူမ'က ဓေယျာမိုးအပေါ်၌ အခဲမကျေမှုများ၊ ငါးဟင်းစားဖို့အခွင့်အရေး ဆုံးရှုံးခြင်းများကို ကြုံတွေ့ရလေသည်။

စာရေးသူသည် လုပ်ငန်းခွင်အခက်အခဲများသာမကဘဲ သင်္ဘောပေါ်ရှိ လူ့စရိုက်လူ့သဘာဝများကိုပါ ရေးဖွဲ့သည်ကိုတွေ့နိုင်သည်။ ဆီမပါ၊ အရောင်တင်မှုန့်မပါ၊ ငရုတ်သီးမပါဘဲချက်ထားသည့် ရေလုံပြုတ်ငါးဟင်းသည် သင်္ဘောပေါ်၌ သူတို့အဖို့ နတ်သုဓာပင်ဖြစ်သည်။ ထိုငါးဟင်းကို တစ်ပတ်လျှင် သုံးရက်လောက်စားရသည်။ အစပိုင်း၌ လူခြောက်ယောက်အတွက် ငါးဟင်းခြောက်တုံး ခွဲတမ်းပေးသည်။ နောက်ပိုင်းတွင် ငါးဟင်းသုံးတုံးသာပါသဖြင့် မသင်္ကာတော့ဘဲ စောင့်ကြည့်ရာမှ အဖြစ်မှန်ကိုသိရှိရပုံ၊ ငါးဟင်းအတွက် လုပ်ဖော်ကိုင်ဖက်စည်းကိုဖောက်ဖျက်သော ကိုမင်းသူ၏စရိုက်မှာလည်း ပေါ်လွင်လှသည်။ မြန်မာများအကြား၌ ငါးဟင်းတစ်ခွက်ကြောင့် ဆက်ဆံရေးပြောင်းလဲသွားသောဖြစ်ရပ်ကိုလည်း ငါးဖမ်းသင်္ဘောပေါ်တွင် တွေ့ရပါသေးသည်။

လုပ်ငန်းခွင်အခက်အခဲ၊ အချင်းချင်းအကြား ပြဿနာများကိုသာမက ပြင်ပအနှောင့်အယှက်များကိုလည်း စာရေးသူက မမေ့လျော့မထားပေ။ ငါးဖမ်းသင်္ဘောသို့လာရောက်ပစ်ခတ်သော ဆိုမာလီဓားပြစက်လှေအကြောင်းလည်းပါသေးသည်။ 'နွေဦး ၁၂၅' သည် ဆိုမာလီဓားပြများ၏နှောင့်ယှက်မှုကို လေးကြိမ်တိတိခံခဲ့ရသည်။ ဆိုမာလီဓားပြများနှင့် သီရိလင်္ကာကြေးစားသေနတ်သမားသုံးယောက်တို့ အပြန်အလှန်ပစ်ခတ်ကြပုံ၊ သင်္ဘောကိုယ်ထည်၌ လျှပ်စစ်ဓာတ်လွှတ်ထားပုံတို့ကိုလည်း သိရှိခဲ့ရသည်။ နောက်ဆုံး၌ ငါးဖမ်းသင်္ဘောသုံးစင်း ကြိုးပုံစံဝန်းရံပိတ်ဆို့ပြီး ဆိုမာလီဓားပြစက်လှေကို ဝိုင်းဝန်းပစ်ခတ်ကာ ရေတွင်နစ်သတ်လိုက်သောသည်းထိတ်ရင်ဖိုဇာတ်ကွက်တစ်ကွက်ကိုလည်း ထည့်သွင်းထားပါသေးသည်။ ဓားပြလှေနစ်မြုပ်သွားသည်ကို နှစ်သက်မိသောရသလည်း ခံစားမိပါသည်။ ဆိုမာလီဓားပြများ၏ပစ်ခတ်မှုကြောင့် သင်္ဘောဒေါက်တာင်ရတော့မည်ဖြစ်သည်။

ငါးဖမ်းသင်္ဘောပေါ်တွင် ပင်ပင်ပန်းပန်း သက်စွန့်ကြိုးပမ်းအလုပ်လုပ်ခဲ့ရသော်လည်း ကြိုးစားမှုက အရာမထင်ပေ။ လစာရတော့ အမေရိကန်ဒေါ်လာ ၂၀၀ တည်းသာဖြစ်သည်။ ထို့ပြင် သင်္ဘောပေါ်ကဆင်းလျှင်လည်း ပြန်စရာအိမ်မရှိတော့သည့် ကိုမင်းသူလို လမ်းပျောက်သည့်အဖြစ်များကိုလည်း တွေ့ရသည်။ အေးကျင့်နှင့်မွှေ့သော်လည်း လစာအပြည့်အဝရရှိရန် တာဝန်ယူနိုင်ခြင်းမရှိ။ မြန်မာနိုင်ငံသို့ပြန်နိုင်ဖို့ကိုပဲ ကျေနပ်နိုင်သည်။ သူတို့

မြန်မာနိုင်ငံပြန်ရောက်သောအခါ သူတို့ကိုလိမ်လည်သွားသော 'အဘ' ဆိုသူကို လိုက်လံရှာဖွေသည်။ သို့သော် မူလနေရာ၌မတွေ့ရတော့ပေ။ ရလဒ်ကတော့ သာယာနိုင်ငံနိုင်ငံ သဘင်္ဂန်းကျွန်းရှိ မျိုးကိုကို၏ တိုက်ခန်းကလေးပျောက်ဆုံးသွားပြီး သူတို့မိသားစု အရှေ့ဒဂုံသို့ရောက်ရှိသွားခြင်းပင်ဖြစ်သည်။ မျိုးကိုကိုက သူတို့ကိုလိမ်ညာသွားသောပွဲစား 'အဘ' ဖြစ်သူကို တွေ့လိုတွေ့ငြား ဗိုလ်အောင်ကျော်လမ်းရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လိုက်လံရှာဖွေခဲ့ရာမှ သင်္ဘောသားဇာတ်ဆောင်တို့ညီအစ်ကိုနှင့် တွေ့ဆုံခဲ့ခြင်းပင်ဖြစ်သည်။ တွေ့ဆုံချိန်မှာ ဆုံးရှုံးခဲ့ရသောဘဝအမောများကြောင့် သူ့စိတ်က ပုံမှန်အခြေအနေအတိုင်းမရှိတော့ပြီ။

❑

'ငါးဖမ်းသမား' ဝတ္ထုတွင် ယောကျ်ားအလုပ်သမားများသာပါသည့် သင်္ဘောပေါ်၌ မိမွေးတိုင်းဖမွေးတိုင်း ရေချိုးကြခြင်း၊ အဝတ်လျှော်ဖွပ်ရာတွင် အဝတ်ကို ကြိုးနှင့်ချည်၍ သင်္ဘောပေါ်ကချကာ ပင်လယ်ရေနှင့်ပွတ်တိုက် ထိတွေ့မှုဖြင့် လျှော်ဖွပ်ခြင်း၊ အလုပ်သမားချင်းအတူတူ မြန်မာလုပ်သားများအနှိမ်ခံ၍ ခွဲခြားဆက်ဆံခံရခြင်း၊ ဆိုမာလီများပြတိုက်မှုကိုခံရခြင်း အစရှိသောအကြောင်းအရာတို့ကို သိရှိခွင့်ရခဲ့ပါသည်။ 'ငါးဖမ်းသမား' ဝတ္ထု၏ထူးခြားချက်သည် ဝတ္ထုထဲတွင် ဇာတ်ဆောင်အမျိုးသမီးတစ်ယောက်မှ ပါဝင်မှုမရှိခြင်းပဲဖြစ်သည်။ ငါးဖမ်းသမားတစ်ယောက်၏ဘဝကိုသာ သိခွင့်ရသော်လည်း သူ၏အချစ်ကိုတော့ သိခွင့်မရခဲ့ပါ။ ဖြစ်လေ့ဖြစ်ထရှိသော ဝတ္ထုများကဲ့သို့ ငါးဖမ်းသင်္ဘောတက်ရာမှ လက်ထပ်ရန်ရည်ရွယ်ထားသောချစ်သူကို ဆုံးရှုံးရသည့်အဖြစ်မျိုး ထည့်သွင်းပြီး ဇာတ်နာအောင်လည်း ရေးသူကမဖန်တီးခဲ့ပါ။ ထို့ကြောင့် စာရေးသူသည် ငါးဖမ်းသင်္ဘောပေါ်က ငါးဖမ်းသမားဇာတ်လမ်းကို တင်ပြရာ၌ အမျိုးသမီးဇာတ်ဆောင်ကို မလိုအပ်ဘဲ ထည့်သွင်းခြင်းမပြုမှု နားလည်မိပါသည်။

ပြောစရာတစ်ခုရှိသည်မှာ ဇာတ်လမ်းကိုရေးသောသင်္ဘောသားဇာတ်ဆောင်၏အသံနှင့် ငါးဖမ်းသမားအကြောင်းကိုပြောပြသော ငါးဖမ်းသမားဟောင်း မျိုးကိုကိုတို့၏ လေသံတူညီနေသလို ခံစားရခြင်းပင်ဖြစ်သည်။ သို့သော် ဤသည်ကလည်း စာရေးဆရာတစ်ယောက်တည်းကရေးသားသည့်ဝတ္ထုမျိုးတွင် တွေ့ကြုံရတတ်သော သဘာဝပင်ဖြစ်ပါသည်။ ဆရာမောင်သာရ၏ဝတ္ထုများတွင်သာ ဇာတ်ကြောင်းပြောသူသည် လက်တွေ့ဘဝပြောပုံနှင့် တစ်ထပ်တည်းကျနေပုံများကို တွေ့ရပါသည်။ 'မွေ့ဦး ၁၂၅' တွင်လိုက်ပါလာသော မြန်မာလူမျိုးခြောက်ယောက်အနက် မျိုးကိုကိုကိုဖယ်လိုက်လျှင် ကိုမင်းသူနှင့် ဧယျာမိုးတို့၏ စရိုက်များကသာ အခြားမြန်မာများထက် ပို၍ပေါ်လွင်ထင်ရှားနေပါသည်။

'မွေ့ဦးဟာ ဒဏ်ရာတွေနဲ့ ကမ်းခြေဆီ၊ မွေ့ဦးပေါ်က လူသားတချို့ကလဲ ဒဏ်ရာတွေကိုပွတ်သပ်ရင်း မကြာခင်တွေ့မြင်ရမယ်ဆိုတဲ့ကမ်းခြေဆီ'၊ 'ဖစ်ဖွင့်လိုက်တာနဲ့ အထဲမှာလှောင်ပိတ်မိနေကြတဲ့ မျှော်လင့်ချက်တွေဟာ အပြင်ကိုခုန်ထွက်လာကြသလို ထိတွေ့ခံစားလိုက်ရပါတယ်' အစရှိသော လတ်ဆတ်သည့်အရေးအဖွဲ့များကိုလည်း တွေ့ရပါသည်။

'ငါးဖမ်းသမား' ဝတ္ထု၏ ဇာတ်ကြောင်းသည် နိုင်ငံခြားငါးဖမ်းသင်္ဘောတွင်လိုက်ပါသွားသော မြန်မာလူငယ်တစ်ယောက်၏ အကြောင်းပင်ဖြစ်သည်။ သင်္ဘောတစ်ခေါက်သည် လုံးချင်းတစ်အုပ်၏ ပဓာနဇာတ်လမ်းပင်ဖြစ်ပါသည်။ ငါးဖမ်းသင်္ဘောများအားလုံးကို ကိုယ်စားမပြုစေကာမူ ငါးဖမ်းသင်္ဘောများ၏ အမှောင်ဘက်အခြမ်းကို သတိမူမိပါသည်။ ငါးဖမ်းသင်္ဘောပေါ်တွင် ကြုံရဆုံရသော လောက၏ငရဲခန်းများကို နိုက်နိုက်ချွတ်ချွတ် အသေးစိတ်နီးပါး ရေးသားထားသည်။ မြန်မာစာဖတ်ပရိသတ်အတွက်မူ 'ငါးဖမ်းသမား' ဝတ္ထုသည် လောကစိမ်းတစ်ခုဖြစ်သည်။ မြန်မာဝတ္ထုရှည်စာရင်းထဲသို့ ရှားပါးလှသည့်အကြောင်းအရာတစ်ခုကို ထည့်သွင်းပေးလိုက်ခြင်းပင်ဖြစ်သည်။

စာရေးသူရေးသားထားသော အမှာစာတွင် "ကျွန်တော်တို့က အသစ်ကိုသယ်ဆောင်လာနိုင်ခဲ့သလား၊ ယခု ကျွန်တော့်စာအုပ်က ပုံသဏ္ဍာန်အဟောင်း

ကြီးပဲလား"ဟု မေးခွန်းထုတ်ထားပါသည်။ မိမိအမြင်ကတော့ 'ပုံသဏ္ဌာန် ဟောင်းသည် သစ်သည်ထက် မြန်မာစာပေလောကအတွက် အကြောင်းအရာသစ်ဖြစ်သည်'ဟုပဲ ဆိုရမည်ဖြစ်ပါသည်။

ထိုသို့ အကြောင်းအရာအားဖြင့် အားကောင်းနိုင်မာလှသော ငါးဖမ်းသမားကို စာရေးဆရာမိုးကျော်ခင်သည် စာဖတ်ပရိသတ်များ၏ရှေ့မှောက်သို့ ပို့ဆောင်ပြီးပြီဖြစ်သည်။ 'ငါးဖမ်းသမား'ကိုဖတ်ရင်း ငါးဖမ်းသင်္ဘောပေါ်က ငရဲခန်းများအကြောင်းကိုကြားရသည်။ ငရဲညများအကြောင်းစာမျက်နှာများကိုလည်း ရင်တထိတ်ထိတ်နှင့်ဖြတ်သန်းရသည်။ အနိဋ္ဌာရုံများကို စိတ်အာရုံတွင် မှန်းဆမြင်ယောင်၍ရသည်။ သို့သော်လည်း မိမိအနေနှင့် 'နွေဦး ၁၂၅' ပေါ်သို့ ဒုတိယအကြိမ် ပြန်လည်တက်ရောက်ဖို့ကိုတော့ ဝန်လေးမိပါသည်။ ။

**ကိုင်းသစ်အောင်**

## လွမ်းမိတယ်လေ မြို့ညောင်ရွှေ

ကျော်စိုး(မတ္တရာ)

မယ်လေးတို့ မြို့ညောင်ရွှေ။
နှင်းမြူတွေ ရစ်ခြုံသိုင်းလို့
မှိုင်းပျမှုန်ဝေ။
ထင်းရှူး တောင်ဇလပ် ချယ်ရီတွေ
လှအားပေ ရှုမဝ။
မောတို့မြေ တောင်ဘက်ပိုင်း
တိုင်းကမ္ဘာဇ။

မယ်လေးတို့ မြို့ညောင်ရွှေ။
ကမ္ဘာဝယ် သတင်းမွှေးတဲ့
အင်းလေးဌာနေ။
ဟော်နန်းကြီးလဲ ရှိတယ်လေ
ပုဂိုးစေတီ အလွန်ပေါ။
အင်းသားတွေ လှေလှော်ခတ်ပုံက
ရင်သပ်ရှုမော။

မယ်လေးတို့ မြို့ညောင်ရွှေ။
လုံမပျို ရက်ကန်းစင်ထက်ဆီက
လက်ခတ်သံဝေ။
ကျွန်းမျောအလှနဲ့ စိုက်ခင်းတွေ
အင်းရေပြင်ရဲ့ ပြယုဂ်ပဲ။
ချစ်တေးဆို ကြင်ဖော်ထားပါတဲ့
ဆောင်းရိပ်ခို စင်ရော်များရယ်က
အင်းနားမှာ ရွှင်ပျော်မြူးတယ်
လူးလာပျံ့ဝဲ။

မယ်လေးတို့ မြို့ညောင်ရွှေ။
ယဉ်ကျေးမှု အမွေအနှစ်များ
ထွန်းကားရာမြေ။
ဘာသာတရားလဲ ကိုင်းရှိုင်းပေ
အင်းထဲနေ မြန်မာများ။
ချစ်စဖွယ် ပျူငှာကြသည်က
အလှပေါ် အယဉ်ဆင့်တယ်
ပင့်ထည်လို့ကြွား။

မယ်လေးတို့ မြို့ညောင်ရွှေ။
မဟာမဟာင်ညို ပျို မြောင် စမ်းမဟူနဲ့
လွမ်းမောဖွယ်ပေ။
ရွှေစည့်သည်ကြီး ပြန်တော့မလေ
မျက်ရည်ကလေးတွေ ဝေမိသေး။
တောင်းဆုရည်သန်
ပြန်လာရန် အခွင့်ကြုံလျှင်ဖြင့်
ပန်းကြာငုံ အတူခူးလို့ရယ်
နှစ်ပါးစုံ ရွှင်ကြည်နူးစွာနဲ့
မြို့ဂုဏ်ဆောင် ဖောင်တော်ဦးကို
ဖူးကြမယ်လေး။ ။



မောင်ဩလေး

# ပြောကျသွားသည့်မီးစာ

(၁)

"ငါ မန္တလေးကိုသွားချင်လိုက်တာ"

ကျွန်တော့်စကားကို နားထောင်ရင်း နိုင်ကြည်သားနေက ကုန်နေသည့်ခွက်နှစ်ခွက်ထဲ ဘီယာကိုထပ်ဖြည့်နေသည်။ နောက်ကုပ်ပေါ်ဝဲနေသည့် သူ့ဆံပင်ကိုသပ်ကာ –

"မန္တလေး အဖေနေ့ပွဲရှိတယ် ကိုသြ၊ ပြိုင်လိုက်"

သူ့စကားအဓိပ္ပာယ်ကို ကျွန်တော် သဘောပေါက်လိုက်၏။ အဖေနေ့ဝတ္ထုတိုပြိုင်ပွဲကို မန္တလေးမှ ဆရာမကြီးယဉ်ယဉ်နု(မန္တလေး)က ဦးစီးဦးဆောင်ပြုကာ နှစ်စဉ်ကျင်းပပေးသည်။ ယခုလည်း ပြိုင်ပွဲကာလ သတ်မှတ်ထားပြီးဖြစ်သည်။

"ဆုရရင်တော့ ..."

နိုင်ကြည်သားနေက ကျွန်တော့်ကိုကြည့်ကာ မေးဆတ်ပြ၏။ ကဲ... ဘယ်လိုလဲဆိုသည့်သဘော။

"အင်း ... အဲဒီနည်းပဲရှိတယ်ကွာ၊ လောလောဆယ် မန္တလေးက မိတ်ဆွေတွေရော၊ အမေနဲ့ဆီရော သွားချင်တယ်၊ ဆရာကျော့်အိမ်လဲ ရောက်ဖူးချင်တယ်၊ ကျုံးထဲလဲ တစ်ခါမှ မဝင်ဖူးတော့ ..."

ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်သည်။ လတ်တလော ကျွန်တော် အလုပ်လက်မဲ့ဖြစ်နေသည်။ 'ညိုရှော'စာပေအမည်နှင့် စာအုပ်လေးများကို ကြုံကြားထုတ်ဝေရေး လုပ်နေသော်လည်း အားပေးသူက သူငယ်ချင်းများပင်။ ကျွန်တော့်ဆီ စာအုပ်အပ်သူကနည်းပါး၏။ အပ်သည့်အခါလည်း အလုပ်မဖြစ်မည်စိုး သောကြောင့် လျှော့ပေါ့ပေးရသည်။ စာမူခွင့်ပြုချက်၊ လမ်းစရိတ်၊ သယ်ယူပို့ဆောင်ရေးစရိတ်၊ ပလိတ်ပြား အပ်ခ၊ ပုံနှိပ်ခ၊ စာအုပ်ချုပ်ခ စသည်ဖြင့် အတွေတွေနုတ်ပြီးသော် ကျွန်တော့်အတွက် အမြတ်ငါးသောင်းမပြည့်။ ပြောလျှင် ယုံအံ့မထင်။ ကျွန်တော်က ကိုယ့်အခန်းလေးတွင် ကိုယ်တိုင်စာစီသည်။ တချို့စာအုပ်မျက်နှာဖုံးများကို ကိုယ်တိုင်ဆွဲ



သည်။ ထို့ကြောင့် စာစီခနှင့်ဒီဇိုင်းခကို လျှော့ပေးတတ်သည်။ ထို့ကြောင့် 'ကိုညွန့်ရဲ့ညီလေးချော' ဆိုပြီး သူငယ်ချင်းများကြား နာမည်ကြီးကာ ကိုယ်တိုင်ကျထမင်းငတ်ခဲ့သည်။

ယခု စိတ်က မန္တလေးသွားချင်နေသည်။ နိုင်ကြည် သားနေပြောသည့် အဖေနေ့ပြိုင်ပွဲတွင်ဆုရချင်သည်။ စာပေမိတ်ဆွေများနှင့် သွားရောက် ဆုံတွေ့ချင်သည်။ အလုပ်လက်မဲ့ဖြစ်နေသောကာလမို့ မန္တလေးသွားရမည့်အိပ်မက်ကို အကောင်အထည်ဖော်ရန် အနီးစပ်နိုင်ဆုံးနည်းလမ်းမှာ ကျွန်တော့်အတွက် တစ်နည်းသာ ရှိတော့သည်။

"ငါ ပြိုင်မယ်ကွာ"

"အိုကေ"

ထိုနေ့က နှစ်ဦးသား ဆက်လက်စကားကောင်းနေခဲ့ကြပြီး အိမ်ပြန်ချိန် ညဥ့်နက်ခဲ့ပါသည်။

(၂)

စားဝတ်နေရေးဆိုသည့် သားရဲတစ်ကောင်က ကျွန်တော့်အိပ်မက်နှင့် အာသီသများကို ကိုက်ဖြတ်စားသောက်ခဲ့သည်။ မြဝတီမှာနေသည့် အမေက ဦးနှောက်အကျိတ်ဖြစ်သည်။ ရန်ကုန်တွင် ဆေးကုရန်လိုအပ်လာသဖြင့် မဖြစ်မနေခေါ်လိုက်ရသည်။ အမေ့အတွက် ဆေးကုသစရိတ်ကို အလုပ်လက်မဲ့ဖြစ်နေသေးသည့် ကျွန်တော်က ဆရာတစ်ဦးထံမှ ချေးငှားအသုံးပြုခဲ့ရသည်။ သည်လိုနှင့် အမေဆေးရုံတက်ရသည်။ ပြန်ဆင်းသည်။ အရှင်းမသက်သာသေးသော်လည်း အမေက မြဝတီကိုပြန်တက်သွားသည်။ ကျွန်တော်ကတော့ ဗလာကျင်းနေသည့် အခန်းတစ်ခုအတွင်းတွင် ရောင်းမကုန်သည့် စာအုပ်များ၊ ဗလာကျင်းနေသော အိတ်ကပ်တစ်ခုနှင့် ခေါက်ဆွဲခြောက်ထုပ်ကလေးများနှင့်သာ ကျန်ရစ်ခဲ့ပါသည်။

"တီ ... တီ..."

"ဟဲလို အမိန့်ရှိပါခင်ဗျ"

"ဩော် ... ကိုအောင်ဇော်ဦးလား ခင်ဗျား ကျွန်တော်က ဘီအိုင်တီကုမ္ပဏီကပါ၊ အစ်ကို အွန်လိုင်းက

အလုပ်လျှောက်ထားတာလေးလေး၊ အဲဒါအဆင်ပြေကြယ်လို့၊ တနင်္လာနေ့ စဆင်းလို့ရပါပြီ"

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့... ကျေးဇူးပါဗျာ"

ရေငတ်တုန်း ရေတွင်းထဲကျသူနှင့်မခြား ကျွန်တော် စိတ်လှုပ်ရှားရင်ခုန်ခဲ့ရသည်။ နဟ်ဆိုးက တစ်ခါတလေ သနားကရုဏာတရားလေးရှိသေးတာပဲဟု တွေးဖြစ်သေးသည်။ အနားက ညိုချောစာပေဆိုသည့် ကတ်ကလေးကို တစ်ချက်ကြည့်လိုက်သည်။ နောက် ရေးလက်စဝတ္ထုတိုများ။

အရာရာသည် ဘဝအရေး၏ ဝန်စည်စလယ်များအောက်တွင် လမ်းမလျှောက်နိုင်အောင် မောပန်းနွမ်းလျ ကျန်ရစ်ခဲ့ရဦးမည်ဖြစ်သည်လေ။

အခန်းလေးထဲတွင် ပုံလျက်သားစာအုပ်များနှင့် မီးပူမရှိ၍ မတိုက်ရသေးသော အဝတ်အစားတို့ ဖွာလန်ကြဲနေလေ၏။

(၃)

"ဆရာသြရေ ... အဖေနေ့ ဆုရတယ်၊ နှစ်သိမ့်တဲ့"

ထိုနေ့က နလုံးသားသည် မီးကျွမ်းလောင်ခံနေရာမှ ချက်ချင်းရေခဲသမုဒ္ဒရာထဲ ပစ်ချခံလိုက်ရသလိုဖြစ်ခဲ့သည်။ အပျော်စီးကြောင်းက နလုံးသည်းပွတ်မှသည် ခန္ဓာကိုယ်အနှံ့ပျံ့စီး၏။ တစ်ကြိမ်တစ်ခါမှ အဖေနဲ့အမေနေ့များမှာ ဆုမရဖူးတာကြောင့် ပျော်ရွှင်မိခဲ့ရုံမက ဆုရရင် မန္တလေးသွားရမည်ဆိုသည့် ရည်မှန်းချက်မီးပွားကလေးတစ်စလက်ခနဲထပွင့်လိုက်ခြင်းကြောင့် ကြည်နူးမှုတို့ဝေဆာခဲ့သည်။

"ကျေးဇူး ညီရေ"

အသိပေးလာသည့်နိုင်ကြည်သားနေကို ကျေးဇူးစကားဆိုကာ ကျွန်တော့်အပတ်သေတ္တာကလေးပေါ် ငေးကြည့်မိသည်။ သေတ္တာပေါ်တွင် မနက်ဖြန်မှစကာတာဝန်ထမ်းဆောင်ရတော့မည့် ဘီအိုင်တီကုမ္ပဏီအတွက်ပြင်ဆင်ထားသည့် ခေါက်ရိုးကျိုးကာ သေသပ်ကြော့ရှင်းနေသော ပုဆိုးနှင့်အကျႌကလေး။

"ဩော် ... ငါမှ ပွဲကိုသွားလို့ မရတော့တာဘဲ"

အတွေးက တာဝေးအပြေးသမားတစ်ယောက် ပန်းတိုင်ရောက်ခါနီး ရင်ဝကိုဆီးကန်ခံလိုက်ရသလိုနာကျင်သည့်ဘက်ကို ပြန်ရောက်သွားရလေသည်။

"စိတ်ချပါ၊ အလုပ်လုံးဝမပျက်စေရပါဘူး"

အလုပ်ရှင်ကိုကတိပေးခဲ့ပြီး ဒီကတိကြောင့်လည်း အလုပ်ရှင်က ယုံယုံကြည်ကြည်နှင့် ကျွန်တော့်ကိုခန့်အပ်ခဲ့ခြင်းဟုဆိုရမည်။ လတ်တလော ကျွန်တော့်နေရေးနှင့် ဝမ်းရေးပြဿနာကို နံဘေးမှထိန်းညှိပေးနိုင်မည့်အလုပ်အပေါ် သစ္စာရှိရန်တော့ အနည်းဆုံးလိုအပ်သည် မဟုတ်ပါလား။

ကံတရားက တိုက်ဆိုင်စွာပင် အလုပ်ဝင်ချိန်မှ ဆုရသည်တဲ့လား။

(၄)

"မောင်သြလေးရေ ... ဆုပေးပွဲက ၈ ရက်နေ့ညကွဲ့၊ မင်းလာခဲ့နော်၊ ပိတ်ရက်ဖြစ်နေတော့လေ မင်းချစ်တဲ့ မောင်နှမတွေလဲတွေ့ရ၊ အလုပ်လဲမပျက်ဆိုတော့ မင်းကို ဘုရားမတာယ် ဆိုရမယ်"

"ကိုသြလေးရေ ... ခင်ဗျား ဝင်ဝင်ချင်းပဲမဲပေါက်တယ်၊ မန္တလေးက စာရေးဆရာတွေနဲ့ ပွဲတစ်ပွဲစီစဉ်ထားတယ်၊ လိုက်ရမယ်ဗျ၊ ပြင်ထားတော့၊ ပွဲက ၈ ရက်နေ့ည"

ထိုစကားနှစ်ခွန်းကို လူနှစ်ယောက်က ဆယ်မိနစ်စီခြားကာ ပြောခဲ့ခြင်းဖြစ်သည်။ ပထမတစ်ဦးမှာ မန္တလေး အဖေနေ့ကျင်းပရေးနာယက ဆရာမကြီးယဉ်ယဉ်နု (မန္တလေး)ဖြစ်ပြီး ဒုတိယတစ်ဦးမှာ အလုပ်က အဖွဲ့ခေါင်းဆောင် ကိုစွဲမာန်အောင်ဆိုသူဖြစ်ပါသည်။

လားရာတစ်ခုတည်း။ အချိန်တစ်ခုတည်း။ သို့သော် နေရာကတော့ ကွဲပြားခြားနားနေခဲ့သည်။ ကိုစွဲ၏ အသိပေးချက်နောက်တွင် တာဝန်ဆိုသည့် နာမ်တရားတစ်ခုကပ်တွယ်နေခဲ့ပြီး ဆုပေးပွဲသည် အိပ်မက်အဖြစ်နှင့်သာ...။

ကျွန်တော့်စာပေမောင်နှမများ နားလည်နိုင်မည်ဟုတော့ ယုံကြည်ဖြစ်ခဲ့ပါသည်။

ကုသိုလ်တော်ဘုရားကြီးပေါ်တွင် မှယ်ဟမ်းဟင်ပုံကလေးများရိုက်ကာ သူငယ်ချင်းများနှင့် လက်ဖက်ရည်ဆိုင်ထိုင်ချင်သည်။ ဦးပိန်

တံတားပေါ်မှ လတ်ဆတ်သောလေကိုတဝကြီးရှူရင်း မျိုးဆက်သစ်မျိုးဆက်ဟောင်း စာပေပညာရှင်များအကြောင်း အတူတကွဆွေးနွေးချင်သည်။ "မောင်သြလေး ဆုယူရန်ကြွပါ"ဆိုသည့် ခေါ်သံအဆုံး ခန်းမကြီးတစ်ခု၏စင်မြင့်ပေါ်သို့ အင်္ကျီကော်လာကို အသာအယာပင့်ကာ မြောက်ကြွမြောက်ကြွ တက်သွားချင်သည်။

"သားရေ ... အမေ ငွေလိုတယ်၊ ဆေးဖိုးက တစ်ပတ်ကို လေးငါးသောင်းကုန်တာ သားရဲ့"

"ဆရာရေ ... ချေးထားတဲ့ငွေလေး ဘယ်တော့ပြန်ဆပ်မှာလဲ၊ အလျင်လိုနေလို့ပါ"

မျှော်လင့်ချက်များနှင့် ဖြစ်တည်မှုအကြားတွင် ထိုအကြောင်းခြင်းရာများက နေရာအခိုင်အမာယူထားကြလေ၏။ တာဝန်နှင့်အိပ်မက်အကြား ထိုးထားသည့်တံတားကမရှိ။ ထောင်ထားသည့်လှေကားလည်း မရှိ။ သေချာသည့်အချက်မှာ မန္တလေးမြို့ကြီးသို့ ကျွန်တော်အမှန်တကယ်ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။

(၅)

အိုရီရင်တယ်ဟောက်စ်ခန်းမကြီးတွင် စာရေးဆရာများစည်ကားနေသည်။ ခန်းမအလယ်တွင် ကော်ဇောရှည်ကြီးတစ်ခု ခင်းကျင်းထားပြီး ခန်းမဝင်ပေါက်တွင်မူဟာ ကိုရီနာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် အပူတိုင်းကိရိယာများနှင့်

ကျွန်တော့်အတွက် အနုပညာချစ်ဖိတ်သည် ဖွမ်းတစ်စနှင့်တူလျှင် ဝမ်းရေးသည် မီးတောက်တစ်ခုနှင့်တူပါသည်။

စစ်ဆေးခြင်း၊ လက်သန့်ဆေးများဖြင့် ဆေးခြင်းတို့ကိုပြုလုပ်ပေးရသည်။ ခန်းမ၏နံရံထောင့်ဘက်များတွင် ရွှေနားဆင်၊ ဝန်ဇင်း၊ မင်းသိမ်ခ စသည်ဖြင့် ဆော့ဖ်ဝဲလ်ကြော်ငြာပုံများ ပြည့်နှက်နေပြီး ရှည်လျားသည့်ခန်းမစင်မြင့်ကြီးနှင့် ပနံသင့်လှသည်။

ကျွန်တော့်အနေနှင့် ကျွန်တော်နှင့်မရင်းနှီးသေးသော အွန်လိုင်းစာရေးဆရာများကို လိုက်လံဧည့်ခံကြိုဆိုပေးရသည်။ လိုအပ်သည့် အခင်းအကျင်းနှင့် အခြားအပယိကများအတွက် အသင့်အနေအထားရပ်ပေးရသည်။

စည်ကားလှသောပွဲကြီးတစ်ပွဲဖြစ်ပြီး လာရောက်သည့် အွန်လိုင်းစာရေးဆရာ၊ ဆရာမများကလည်း အရန်သင့်သတ်မှတ်ထားသောခုံများတွင် အသီးသီးနေရာယူကြသည်။

"ဒီဘက်ကြွပါခင်ဗျာ"

"ဟုတ် ... လက်ကလေးဆေးပါနော်"

(ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားကာလဟု သတ်မှတ်ကာ လက်သန့်ဆေးရည်များ ချပေးရသည်။)

"စာရေးဆရာလားခင်ဗျ၊ ညာဘက်ကို လိုက်ခဲ့ပေးပါနော်"

ကျွန်တော် မချိပြုံး ပြုံးမိသည်။ စာရေးဆရာများကိုဖိတ်ခေါ်နေရာချနေသည့် ဝိတ်တာသာသာ (ဧည့်ကြို)စာရေးဆရာလေးတစ်ဦး။ ကိုယ့်ကိုယ်ကိုယ် တိတ်တဆိတ်လှောင်ရယ်ပစ်လိုက်မိ၏။

ပြိုးပြက်နေသည့် မီးရောင်များအောက်တွင် အပေါ့အလေးသွားချင်သူများကို နေရာလိုက်ပြပေးရသည်။ လိုအပ်သည့်အစားအစာနှင့်ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးရသည်။ ခဏအတွင်း လင်းကျင်းတောက်ပနေသော စင်မြင့်ကြီးသည် ကျွန်တော့်မျက်လုံးထဲ၌ တခြားတစ်နေရာတွင် ကျင်းပနေသော (၁၂)ကြိမ်မြောက် အမေနေ့ဆုပေးပွဲစင်မြင့်ကြီးဖြစ်လို့သွားသည်။

ကြော့မော့ခံ့ညားစွာ ခန်းမထဲဝင်လာသော စာရေးဆရာဆိုသူများထဲတွင် ဆုယူရန်တက်ရောက်လာသည့် ဆရာမောင်သြလေးကို ကျွန်တော် ပြန်ရှာမိသည်။ ကျွန်တော်သည် ကျွန်တော်မဟုတ်တော့။ ကျွန်တော့်ဘေးနားတွင် ကျွန်တော့်ကို လေးစားရိုကျိုးစွာ နှုတ်ဆက်နေရာပေးနေသူများရောက်လာသည်။

ကျွန်တော့်အတွက် သီးသန့်စီစဉ်ထားသည့်နေရာသို့ ညွှန်ပြကာ လိုက်ပို့ပေးကြသည်။ ကျွန်တော့်ကိုယ်ခန္ဓာပေါ်တွင်လည်း ချွေးနံ့များရှိမနေတော့ဘဲ ကျွန်တော်အကြိုက်

ဆုံး စင်ဂယ်လ်ရေမွှေးနံ့က နေရာယူ ထားပြီးပြီ။ ကျွန်တော် မိတ်ဆွေများ ကို ပြုံးပြနှုတ်ဆက်လိုက်သည်။ မိတ် ဆွေများက ကျွန်တော့်ကို လေးစား ဂုဏ်ယူသောအကြည့်များနှင့်ကြည့် ကြသည်။

စင်မြင့်ထက်ရှိ စပီကာတစ်ဦး က ကျွန်တော့်နာမည်ကိုခေါ်ပြီး ဆုယူရန်ကြွပါဟုဆိုသည်။ ကျွန် တော် ခေါင်းကိုမော့ထားကာ စင်မြင့် ရှိရာသို့ အခမ်းနားဆုံးဟုကိုယ့်ကိုယ် ကိုယ် ယူဆနိုင်သည့်အပြုံးမျိုးနှင့်–

"ဒုတ်..."

"အ..."

"ဟော့လူ ... ဟော့လူ ... ဟား မမြင်ဘူးလား စင်ကို၊ ခင်ဗျား ဘာ လုပ်တာလဲ"

ခြေမဆီက ပြင်းပြင်းပြပြနာ ကျင်မှုကို ခံစားလိုက်ရသည်။ မျက် လုံးရှေ့က စတိတ်စင်သည်လည်း ချက်ချင်း အရောင်ပြောင်းသွားသည်။ စိတ်ကူးနှင့် တစ်ခဏရှုံးသွပ်လိုက်ရုံ ဖြစ်ပါသည်။ ထိုတစ်ခဏသည် ကျွန်တော့်အတွက် ထိတ်လန့်ဖွယ် ရုပ်ရှင်တစ်ကားကို အစအဆုံးကြည့် ခွင့်ရလိုက်သည်နှင့်မခြား။

"အလုပ်ကို အလုပ်နဲ့တူ အောင်လုပ်လေ၊ စင်ပေါ်မှာ စာရေး ဆရာတွေ ရှိတယ်ဗျ၊ ခင်ဗျားက အပေါ်ထိရောက်တော့မယ်၊ မတ် တတ်ကြီး အိပ်ပျော်နေတာလား"

ကျွန်တော် တောင်းပန်လိုက် ရသည်။

စာရေးဆရာ...။ ကျွန်တော် က ထိုစာရေးဆရာဆိုသူများ၏ ဝေယျာဝစ္စအတွက် တာဝန်ထမ်း ဆောင်နေရသော ဝန်ထမ်းတစ်ဦးဖြစ် ကြောင်း ကိုယ့်ကိုယ်ကိုယ် ပြန်နှလုံး သွင်းလိုက်သည်။ အရာရာသည် အဖြူအမည်းရုပ်ရှင်သဖွယ်။ ကျွန် တော့်နားထဲတွင် ကျွန်တော့်အား လက်ခုပ်သြဘာပေးနေသည့် စာရေး ဆရာဆိုသူများ၏ ထောမနာသံများ ကြားနေရပြီး ကျွန်တော့်မျက်လုံး တူရှုတွင်တော့ ကျွန်တော်နှင့် လား လားမျှ သက်ဆိုင်ပုံမရသည့် စာရေး ဆရာများက စာပေအကြောင်း ဆွေးနွေးနေကြပါသည်။

(၆)

ပွဲကား ပြီးဆုံးခဲ့လေပြီ။ အွန်လိုင်းစာရေးဆရာများ ပြန်သွား သည်။ ကုမ္ပဏီသူဌေးများ ပြန်သွား သည်။ သူတို့စားခဲ့သောက်ခဲ့သော ခွက်များ၊ ပန်းကန်များနှင့် နေရာထိုင် ခင်းများကို နေသားတကျပြန်ထား ခြင်း၊ အမည်စစ်၊ ဗီနိုင်းများသိမ်း ခေါက်ခြင်းတို့ကို ပြုလုပ်အပြီးတွင် ည ၁၀ နာရီထိုးလုပြီဖြစ်သည်။

"ဟိုကယ်ပြန်ကြမယ်၊ ကဲ... အားလုံးကားပေါ်တက်"

"ဆရာ"

"ဘာလဲ ကိုသြလေး"

"ကျွန်တော် ဟိုတယ်မပြန် သေးဘဲ မိတ်ဆွေတချို့နဲ့သွားတွေ့လို့ ရမလားခင်ဗျ"

"အင်း ... ဟုတ်ပါပြီ၊ ဒါဆို



ဟိုစင်ပေါ်က ရှိသမျှပစ္စည်းလေးတွေ ကားပေါ်ဝိုင်းတင်ပေးပါအုံး"

(၇)

ခွင့်ပြုချက်နှင့် အမိန့်တစ်ခု ပူးကွဲရရှိလိုက်သည်။ အခြေအနေ အရ မန္တလေး အမေနေ့ပွဲကြီးက ပြီး ဆုံးလောက်ပြီ။ ကျွန်တော် စင်ပေါ် တွင် ကျန်နေသောပစ္စည်းများကို အပြေးအလွှားသိမ်းဆည်းလိုက်၏။ နောက် ခန်းမကြီးကို လည်ပြန် တစ်ချက်ငေးကြည့်လိုက်သည်။ လူ သူကင်းမဲ့သွားပြီဖြစ်သော ခန်းမကြီး ကို တစ်ဖန်ပြန်ကြည့်ရင်း မျက်လုံး အစုံကို ခေတ္တမှိတ်လိုက်စဉ် –


"မောင်သြလေး ဆုယူရန်ကြွ ပါ"ဆိုသည့် ကြေညာသံလေးတစ်ခု နားစည်ဝမှ နှလုံးသားအထိ လှစ် ခနဲ ဖြတ်ပြေးသည်။ ကျွန်တော် ပြုံးမိလိုက်၏။

ကျွန်တော့်အတွက် အနုပညာ ချစ်စိတ်သည် ဂွမ်းတစ်စနှင့်တူလျှင် ဝမ်းရေးသည် မီးတောက်တစ်ခုနှင့် တူပါသည်။ ။

**မောင်သြလေး**

# ကဗျာဆရာဆိုသည်မှာ

ရိုးမန်မိုရ်



ကဗျာဆရာ၊ ဆိုသည်မှာကား
လိုရာစပ်တွဲ၊ 'စာပန်းပဲ'ကို
သံလဲထုနှက် တတ်လေမှ။

ကဗျာဆရာ၊ ဆိုသည်မှာကား
လိုရာချင့်ချိန်၊ 'စာပန်းထိမ်'ကို
စိန်ရွှေကြေးရော တတ်လေမှ။

ကဗျာဆရာ၊ ဆိုသည်မှာကား
လိုရာဆောင်ကြဉ်း၊ 'စာပန်းတဉ်း'ကို
ပုံသွင်းကြေးသွန်း တတ်လေမှ။

ကဗျာဆရာ၊ ဆိုသည်မှာကား
လိုရာတွဲဆော့၊ 'စာပန်းတော့'ကို
မြူသေ့သရွတ်ကိုင် တတ်လေမှ။

ကဗျာဆရာ၊ ဆိုသည်မှာကား
လိုရာရွှေပြု၊ 'စာပန်းပု'ကို
ထုဆစ်ပုံဖော် တတ်လေမှ။

ကဗျာဆရာ၊ ဆိုသည်မှာကား
လိုရာဆင့်ဟန်၊ 'စာပန်းရန်'ကို
အုတ်ခံဆောက်လုပ် တတ်လေမှ။

ကဗျာဆရာ၊ ဆိုသည်မှာကား
လိုရာဆွဲပျော့၊ 'စာပန်းတမော့'ကို
ကိုင်ချော့ကျောက်ဆစ် တတ်လေမှ။

ကဗျာဆရာ၊ ဆိုသည်မှာကား
လိုရာနှိုက်ချွတ်၊ 'စာပန်းပွတ်'ကို
ချောမွတ်ပုံသွင်း တတ်လေမှ။

ကဗျာဆရာ၊ ဆိုသည်မှာကား
လိုရာမှုန်းသီ၊ 'စာပန်းချီ'ကို
ပီပြင်ရေးဆွဲ တတ်လေမှ။

ကဗျာဆရာ၊ ဆိုသည်မှာကား
လိုရာဖော်ညွှန်း၊ 'စာပန်းယွန်း'ကို
သွန်းလုပ်ဆောင်စွမ်း တတ်လေမှ။

ပဲထိမ်တဉ်းတော့၊ ပုရန်မော့နှင့်
မှတ်လော့ပွတ်ချီ၊ ယွန်းဆယ်လီဟု
စာစီရေးစပ်၊ လွန်ခဲ့ကပ်၍
ကျမ်းတတ်ကုန်စင်၊ နည်းစုံလင်ကို
ပီပြင်စွဲညှား၊ နားလည်ထားမှ
ဆန်းပြားထည်ဝါ၊ စံကဗျာတို့
သာယာပျောင်းညင်း၊ လိုရာချဉ်းလျက်
ဆောင်ကြဉ်းမြန်စွာ၊ ဖွဲ့နိုင်ပါမည်
ကဗျာဆရာပီ ပီပြင်ဖို့။
စာပန်းဆယ်လီ ကျေပွန်စို့။ ။



(၁)

မိုးဥတုကုန်ခဲ့ပြီ။


ဆောင်း၏ အငွေ့အသက်နှင်းရနံ့လေးတွေကို ရှူရှိုက်ရပါလေပြီ။ ဖြူလွလွနှင်းမှုန်တို့နှင့်အတူ ချမ်းစိမ့်စိမ့်အရသာကို ထိတွေ့ခံစားလာရသည်။ မိုးတွင်းကာလ လှိုင်းလေပြင်းထန်လှသဖြင့် ကိုဘကျော်တို့ငါးဖမ်းငါသမားတွေအဖို့ ပင်လယ်ထဲအထိထွက်ကာ ပိုက်ဖြန့်ရှာခဲ့ကြသော်လည်း အလုပ်မဖြစ်ခဲ့ပါပေ။

ဘင်္ဂလားပင်လယ်အော်နှင့် သံလွင်မြစ်တို့ပေါင်းဆုံရာ မုတ္တမပင်လယ်ကွေ့သည် အခြားနေရာဒေသနှင့်မတူဘဲ ရေစုန်လေစုန်ဖြစ်နေ၍ လှိုင်းပြင်းထန်လွန်းလှသည်။ ရေချိုရေငန်အဆက်ဖြစ်၍လည်း ငါးတွေမြူးလှပေရာ ဘကျော်တို့၊ ရွှေမောင်တို့၊ မေကျင်တို့လို ဖားငါတွေ အကြိုက်ဖြစ်၏။ သို့သော် ရာသီဥတု ကန့်သတ်ချက်ကြောင့် ဖမ်းရင်းဖမ်းရင်းနှင့် ရေစုန်လေစုန်ရာသီဥတုမှိုင်းမှုန်ကာ ပင်လယ်ထဲမျောပါပြီး အသက်ပျောက်ခဲ့ရသောဖားငါသည်တွေလည်း မနည်းမနောရှိသလို ကျိုက္ကမီဝဲအောက်ကနေ ပြန်ကယ်တင်ရသော ဖားငါသည်တွေလည်း အများကြီးပါပင်။

ဆောင်းနှင့်နွေ နှစ်ရာသီစလုံး သံလွင်မြစ်ထဲနှင့် ပင်လယ်ထဲ

ပင်လယ်ဒီရေ
တိုက်ခတ်နေသောလေ၊
ရောက်ရှိနေသော
ပင်လယ်ပြင်ကိုကြည့်ကာ၊
တိမ်တွေကိုမှတ်ကာ၊
ကြယ်တွေကိုကြည့်ကာ
ပုံဖော်တတ်သောအသိမှာ
သဘာဝတရားနှင့်
အတွေ့အကြုံက
သင်ပေးလိုက်ခြင်းပင်
ဖြစ်သည်။

|၁၃၃|ငွေတာရီ




ရဲမင်းစိုး

# တိမ်တွေမျောလွင့်နေသည်

တွင် ကျင်လည်ကာ ဝမ်းစာအတွက် ရှာဖွေခဲ့ရပြီး တစ်မိုးတွင်းလုံး ငုတ်တုတ်ထိုင်ကာ စားနေရသော ဘဝတွေကိုလည်း ကိုဘကျော် တစ်ယောက် မနှစ်မြို့တော့ပါပြီ။

ကိုဘကျော်တို့အိမ်က ကမ်းနားတွင် မေးတင်ဆောက်ထားသော ဓနိမိုးထရံကာအိမ်ကလေးဖြစ်၏။ သံလွင်မြစ်ထဲသို့ ပင်လယ်ဒီရေတက်လာသည်ကို လှမ်းကြည့်နေရင်း တံငါသည်တွေ အဆိုရှိထားသည့် 'ဆောင်းရာသီအစ ကင်းမွန်ထ' တော့မည်ဖြစ်၍ ကင်းမွန်ဖမ်းရန်အတွက် ပိုက်တွေ၊ လှေတွေပြင်ဖို့အချိန်ကျလေပြီ။ သောက်လက်စ ဆေးပေါ့လိပ်တိုကို ဆေးလိပ်ခွက်ထဲထိုးထည့်ကာ ကမ်းနားရှိ ဗဝန်းပိုက်လေးဆီထွက်ရန်ပြင်လိုက်ရင်း–

"မေအးမှုင်ရေ… ငါ ဗပန်းပိုက်ဆီ သွားပြီဟေ့၊ နေ့လယ်လောက်ကျရင် စိန်မောင်ကြီးကို ငါ့ဆီခေါ်လာအုံးလို့ သွားပြောပေးထားဟ၊ ကင်းမွန်ထွက်ရအောင်လို့၊ လိုတဲ့ ရိက္ခာလေးလဲဝယ်ထားပေး၊ မရှိလဲ လေးမဲလုံးဒိုင်က ဆွဲသာယူလိုက်ကွာ"

ပုဆိုးကို တိုတိုဝတ်လိုက်ရင်း တစ်ဆက်တည်းပဲ ဇနီးဖြစ်သူကို မှာလိုက်သည်။

"အဖေ … လေးရွှေမောင်တို့ မနေ့က ကင်းမွန်နည်းနည်းထိတယ် ပြောတယ်၊ စစ်တောင်းအဝဘက်မှာ ပေါ်နေတယ်ကြားတယ် အဖေ၊ သားတို့လဲ ထွက်ရအောင်"

ဒီရေအတက်နှင့်အတူ သံလွင်မြစ်ထဲဆင်းကာ ဗဝန်းပိုက်တင်နေသော သားဖြစ်သူ ချက်ဖောင်းက ဆိုလာသည်။

"အေးကွ…သားရ၊ မနက်ဖြန် ထွက်ကြမယ်လေ၊ စိန်မောင်ကြီးနဲ့ ကျော်သောင်းတို့ကိုလည်း ခေါ်ထားဟာယ်၊ ဗပန်းပိုက်ကို သေသေချာချာ ဆွဲတင်ကွ"

ဘကျော် အသက်ကြီးပါလေပြီ။ မျိုးဆက်သစ်အမွေကတော့ သားဖြစ်သူ ချက်ဖောင်းကို ပေးရတော့မည်။ သမီးဖြစ်သူမြစိန်ကိုလည်း ဒေါ်မဲလုံးကိုငါးဒိုင်တွင် တာလီစာရေးအလုပ် သွင်းပေးထားရာ တစ်လ နှစ်သိန်းလောက်ရနေသည်။ မိသားစုစားရေးသောက်ရေးတော့ တစ်ဖက်တစ်လမ်းက ထောက်ပံ့မှုရနေပါ၏။

သားအဖနှစ်ယောက် ဗဝန်းပိုက်အားဆွဲတင်ပြီးလေသောအခါ နေ့မွန်းတည့်ပြီ။ ရေတက်ရေကျချိန်က တစ်နေ့နှစ်ကြိမ်ဖြစ်လေရာ ရေပြည့်ပြီး နာရီဝက်တွင် အောက်ရေစထိုးမည်ဖြစ်၍ ညနေ ၆ နာရီခွဲမှ ဗဝန်းပိုက်ပေါ်မည် ဖြစ်လေသည်။ ဗဝန်းပိုက်ဆိုသည်ကတော့ ပိုက်အရှည် ပေ ၁၀၀ ခန့်၊ အနံ ပေ ၄၀ ခန့်ရှိရာ ဒီရေစစ်ချိန်တွင် ပင်လယ်ကမ်းစပ်၌ ၁၀ ပေခြားစီ ဝါးတိုင်များ စိုက်ထားရာနေရာတွင် ပိုက်ထိပ်ဖူးကြီးနှင့် ဝါးဟိုင်ကို ကပ်ချည်ထားရလေသည်။ ပိုက်ထိပ်ဖူးတွင်လည်း ပိုက်ထိပ်ရှိမည့်နေရာကိုသိစေရန် ဖော့သီးအလုံးကိုတပ်ဆင်ထားရပါသည်။ ရေပြည့်သောအခါတွင် ပိုက်ချတန်းထားရာ အလယ်ပိုက်ကြီးကိုဆွဲတင်၍ စတင်ချည်နှောင်ရသည်။ ပြီးမှ ၁၀ ပေခြားစီပေါ်နေသော ပိုက်ကြီးထိပ်ဖော့သီးကို ဆွဲတင်ရခြင်းဖြစ်သည်။ တကယ်တော့ ရေအပြည့်နှင့်ပင်လာသော ငါး၊ ပုစွန်၊ ကဏန်းများအားလုံး ကမ်းစပ်မှ ထွက်ပေါက်မရှိစေရန် ပိုက်ဖြင့်ကာရံထားခြင်းသာ ဖြစ်ပါသည်။

မိုးတွင်းကာလ လေမိုးသင့်နေမှုကြောင့် ပင်လယ်ပြင်ထွက်မဖမ်းရဲဘဲ ဗဝန်းပိုက်ထဲပါလာသော ငါးပြက်၊ ငါးပုဏ္ဏား၊ ပလာတူး၊ ကျော့ပုစွန်လေးတွေဖြင့်သာ အသက်ဆက်နေခဲ့ရသော ဘကျော်တစ်ယောက် ပင်လယ်ငါးခူဆူဆူဖြိုးဖြိုးကြီးကို တမ်းတနေမိသလို ကကတစ် ငါးကင်ကြီးကိုလည်း ချက်အရက်ကလေးနှင့်မြည်းလိုက်ချင်ပါသေးသည်။

မုတ္တမမြစ်နှင့် စစ်တောင်းမြစ်ဆုံရာမှ မကြာခဏပိုက်တိုးလာသော ရေချိုငါးသလောက်ဆူဆူဖြိုးဖြိုးကြီးကိုလည်း ပေါင်းမစားရတာ တစ်မိုးကြာခဲ့ပါလေပြီ။

ငြိမ့်ညောင်းစွာစီးဆင်းနေသော သံလွင်မြစ်ကြီးကိုကြည့်ရင်း မနက်ဖြန်အတွက် အားတွေမွေးကာ လိုအပ်တာတွေပြင်ဆင်နိုင်ဖို့ ကိုဘကျော်တစ်ယောက် ကင်းမွန်မီးထွန်းဖမ်းရမည့် ပိုက်ချက်နေရာ

တွေကိုတွေးရင်း အိမ်သို့ပြန်လာခဲ့ပါသည်။

(၂)

အိမ်ရောက်သော် ဇနီး မအေးမှျင်၏လက်ရာ ချဉ်ပေါင်နှင့် ငါးမျက်ကွင်း ရောချက်ဟင်းလေးနှင့် ထမင်းစားနေဆဲမှာပင် စိန်မောင်ကြီးနှင့် သူ့တူ လှလှတို့ ရောက်လာပါလေသည်။

"ဆရာဘကျော်ခေါ်တယ်ဆိုလို့ဗျ၊ ပိုက်ချထွက်တော့မလား"

"အေး ... စိန်မောင်ကြီး၊ စားပြီးပြီလား၊ မစားရသေးရင် တစ်ခါတည်း ဝင်ကြိတ်သွားလေကွာ၊ မင်းအားတယ်မဟုတ်လား၊ မနက်ဖြန် ကင်းမွန်မီးထွန်းလိုက်မလား၊ လိုက်ရင်လဲ ငါစားပြီးတာနဲ့ လှေမှာ မီးဆလိုက်တွေ၊ ဘက်ထရီတွေတပ်ရအောင်၊ ပိုက်ကတော့ အသင့်ပဲကွ"

ကိုဘကျော်က ထမင်းပလုတ်ပလောင်းစားရင်း ဆိုသည်။

"လိုက်မယ်ဗျ ဆရာဘကျော်၊ လှလှလဲခေါ်လာခဲ့မယ်၊ အလုပ်မရှိတာနဲ့ အတော်ပေါ့ဗျာ၊ ဆရာဘကျော်က ငါးလိုက်ပါတယ်ဗျာ၊ ခင်ဗျားစားနှင့်လေ၊ လှလှနဲ့ကျုန်တော် လိုတာလိုက်တပ်လိုက်အုံးမယ်"

ပြောလည်းပြော အိမ်ရှေ့ဝရန်တာတွင်ချထားသော မိအေးမှျင်အကြေးဆွဲလာသည့် မီးဆလိုက်၊ ကြိုး၊ ပိုက်တွေကိုယူကာ လှေရှိရာသို့ ထွက်ခွာသွားပါပြီ။

ကိုဘကျော်တို့သားအဖနှင့် စိန်မောင်ကြီးတို့တူဝရီးနှစ်ယောက်၊ စုစုပေါင်းလေးယောက်ဖြင့် ကင်းမွန်ထကျိန်လေး မီးထွန်းကာ ဖမ်းကြမည်ဖြစ်သည်။ စိန်မောင်ကြီးတို့ကတော့ စရိတ်ငြိမ်းလိုက်ပါကာ မီးထွန်းခအဖြစ် ၃၀ ရာခိုင်နှုန်းရမည်ဖြစ်သည်။ လှေမရှိ၊ ပိုက်မရှိဖြင့် လူအားစိုက်၍ လိုက်ဖမ်းရသူအတွက်လည်း လုပ်အားမကာဖော့ဖြင့် ဒေသကိုလိုက်၍ပေးရပါ၏။

ကင်းမွန်ငါးရှုံ့ပူပေါ်မှုတည်၍ သူတို့အတွက်လည်း အဆင်ပြေ၊ ကိုယ့်အတွက်လည်း အဆင်ပြေပါလေ၏။ စားသောက်ပြီးပြန်တော့ စိန်မောင်ကြီးတပ်ဆင်နေသော လှေဆီသွား၍ လိုအပ်တာတွေပြင်ဆင်ကာ ကြည့်ရသေးသည်။

"စိန်မောင်ကြီး ... ရေအတက်က မနက်ဖြန် ၉ နာရီကွ၊ အောက်ရေထိုးတာနဲ့ ဆယ်ပလာ၊ မုကွဲ၊ ကလော့ဘက် စထွက်တာပေါ့၊ အဲဒီဘက် ငါးစာများရင်းစောင့်နေပြီး ညရေတက်တာနဲ့ မီးထွန်းကြတာပေါ့ကွာ"

အတွေ့အကြုံများစွာရှိပြီး တံငါလောကတွင် တစ်မွဲစားဘကျော်ဟုအမည်တွင်နေသည့်သူတွင် အကြံတစ်ခုရှိမည်မှန်းလည်း တံငါအတွေ့ အကြုံရင့်ကျက်နေသော စိန်မောင် ရိပ်မိလိုက်ပါလေသည်။ ငါးမရှာဲ ရေချိုးပြန်သောတံငါထဲတွင် ဘကျော်တစ်ယောက်မပါမှန်းလည်း သိနေ၍ စိန်မောင်က ခေါင်းညိတ်ပြလိုက်သည်။ ဘာမှတော့ပြန်မပြောပါ။

သံလွင်မြစ်ကြီးရှိနေသရွေ့ တစ်ဝမ်းတစ်ခါးအတွက် မပူပင်ရသော်လည်း အသက်ကြီးလာ၍ မလုပ်နိုင်မကိုင်နိုင်သော ဘဝရောက်ပါက ရှေ့ခရီးမည်သို့ဆက်ရမည်ကို တွေးကာ ကိုဘကျော်တစ်ယောက် သက်ပြင်းချမိပါလေသည်။

သံလွင်မြစ်ကြီးရှိနေသရွေ့ တစ်ဝမ်းတစ်ခါးအတွက် မပူပင်ရသော်လည်း အသက်ကြီးလာ၍ မလုပ်နိုင်မကိုင်နိုင်သော ဘဝရောက်ပါက ရှေ့ခရီးမည်သို့ဆက်ရမည်ကို တွေးကာ ကိုဘကျော်တစ်ယောက် သက်ပြင်းချမိပါလေသည်။

(၃)

နောက်နေ့ ပင်လယ်ဒီရေအောက်ရေစထိုးသည်နှင့် ကိုဘကျော်တို့အဖွဲ့ ရိက္ခာအပြည့်အစုံနှင့်အတူ စက်လှေမောင်းကာ စထွက်ပါလေပြီ။

နေ့လယ် ၁ နာရီကျော်ကျော်တွင် မုကွဲဘက်ရောက်ပြီး ရေသဖန်းပင်အောက် ကျောက်ချရပ်ကာ "အခုအချိန် ရေသဖန်းသီးတွေလာစားတဲ့ ပင်လယ်ငါးခူကြီးတွေရှိနိုင်တယ်ကွ၊ သား...ချက်မောင်း အဖေ့ငါးမျှားချိတ်ပေးစမ်းကွာ၊ ရေခပ်ပုံးထဲ ဗဝန်းပိုက်မိတဲ့ပုစွန်တွေ အဖေလှောင်ထား

တယ် ငါ့သား၊ အစာတပ်လိုက်စမ်း၊ အလကားနေမဲ့အစား အဖေ ငါးခူလေးငါးကောင်လောက် မျှားလိုက်အုံးမယ်"

ထိုသို့ ပြောလည်းပြောကာ လှေဦးထိပ်သွားပြီး ခဲစူးချွန်ဖြင့် ရေအတိမ်အနက်တိုင်းနေသော ကိုဘကျော်ကို စိန်မောင်တစ်ယောက် ဆေးပေါ့လိပ်ဖွာရင်း ငေးကြည့်နေပါလေသည်။

ခဲစူးချွန်၌ပါလာသော ရွှံ့ညွန်စတွေကို ကိုင်ကြည့်ကာ –

"စိန်မောင်ရေ ... ရေအနက်က ငါးပေကျော်ကျော်လောက်ရှိမယ်ကွ၊ ခဏနေရေပြည့်လာရင် ပိုနက်လာလိမ့်မယ်၊ စားသောက်ပြီးတာနဲ့ တို့ မီးစထွန်းရတော့မယ်၊ မင်းတူလှလှကို ငါးခူချက်ဖို့ မီးမွှေးခိုင်းထားလိုက်တော့ကွ"

အာဂ ဘကျော်ပါပေ။

ချက်ဖောင်း ပုစွန်စာတပ်ပေးသော ငါးမျှားချိတ်ကိုယူရင်း လှေဘေးပစ်ချလိုက်၊ ပြန်ဆွဲလိုက်နှင့် လေးငါးဆယ်ခါလောက်လုပ်ပြီးသောအခါ သူပြောသလိုပင် ပင်လယ်ငါးခူကြီး လာဟပ်ပါလေပြီ။

ငါးမျှားကြိုးကို လျှော့လိုက်၊ ဆွဲတင်လိုက်နှင့် မကြာမီ ခုနစ်ဆယ်သား၊ ရှစ်ဆယ်သားခန့်ရှိသော ပင်လယ်ငါးခူကြီးတစ်ကောင် အမြီးယမ်းကာ လှေပေါ်ရောက်လာပါလေပြီ။ ပင်လယ်အထာ၊ လေအထာ၊ ရေအထာနှင့် ငါးတို့၏သဘာဝကို သိရှိနားလည်သော ကိုဘကျော်အား လှလှတစ်ယောက် ငေးကြည့်နေရင်းနှင့် –

"ဦးလေးဘကျော်... ငါးတွေက ရေသဖန်းသီး စားတာပဲလားဗျ"

"အေး...မှတ်ထားငါ့တူ၊ ငါးခူဆို အကုန်စားတယ်ကွ၊ ရေသဖန်းသီး၊ သပြေသီး၊ ကန့်ကလာသီး၊ ကိုင်းဟာန်သီးတွေကိုစားသလို ဖောင်စီးကဏန်း၊ ပုစွန်၊ ကင်းမွန်၊ တီလား၊ ကသပိုး၊ ခွေးသား စတဲ့ အညှီနံ့နံတာ အကုန်ကြိုက်တယ်ကွ"

"ကင်းမွန်ဖမ်းမိရင် အရှင်လှောင်ထားပေး၊ မနက်ဖြန်ရေကျချိန်နားရင် လေးကျော် ငါးခူထပ်မျှားပေးမယ်၊ ဒီတစ်ခါ ငါးခူကင်လေးပေါ့ကွာ"

ရေထဲက မမြင်ရသောငါးကို ပင် ကြိုးချည်ထားကာ ထုတ်ရိုက်ရန်ပြင်နေသော ဦးလေးဘကျော်ကို မေးကြည့်ရင်း ငါးမှုကိုမှတ်ထစ်ကာ လေးဘကျော်ပြောသည့်အတိုင်း မုန်လာဥနှင့် ချဉ်ရည်ဟင်းချက်ရန် ပြင်လိုက်ပါပြီ။

ကိုဘကျော်တစ်ယောက် ဆေးပေါ့လိပ်ကို ဖွာရှိုက်လိုက်ရင်း ပင်လယ်ပြင်ဆီသို့ကြည့်၏။ တံငါခေါင်းဟူသည် 'ပင်လယ်ဒီရေ၊ တိုက်ခတ်လေအား၊ ငါးများအလား' ဟု ဆိုထားသည့်အတိုင်း ရေနှင့်လေကို ပိုင်မှသာ ငါးများများရနိုင်မည်ဟုလည်း ဆိုခြင်းဖြစ်၏။

အရှေ့ဘက်စူးစူးမှ လေပြည်တွေတိုက်ခတ်လာရင်း တစ်ချက်တစ်ချက် လေပြင်းလေးများ မသိမသာ ပါလာတာကို သတိထားမိလိုက်၏။

ပင်လယ်ပြင်တွင် လှိုင်းကြက်ခွပ်တွေထလာနေပြီး ကိုဘကျော်တို့ဆီသို့ ငါးအကြေးခွံတွေလှန်သလို ပြေးလာနေတာကိုလည်း တွေ့လိုက်ရပါသည်။

"လှလှရေ ... အမြန်ချက်ကွာ၊ စိန်မောင်ရေ... စားသောက်ပြီး ဗရသုံးမတ်အချိန် တစ်ပိုက်ထွက်မယ်ဟေ့ ... ချက်ဖောင်းရော လိုတာတွေ ပြင်ထား၊ ငါ့အထင်မမှားဘူးဆိုရင်တော့ ပင်လယ်နဲ့ငါးဒိုင် ဒီညမှာကို နှစ်ခါကဲ့ရမယ်၊ လိုအပ်ရင် ဒိုင်ကဘေးတွဲလှေပါကပ်ရမယ်ကွ"

တံငါခေါင်းကိုဘကျော် အားရပါးရဆိုပါလေပြီ။ စားသောက်ပြီး ပင်လယ်ပြင်သို့ထွက်ခွာလာသောအခါ ကင်းမွန်တွေ ရေပေါ်တန်းနေလေပြီ။ မီးပင်မထွန်းရသေးဘဲ ရေပေါ်ကစားနေသော ကင်းမွန်အုပ်အားပိုက်ဖြင့်အုပ်ကာ သုံ့သုံ့ပြီးဖမ်းတော့သည်။ ပိဿာချိန် ၂၀ လောက်တော့ ရမည်ဟု ခန့်မှန်းမိပါ၏။

"ချက်ဖောင်း...အနောက်တည့်တည့် ကျောထင်းကျောဘိန်းဘက်မောင်းကွာ၊ အဲဒီဘက်က စစ်ကောင်းရေနဲ့ ရေငန်အဆက်ကွ၊ ကင်းမွန်တစ်အုပ်တွေ့နိုင်သေးတယ်၊ ရေမကျခင် တစ်ချီတက်ရောင်းရအောင်၊ ရေမစစ်ခင် ပြန်ထွက်မယ်၊ လှလှက အကောင်ကြီးကြီးတွေ အရွေးခွဲဆုတ်ပြီး ဆား၊ နနွင်းလူးပြီး ကြော်ကွာ၊ ရှင်ဥပဂုတ်ရော ရေစောင့်နတ်၊ လေစောင့်နတ်တွေပါ ပူဇော်ပသရအောင်၊

စိန်မောင်ကြီးရေ... ထုံးစံအတိုင်း လှေဦးမှာ ရေစာကျွေးကွာ"

ပင်လယ်ပြင်သည် မာယာတွေများလှပါလေ၏။ အမှားမခံပါပေ။

ချက်ချင်း လှိုင်းလေငြိမ်သက်နေရာကနေ လေပွေမွှေ့ကာ လှိုင်းဖြစ်သွားနိုင်ပါ၏။ ချက်ချင်း ရေစီးကြောင်းပင်လယ်ထဲ မျောပါသွားနိုင်၏။ စီးမွားရှာပြီး ကိုယ်တစ်ယောက်တည်းစား၍မရပါလေ။

ပင်လယ်ပြင်ကိုအစိုးရသောရေမြွေသနင်းပြည့်ရှင်မင်းတို့ကို ပူဇော်ဂသရပါလေ၏။ ကိုဘကျော်တင်မဟုတ်၊ ကျန်တံငါတွေလည်း ထိုနည်းလည်းကောင်းပါပင်။

ကိုဘကျော်၏စကားကြောင့် တံငါကြီးစိန်မောင်လည်း ဆန်တစ်ခွက်နှင့် ရေတစ်ခွက်ကိုယူပြီး လှေဦးထိပ်မှ ဆန်ကိုသွန်ချကာ ရေစာကျွေးရင်း လှေဦးစိုရန် ရေလောင်းချပါလေသည်။

ပင်လယ်ပြင်ထဲ မောင်းနှင်လာခဲ့ရာ ကော့ထင်းအနောက်ဘက်ခြမ်းတည့်တည့်လောက်တွင် ကင်းမွန်တွေ တန်းနေပါလေပြီ။

ဘက်ထရီအိုး ကလစ်တပ်ပြီး ဆလိုက်တွေ ဖွင့်လေသောအခါ ပင်လယ်ပြင်တစ်ဝိုက် လင်းထိန်သွားသလို ကင်းမွန်တွေလည်း မီးရောင်ရှိရာပြေးလာရင်း လှေကိုပါရိုက်ခတ်လေရာ တဖြောင်းဖြောင်းနှင့် အသံတွေထွက်ပါလေပြီ။ ပွဲဦးထွက်တော့ လှပသွားလေပြီတည်း။

"စိန်မောင်ကြီး ... အောက်ရေစဆုတ်ပြီ၊ ပိုက်တွေရုပ်၊ မီးတွေဖြုတ်ကွာ၊ ကော့ထင်းဘက်ဝင်မယ်၊ ကြယ်တွေကိုကြည့်မောင်း၊ ကင်းမွန်တွေ ဒိုင်ချပြီး နောက်တစ်ချီထပ်ကျော့မယ်"

ဘကျော်ကြီး စကားသံအဆုံးချက်ဆို နားခွက်ကမီးတောက်နေသော စိန်မောင်တစ်ယောက် စက်လှေပဲ့ကိုင်ကာ ခုနစ်စဥ်ကြယ်၊ မောင်ရှင်ဆိုင်းထမ်းကြယ်တို့ကိုကြည့်ကာ ရေအဆန်စက်လှေသံက ညံသွားပါလေပြီ။

ကော့ထင်းသို့ ည ၁၀ နာရီကျော်တွင်ရောက်ပြီး ကင်းမွန်တွေချကာ ချိန်ကြည့်တော့ ပိဿာချိန် ၇၀ ကျော်သည်။

တစ်ပိဿာ ၇၀၀၀ ကျပ်ဈေးဖြင့် အသပြာငွေ ၅ သိန်းကျော်ရလိုက်သည်မို့ ဘကျော်တို့၊ စိန်မောင်တို့ မြူးထူးနေကြတော့သည်။

အခြားကင်းမွန်မီးထွန်းလှေတွေလည်း ဝင်လာသည်မို့ မောင်ကြီးတို့ဒိုင်တွင် ငါးတင်ကြ၊ ချကြနှင့် အလုပ်သမားများ ယောက်ယက်ခတ်နေကြ၏။


ဘကျော်တို့၊ စိန်မောင်တို့သည် ပညာလည်းမတတ်၊ သီအိုရီလည်း နားမလည်၊ နိယာမဆိုဝေလာဝေး။ သို့သော်လည်း ပင်လယ်ဒီရေ၊ တိုက်ခတ်နေသောလေ၊ ရောက်ရှိနေသောပင်လယ်ပြင်ကို ကြည့်ကာ၊ တိမ်တွေကိုမှတ်ကာ၊ ကြယ်တွေကိုကြည့်ကာ ပုံဖော်တတ်သောအသိမှာ သဘာဝတရားနှင့် အတွေ့အကြုံက သင်ပေးလိုက်ခြင်းပင်ဖြစ်သည်။


ရေအတက်နှင့်ပြန်ထွက်တော့ မနက် ၁ နာရီထိုးပါလေပြီ။ ကင်းမွန်မီးထွန်းလိုက်၊ ပြန်ဖမ်းလိုက်နှင့် သုံးရက်ကျော်ကြာသောအခါ ကင်းမွန်ပိဿာချိန် ၂၀၀ ကျော်ခန့်ရရှိပြီး လူတွေလည်း ပင်ပန်းလှပေပြီ။ အိမ်အပြန်ခရီးကတော့ လှပနေပါသည်။ အကြွေးဆပ်ကာ အမြတ်ထွက်အောင်ကြိုးစားရင်း တစ်ရက်၊ နှစ်ရက်နားပြီးတော့ နောက်တစ်ခါ ထပ်ပြီး ပင်လယ်ပျော်ရပါဦးမည်။

စိန်မောင်ကြီး၏ စက်လှေသံကြား တံငါခေါင်းကြီးဘကျော်တစ်ယောက် လှေပေါ်ပက်လက်လှန်ကာ ပိုက်ဖုံကိုခေါင်းအုံးအိပ်ရင်း မောင်လှလှ ကြော်ထားသော ကင်းမွန်ကြော်ကို ကိုက်ဖဲ့စားလိုက်သည်။ အိမ်ရောက်မှပဲ မိန်းမကို ကင်းမွန်အကောင်ကြီးတွေထဲ ကောက်ညှင်းအဆာသွတ်ကာ ကြော်ခိုင်းဦးမည်ဟုလည်း စိတ်ထဲတွေးနေမိပြန်သည်။ ပက်လက်လှန်လိုက်၊ ကင်းမွန်ကြော်တစ်ကောင်ကို ကိုက်ဖဲ့ဝါးလိုက်နှင့် တံငါဘဝကို ကျေနပ်နှစ်သိမ့်နေသော ကိုဘကျော်တစ်ယောက် ကောင်းကင်ကိုကြည့်လိုက်သောအခါ တိမ်တွေက ဟိုမှသည်သို့ လွင့်မျောနေပါလေပြီ။ ။

**ရဲမင်းစိုး**


ငွေတာရီ
၁၃၈





**အသစ်ငွေတာရီ**

# ပဋ္ဌမဘာဝိက

ချစ်ဦးသူ (လက်ပုကန်)

**နောက်ဆုံး** ခြေလှမ်းတို့သည်
ပထမဆုံးဒုက္ခနှင့် အနီးဆုံးဖြစ်၏။
ထို့ကြောင့်…။

❑

ပူအွေးနေသည့် လေငွေ့ငွေ့လေးက နှာသီးဖျားကိုတို့ခတ်ပြီး အပြင်ထွက်သွားသည်။ ထိုလေထွက်သွားသည်နှင့်တစ်ပြိုင်နက် တွန့်ကျွေးနေသည့်ဗိုက်ခေါက်ထူထူတို့ပါ လျှပ်ခါသွားပြန်သည်။ တစ်ဖန်အေးလှပ်လှပ် လေပါးပါးလွှာလွှာလေးက နှာသီးဝကိုပွတ်လျှပ်လျက် အတွင်းသားနံရံတွေပေါ် ကိုယ်ဖော့နင်းပြီး ဝင်လာကြပြန်သည်။ တစ်ချက်တစ်ချက် ဝင်နှုန်းထွက်နှုန်းတွေ စိပ်လာသည်။ စိတ်က ထွက်လေနောက်လိုက်လျှင် နှာသီးဝဆီလောက်သာ ရပ်တန့်သွားပေမဲ့ ဝင်လေကိုဖွဲ့မိသွားမိပြီဆိုလျှင်တော့ လည်မျိုပမှ အတွင်းအဆုတ်ဆီထိတိုင် မရပ်ချင်သေး၊ ဝမ်းဗိုက်သားတွေဆီအထိ စိတ်က တရွတ်ဆွဲသွားနေပြန်သည်။

ထိုအခါ ထူထူထဲထဲဗိုက်ခေါက်တို့ လှိုင်းထပွတ်ကြိတ်ကုန်ကြ၏။ ဗိုက်သားတို့ခွေခေါက်မှုတ်ကြိတ်မှုကြောင့် ဝင်လေထွက်လေတို့ အသွားအလာအဆင်မချောတော့။ အရှူအရှိုက်တို့ လှိုင်းထန်လာသည်။ အပူအအေးလေစီးကြောင်းပြတ်လေး အဝင်အထွက်စိပ်လာမှုကြောင့် နှာသီးဝလေး ပွန်းလာသည်ထင့်၊ ပေပြီးပူနေပြီ။

အို … မဟုတ်သေးပါဘူး။ စိတ်ကို နှာသီးဝတစ်နေရာတည်း၌သာ အစောင့်အရှောက်ခိုင်းရမည် မဟုတ်လား။ ခုတော့ ဘယ့်နှယ်ဟာ ဝမ်းဗိုက်ဆီအထိ စိတ်ကခရီးလွန်နေမိပါလိမ့်။

ဒေါ်ဥမ္မာတင် ခါးကိုပြန်မတ်ပြီး ခန္ဓာကိုယ်ကိုသေချာပြန်ပြင်လိုက်သည်။ ပြီး … ဝင်လေတစ်ချက်ကို မက်မက်စက်စက်ရှိုက်ငင်လိုက်ပြီး ထွက်လေကို ရှည်လျားစွာမှုတ်ထုတ်ဖြိုချပစ်လိုက်သည်။ ထို့နောက် စိတ်ကိုအတည်ငြိမ်ဆုံးဖြစ်အောင် စုစည်းပြီး ငွေ့ငွေ့လေးထုံနေသည့် နှာသီးဖျားပေါ် တင်လိုက်သည်။ ဝင်လေ… ထွက်လေ… ထိတယ်… ထိတယ်။

"စိတ်ကလေးကို နှာသီးဝမှာပဲ စူးစိုက်ထား၊ ဘယ်ကိုမှမပျံ့လွင့်စေနဲ့၊ ဝင်လေထွက်လေကိုလဲ မမြန်လွန်း၊ မနှေးလွန်းစေနဲ့၊ ဝင်လေထွက်လေကြောင့် ပွတ်တိုက်မိသွားတဲ့ နှာသီးဖျားလေးကို သတိနဲ့စောင့်ကြည့်"

ဓါးဖြူတောရစခန်းကို ဝင်ခဲ့စဉ်က ကမ္မဋ္ဌာန်းဆရာတော်၏

သူမျက်နှာပြင်ပေါ်တွင်
ဝိုးလောက်လမ်းလေးတွေ
တွန့်တွန့်ရှုံ့ရှုံ့သွားနေသလို
ပေါ်ကျိုကျိုရှိန်း။
နှာသီးဝဆီ
မေးတင်နေသော
စိတ်ကလေးသည်
မျက်နှာပြင်ပေါ်
ဖျတ်ခနဲ
ခုန်တက်လာသည်။
ဘယ်ဘက်လက်ဖဝါးပေါ်
ယှက်ခင်းထားသည့်
ညာဘက်လက်က
ရုတ်တရက်
တွန့်သွားသည်။
ဘုရား … ဘုရား။

လမ်းညွှန်သံတို့က နားဝဆီဖွဖွဝေ့ဝေ့ ပြန်ကြားယောင်လာသည်။

❑

နှစ်စဉ် တန်ခူးလ သင်္ကြန်အခါတိုင်း ဖီးဖြူတောရရိပ်သာတွင် ဘာရေးစမန်းပင်ဖြစ်သည်။ ၃ နှစ် ဆက်တိုက်ဝင်ခဲ့သော်လည်း အရင် ၂ နှစ်တွင် အလိုက်သင့်အားထုတ် ဖြစ်ခဲ့ပြီး ခု ဒီနှစ်ကျမှ ဒေါ်ဥမ္မာတင် စိတ်ထဲ တော်တော်လေးကျေနပ်နေမိသည်။ ပြီး...ကမ္မဋ္ဌာန်းဆရာတော်၏ဩဝါဒစကားတစ်ခွန်းကို စခန်းကအပြန် အိမ်ရောက်သည်အထိ နားထဲစီမှဲပြီး စွဲနေသည်။ မညာ စတမ်းဝန်ခံရလျှင် ထိုစကားသံလေးကို ခဏခဏကြားနေမိသောကြောင့်လည်း ခုလို အိမ်မှာနေပြီး ဘာရေးမှတ်ဖြစ်နေသည်။

"လူ့အဖြစ်ကို လဲရတယ်၊ မှတ်သားနိုင်တဲ့ ဉာဏ်စဉ်လဲမီတယ်၊ သာသနာတော်နဲ့လဲကြုံတယ်၊ အဲဒါရခဲ့တဲ့အခြေအနေတွေပဲ၊ အဲဒီရခဲရခိုက်အချိန်လေးမှာ အချိန်တွေဆွဲမနေကြနဲ့၊ အခြေအနေကို အမိအရ အသုံးချကြ၊ အားထုတ်ကြ၊ ခုဘဝကို ကိုယ့်အတွက် နောက်ဆုံးဘဝလို့ သဘောထားပြီး အားထုတ်ကြ"

နောက်ဆုံးဘဝတဲ့။ ထိုနောက်ဆုံးဘဝဆိုသည့် စကားသံလေးက ဒေါ်ဥမ္မာတင်၏နားစည်အိမ်ကို ခဏခဏလာခေါက်နေသည်။ ဒေါ်ဥမ္မာတင်၏အသိအာရုံကို မကြာခဏဆိုသလို လာထိုးဖွနေသည်။ ဟုတ်တာပေါ့။ သူ့လို သံယောဇဉ်အနှောင်အဖွဲ့မရှိသည့် တစ်ကိုယ်တည်း အပျိုကြီးတစ်ယောက်အဖို့တကယ်ပဲ နောက်ဆုံးဘဝဖြစ်သင့်လှပြီ။ ရှိသမျှအကြောတို့ဖျစ်ညှစ်ပြီး ဖျစ်ဖျစ်မြည်အောင်ဆုပ်ထားခဲ့ရသည့် ဥစ္စာတွေ အကယ်၍များ ရုတ်တရက် ဖြုန်းခနဲ မပြောမဆိုသူ ခန္ဓာကြွေသွားခဲ့သော်...။ အတူးတွေးနေစရာမလို၊ ဒေါ်ဥမ္မာတင် သူ့ကိုယ်သူ နောက်ဆုံးဘဝအဖြစ် စိတ်ထဲ ပိုင်းကန့်လိုက်သည်။ ထိုအချိန်မှစ၍ ဒေါ်ဥမ္မာတင် အတွေးအသိအာရုံဖြစ်တည်မှုအပိုင်းအစအားလုံးတို့တွင် နောက်ဆုံးဘဝသည်သာ နေရာယူလွှမ်းဆုပ်နေတော့သည်။

သူ့မျက်နှာပြင်ပေါ်တွင် ပိုးလောက်လမ်းလေးတွေ ဟွန့်တွန့်ရှုရှု သွားနေသလို ယားကျိကျိနှင့်။ နှာသီးဝဆီ မေးတင်နေသော စိတ်ကလေးသည် မျက်နှာပြင်ပေါ် ဖျတ်ခနဲခုန်တက်လာသည်။ ဘယ်ဘက်လက်ဖဝါးပေါ် ယှက်ခင်းထားသည့် ညာဘက်လက်က ရုတ်တရက်တွန့်သွားသည်။ ဘုရား ... ဘုရား။ မျက်နှာကို ပွတ်လိုက်လို့မဖြစ်။ သူ့ဟာသူဖြစ်ပျက်နေသည့်ခန္ဓာကိုယ်ကြီးမို့ ကိုယ်ပြုပြင်လို့ကော ရမည်တဲ့လား။ စိတ်ကိုပြန်ဆယ်ယူပြီး နှာသီးဝဆီပဲ ပို့လွှတ်လိုက်သည်။ နောက်ဆုံးဘဝမပဲ၊ ဒီလောက်တော့ ခံနိုင်ရည်ရှိရမည်ပေါ့။

❑

"အန်တီကြက်ရိုး၊ အဲလေ... အန်တီဥမ္မာ၊ ဒီမှာ ကြက်သားတွေလာတ်တယ်နော်"

"ဟဲ့...အေးမြင့်၊ ဘယ့်နှယ်ဟာ အန်တီဥမ္မာကို ကြက်သားတွေရောင်းနေတာလဲ၊ အန်တီဥမ္မာက ကြက်ဆို အသားမကြိုက်ဘူးအေ့၊ ဟဲ...အရိုးမှနော်..အန်တီဥမ္မာ"

"ဟဲ့...အေးမြင့်နဲ့မနွယ်၊ နင်တို့နှစ်ယောက် အပျိုကြီးကို ဘာဖြစ်လို့စနေကြတာလဲ၊ အပျိုကြီးက သူ့အကြောင်းနဲ့သူမို့ အသားရောင်တာနေမှာပေါ့၊ ညည်းတို့နှယ်၊ သြော်... ဒါနဲ့အပျိုကြီးရေ... ဟောဒီမှာ ငါးခူတွေလာတ်တယ်၊ ချဉ်ပေါင်ရွက်လေး ဝယ်သွားပါအုံး"

"မတွေးငယ်၊ တော်ပြောမှ ပိုဆိုး"

ကြက်ကို အရိုးချည်းသာ အဝယ်များနေသောကြောင့် ဈေးသည် မိန်းမတွေ၏ သရော်လှောင်ပြောင်သံတွေ နားဝမှာပျံ့ဝဲနေသည်။

စည်းမဲ့ကမ်းမဲ့စားစရာလား။ လူ့ဘဝကြီးက တစ်နေ့တစ်ရက် တစ်နပ်တည်းနှင့် ပြီးသွားမှာမှ မဟုတ်တာ။

မတ်တတ်စာရှိနေရုံနှင့်မပြီး၊ တုံးလုံးစာလည်းရှိဦးမှ။ သူ့လို အထောက်အမိုမရှိသည့် တစ်ကိုယ်တည်းသမားအတွက် စုဆောင်းကျစ်လျစ်ဖို့ ပိုပြီးလိုအပ်လှသည်။

ဒီကောင်မတွေ ဒါတွေကို မသိ။ ဟွန်း...။

အလို ... ဘုရား ... ဘုရား။

အသိအာရုံက နှာသီးဝကို ခြေကန်ပြီး မနက်ကိုင်းဝယ်နေကျ ဈေးကလေးဆီ အလည်လွှန်နေပြီ။ ဈေးသည်၊ ဈေးဝယ်တို့၏ ပုံရိပ်တွေ၊ အသံတွေက အာရုံထဲတွင်ရှုပ်ထွေးယှက်ငင်လျက်။ စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ပြန်ဖမ်းယူလိုက်ရပြန်သည်။ ဝင်တယ်...ထွက်တယ်၊ ထိတယ်...ထိတယ်။

"မလေးရှားကသားဆီကလဲ ငွေမရောက်တာကြာပြီလေ၊ အန်တီဥမ္မာသိတဲ့အတိုင်း ကျွန်မ အသုပ်စုံဆိုင်လေးက အရင်းပေါ်ကိုအစ်ထွက်လာတဲ့ အမြတ်ငွေလေးကြောင့်သာ မိသားစုစားလို့ဖြစ်နေတာ၊ ဒါပေမဲ့ မပူပါနဲ့၊ အန်တီဥမ္မာ့ပိုက်ဆံကို အရင်းမဆပ်နိုင်သေးရင်တောင် အစုလို အတိုးလေးတော့ လတိုင်းမှန်မှန်ဆပ်မှာပါ"

မိသက်မာ။ မျက်နှာငယ်နှင့် လာပြောနေသော်လည်း အမှုအရာကို မျှူမျှူငှာငှာမပြုခဲ့။ သနားစိတ်ပေါ်လာလျှင်တောင် အံ့သွားနှင့်ကြိတ်ခဲပြီး တံတွေးထဲရောနှောမျိုချပစ်ရသည်။ သည်ကောင်မက မလွယ်။ မလွဲသာလို့သာ သူများငွေကို အတိုးနှင့်ယူနေရသည်၊ မာနတော့အထိမခံဆိုသည့်အမျိုး။ သူက ကိုယ့်အရိပ်အကဲအတိုင်း သွားနေသည်။ ကိုယ့်ဘက်ကသာ သနားပြီး ပျော့လိုက်လျှင် သူကဆွဲပြီး တင်းလိမ့်မည်။

"ဒီလူနဲ့ဒီလူ မပြောစရာလားမဥမ္မာရာ၊ ကျွန်တော့်အကြောင်းလဲ မဥမ္မာသိသားနဲ့၊ ကျွန်တော့်လက်ထဲမှာရှိနေရင် ဘယ်တုံးက မဥမ္မာလာတောင်းရဖူးလို့လဲ၊ ကျွန်တော်ကိုယ်တိုင်ပဲ လာဆပ်နေတာမဟုတ်လား၊ အခုက လက်ထဲမှာ ခဏပြတ်နေလို့၊ သုံးရက်ပဲစောင့်၊ ကျွန်တော်ကိုယ်တိုင် ဆက်ဆက်လာခဲ့မယ်၊ စိတ်ချပါမဥမ္မာရာ၊ မဥမ္မာပိုက်ဆံ ကျွန်တော်ပေးမှာပါဗျ"

အောင်သက်ထွန်း။ မပေးလို့ကော ရမည်တဲ့လား။ ငွေတစ်ကျပ်ကနေ တစ်ထောင်ဖြစ်ဖို့ ဘယ်လောက်စည်းကမ်းရှိရတယ်ဆိုသည်ကို သူတို့မှမသိတာ။ သူတို့ကတော့ လွယ်လွယ်ရ လွယ်လွယ်သုံးတွေမို့ ငွေကြေးတန်ဖိုးကို တကယ်မသိကြ။ ကိုယ့်မှာသာ တစ်ကိုယ်တည်းသမားမို့ လက်ဆုပ်မြဲနေရသည်။ ပေးမှာကိုတော့ သိသည်ပေါ့။ ဒါပေမဲ့ အချိန်ကြာကြာတော့ အဆွဲခံ၍မဖြစ်။

ဟယ်... ဒုက္ခပါပဲ။

အသိအာရုံက ဖမ်းဆုပ်ဖို့ခက်ခဲလောက်အောင် ငွေတိုးကိစ္စတွေဆီ ဒုန်းစိုင်းနေပြန်ပြီ။ ငါ့နှယ်နော်... ဘာတွေဖြစ်နေပါလိမ့်။ ဒီငွေတိုးပေးစားသည့်လုပ်ငန်းကို အခုမှ ထလုပ်တာမဟုတ်ပါဘဲနှင့် ဘယ့်နှယ်ဟာကြောင့် စိတ်ထဲ တောင်တောင်ဉာဉ် တွေးမိနေပါလိမ့်။ ပြီးတော့ ဒီလူတွေကလည်း အခုမြင် အခုသိ၍ ထပြီး လက်တွဲကြသူတွေမဟုတ်။ ဆယ်စုနှစ်တစ်ခုစာလောက်အလုပ် လုပ်ခဲ့ကြသူမျှေဘုံးမျှည်းပင်။ ကိုယ့်ရပ်ကွက်ထဲကလူတွေပဲမဟုတ်လား။ ချေးထားသည့်ငွေတိုးကို မဆပ်ဘဲအခြားထွက်ပြေးသွားမည့်သူတွေလည်းမဟုတ်။ အားလုံးက အတွင်းသိအစဉ်းသိ။ ပေးစရာငွေမရှိခဲ့လျှင်တောင် ဒူးထောက်ပြီး သူတို့ပိုင်ဆိုင်ထားသည့် အဝတ်နွမ်းနွမ်း၊ ဒန်အိုးဒန်ခွက်အပိန် စသည်တို့ကိုသာ ထိုးပေးကြလိမ့်မည်။ လူတွေက မဟော့ ဘယ်မှပြေးကြလိမ့်မည်မဟုတ်။

ဘာကြောင့်လဲဆိုလျှင် သူတို့တွင် ပေးစရာငွေမရှိသလို ပြေးစရာလဲ မြေမရှိကြသောကြောင့်ပင်။ ဒါတွေကိုသိပါလျက်နှင့် ဘာကြောင့် စိတ်က ထိုဒုက္ခဆီ ကျင်လည်သောင်တင်ချင်နေရပါလိမ့်။ မဖြစ်။ စိတ်ကို အချိန်မီ ပြန်ဆုပ်ယူရမည်။

ထိတယ်...ထိတယ်။

❑

"လှူစရာရှိတာကို ရဲရဲဝံ့ဝံ့ လှူလိုက်စမ်းပါ ဘူမကြီးရာ၊ လှူလို့ အကျိုးမယုတ်ပါဘူး။ တစ်ဖက်က ကြည့်ရင် ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်သာသနာ၊ ကိုယ်သာမြှင့်မှ တင့်လိမ့်မည်ဆိုတာလို၊ ဟော..နောက်တစ်ဖက်က ကြည့်ပြန်ရင်လဲ မသုံးရက်မစွဲရက် ကိုယ်စုဆောင်းထားတဲ့ဥစ္စာတွေက ကိုယ်သေတဲ့အခါ ကိုယ့်နောက်ကို မလိုက်နိုင်ပါဘူး၊ ကိုယ်ပြုခဲ့တဲ့ကုသိုလ်၊ အကုသိုလ်တွေကသာ ကိုယ့်နောက်ကို နွားခြေရာနောက် လှည်းဘီးလိုက်သလို ထက်ကြပ်မကွာ လိုက်လာကြမှာပါ"

ဘုရားလူကြီးပီပီ ပြောတတ်ပါပေ့ ဦးအောင်ရွှေရယ်။ ရှာထား

သည့်ဥစ္စာပစ္စည်းတွေ သေတဲ့အခါ ကိုယ့်နောက်မပါသည်ကိုတော့ ရှစ်နှစ်ကိုးနှစ်အရွယ်ကလေး သွားမေးလျှင်တောင် ငါးယောက်မေးလျှင် သုံးယောက်တော့ အနည်းဆုံးဖြေနိုင်လိမ့်မည်။ ပစ္စည်းတွေက သေလျှင် ကိုယ့်နောက်မပါသည်ထားဦး၊ မသေခင်ဘာ ဘာနှင့်သွားစားမည်နည်း။ နေထိုင်မကောင်းသည့်အခါ ဆေးဝါးဓာတ်စာများကို ဘာနှင့်သွားကုသမည်နည်း။ မသိလို့မဟုတ်။ သိသည်။ သေရေးထက် နေရေးပိုခက်ဆိုတာလို မသေခင် ရှေ့လျှောက် အရိုးတို့ နေးကွေးလေးလံသွားသည့်အခါ၊ အရေတို့ တွန့်ရှုံ့လျော့ရဲသွားသည့်အခါ၊ အကြောတို့ တုံ့ဆိုင်းထုံအသွားသည့်အခါ အကယ်၍ အလုပ်မလုပ်နိုင်တော့ဘူးဆိုလျှင် ဘယ်သူကများလာကျွေးကြမှာလဲ။ ဘယ်သူကများလာပေးကြမှာလဲ။ အခုချက်ချင်းသေမည်ဆိုလျှင်တော့ ရှိတဲ့ပစ္စည်း အကုန်လှူပစ်လိုက်ရလည်း အကြောင်းမဟုတ်။ ဘယ်အချိန်အထိ အသက်ရှင်နေပြီး ဘယ်အချိန်မှ သေမည်ကို ဘယ်သူသိနိုင်မည်တဲ့လဲ။ ပြောကတ်ပါပေ့ ဘုရားလူကြီးရယ်…။

"သရက်သီးက အကုန်ချိုပါတယ်၊ ဒါပေမဲ့ ဒီအပုံထဲက ပိုကောင်းတယ်၊ ဒီအပုံထဲက တစ်လုံးနှစ်ရာ၊ တစ်ထောင်ဖိုးခြောက်လုံး အပျိုကြီး၊ ဒီဘက်အပုံကတော့ တစ်လုံးတစ်ရာ တစ်ထောင်ဖိုးဆယ့်တစ်လုံး၊ ဒီနှစ်ရာတန်ထဲက ယူလိုက်ပါလား အပျိုကြီးရဲ့"

ကိုယ့်အတိုင်းအထွာနှင့်ကိုယ်မို့ ဘယ်ဟာယူယူ အတူတူပဲ မဟုတ်လား။ ဟွန်း … ဒါကို လာတွေးမနေလေရှုပ်နေသေးသည်။ ဒီကောင်မ သရက်သီးရောင်းစားဖို့ မကောင်း။ ပွဲစားလုပ်စားဖို့ကောင်းသည်။ ဘာလုပ်လုပ်ဘာကိုင်ကိုင် ကိုယ်နှင့်မဆိုင်ဘဲ နှုတ်မပေါ့တတ်ကြသည့် ပတ်ဝန်းကျင်နဲ့တော့ ခက်ပြီ။

ဪ…ငါ့နယ် ခက်လိုက်ပါဘိတော့နော်။

စိတ်သည် နှာသီးဖျားဆီမှ ကန်ထွက်ပြီး လွှင့်ချင်တိုင်းလွှင့်နေတော့သည်။ သတိကလေးတစ်ချက် လွတ်ထွက်သွားမိသည်နှင့် စိတ်သည် ရက်ကန်းစင်ပေါ်ကလွန်းပြန်လို ဟိုဒီလူးလာ။

ကမ္မဋ္ဌာန်းဆရာတော်ပြောသည့် စိတ်ဟာခဏတစ်ဖြုတ်လေး မေသော်မှ ထိန်းချုပ်မထားလျှင် သူထင်ရာကိုစိုင်းနေတတ်သည့်သဘောရှိသည်ဆိုတာ အမှန်ပါပဲလား။ စိတ်သည် မကောင်းသည့်နယ်ပယ်ကို ပိုပြီး ဧည့်သည်လုပ်ချင်သည်။

ဟူး… ပင်ပန်းပါဘိ။

ဒီဥစ္စာ ဒီပစ္စည်းတွေကြောင့်လည်း ပင်ပန်းခဲ့ရပေါင်းများပြီ။ ဒီဝန်းကျင် ဒီခန္ဓာကြောင့်လည်း ပင်ပန်းလှပြီ။ ဒီခန္ဓာကို အပြတ်မဖြတ်နိုင်သရွေ့ ရှေ့ဆက် ဒီလိုပဲပင်ပန်းနေလိမ့်ဦးမည်။ မဖြစ်ပါဘူး။ ကမ္မဋ္ဌာန်းဆရာမော်ပြောသလို မှလက်ရှိဘဝကိုပဲ နောက်ဆုံးဘဝဖြစ်ပါစေတော့။ နောက်ခန္ဓာရနေသေးလျှင် နောက်ထပ်ဒုက္ခတွေ၊ ပင်ပန်းမှုတွေနှင့် ဘဝက လုံးချာလည်နေပေဦးမည်။ ခု လက်ရှိအချိန်မှာပဲ လူ့အဖြစ်ကိုလည်းရနေသည်။ ဉာဏ်ရည်ဉာဏ်သွေးလည်းပြည့်ဝသည်။ ဗုဒ္ဓမြတ်စွာ၏ သာသနာတော် အဆုံးအမတွေနှင့်လည်း တွေ့ကြုံနာကြားနေရပြီ။ ဘာများလိုနေသေးလို့လဲ။ အခု လက်ရှိအချိန်ထက်သေချာနေတာ ဘာများရှိသေးလို့လဲ။ ထို့ကြောင့် အခုလက်ရှိဘဝသည် နောက်ဆုံးဘဝဖြစ်ရမည်။ ဟုတ်သည်။ ဒါသည်ဒေါ်ဥမ္မာတင်၏ နောက်ဆုံးဘဝပဲ ဖြစ်ရမည်။

ဘယ်ဘက်ခြေချင်းဝတ်မှာ ထုံနေသည်။ ခါးဆစ်ရိုးကပါ တစ်စစ်စစ် ထိုးကိုက်လာသည်။ ထို့ကြောင့် ဒေါ်ဥမ္မာတင် သတိလေးကပ်ပြီး ခါးကို ဖြည်းဖြည်းမတ်လိုက်သည်။ ပြီး… ညာဘက်ဒူးကို တဖြည်းဖြည်း ထောင်ကာ ဘယ်ဘက်ခြေထောက်ကို ညင်သာသိမ်မွေ့စွာဆွဲမလိုက်သည်။ တရားဖြုတ်ပြီ။

❑

တရားဖြုတ်ပြီး ခဏအကြာ ခြေထောက်အကျုံပြေသွားတော့မှ ဒေါ်ဥမ္မာတင် ဘုရားစင်ပေါ်မှ ကြည်ညိုဖွယ်ရာ ဗုဒ္ဓဆင်းတုတော်ကို အားပါးတရမော်ဖူးလိုက်သည်။ ဆင်းတုတော်ရှေ့ သစ်သီးဆွမ်းဗျပ်ထဲတွင် မနက်က ဈေးထဲမှဝယ်ခဲ့သော သရက်သီးသုံးလုံးသည် ဖွံ့ဖွံ့ထည်ထည်ရှိလျက်။ ဒေါ်ဥမ္မာတင် ယောဂီပဝါရှည်လေးကို ပခုံးပေါ်လွှမ်း

ပြီး ဆင်းတုတော်ကိုလက်အုပ်ချီ လိုက်သည်။ ပြီး ... သူ့အသံ အော အောအက်အက်ကြီးဖြင့် –

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဘုရားတပည့်တော် သည် ဤသို့ တရားဘာဝနာ အား ထုတ်ရခြင်းအကျိုး၊ လတ်ဆတ် ချိုမြိန်သော ဤသစ်သီးဆွမ်းကို ကပ်လှူရသောအကျိုးကြောင့် ယခု လက်ရှိဘဝမှာပဲ မင်္ဂဖိုလ်နိဗ္ဗာန်ကို ခပ်မြန်မြန်ရောက်ရှိပါရစေ အရှင် တော်မြတ်ဘုရား"

ဒေါ်ဥမ္မာတင်၏ဆုတောင်း သံကြောင့် ဘုရားခန်းပြတင်းဝ၌ နားနေသော ငှက်ကလေးတစ်ကောင် ပိုးစနဲ့ထပျံသွားသည်။

ဒေါ်ဥမ္မာတင် ဗုဒ္ဓဆင်းတု တော်ကို ဦးသုံးကြိမ်ချပြီး တင်ပါးဆုံ ကြီး အိပ့်အိပ့်နှင့် အပြင်ထွက်သွား သည်။

သစ်သီးဆွမ်းဗျပ်ထဲရှိ သရက် သီးထဲမှ ပိုးလောက်လမ်းလေးတစ် ကောင် အပြင်သို့ လှုပ်လှုပ်ရွရွနှင့် ထွက်လာသည်။

ဘုရားစင်ပေါ်တွင်မူ ဗုဒ္ဓ ဆင်းတုတော်သည် သပ္ပာယ်စွာ ပြုံးတော်မူလျက်ရှိသည်။ ။

**ချစ်ဦးသူ(လက်ပုကန်)**

## စလင်းချောင်း

ကျော်ဟန်(မြန်မာစာ)

မြစ်ဧရာ အနောက်ဘက်
ကွေ့ကောက်ဆက် သူ့လမ်းတာ။
မနွမ်းပါ လှမ်းကာ အရှည်ခရီး
ရေစီးညင်သာ။
နှစ်ကာလ ရှည်ခဲ့ကြာ
နေခဲ့တာ တစ်အူထုံ့ဆင်း။
အပူရယ်ပုံ
သူတကယ်မဖြုံ နွေလမ်းသီချင်းမှာ
စီမံ့စမ်းတွေခင်း။

မြစ်ဧရာ လက်တစ်မောင်း
မပျက်ကြောင်း တာဝန်ကျေ။
ဟာဟာင်အမြဲ ယူမသိပေညီး
သဒ္ဓါရှင်ဝေ သူသတိနဲ့
အရှိမှုခြေ။
သူ့ရင်အသည်း နှန်းသဲတွေ
သုံးစွဲစေ မျှဝေ။
ကျေးရွာငယ် စနပုဒ်တို့
လယ်လုပ်မြေရ။

သူဦးခေါင်း သန္တေတည်
မသွေဖည် တောင်စောင်း။
လာလေရာ သူ့လမ်းကြောင်းမှာ
ဖြာဝေကာ သူ့စမ်းချောင်းကြောင့်
စိမ်းလန်းနေကြောင်း။

သူ့ဂုဏ်ကောင်း အဆင်းသဏ္ဌာန်
စလင်းတာမံက ရေလှောင်ပေး။
မိုးနွေလယ် မဖြုံမဖောက်
လုံလောက်အောင်လေး။

သတင်းကောင်းပ
စလင်းချောင်းက ရေမလျှံ။
အပြုံးပေရန်
နှန်းတွေထန် တော်အသင့်
မျှော်ချင့်နေပြန်။
ကျင်စက်လည်း မမှုပြန်
ဝါးဖောင်ရန် သူမတွေး။
မနေးအစဉ်
ရေးအသွင် ပုံတက်ခင်းသို့
စုန်ဆင်းလို့ပြေး။ ။

**စလင်းတာမံ** = ဧရာဝတီမြစ်ကို အနောက်ဘက်မှ စီးဝင်သော စလင်းချောင်းပေါ်တွင် တည်ဆောက်ထားသည့် 'စလင်း ချောင်းရေလှောင်တာမံ'

### ရှေးဟောင်းပစ္စည်းအပ်နှံသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

မကွေးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မကွေးဌာနခွဲရုံးတွင် ရှေးဟောင်းဝတ္ထုပစ္စည်းများ လာရောက်အပ်နှံသည့်သူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းကို စက်တင်ဘာလ ၁၅ ရက်၊ နံနက် ၁၀ နာရီက အဆိုပါရုံးခန်း၌ကျင်းပခဲ့သည်။

အစမ်းအနားတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မကွေးဌာနခွဲတာဝန်ခံ ဒုတိယ ညွှန်ကြားရေးမှူးဦးမြင့်သိန်းက အမှာစကားပြောကြားပြီး ရှေးဟောင်းဝတ္ထုပစ္စည်းများ ဌာနသို့ အပ်နှံခဲ့ကြသည့် မင်းဘူး(စကု)မြို့နယ်မှ ဒေါ်မေဖြူသွယ်ဝင်း၊ ဦးဝင်းအောင်၊ ဦးသန်းထိုက်နှင့် အောင်လံမြို့နယ် မိုးဖုံးကျေးရွာမှ ဦးကျော်သက်တို့အား ဂုဏ်ပြုချီးမြှင့်ငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ကာ ကိုဗစ် ၁၉ ကြောင့် တက်ရောက်နိုင်ခြင်းမရှိသည့် နတ်မောက်မြို့နယ်၊ မြင်းတဲကြီးကျေးရွာမှ ဦးဝင်းမောင်နှင့် ဦးခင်မောင်ညိုတို့အား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဆက်သွယ်ပေးပို့သွားမည်ဖြစ်သည်။

ဆက်လက်ပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မကွေးဌာနခွဲလက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးဦးက ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ဦးစီးအရာရှိ ဦးရဲလွင်က ရှေးဟောင်းသုတေသနဆိုင်ရာဥပဒေများအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

---

## တစ်လအတွင်း
# စာပေနှင့်ယဉ်ကျေးမှုသတင်း

သော်ဇင်သစ်

### (၄၉)ကြိမ်မြောက် ၁၅ နှစ်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့်ဆုများရရှိ

အောက်တိုဘာလ ၉ ရက်တွင်ကျရောက်ခဲ့သည့် ကမ္ဘာ့စာပို့တိုက်နေ့ (World Post Day) အထိမ်းအမှတ် အဖြစ် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို UNESCO နှင့် UPU တို့ ပူးပေါင်း၍ နှစ်စဉ်ကျင်းပလျက် ရှိရာ ၂၀၂၀ ပြည့်နှစ်အတွက် အသက် ၁၅ နှစ်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို "Write a message to an adult about the world we live in"ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ၌ ပြည်တွင်းအဆင့် အသက် ၁၅ နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ ကို (၄၉)ကြိမ်မြောက်အဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန နှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြေခံ ပညာကျောင်းများတွင် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် တစ်ပြိုင်တည်းကျင်းပခဲ့ပြီး ပြိုင်ပွဲသို့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၄၇၀ ဦးပါဝင် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ကချင်ပြည်နယ်၊ အ.ထ.က (၁) ကနိုင်းမြို့၊ အဋ္ဌမတန်းမှ မောင်ကောင်းထက်သော် ကလည်းကောင်း၊ ဒုတိယဆုကို ပဲခူးတိုင်းဒေသကြီး၊ အ.ထ.က(၂) ညောင်လေးပင်မြို့၊ အဋ္ဌမတန်းမှ မောင်ဉာဏ်လင်းထက်တို့ကလည်းကောင်း ဆွတ်ခူးရရှိ ခဲ့ပြီး ပြည်တွင်းအဆင့် ပထမဆုရစာမူကို ကမ္ဘာ့စာပို့ တိုက်သမဂ္ဂသို့ပေးပို့၍ နိုင်ငံတကာအဆင့်ပြိုင်ပွဲသို့ ဝင် ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

## မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး ပြိုင်ပွဲ၌ ဆုရရှိသူများစာရင်းထုတ်ပြန်

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၃ ရက်တွင် ကျရောက်ခဲ့သည့် မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ် 'မြန်မာ့ရုပ်ရှင်ရာပြည့်' ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့သော ဆောင်းပါးပြိုင်ပွဲ၌ ဆုရရှိသူများစာရင်းအား ထုတ်ပြန်ကြေညာသည်။

မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်အခမ်းအနားကို မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သည့် မြန်မာ့ရုပ်ရှင်၏ နှစ်(၁၀၀)ခရီးကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ခေတ်အဆက်ဆက်ထင်ရှားခဲ့သည့် မြန်မာ့ရုပ်ရှင်ပညာရှင်ကြီးများ၏ အနုပညာနှင့်အတတ်ပညာစွမ်းပကားကို ရုပ်ရှင်လောကသားများ အားကျအတုယူ၍ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြင့်မားစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ရန်နှင့် ရုပ်ရှင်လောကသားများ၏ ညီညွတ်မှုစွမ်းအား၊ အနုပညာဖန်တီးမှုစွမ်းအားများဖြင့် နိုင်ငံနှင့် ပြည်သူအကျိုးကို တိုးမြှင့်ဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်သုံးရပ်ဖြင့် စီစဉ်ကျင်းပရန် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဆောင်းပါးပြိုင်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ ပြိုင်ပွဲဝင်စာမူ ၆၀ ပေးပို့ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဝင်စာမူများကို ဆရာဂုဏ်ထူးဦးသိန်းနိုင်၊ ဆရာကောင်းသန့်၊ ဆရာမ မစန္ဒာ၊ ဆရာမရွှေကူမေနှင်းနှင့် ဆရာမြတ်ခိုင်တို့က စိစစ်ဆောင်ရွက်ခဲ့ကြရာ ပထမဆုကို ကိုထူး(သာယာမြိုင်)၊ ဒုတိယဆုကို သက်ဝေမျှ၊ တတိယဆုကို သစ္စာဝါဒီဦးမြင့်အောင်နှင့် အထူးဆုများကို ခင်အေးဟန်၊ မင်းဇေဒါ(ပွင့်ဖြူ)၊ မောင်သန်းဝင်း(ရန်ကုန်တက္ကသိုလ်)၊ လှတိုး(စိတ်ပညာ)၊ မင်းသွေးငယ်(ရာမညမြေ)တို့က အသီးသီးရရှိခဲ့ကြသည်။


## ဟူးကောင်းလွှင်ပြင်စာပေဆုများကြေညာ


ကချင်ပြည်နယ်အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဇော်ဝင်းကြီးမှူးကျင်းပသော ကချင်ပြည်နယ်၏ ပထမဆုံးစာပေဆုဖြစ်သည့် ဟူးကောင်းလွှင်ပြင်စာပေဆု ဆုရစာရင်းကို အောက်တိုဘာလ ၉ ရက်က ကြေညာခဲ့ပြီး ဆုပေးပွဲကို မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးဝင်း အတွင်း (ဆမားဒူဝါဆင်ဝါးနော်ခန်းမ)၌ အောက်တိုဘာလ ၂၀ ရက်၊ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ရသစာပေဆုတွင် ပထမဆုကို ဇောနဒီ(မြစ်ကြီးနား)၏ 'ကမ္ဘာမြေရဲ့ကဗျာသည်ဝဋ္ဋုတိုစု'၊ အထူးဆုကို ဥရကိုကို၏ 'မရှိကယောင်အလွမ်း'၊ ခွန်းဆက်(မိုးညှင်း)၏ 'ရွှေတောင်ကြီးရဲ့ အလင်းမဲ့နာရီ'၊ သုတစာပေဆုတွင် ပထမဆုကို လင်းဇော်ဦး(မြစ်ကြီးနား)၏ 'ဒဏ္ဍာရီထဲမှာ မြန်မာတွေကို ဘယ်သူမှမမီ'၊ အထူးဆုကို မေခအောင်၏ 'အချိုးအကွေ့တစ်ခု၏ဆုံမှတ်များ'၊ ချစ်မင်း(မြစ်ကြီးနား)၏ 'ပြည်သူ့ကိုယ်စားလှယ်ရွေးကောက်ပွဲဆိုသည်မှာ'၊ ဆောင်းပါးစာမူဆုတွင် ပထမဆုကို မချောဟဉ်(မိုးညှင်း)၏ 'နိုင်ငံ့ဂုဏ်ရောင်ထွန်းလင်းပြောင်ရေး ပံ့ပိုးပေးသည့် မိုးညှင်းမြို့မှ မေဇ္ဇာလေညင်းအသင်း'၊ အထူးဆုကို နှင်း(ပညာရေး)၏ 'စာဖတ်ခြင်းမှသည် ရွှေရောင်အနာဂတ်ဆီ'၊ ထီလာသန်းနိုင်၏ 'ကောင်းခြင်းငါးဖြာတို့ မစောင်းမယွင်းပွားမည်ဖို့'တို့က ရရှိသည်။

ဆုရရှိသူများအား ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဇော်ဝင်းက ဆုတံဆိပ်တစ်ခုစီနှင့် သုတစာပေ ပထမဆု ကျပ်ငါးသိန်း၊ ရသစာပေ ပထမဆု ကျပ်ငါးသိန်း၊ ဆောင်းပါး ပထမဆု ကျပ်တစ်သိန်းတို့အား ပေးအပ်ချီးမြှင့်ခဲ့သည်။

**သော်ဇင်သစ်**





အသစ်ငွေတာရီ

မိုးဇေသာက်ထွန်း

# နွားအိုချုန်

အချိန်က နေဝင်ခါနီး။ ကောင်းကင်သည် လိုအပ်သည်ထက် ပိုမှောင်နေသည်။ မိုးတွင်းကာလမို့ ဒီလိုအနေအထားကမဆန်းလှပေ။ တိမ်စိုင်မည်းတို့ကို နောက်ခံပြု၍ တက်သုတ်ရိုက်အိပ်တန်းပြန်နေသော ငှက်တစ်အုပ်ကိုလည်းတွေ့ရသည်။

"ဟေး...ဟေး..."

တဟေးဟေးအသံများနှင့်အတူ နွားတစ်အုပ်က သူ့မြင်ကွင်းထဲကို တိုးဝင်လာသည်။ နွားအုပ်ဆိုပေမဲ့ များများစားစား တော့မဟုတ်။ ငါးကောင်သာရှိသော နွားအုပ်။

ယခုလိုညနေစောင်း နွားသွင်းချိန်တိုင်း အိမ်ရှေ့ကွပ်ပျစ်မှာထိုင်ပြီး နွားအုပ်

ကို သူ ငေးမောဆီးကြိုဖြစ်သည်။ နွားအုပ်က လုပ်လီလုပ်လဲ့ခြေလှမ်းများဖြင့် သူ့အနားကိုရောက်လာသည်။ တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်၊ လေးကောင်...။

"ဟ ...ဖိုးထောင်ရ၊ နွားတွေက လေးကောင်တည်းပါလား၊ ချိုကုပ်ကြီး ဘယ်ကျန်ခဲ့တုံး"

"ပါပါတယ် ဘကြီးမိုးရ၊ နောက်မှာ အစ်ကိုလေး မောင်းလာတယ်"

ဖိုးထောင်၏အဖြေစကားကို ကြားရပေမဲ့ သူစိတ်မအေးနိုင်သေး။ 'ချိုကုပ်ကြီး ဘာများဖြစ်လို့ပါလိမ့်' ဟူသောအတွေးဖြင့် စိုးရိမ်မိသွားသည်။ တောင်ဝှေးကိုထောက်ကာ အိမ်ရှေ့လမ်းဆီ သူ လှမ်းထွက်လိုက်သည်။ ခြေလှမ်းဆယ့်ငါးလှမ်းလောက်အရောက်မှာ ချိုကုပ်ကြီးနှင့် သားတော်မောင်ကို လှမ်းတွေ့လိုက်ရသည်မို့ သူ ရပ်စောင့်နေလိုက်သည်။

"တောက်...သွားစမ်း၊ ပေကတ်ကတ်လုပ်မနေနဲ့၊ အလုပ်ကပင်ပန်းလို့ မောရတဲ့ကြားထဲ နင်တို့က တစ်မျိုး"

သူ့ရင်ထဲ မချိအောင်ဖြစ်သွားသည်။ နှေးကွေးလွန်းသော ခြေလှမ်းများနှင့် ချည့်နဲ့နေသော ချိုကုပ်ကြီးကို တုတ်ဖြင့်ရိုက်ရုံမျှမက ခြေထောက်ဖြင့်ပါကန်ပြီး မောင်းနေသော သားမောင်မောင်၏အပြုအမူများက သူ့ရင်ကို ဆူးနင့်ထိုးသည့်အလား။

"သားရယ် ... ချိုကုပ်ကြီးက အသက်အတော်ကြီးနေပြီလေ၊ တအားမရိုက်ပါနဲ့ကွယ်၊ သနားပါတယ်"

"အဖေတို့က အိမ်မှာထိုင်ပြီး သနားနေ၊ ဒီမှာလက်တွေ့လုပ်ရတဲ့သူတွေက လွယ်တာမဟုတ်ဘူး၊ အလုပ်ကရှုပ်ရတဲ့ကြားထဲ၊ အဲဒါကြောင့် အဖေ့နွားတွေကို ဘုန်းကြီးကျောင်းဖြစ်ဖြစ်ပို့ပြီး အေးမဲ့ပေးလိုက်ပါတော့ဆိုလဲ မဟုတ်ဘူး"

"ဒါကတော့...သားရယ်..."

"ဒါကတော့လုပ်မနေနဲ့၊ အခုခေတ်မှာ ဘယ်သူမှ နွားသုံးကြတာမဟုတ်ဘူး၊ စက်နဲ့ပဲလုပ်နေကြတာ၊ ပြီးတော့ အဖေ့နွားတွေက တစ်ကောင်မှလဲ သုံးရတော့တာမဟုတ်ဘူး၊ အကုန်လုံး အိုနာကျိုးကန်းတွေပဲဟာ"

သားတော်မောင်က ချိုကုပ်ကြီးကို သူ့အနားထားခဲ့ပြီး အိမ်ဘက်ကို လှမ်းထွက်သွားသည်။ လဲကျမတတ် ယိုင်နဲ့နေသည့်ချိုကုပ်ကြီးကို အသာဆွဲပြီး နွားတင်းကုပ်ဆီ လှမ်းလိုက်သည်။ လူအိုနှင့် နွားအို၏ ခြေလှမ်းများကတော့ စည်းချက်ညီလို့။

❑

"ဒုန်း...ဝေုန်း..."

ရုတ်တရက်ထွက်ပေါ်လာသည့်အသံများကြောင့် အိပ်နေရာမှ သူလန့်နိုးသွားသည်။ စိတ်က ဖျတ်ခနဲရောက်သွားပေမဲ့ လူကတော့ ဖြည်းဖြည်းချင်းသာ ထလိုက်နိုင်သည်။ ကြမ်းပြင်ပေါ်၌ သူ၏မြေးမလေး လဲကျနေသည်ကို တွေ့လိုက်ရသည်။

"ဟဲ့... မြေးလေး ဘယ်လိုဖြစ်တာတုံး"

"ဘာဖြစ်ရမှာလဲ၊ အဘိုးရဲ့ တွေးခံကြီးကိုတိုက်မိပြီး ချော်လဲတာလေ၊ နာလိုက်တာ... အား ... ကျွတ်... ကျွတ်"

"ဩော် . . . မြေးရယ်၊ တွေးခံက သူ့ဘာသာနေတာလေ၊ မြေးက သေချာကြည့်ပြီးလျှောက်မှပေါ့"

"ကြည့်မလျှောက်ရအောင် သမီးက မျက်စိကန်းနေလို့လား၊ အဘိုးရဲ့တွေးခံကြီးကိုက ရှုပ်နေတာ၊ ဒီမှာ သမီးကို ကွမ်းသွေးတွေပါပေကုန်ပြီ၊ ရွံစရာကောင်းလိုက်တာ ... ထွီ..."

မြေးမလေးကိုကြည့်ပြီး သူ သက်ပြင်းသာချနေလိုက်မိသည်။ ဘာမှလည်း ရှင်းပြ၊ ပြောပြချင်စိတ်မရှိတော့။ မြေးမလေးက လဲကျနေရာကနေထပြီး ထဘီကိုပြင်ဝတ်သည်။ ပြီးတော့ တွေးခံကို ဆတ်ခနဲဆွဲယူပြီး ဆောင့်အောင့်ထွက်သွား၏။ 'ဩော် ...မြေးမလေးက ဒေါသသာထွက်တာ ငါ့တွေးခံကိုတော့ ဆေးပေးဖို့ သတိရသားပဲ'ဟု တွေးရင်း သူပြုံးလိုက်မိသည်။

"ကဲဟယ်...ကဲဟယ်... ငါသွားမဲ့လမ်းမှာ ရှုပ်နေချင်အုံး ... အင်းဟာ"

ကြားလိုက်ရသည့်အသံကြောင့် သူ့နားကိုပင် သူမယုံနိုင်ဖြစ်သွားရ

သည်။ ဝိန်လိမ်ပြားချပ်နေမည့် ထွေးခံလေးကို မြင်ယောင်ရင်း သူ့ရင်ဘတ်တစ်နေရာဆီက စစ်ခနဲနာကျင်သွား၏။

❑

"သမီး...အေးခင်...သမီးရေ"

"ဘာလဲ အမေ၊ ဘာလို့ တကြော်ကြော်အော်ခေါ်နေရတာတုံး"

"ဪ . . . ဟိုဟာပါ သမီးရယ်၊ ဒီကြက်သားကြော်လေးက အရမ်းမာနေလို့၊ အမေ့သွားတွေကလဲ ခနော်ခနဲ့ဖြစ်နေပြီလေ"

"အဲဒီတော့ သမီးက ဘာလုပ်ပေးရမှာလဲ"

"ဟိုလေ...တခြားဟင်းလေးများရှိသေးလားလို့ပါ"

"မရှိဘူး၊ တစ်နေ့ကို ဟင်းအမည်အမျိုးမျိုးချက်ရအောင် ဒါဘုရင့်စားဖိုဆောင်မဟုတ်ဘူး"

"ဟိုလေ . . . မနက်က သမီးငါးဝယ်တာတွေ့လို့ မေးကြည့်တာပါကွယ်"

"ဪ...ဒါမျိုးကျမြင်တတ်တယ်၊ ဟုတ်တယ်လေ၊ မနက်က ငါးဝယ်ထားတယ်၊ အဲဒီငါးဟင်းက အဖေ့မြေးစားဖို့၊ သူက ငါးဟင်းကြိုက်တာ အဖေသိသားနဲ့၊ ဘာလဲ အဖေ့မြေးအတွက်ငါးဟင်းကို အမေယူစားချင်လို့လား"

"အဲဒီလိုလဲမဟုတ်..."

"မဟုတ်ရင်လဲ မပြောမနေနဲ့လေ၊ စားချင်လွန်းလှချေရဲ့ဆိုရင်လဲ ယူသာစား၊ ပြီးရင်တော့ အမေ့မြေးနဲ့ ကိုယ့်ဘာသာရှင်း"

"ရပါပြီသမီးရယ်၊ ကြက်သားကြော်နဲ့ပဲ စားပါ့မယ်"

"ကြက်သားကြော်နဲ့ ကောင်းကောင်းကန်းကန်းကျွေးထားတာကိုတောင်မှ ကြေးများချင်နေသေးတယ်၊ ပြောကိုမပြောချင်ဘူး"

တဒုန်းဒုန်းမြည်အောင် သိသိသာသာ ခြေဆောင့်ထွက်သွားသည့် ချွေးမဖြစ်သူ၏နောက်ကျောကို ငေးကြည့်ရင်း သူ သက်ပြင်းချလိုက်သည်။ လက်ထဲက ကြက်သားကြော်ဖတ်ကို ပါးစောင်အတွင်းထိုးထည့်ပြီး အသာကြိတ်ဝါးလိုက်သည်။ ရော်တာဘောလုံးတစ်လုံးကို ဝါးလိုက်ရသလိုမျိုး ခံစားလိုက်ရသည်မို့ ဟင်းဖတ်ကို ပန်းကန်ထဲအသာပြန်ချထားလိုက်သည်။ ငါးပိရည်တစ်ဖွန်းခပ်ဆမ်းကာ ထမင်းကိုနယ်လိုက်ပြီး တစ်လုတ်ယူစားလိုက်သည်။ ငန်ကျိကျိအရသာက လည်ချောင်းတစ်လျှောက် ဖရိုဖရဲစီးဝင်သွားလေ၏။

❑

"အစ်ကိုလေးရေ...အစ်ကိုလေး"

"ဟေ ... ဘာလဲဖိုးထောင်ရ၊ ဘာကိစ္စရှိလို့လဲ"

"ချိုကုပ်ကြီး သေသွားပြီ အစ်ကိုလေး"

"မင့်ဟာ သေချာလို့လား ဖိုးထောင်ရ"

"သေချာတယ်အစ်ကိုလေး၊ အစုလေးတင်ပဲ ကျွန်တော် နွားတင်းကုပ်ထဲရောက်ခဲ့တာ"

တရေးတိုင် ပုတီးစိပ်နေသော သူ့နားထဲသို့ သားတော်မောင်နှင့် သူ့ရင်းငှားဖိုးထောင်တို့၏ အပြန်အလှန်ပြောစကားများက ခါးသက်စွာ တိုးဝင်လာသည်။ လက်ထဲက ပုတီးကိုချထားလိုက်ပြီး တုန်တုန်ချည့်ချည့်ဖြင့် မတ်တတ်ရပ်လိုက်သည်။ ထို့နောက် အိမ်ရှေ့သို့ထွက်လာလိုက်သည်။ ဖိုးထောင်က သူ့ကိုမြင်တော့ မချိပြုံး ပြုံးပြသည်။

"ချိုကုပ်ကြီး သေသွားပြီလား ဖိုးထောင်"

"ဟုတ်တယ် ဘကြီးမိုး"

"အေးကွာ...အဲဒါဆိုလဲ ခြံထောင့်က ခရေပင်ကြီးအောက်မှာ မြှုပ်လိုက်ကွာ"

"ဘာ ... အဖေ ဘာပြောလိုက်တယ်"

ရုတ်တရက် မပ်ဆတ်ဆတ် ဝင်ပြောလိုက်သည့် သားတော်မောင် အသံကြောင့် သူလှည့်ကြည့်လိုက်

"ဒါလောက် . . . အဖေ့နွားကြီးတွေအတွက် ဘာမှမပူနဲ့၊ နွားတွေ အသက်ကြီးလာလို့ အလုပ်မလုပ်နိုင်တော့ရင် ဘုန်းကြီးကျောင်းမှာ ဘေးမဲ့သွားလွှတ်ထားလိုက်မယ်၊ နောက်ဆံတင်းမနေနဲ့တော့"

သည်။ သားတော်မောင်က သူ့ကို မှန်ကုပ်ကုပ်မျက်နှာထားဖြင့် စိုက်ကြည့်နေ၏။

"ဘာဖြစ်လို့လဲသားရယ်"

"ဘာဖြစ်ရမှာလဲ၊ မေမြှုပ်ပစ်လိုက်ရင် အလကားဖြစ်သွားမှာပေါ့၊ အသားပေါ်ပြီးရောင်းရင် ပိုက်ဆံရမယ်လေ"

"ဩော်...သားရယ်၊ ချိုကုပ်ကြီးက အသားလဲသိပ်မရှိပါဘူး၊ ရောင်းရင်လဲ ဘာရမှာလဲ"

"အို ... ဘာဖြစ်ဖြစ် ရသလောက်ပေါ့၊ သူ့ကို ဒုက္ခခံပြီး ကျွေးမွေးထားရတာလေ"

သူ ဘာမျှဆက်မပြောမိတော့။ ဆက်ပြောလျှင်လည်း သားတော်မောင်က လက်ခံပေးလိမ့်မည်မထင်။ သားတော်မောင်နှင့်ဖိုးထောင်တို့ နွားတင်းကုပ်ဘက်ဆီ ထွက်သွားကြသည်။ အိမ်ရှေ့ကွပ်ပျစ်လေး၌ ထိုင်ချလိုက်ပြီး နွားတင်းကုပ်ဘက်ဆီ သူငေးကြည့်နေမိ၏။ သိပ်မကြာလိုက်၊ ခုတ်သံထစ်သံများက သူ့ဆီ လွင့်ပျံ့လာသည်။ နောက်တော့ ရွာထဲကလူများ ရောက်လာကြသည်။ အသားကွဲများဆွဲ၍ ထွက်သွားကြသူများကို ငေးကြည့်နေမိသော သူ၏ မျက်ဝန်းအိမ်၌ ပူဆွေးစွတ်စိုမှုများကြီးစိုးနေလေတော့၏။

❑

"ကျေးရွာအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ အလှူ့ဒါယကာ၊ အလှူ့အမအပေါင်းတို့ခင်ဗျာ၊ ရွာဦးကျောင်းသိမ်တော်ကြီးပြုပြင်မွမ်းမံရန်အတွက် အကျိုးတော်ဆောင်လူငယ်လေးများ လူကြီးမင်းတို့ရဲ့ အိမ်တော်မင်္ဂလာရှေ့မှောက် ရောက်ရှိလို့လာခဲ့ပါပြီ၊ သဒ္ဓါတတ်အားနည်းများမဆို ကုသိုလ်ပါဝင်ကြပါအုံးလို့ တိုက်တွန်းနှိုးဆော်လိုက်ပါရစေခင်ဗျာ၊ ဩော် . . . ဟုတ်ကဲ့ပါခင်ဗျ၊ ကိုချစ်မိုး+မအေးခင်၊ သမီးလေးနှင်းသဉ္ဇာစိုးတို့မိသားစုက သိမ်တော်ကြီးပြုပြင်ရန်အတွက် အလှူတော်ငွေ ၂၀၀၀ ကျပ် ပါဝင်လှူဒါန်းပါတယ်ခင်ဗျာ၊ ဤသို့လှူဒါန်းရခြင်းအကျိုးကြောင့် အလှူရှင်မိသားစု ကျန်းမာချမ်းသာလို့ စီးပွားဥစ္စာလဲ ဒီရေအလား တိုးတက်ကြပါစေဗျား"

အိမ်ရှေ့ဆီကကြားလိုက်ရသည့် အလှူခံအသံ၊ သားတော်မောင်၏လှူဒါန်းမှုတွေက သူ့ထံပါးလွင့်ပျံ့ရောက်ရှိလာသည်။ သားတော်မောင်အတွက် သာခုသုံးကြိမ်ကို စိတ်ထဲကနေခေါ်လိုက်မိရင်း သူ့လက်တစ်ဖက်က အိတ်ကပ်ကို စမ်းလိုက်မိသည်။ အိတ်ကပ်ထဲကနေ လက်ကိုပြန်ထုတ်လိုက်တော့ နီညိုရောင် ပိုက်ဆံတစ်ရွက်ပါလာ၏။ ၅၀၀၀ ကျပ်တန်တစ်ရွက်ဖြစ်သည်။ ချိုကုပ်ကြီးကို အသားပေါ်ရောင်း၍ရသည့်ငွေထဲက သားတော်မောင် သူ့ကိုပေးထားသော ငွေစကလေးပင်။ ပိုက်ဆံလေးကို လက်ထဲမှာကျစ်ကျစ်ပါအောင်ဆုပ်ပြီး အိမ်ရှေ့ကို သူထွက်လာခဲ့လိုက်သည်။

"ဘာလဲ ဘကြီးမိုး၊ ဘကြီးမိုးကလဲ လှူအုံးမလို့လား"

အလှူခံကောင်လေးက သူ့ကိုတွေ့သည်နှင့် စနောက်သလိုမေးလေသည်။

"အေးကွ ... အဘလဲ တတ်နိုင်သလောက်ကလေး လှူချင်လို့"

"သာဓုပါ ဘကြီးမိုးရယ်၊ ဒါနဲ့ ဘယ်လောက်လှူမှာလဲ ဘကြီးမိုး"

အလှူခံကောင်လေးက ပိုက်ထားသောဖလားကို သူ့ရှေ့ထိုးပေးရင်းမေးသည်။ လက်ထဲမှာ ကျစ်နေအောင်ဆုပ်ထားသော ပိုက်ဆံလေးကိုထည့်ရင်း သူပြုံးနှဲဖြေလိုက်သည်။

"၅၀၀၀ လှူမယ်ကွဲ့"

"ဘယ်လို ကြေညာပေးရမလဲ ဘကြီးမိုး"

"ခင်နှင်းနဲ့ ချိုကုပ်ကြီးကို ရည်စူးပြီး ဦးမိုးနေရဲ့ကောင်းမှုပေါ့ကွာ"

"ဩော် ... ဟုတ်ကဲ့ပါခင်ဗျ၊ ဘဝတစ်ပါးသို့ပြောင်းရွှေ့သွားကြတဲ့ အဘွားခင်နှင်းနဲ့ ချိုကုပ်ကြီးကို ရည်စူးပြီး ဘကြီးမိုးနေက ၅၀၀၀ ကျပ်တိတိ လှူဒါန်းပါတယ်ခင်ဗျာ၊ ဤသို့ပြုရသောကုသိုလ်ကောင်းမှုကြောင့် အလှူရှင်ဘကြီးမိုးတစ်ယောက် သက်တော်ရာကျော်ရှည်ပါစေ၊ အနာမျိုး ၉၆ ပါးကင်းဝေးပါစေ၊ ဘဝတစ်ပါးက အဘွားခင်နှင်းနဲ့ ချိုကုပ်ကြီးလဲ ရောက်ရှိရာဘုံဘဝကနေ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပြီး ပို၍မြင့်မြတ်သော

ဘုံဘဝသို့ တက်လှမ်းနိုင်ပါစေဗျာ"

အကျိုးတော်ဆောင်လူငယ်လေး၏ ဆုပေးသံကို ပီတိဖြစ်စွာ နားထောင်ရင်း နှစ်နှစ်ခြိုက်ခြိုက် သူပြုံးလိုက်သည်။ အလှူခံအဖွဲ့က တရွေ့ရွေ့ ထွက်ခွာသွားကြ၏။

"အဖေ ဘယ်လိုလုပ်လိုက်တာလဲ"

နောက်ကနေ ခပ်ဆတ်ဆတ် ပြောလိုက်သည့်အသံကြောင့် သူ လှည့်ကြည့်လိုက်သည့်အခါ သူ့ကို ခပ်စူးစူးစိုက်ကြည့်နေသော သားတော်မောင်ကို တွေ့လိုက်ရ၏။

"ဘာကိုပြောတာလဲ သား"

"ဘာကိုပြောရမှာလဲ၊ အဖေ ခုနကလှူလိုက်တာကို ပြောတာလေ"

"ဟင် ... အလှူငွေလှူတာ ဘာများဖြစ်သွားလို့တုံးသားရဲ့"

"ဘာဖြစ်ရမှာလဲ၊ သားက လှူပြီးနေတာကို အဖေကထပ်လှူတော့ ဘယ်ကောင်းမလဲ၊ ဘာလဲ အဖေက ခွဲခြားခွဲခြားလုပ်ချင်တာလား"

"မဟုတ်ပါဘူးသားရယ်"

"ပြီးတော့ အမေနဲ့ အဖေ့နွားကြီးကို တစ်တန်းတည်းထားပြီးလှူတာကလဲ ဘယ်လိုမှမဖြစ်သင့်ဘူး"

"အဲဒါက..."

"နောက်ပြီးရှိသေးတယ်၊ အဲဒီပိုက်ဆံက အဖေသုံးဖို့ဆိုပြီး ပေးထားတာလေ၊ အသုံးလိုမှလာပြီး မညည်းပြနဲ့၊ ဒါပဲအဖေရာ၊ အဖေက ဘယ်လိုပြောပြော သဘောပေါက်မှာလဲ မဟုတ်ပါဘူး"

သားတော်မောင်က ဆတ်ခနဲ လှည့်ထွက်ကာ အိမ်ပေါ်တက်သွားသည်။ တနုံ့နုံ့လိုက်တက်လာသော ရင်ထဲက စံစားချက်နှင့်အတူ အံကိုတင်းတင်းကြိတ်လိုက်သည်။ နှုတ်ခမ်းလွှာနှစ်ခုကြားက စေးကပ်ကပ်အရည်တချို့စိမ့်ထွက်ကျလာလေ၏။



❑

"ကျွန်တော်စိတ်ချမယ်နော် အစ်မ"

"သြော်...စိတ်ချပါရှင်၊ ကျွန်မတို့က အဘိုးအဘွားတွေအားလုံးကို ကိုယ့်အဘိုးအဘွားလိုသဘောထားပြီး စောင့်ရှောက်ကြတာပါ"

အပြန်အလှန်ပြောနေကြသည့် စကားများကို သူမကြားချင်ပေမဲ့ သူ့နားထဲတိုးဝင်နေသည်။ ခေါင်းကိုငုံ့ထားပြီး ကြမ်းပြင်ကိုသာ သူငေးကြည့်နေမိ၏။

"ဒါဆို ကျွန်တော်တို့ပြန်ပါအုံးမယ်၊ အဖေ...သားတို့ပြန်တော့မယ်"

သားတော်မောင်၏နှုတ်ဆက်စကားကို ခေါင်းညိတ်ခြင်းဖြင့်သာ သူတုံ့ပြန်လိုက်သည်။ သားတော်မောင်တို့လင်မယားက တရွေ့ရွေ့ ကျောခိုင်း ထွက်ခွာသွားကြ၏။ ရုတ်တရက် သူ့အတွေးထဲမှာ အကြောင်းအရာတစ်ခုကို သတိရလိုက်သည်မို့ သူဆတ်ခနဲ မတ်တတ်ရပ်လိုက်သည်။ ရှည့်နဲ့သောခြေအစုံက ယိမ်းထိုးသွားသည်မို့ ဘေးနားက ကလေးမလေးက ထိန်းကိုင်ပေးသည်။

"သား ... စောင့်နေပါအုံး"

သူ့လှမ်းခေါ်သံကြောင့် သားတော်မောင်က ပြန်လှည့်ကြည့်သည်။

"ဘာတုံး အဖေ"

"သြော်...ဟိုလေ အဖေ့နွားကြီးတွေကို ဂရုစိုက်ပေးဖို့ မှာချင်လို့ပါ"

"ဒါလား ... အဖေ့နွားကြီးတွေအတွက် ဘာမှမပူနဲ့၊ နွားတွေ အသက်ကြီးလာလို့ အလုပ်မလုပ်နိုင်တော့ရင် ဘုန်းကြီးကျောင်းမှာ ဘေးမဲ့သွားလွှတ်ထားလိုက်မယ်၊ နောက်ဆံတင်းမနေနဲ့တော့"

ထွက်ခွာသွားသောသား၏ ကျောပြင်ကိုကြည့်ရင်း ထိုင်ခုံပေါ်သို့ သူ အရုပ်ကြီးပြတ်ပုံကျသွား၏။ ဘာကြောင့်ရယ်မသိ သူ့ပါးပြင်ပေါ် မျက်ရည်စတွေလိမ့်ဆင်းပြီးကျလာတော့သည်။ ။

**မိုးသောက်ထွန်း**

အသားတို့တာဆတ်ဆတ်တုန်နေရင်းက တငွေ့ငွေ့ လောင်မြိုက်နေသော ဒေါသမီးကို ခင်လေး အသာ ငြိမ်းသတ်နေရသည်။ ဦးခေါင်းရင်းတွင် တဒုတ်ဒုတ် ထိုးစိုက်နေသော အသံသည် ခုထိရပ်တန့်ခြင်းမရှိသေးသည့်အပြင် အားပါပါခေါက်လိုက်သည့် တောက်ခေါက်သံတွေလည်း ရပ်တန့်ခြင်းမရှိ။ ခင်လေးက အနီးရှိ သားငယ်ကို ကျစ်ကျစ်ပါအောင်ဖက်ထားရင်း ဖျင်ကြမ်းစောင်ကို ခေါင်းတစ်ခုလုံးလုံအောင် ဆွဲခြုံထားသော်လည်း စိတ်တို့ကမလုံ။ ထို့ကြောင့် သားငယ်ကို အသာ အေးချကာ ကိုယ်ပေါ်မှစောင်ကိုဖယ်ခွာ၍ အိပ်ရာထက်တွင် ငုတ်တုတ်ထထိုင်မိပြန်သည်။ ခေါင်းရင်းတစ်ဖက် ခြမ်းနံရံကို တဒုတ်ဒုတ်ထိုးစိုက်နေသောအသံသည် ခင်လေး လှုပ်ရှားထထိုင်လိုက်သောကြောင့် ရပ်တန့်သွားသည်။ ချက်ချင်းဆိုသလို တောက်ခေါက်သံတစ်ချက်ကိုကြားရပြီး ခင်လေးဘက်ကိုရည်ရွယ်၍ စောင်းမြောင်းပြောဆိုသော စကားပြောသံကိုကြားရတော့ ခင်လေးဒေါသတွေ ထောင်းခနဲ ထလာရပြန်သည်။

"ငါ့ကိုသတ်မဲ့မိန်းမ၊ အလကား မိန်းမ"ဟု တာရာပ်ပြောဆိုနေသဖြင့် ခင်လေး ဆုံးဖြတ်ချက်တစ်ခုကို ရဲရဲချလိုက်ပြီး သားငယ်ကို ဆတ်ခနဲ ကောက်ပွေ့လိုက်၏။ သားငယ်၏ အင့်ခနဲအသံတစ်ချက်အပြ အိမ်အပြင်ဘက်က အသံတစ်ခုကိုကြားလိုက်ရ၍ ခင်လေး ဝမ်းသာသွားသည်။ ထိုအသံက –

"အောက်...အီး...အီး...အွတ်"ဟူသော ကြက်တွန်သံတည်း။

❑

မနက်ဝေလီဝေလင်းတွင်ပင် ခင်လေး မေမေ့ အိမ်ရှေ့ကို သားငယ်ကိုကျောပိုးလျက် ရောက်နေခဲ့သည်။ အိမ်ထဲတွင် မီးခိုးတလူလူနှင့် မေမေ နိုးနေမှန်း သိသော်လည်း အော်မခေါ်ရဲ။ မေမေရှိမျှားနေမလား ဟူသည့် ကြောက်စိတ်ကလည်း ခင်လေးကို စိုးမိုးနေ သေးသည်။ ထို့ကြောင့် အိမ်အပြင်ဘက် ကုက္ကိုပင်




မနေ့ညက ခင်လေးမျက်နှာတည့်တည့်သို့ ဓားမြှောင်ဖြင့်ချိန်ရွယ်ပြီး ခင်လေး၏ အသက်ကိုခြိမ်းခြောက်လာမှုသည် ခွင့်လွှတ်နိုင်သည့် အတိုင်းအတာထက် ကျော်လွန်သွားခဲ့ပြီ။



အောက်ရှိ ကွပ်ပျစ်ပေါ်တွင်ထိုင်နေရင်း အိမ်ထဲက ဘယ်သူထွက်လာမလဲဟု ခင်လေးအသာစောင့်မျှော်နေရသည်။ တစ်ညလုံးမအိပ်ခဲ့ရသဖြင့် ခင်လေး၏မျက်လုံးတို့ကမှန်တွတ်နေပြီး အိပ်ချင်နေသည်။ သို့သော် အိပ်၍မရသေး။ မေမေ့အိမ်ထဲမှထွက်လာမည့်သူတစ်ဦးဦးကို ခင်လေး မျက်ခြည်မပြတ်စောင့်ကြည့်နေဖို့လိုသည်။ သားငယ်ကိုကျောဘက်ဆီမှ ရင်ခွင်ထဲသို့ပြောင်းရွှေ့လိုက်ပြီး ခင်လေးတင်ပျဉ်ခွေထိုင်လိုက်သည်။ မေမေတို့ကဖြင့် သူတို့သမီး ခင်လေးတစ်ယောက် အိမ်ရှေ့ရောက်နေမှန်းသိတောင်သိကြသေးမည်မဟုတ်။ ခုနေအခါ လင်ဆိုးမယားတဖားဖားဖြစ်နေမည်ကိုလည်း တစ်ယောက်စကား တစ်ယောက်နား ကြားပြီးယောက်ပြီဟု ခင်လေးထင်သည်။ တားမရဆီးမရသဖြင့် ခုလင်နှင့်သဘောမတူသည့်တိုင် ခိုးရာလိုက်ပြေးတော့လည်း ပေးစားခဲ့ကြရသည့် မေမေနှင့်ဖေဖေတို့က အမြဲကြိတ်မနိုင်ခဲမရ ဖြစ်နေခဲ့သည်။ ခင်လေးကလည်း ချစ်မိပြီဆိုကာမျှဖြင့် အခြားအရာတွေလည်း ဘယ်မမြင်ဆိုသည့် မိန်းမစားမျိုးဆိုတော့ ကိုယ်ဖြစ်ကိုယ်ခံဟဲ့ဆိုသည့်စိတ်နှင့် မေမေတို့ဆီ အသွားအလာနည်းပါသည်။

မှ အိမ်ပွင်အိပ်ကျနံရစ်ခဲ့သော လင်ဖြစ်သူ ကျော်ဦးကအသောက်လေးဖက်လာတော့ရစ်လုံးလေးတွေကလည်း ရှည်လာခဲ့ပြီ။ ယောကျ်ားတို့ရဲ့အကြောင်းပြချက်ပေါင်းတစ်သောင်းဟာ ခင်လေးတို့မိန်းမသားတွေအတွက် အထူအထောင်းခံဖို့လားဟု တစ်ခါတစ်ခါတွေးမိသည်။ ချစ်စခင်စကြင်နာစအချိန်များနှင့်မတူ ကျော်ဦး၏ မဖောက်လာခဲ့သည့်နှစ်တွေက အိမ်ထောင်သက်ငါးနှစ်အတွင်း သုံးနှစ်ရှိခဲ့ပြီ။ ထို့အတူ သားငယ်သည်လည်း သုံးနှစ်သားအရွယ်ရောက်ခဲ့ပြီ။ သားငယ်လေး မွေးစအချိန်တုန်းက သားစိတ်နှင့် အတန်ငယ်ငြိမ်သက်နေသော်လည်း ခွေးမြီးကောက်တို့အမျိုး ကျည်တောက်စွပ်တုန်းခဏသာ ဖြောင့်ကြသည်ဟုဆိုကြသလို ကျော်ဦးသည်လည်း သားငယ် အခါလည်သည်နှင့် အရက်ကလေး အာဆွတ်၊ ဖဲကလေး အသာပွတ်နှင့် အလုပ်တစ်ခုကို လောက်လောက်လားလားလုပ်သည်ဟူ၍မရှိတော့။ မေမေက ဒီအကြောင်းတွေကြားတော့ ခင်လေးကိုပြောသည်။

"ညည်းယူတဲ့ယောကျ်ားက ငပျင်းမျိုးကိုး၊ ချောင်းရိုး၊ ကန်သင်းရိုးသာ တိမ်ကောရိုးရှိတယ်၊ မျိုးရိုးမတိမ်ကောဘူးဆိုတာလေ၊ လူကပေါ်ကြော့၊ ရုပ်ကလေးက သနားကမားရှိနေတော့ ညည်းတို့ ဘုမသိဘမသိမိန်းမတွေကလဲ လှတာ ချောတာကိုပဲမက်၊ မောာ ... ခုကြည့်၊ မယားကို မယားလို့မမြင်၊ ကိုယ်လုပ်ချင်ရာလုပ်ရတာကို ခင်တွယ်နေတဲ့အစားမျိုးဖြစ်နေမှတော့ ခုမှ ဒုက္ခလို့မညည်းတော့နဲ့၊ ကိုယ့်ထိုက်နဲ့ကိုယ့်ကံပဲ၊ ဒါတွေ ညည်းဖေဖေကြားရင်တော့ လူဖြောင့်စိတ်တိုနဲ့ တစ်ဖွတ်ထိုး တခေါက်ကန်း ငပျင်းစိတ်ဝင်နေတဲ့ကောင်နဲ့ အဲဒီနှစ်ယောက်တွေ့ကြမှာ၊ ငါတော့ ရင်လေးတယ်အေ"

မေမေပြောလည်း ပြောချင်စရာဖြစ်နေတော့ ခင်လေးတို့ကခေါင်းညိတ်ပြီး ဆိတ်ဆိတ်နေလိုက်ရုံပဲရှိနေသည်။ မေမေ တစ်ခါတစ်ခါလာတိုင်း ခင်လေးအတွက် ငွေလေးနည်းနည်း၊ စားစရာလေးနည်းနည်းပါလာတတ်သည်။ ပြီးတော့ ညည်းဖေဖေမသိစေနဲ့ဟု တိုးတိုးတိတ်တိတ်မှာကာ ပြောစရာစကား မြန်မြန်ပြောပြီး ချက်ချင်းပြန်လေ့ရှိသည်။ ခင်လေးက 'နေပါဦး' ဆိုလျှင်လည်း 'ညည်းဖေဖေပြန်ရောက်နေရင် ဘယ်သွားတာလဲဆိုပြီး စစ်လားဆေးလားလုပ်နေမှာစိုးလို့'ဟု အကြောင်းပြကာ တစ်နာရီပြည့်အောင်ပင်မနေ။ ခင်လေးက မေမေပြန်သွားသည့်အခါတိုင်း ဝမ်းနည်းပက်လက်ဖြင့် ကိုယ့်အဖြစ်ကိုယ်ပြန်တွေးရင်း ကျော်ဦးကိုလည်း စိတ်တိုချင်သည်။ ကျော်ဦးကတော့ အိမ်ပြန်ရောက်လာတိုင်း ရေတစ်ခွက်ကို ခန္ဓာကိုယ်အနံ့ဟိုပက်သည်ပက်လုပ်ပြီးသည်နှင့် တောင်ပိုင်းခဏဟုဆိုကာ အရည်မော့ဖို့ ပုံမှန်ထွက်နေဆဲ။ ခင်လေးကိုလည်း တစ်ခါမှ ဘာနဲ့စားသလဲ၊ ဘယ်ကရသလဲ မမေးခဲ့ပါဘဲ ပြန်

လာရင်သာ ဖရုသဝါစာစကားတွေဖြင့် လမ်းထိပ်ကအော်ကာ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ကြားစေခဲ့သည့် ကျော်ဦး၏အသံကဖြင့် နေ့စဉ်ရက်ဆက်၍သာ လာခဲ့လေသည်။

❑

ညက ပုရစ်သံစိုးစိုးစီစီနှင့်ရှိနေခဲ့သည်။ အပြင်ဘက်တွင် ညနေခင်းက ရွာသွားခဲ့သောမိုးဖွဲ့ကြောင့် အေးအေးစိမ့်စိမ့်ရှိနေသော်လည်း ခင်လေးစိတ်ထဲတော့ မအေးချမ်းဘဲ အိမ်ကပြင်ထက်တွင် ဆန်ရွေးရင်း ကျော်ဦးကိုမျှော်ရ၏။ ဖိုဝ ဝပ်မီးသီးဝါကြင်ကြင်၏အောက်တွင် အရောင်တူစပါးလုံးများကိုရွေးကောက်ရင်း လက်တစ်ဖက်က သားငယ်လေးအပေါ်ဝေ့ယမ်းလျက် ခြင်တို့ကိုပြေးစေရသည်။ တစ်ဖက်စားပွဲဝိုင်းတွင် ပြင်ဆင်ထားသော ထမင်းဝိုင်းကဖြင့် အေးစက်နေလေပြီ။ ခုချိန်ထိ ကျော်ဦးပြန်မလာသေး။ ခင်လေးမှာ အိပ်ချင်နေသော်လည်း မအိပ်ရဲ။ ဗိုက်ဆာနေသော်လည်းမစားရဲ။ အိပ်နှင့်၊ စားနှင့်လျှင် ငါနှင့်ကိုင်ဆဲနေသည်က မိုးလင်းထိ အိပ်ရတော့မည်မဟုတ်တော့။ ခုတလော ဖွဲဖောက်နေသော ကျော်ဦးသည် ယခင်ကထက် တစ်စခန်းပိုထနေသည်ဟု ခင်လေး တွေးနေသည်။ ညည သောက်ပြီးပြန်လာတိုင်း "ငါ့ကိုသတ်မဲ့မိန်းမ၊ အလကားမိန်းမ၊ ဗေဒင်ကဟောထားတယ်၊ နင် ငါ့ကိုသတ်မဲ့မိန်းမ"ဟု ခဏခဏ ပြောသည်။ ခုလည်း အိမ်အပြင်ဘက် ခပ်လှမ်းလှမ်းကတည်းက အော်ရင်းဟစ်ရင်းပြန်လာပြီ။ အိမ်ထဲ ဝင်ဝင်ချင်း အိမ်ကပြင်ထက်တွင် ထိုင်နေသော ခင်လေးကိုမြင်တော့–

"ဩော် ... ငါ့ကိုသတ်မဲ့မိန်းမက ငါ့ကိုစောင့်နေတာကိုး"ဟု ဝင်ဝင်ချင်းခနဲ့၏။ ခင်လေးက –

"ကျော်ဦး ... နင့်စကားက ဘာစကားလဲ၊ နင့်ကိုသတ်ရအောင် နင်နဲ့ငါက ဘာလဲ၊ အလကား အရက်သောက်ပြီး ဦးနှောက်ထဲ ချေးတွေပြည့်နေတဲ့ကောင်"

"ကောင်မ ... ငါ ပြန်မပြောနဲ့၊ နင်ကို့တစ်မျိုးလုံး ငါ့ကိုသတ်ချင်နေတာ ငါသိတယ်၊ ငါ အရက်သောက်လို့ အလုပ်မလုပ်လို့ မကြည်တာလဲ သိတယ်၊ နင့်အမေ ငါ့အိမ်လာပြီး ငါ့မကောင်းကြောင်းတွေ ပြောပြောပြီးမှ ပြန်တာလဲသိတယ်၊ ဗေဒင်ဆရာက နင့်ကို ပိုသတိထားခိုင်းတယ်၊ နင် ငါ့ကိုသတ်မှာတဲ့"

"ဩော် ... ဘာမဟုတ်တဲ့ ဗေဒင်ဆရာစကားတော့ ယုံတယ်ပေါ့၊ နင်လုပ်နေတာကမကော ဘာကောင်းတာရှိလို့လဲ၊ ဟုတ်တယ် ... သတ်ချင်တယ်၊ တကယ်လို့ နင့်ကိုသတ်ဖြစ်ခဲ့ရင် ငါလဲ ဝဋ်ကျွတ်ပြီပဲ၊ အလကားကောင်၊ ကိုယ့်မိန်းမ ဘာနဲ့စား၊ ဘယ်လိုနေပြီး ကလေးတစ်ယောက်ကို ဘယ်လိုပြုစုနေရတယ်ဆိုတာ မမေးမမြန်းဘဲ ခွေးမသောက်တဲ့အရည်တွေ မျိုနေမှတော့ နင့် ဘယ်သူကြည်မလဲ"

"အမယ် ... ငါ့ပြန်ပြောနေတယ်၊ ငါလုပ်ထည့်လိုက်ရ"

"လုပ်လိုက်လေ ... လုပ် ... လုပ်ရင်လဲ အသေလုပ်၊ နင်ဖြစ်ဖြစ် ငါဖြစ်ဖြစ် တစ်ယောက်ယောက်သေရင် ဝဋ်ကျွတ်တာပဲ"

"ဟာကွာ ... ဒီမိန်းမ"

> ခင်လေးအတွက် စိတ်လှုပ်ရှား ချောက်ချားလွန်းသော ညတစ်ညဖြစ်နေသည်။ တစ်ခါမှ ယခုလောက် မတုန်လှုပ်စဖူး တုန်လှုပ်နေမိသည်။ သားငယ်သည်ပင် သူ့ဖေဖေကို ကြောက်သည်ဟု ပြောလာချေပြီ။

ကျော်ဦးက ခင်လေးကို ကိုယ်ထိလက်ရောက်မလုပ်ရလျှင် အနီးရှိရှိသမျှ အကုန်ကန်ကျောက်ပစ်တတ်တော့ အိမ်ထဲရှိသမျှ ကွဲတတ်ရှတတ်သောပစ္စည်းပစ္စယတွေလည်း ကုန်သလောက်ရှိပြီ။ ခုလည်း ထမင်းဝိုင်းကို ဝုန်းခနဲ ဆွဲလှန်ပစ်လိုက်သဖြင့် အိမ်ကြမ်းပြင်တွင် ထမင်းလုံးတွေပြန့်ကျဲလျက် ကန်စွန်းရွက်ကြော်နှင့် ဘဲဥကြော်ပန်းကန်လေးနှစ်ချပ်ကွဲပြန့်လေသည်။ အိမ်နောက်ခန်းထဲ

ခြေသံပြင်းပြင်းဆောင့်နင်းလျက် ဝင်သွားရင်း တောက်တခေါက်ခေါက်နှင့် မြည်တွန်လျက်ရှိနေသော ကျော်ဦး၏ဖနောင့်ပေါက်သံ၊ ကြမ်းပုတ်သံတွေကို ဥပေက္ခာပြုလျက် ထမင်းလုံးတွေကို ဇလုံတစ်လုံးထဲကျုံးထည့်သည်။ ရန်ဖြစ်သံကြား၍ နိုးလာပြီး ငိုမဲ့မဲ့ဖြစ်နေသောသားငယ်ကို ကောက်ချီကာ ကန့်စွန်းရွက်ဖတ်နှင့် ဘဲဥကြော်ကိုကောက်ထည့်ရင်း ဟာနေသောဝမ်းကိုဖြည့်ရသည်။ ကြမ်းပြင်ထက်က ထမင်းမှုံလားမသိ သဲတရှပ်ရှပ်နှင့် သွားကြားတွေထဲတွင် တကျိကျိနှင့်နေသော်လည်း မစားလျှင် ငတ်နေရုံသာရှိတော့သည့် ခင်လေး၏အဖြစ်ကို မေမေများမြင်လျှင်ဟုတွေးလိုက်သည့်အခါ မျက်ရည်ကျမိသည်။

❑

အထုပ်အပိုးတွေ တနင့်ကြီးသယ်ဆောင်လာပြီး စကားတွေ ရွှန်းရွှန်းဝေအောင်ပြောနေရင်းက တူတော်မောင်ကိုပွေ့ဖက်နမ်းရှုပ်နေသော မမကို ခင်လေးငေးကြည့်နေမိလေသည်။ ခုထက်ထိ အိမ်ထောင်မပြုဘဲ မေမေတို့နှင့်အတူနေကာ လုပ်ကိုင်စားသောက်ရင်း ခင်လေးကို မကြာခဏလာလာကြည့်ရှာသော မမကို ခင်လေး အားနာနေမိသည်။ ကော်ဖီတစ်ခွက်ပင် မဖျော်မဟိုက်နိုင်သော ကိုယ့်ကိုယ်ကိုယ်လည်း အားငယ်မိလေသည်။ မမက ခင်လေး၏အိမ်ကို မျက်လုံးဝေ့ကြည့်ရင်း သက်ပြင်းချကာ သားငယ်ကိုဖက်လျက် ခင်လေးကိုကြည့်လာသည်။ ပြီးတော့ –

“နင့်မှာလဲ ဘယ်လိုဝဋ်ကြွေးလဲမသိဘူး၊ မပြည့်မစုံဘဝကိုရောက်နေရတယ်၊ အိမ်မှာနေတုန်းက ပြည့်ပြည့်စုံစုံနေရတဲ့ နင့်အဖြစ်ကို မမပြန်တွေးကြည့်ရင် စိတ်မကောင်းဘူး၊ ဖေဖေကဆို နင့်အကြောင်းအမြဲပြောတယ်၊ ငါ့သမီးငယ်လေး အဆင်မပြေရှာဘူးတဲ့၊ နင့်ကို ထောက်ပံ့ချင်ပေမဲ့ နင့်ယောကျ်ားအပိုးမကျိုးလို့ မထောက်ပံ့တာ၊ ဖေဖေက ထောက်ပံ့လိုက်လို့ ပိုဆိုးသွားမဲ့ နင့်ယောကျ်ားရဲ့လုပ်ပုံတွေကို သည်းမခံနိုင်မှာစိုးလို့တဲ့၊ ခုတောင် ဒီပစ္စည်းတွေက ဖေဖေပို့ခိုင်းလိုက်တာ၊ ဒါတောင် ဒီမြင်ကွင်းတွေ မမြင်ရသေးဘူး၊ ခု နင်က အိမ်ဟောင်းအကြမ်းဖက်မှုခံနေရတယ်ဆိုတာ သိရဲ့လား”

ခင်လေး ဝမ်းနည်း၍ မျက်ရည်ကျသည်။ မမက ခင်လေးလက်နှစ်ဖက်ကို ဆုပ်ကိုင်ရင်း –

“ငါ့ညီမ ... နင့်စိတ်သာ အဓိကပါ၊ နင်သာ စိတ်ကိုပြတ်ပြတ်သားသားဆုံးဖြတ်ပြီးရင် မေမေနဲ့ ဖေဖေက...”

“တော်ပါတော့ မမရယ်၊ ခင်လေးဘဝနဲ့ခင်လေး ရှိပါစေတော့၊ စုံမက်လို့ခုန်ချခဲ့တဲ့ အိမ်ထောင်သည်ဘဝမှာ ဖြစ်လာသမျှတွေကို ကံအကြောင်းတရားတွေလို့ပဲခံယူပြီး ဘာပဲဖြစ်ဖြစ် ခင်လေး ရင်စည်းခံလိုက်တော့မယ်၊ ချစ်လို့ယူခဲ့တဲ့ ယောကျ်ားရဲ့ ဆိုးခြင်း၊ ကောင်းခြင်းမှန်သမျှ ခင်လေးနဲ့သာ ဆိုင်တယ် မဟုတ်လား၊ တစ်ခုပဲ စိတ်မကောင်းတာ၊ ခင်လေးနဲ့ပတ်သက်လို့ စိတ်မွှပင်သောကရောက်နေရတဲ့ ဖေဖေ၊ မေမေနဲ့ မမတို့တွေ ခင်လေးကို လိုက်စိတ်ပူပေးနေရလို့”

“အို ... မဟုတ်တာဘဲ ခင်လေးကလဲ၊ မမတို့က မိသားစုတွေလေ၊ ခင်လေး ရုတ်တရက် အိမ်ထောင်ကျသွားပြီး စိတ်အခန့်မသင့်လို့ ခဏသာ အစိမ်းသက်သက်ဖြစ်နေကြတာပဲ ရှိတာ၊ ဘယ်တော့မဆို ခင်လေးဟာ မမရဲ့ညီမပဲ၊ အဲဒီလိုပဲ ဖေဖေ၊ မေမေတို့ရဲ့ သမီးငယ်ပဲ၊ တစ်ခုတော့ရှိတာပေါ့၊ ကိုယ့်သွေးသားတစ်ယောက် လင်ဆိုးတစ်ယောက်ရဲ့ မသိတတ်တဲ့ဒဏ်၊ နှိပ်စက်တဲ့ဒဏ်တွေကြောင့် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ၊ အနေအစားဆင်းရဲနေတာကိုတော့ ဘယ်မိဘမောင်ဖွားကကြည့်ရက်မှာတဲ့လဲ၊ နင့်ယောကျ်ားရဲ့မသိတတ်တာတွေကိုပြောမိတိုင်း နင့်အပေါ်ပဲ ကရုဏာဒေါသတွေ စုပြုံကျလာရတာ၊ ခု နင့်မှာ သားလေးတစ်ယောက်ရှိလာပြီ၊ ရှေ့ရေးကို ဘယ်လိုတွေးထားလဲ၊ ဖေဖေကတော့ ဒီနေ့ အဲဒီမေးခွန်း နင့်ကိုမေးခိုင်းလိုက်တယ်”

ခင်လေး မဖြေတတ်။ ရှေ့ရေးဟု မေမေမေးလာခဲ့သည်တဲ့။ သားငယ်ကိုပွေ့ဖက်ထားရင်း ဖြစ်လာသည့်မိခင်စိတ်က စတင်မွှလောင်

လာသည်။ သို့သော် မမရှေ့တွင်တော့ မျက်ရည်ထပ်မကျဖြစ်။ ခပ်လှမ်းလှမ်းတွင် ခေါင်းစိုက်ကာ အိမ်ထဲဝင်လာတော့မည့် ကျော်ဦးကို မြင်လိုက်ရ၍ဖြစ်သည်။ ခုပုံကြည့်ရသည်မှာ သောက်လာသေးသည့်ပုံမပေါ်။

နေကုန်နေခန်း ဘာအလုပ်မှ မည်မည်ရရမရှိ။ ဘယ်တွေသွားပြီး ဘာလုပ်နေသလဲ ခင်လေးမသိရ။ ထို့အတူ ကျော်ဦးကလည်းမပြော။ ခင်လေး တစ်ကြိမ်မေးဖူးသော်လည်း ပိုးစိုးပက်စက်အဆဲခံရသည်သာ အဖတ်တင်သဖြင့် ပြဿနာမဖြစ်အောင် ဘယ်သောအခါမျှမမေးတော့။

အိမ်ထဲဝင်ဝင်ချင်း ခင်လေးနှင့်မမကို အကြည့်တစ်ချက်ဝေ့ကာ အိမ်နောက်ခန်းထဲဝင်သွားသည်။ ကျော်ဦးက မမကိုနှုတ်ဆက်ခြင်းမရှိသလို မမကလည်း ကျော်ဦးကို မော့၍ပင်မကြည့်။ ခင်လေးက နှစ်ဦးကြားတွင် မျက်နှာအနည်းငယ်ပျက်သလိုရှိသော်လည်း အပြုံးနှင့်သာ နေပြရသည်။ သို့နှင့် ညနေစောင်းချိန်တွင် မမကပြန်မည့်ဟန်ပြင်သည်။ ခင်လေးက နောက်ခန်းထဲဝင်လာပြီး နဖူးပေါ်လက်တစ်ဖက်တင်ကာ အိပ်မပျော်ဘဲ အိပ်ချင်ယောင်ဆောင်နေသော ကျော်ဦးကိုကိုင်လှုပ်လျက် "ကျော်ဦး ... ငါ မမကို လမ်းထိပ်လိုက်ပို့လိုက်အုံးမယ်၊ သားကိုမှေးခေါ်ထားပေးမလား"ဆိုတော့ "သွားလေ...ထားခဲ့"ဟု ကြည်ကြည်ဖြူဖြူနှင့်ပြောသည်။ သားငယ်က သူ့ဖေဖေနံဘေးနား အသာသွားထိုင်ကာ ခင်လေးကို မော့ကြည့်သည်။ ခင်လေးက ခဏလေးနော်သားဟုဆိုပြီး အိမ်ရှေ့ခန်းထဲ ပြန်ထွက်ကာ မမကို လမ်းထိပ်လိုက်ပို့ရန်ထွက်ခဲ့သည်။ မမက လမ်းတွင် –

"နင့်ယောကျ်ားက နင့်ကို အပြင်ပေးထွက်တယ်ပေါ့"

"မသိပါဘူးမမရယ်၊ ခါတိုင်း အိမ်မှာမတွေ့ရင်၊ အပြင်လိုက်သွားရင် ဆူတော့ဆဲတော့တာပဲ၊ ခု သူ့ခွင့်ပြုလို့ မမကိုလိုက်ပို့တာ၊ ခုတော့ ကြည်ကြည်ဖြူဖြူပဲ သွားလေတဲ့"

"အေးပါ...ငါ့ညီမရယ်၊ နင်သေချာစဉ်းစားနော်၊ ဒီအတိုင်းဆက်နေလို့ မသင့်တော့ဘူးဆိုတာ ခေါင်းထဲသေချာမှတ်၊ ဟောဟိုမှာ လိုင်းကားလာနေပြီ၊ ငါသွားမယ်၊ ရော့... ရော့ ... ဒါက မမ မုန့်ဖိုးသက်သက်ပေးတာ၊ အပြန်ကျရင် ကလေးအတွက် မုန့်ဝယ်ချင် ဝယ်သွားအုံး၊ သွားပြီနော်"ဟုဆိုကာ လိုင်းကားရှိရာ မမ အမြန်လျှောက်သွားတော့ ခင်လေး ထိုနေရာမှမခွာဖြစ်သေး။

'လက်မခံပါရစေနဲ့မမရယ်'ဟု ငြင်းလိုက်ချင်သော်လည်း မငြင်းရဲသည့်အခြေအနေတွေက ခင်လေးဘက်မှာရှိနေသည်။ မမက လိုင်းကားပေါ်က လက်ကလေးပြတော့လည်း ခင်လေးမှာ ပိုးတဝါးမြင်ကွင်းမှူကိုသာ ငေးမနေရ၏။ အိမ်အပြန်လမ်းဘေးကုန်စုံဆိုင်တွင် သားငယ်အတွက် ဘီစကွတ်မုန့်နှင့် ကျော်ဦးအတွက် လက်ဖက်ကလေးသုပ်ကျွေးလို့ရအောင် စံကားဝါနှစ်ပြန်နံ့ကြော်တစ်ထုပ်၊ ဖက်ကြမ်းဆေးလိပ် ၂၀၀ ဖိုးနှင့် ကွမ်း ၂၀၀ ဖိုး ဝယ်ပြီး ပြန်ခဲ့သည်။ ထိုအချိန်တွင် ပတ်ဝန်းကျင်သည် လမ်းလျှောက်နေရင်း မှောင်ရီဖျိုးဖျသညတစ်ညအဖြစ်သို့ တဖြည်းဖြည်းပြောင်းလဲသွားလျက်ရှိနေသဖြင့် ခင်လေး ခြေလှမ်းတွေကို အမြန်လှမ်းနေမိသည်။ အိမ်၏ခြံတံခါးဝရှေ့အရောက် ခနော်နီခနဲ့တံခါးလေးကို တွန်းဖွင့်ဝင်လိုက်ရင်ပဲ –

"သားရေ...ဖေဖေ့ကိုသတ်မဲ့မိန်းမတော့ ပြန်လာပြီ"ဟု ရင်ဝကိုဆောင့်ကန်သော ကျော်ဦး၏စကားတို့ကိုကြားလိုက်လေရာ ခင်လေး၏စိတ်သည် လေးဖင့်သွားရပြန်လေတော့သည်။ ပြီးတော့ ခင်လေး၏အကြည့်က ကျော်ဦးလက်ထဲကဓားမြှောင်တစ်ချောင်းကို စူးစိုက်ကြည့်မိလျက်သားဖြစ်သွားပြီး ငိုမဲ့မဲ့ဖြစ်နေသော သားကိုပါ ကျော်ဦးဘေးနားတွင် မတ်တတ်ရပ်လျက် တွေ့လိုက်ရသည်။

❑

"ငါ့လာပြီးဖားမနေနဲ့"ဆိုပြီး ခင်လေးပေးသော ဆေးလိပ်နှင့်ကွမ်းထုပ်ကို ဆတ်ခနဲယူပြီး လွှင့်ပစ်လိုက်သော ကျော်ဦးကို ခင်လေး နားမလည်နိုင်တော့ပါ။ သို့နှင့် ခင်လေးက "နင်ဘာဖြစ်ချင်နေတာလဲ ကျော်ဦး၊ ငါ နင့်ကိုအမြဲသည်းခံပြီးနေပေးခဲ့တယ်နော်၊ နင်သာသောက်

ချင်သလိုသောက်၊ သွားချင်သလို သွားနေတာ၊ မိသားစုကို အလေးမထားတာသိပ်ကြာနေပြီ၊ ယောကျ်ားဖြစ်ပြီး၊ သူများသားသမီး ယူထားပြီး ဘာတာဝန်မှမယူတာ နှင့်ကိုယ်နှင့် ဟုတ်လှပြီမထင်နဲ့၊ ပြော... နင် ဒီလိုနေရအောင် ငါ့မှာ ဘာအပြစ်ရှိလဲ ပြော၊ ငါ ဘာပစ္စည်းတွေဖျက်ဆီးခဲ့ဖူးလို့လဲ၊ နင် ငါ့ကို ကောင်းကောင်းမွန်မွန်ရှာကျွေးခဲ့တာ ဘယ်နနှစ်ရှိသလဲ၊ ပြီးတော့ နင်က ငါ့ကို ဘာတွေ စိတ်နာနေရတာလဲ၊ ဘာလို့ ပြဿနာရှာနေရတာလဲ၊ ခု ငါ့မှာ ဘာအပြစ်ရှိသလဲ...ပြော...ခုပြော"

ခင်လေး၏မေးခွန်းအဆုံးတွင် ကျော်ဦးက –

"နင်တို့မိသားစု ငါ့ကိုမကြည့်ဘူးလေ၊ အဆိုးဆုံးက နင့်အမေ၊ ငါ့ကို ငပျင်းတစ်ယောက်လို၊ အသုံးမကျတဲ့ငတုံးလို ဆက်ဆံနေတာ၊ နင့်အမေနဲ့နင့်အစ်မလဲ ဒီလိုပဲ၊ နင်ကကော ငါ့ကိုအရေးထားလို့လား"

ခင်လေး ရယ်မိ၏။ ကောင်းအောင် မနေပြဘဲ အကောင်းမြင်စေချင်နေသည့် ကျော်ဦးကိုကြည့်ပြီး အော်ရယ်ပစ်လိုက်သည်။

"နင်က ဘာတွေကောင်းတာလုပ်ထားလို့လဲ၊ ရယ်ချင်လိုက်တာ၊ နင် ငါ့ကို ယူတယ်၊ ပြီးတော့ ပေါ့ပေါ့နေ ပေါ့ပေါ့စားပြီးနေတယ်၊ နင်ကြိုးစားလို့ရလာတဲ့အရာတွေ ဘယ်မလဲ လက်ညှိုးထိုးပြပါအုံး၊ ပြောရရင် ဒီသားလေးပဲရှိတယ်လို့ ငါ ခပ်ရှိုင်းရှိုင်းပြောလိုက်ချင်တယ်"

သည့်တွင် ကျော်ဦးသည် တောက်တစ်ချက်ပြင်းပြင်းခေါက်လျက် ဓားမြှောင်ကိုပစ်ချကာ အပြင်ထွက်သွားသည်။ သားငယ်ကတော့ ခင်လေးနှင့်ကျော်ဦးကို မသိနိုးနားနှင့် မျက်လုံးလေးပြူးပြီးကြည့်နေရှာသည်။ ထိုညက ကျော်ဦး တော်တော်နှင့်ပြန်မလာ။ ခင်လေးလည်း တော်တော်နှင့် အိပ်မပျော်ဘဲရှိနေခဲ့သည်။ ကျော်ဦးက သူ့ကိုအထင်သေးနေသည့်အတွက် အရာရာကိုအရွဲ့တိုက်နေခဲ့သည်ကိုး။

ခင်လေး မှေးခနဲအိပ်ပျော်မည်အပြု ကျော်ဦးအသံကိုကြားရသည်။

"ထစမ်း"

ခင်လေးလည်း ဆံပင်ကပိုကရိုနှင့် အခန်းအပြင်ဘက်ထွက်အလာ ကျော်ဦးက ဓားမြှောင်တစ်လက်ကိုင်ပြီး မှားနှင့် ခင်လေးဘက်ကို တည့်တည့်ချိန်ရွယ်လျက်–

"ငါ့ကိုသတ်မှဲမိန်းမ၊ နင့်ကိုအရင်သတ်မယ်၊ နင့်အစ်မနဲ့အတူလိုက်သွားပြီး ငါ့မကောင်းကြောင်းတွေလိုက်ပြောတဲ့ ဗလောင်းဗလဲမိန်းမ"

"နင် ဘာစကားတွေပြောနေတာလဲ၊ ငါလိုက်သွားတာ နင်ခွင့်ပြုလို့လိုက်သွားတာလေ၊ နင်မူးရင် အိပ်တော့ ကျော်ဦး"

"မအိပ်ဘူး၊ နင့်ကိုသတ်ပြီးမှ ငါအိပ်မယ်"

ကျော်ဦးသည် ဓားတယမ်းယမ်းနှင့်ရှိနေသည်။ ခင်လေး၏နဖူးပေါ်တွင် ချွေးစေးလေးများစို့လာခဲ့သည်။ ကျော်ဦးက ခုချိန် လူစိတ်ပျောက်နေသည့် အမူးသမား။ တကယ်လုပ်ချင် လုပ်လာနိုင်သည်။ တကယ်တမ်း ကျော်ဦးလုပ်မည်ဆိုလျှင် ခင်လေး လည်စင်းခံရုံသာရှိသည်။ အင်အားမမျှသော ယောကျ်ားနှင့် မိန်းမဖြစ်သဖြင့် ခင်လေး အရှုံးသာရှိနေသည်။ ပြီးတော့ ကျော်ဦးကို ကြောက်သည့်စိတ်တွေဝင်လာခဲ့သည်။

ခုချိန် ဘာမဆို ကျော်ဦး လုပ်လာနိုင်သည်။ ထို့ကြောင့် ခင်လေး ကျော်ဦးကို စကားအရေအတင်တွေပြောမနေတော့ဘဲ ဆိတ်ဆိတ်နေလိုက်သည်။

သို့တိုင် ကျော်ဦးသည် ပါးစပ်က အမျိုးမျိုးမြည်တွန်တောက်တီးလျက် ဖရုသဝါစာတွေပြောဆိုနေသည်။ ပဇာ်ပန်းကျင်ကို ခင်လေးအားနာသည့်အပြင် ရှက်စိတ်တွေဝင်လာသည်။ တရစပ်ဆဲဆိုနေသောအသံတွင် မအေနမ မကြားဝံ့မနာသာတာတွေလည်း ပါလာသည်။ သို့တိုင် ခင်လေး ကျော်ဦးကိုမတားဝံ့။ ထို့ကြောင့် အိပ်ခန်းထဲ အသာဝင်နေရင်း ကျော်ဦး ဆဲသမျှဆိုသမျှတွေကို သည်းခံနေရသည်။ တစ်ချက်တစ်ချက် အခန်းတံခါးဝနားလာပြီး အားနှင့်ထိုးစိုက်လိုက်သည့်အသံကို ကြားရသည်။ သူ့လက်ထဲက ဓားမြှောင်နှင့် အိမ်နံရံကိုထိုးစိုက်နေခြင်းကြောင့် ခင်လေးမအိပ်ရဲ။ ခင်လေး အိပ်ပျော်သည်နှင့် အချိန်မရွေး

ခင်လေးကို ခုတ်ပိုင်းထိုးစိုက်လာနိုင်သည်။

ထို့အတူ သုံးနှစ်သားအရွယ်သားငယ်လေးအပေါ် ပူပန်လာမိသည်။ အိမ်ထောင်သက်နှစ်နှစ်ပြည့်မှ ယူခဲ့သည့်ကလေး။ ဒီကလေး တစ်ခုခုဖြစ်မည်ကို စိုးရိမ်သည်။ ခင်လေးကိုဘာလုပ်လုပ် ကိစ္စမရှိ။ ကျော်ဦးကလည်း တစ်ညလုံးမအိပ်ဘဲ ငါ့ကိုသတ်မဲ့မိန်းမ၊ နင့် အရင်သတ်မှ အေးမယ်ဟုဆိုကာ ဓားကြိမ်းကြိမ်းနေသည်မို့ ခင်လေးမှာ အိပ်ရာထက် ငုတ်တုတ်ထိုင်ရင်း မိုးလင်းခဲ့ရသည်။

မိုးမလင်းမီ ခင်လေး အထုပ်တစ်ထုပ်ဆွဲလျက် မေမေ့အိမ်ရှေ့ရောက်သည်။ အိမ်ထဲသို့ ဝင်သင့်သလား၊ မဝင်သင့်သလားတွေးရင်း အိမ်ရှေ့ကုက္ကိုပင်အောက်ရှိကွပ်ပျစ်ပေါ်တွင် သားငယ်ကိုပွေ့ဖက်ရင်း မိုးလင်းအောင်စောင့်ရသည်။

ခင်လေး တစ်ချက်ငိုက်မည်အပြု "သမီး" ဟု အသံကြားရသည်။ ခင်လေးမော့ကြည့်သည်တွင် –

"မေမေ"

❑

"ဒီလိုတော့မဖြစ်ချေဘူး သမီး၊ သမီး တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်မှရတော့မယ်"

ခင်လေးကို မေမေကပြောလာသောစကား။ ခင်လေးကိုယ်တိုင်ကြောက်စိမ့်မှုပင်လာမနေသည့်အတွက် ခုချိန်တွင် မေမေပြောလာသောစကားကို လက်ခံရန်အသင့်ရှိနေခဲ့မည်ဆိုလျှင် ခင်လေးအလွန်မဟုတ်ဟု ထင်သည်။

"ဒီလို ဓားဆွဲတုတ်ဆွဲပြလာတာမျိုးတွေက သမီးအတွက်အန္တရာယ်များတယ်၊ မှ သမီးဖြစ်တဲ့ကိစ္စ သမီးမေမေမရှိလို့တော်သေးတယ်၊ ရှိလို့ကတော့ ဘာတွေဆက်ဖြစ်အုံးမယ်မသိဘူး၊ သမီးရဲ့သားလေး ဒီကိုပေးခဲ့၊ သမီးအိပ်ချင် အိပ်အုံး" ဟုဆိုကာ မေမေ အခန်းထဲက ထွက်သွားသည်။

ခင်လေးစိတ်ထဲ ကျော်ဦးလိုက်လာမည်ကိုစိုးသည်။ ခင်လေးသည် ခုချိန်တွင် ကျော်ဦးကို လင်ယောကျ်ားအဖြစ် မပေါင်းချင်တော့သည့်စိတ်တွေ ဖြစ်တည်လာနေခဲ့သည်။ မိန်းမတစ်ယောက်၏တန်ဖိုးကိုမသိသော၊ လူတစ်ဖက်သား၏အမြင်တွေကို အဆိုးဘက်သို့ဆွဲချတတ်သော အသိဉာဏ်နုံ့သည့်ယောကျ်ားအဖြစ် ကျော်ဦးကိုမြင်လာမိသည်။ ကျော်ဦး၏ ငါ့ကိုသတ်မဲ့မိန်းမဟု စွပ်စွဲပြောဆိုချက်များကို ခင်လေး နားမခံနိုင်တော့။

မိန်းမတစ်ယောက်ကို တင့်တောင့်တင့်တယ် မထားနိုင်ခြင်း၊ အများအလယ်တွင် ဂုဏ်သိမ်ညှိုးနွမ်းအောင်ပြုလုပ်ခြင်း၊ လင့်ဝတ္တရားမကျေပွန်ခြင်း စသည်များကို တရေးရေး ပိုမိုသိမြင်လာမိသည်။ ပြီးတော့ မနေ့ညက ခင်လေးမျက်နှာတည့်တည့်သို့ ဓားမြှောင်ဖြင့်ချိန်ရွယ်ပြီး ခင်လေး၏အသက်ကိုခြိမ်းခြောက်လာမှုသည် ခွင့်လွှတ်နိုင်သည့်အတိုင်းအတာထက်ကျော်လွန်သွားခဲ့ပြီ။ ထိုမြင်ကွင်းတွေကို မျက်ဝါးထင်ထင်မြင်တွေ့သွားသော သားငယ်လေးသည်လည်း သူ့အဖေကိုကြောက်ရွံ့နေသည်ကိုတွေ့ရသည်။ ခင်လေးမှာ ကိုယ့်အဖြစ်ကို ဘယ်ဆီတိုင်တန်း၍ ဘယ်ကိုပြောရမှန်းမသိပေ။ အရပ်ကိုပြောတော့လည်း အရပ်က လင်မယားချင်းပဲ ရန်ဖြစ်တုန်းခဏဆိုသည်နှင့် ခင်လေး၏ဒုက္ခကို ခဏခဏမပြောဖြစ်တော့။ ဆိုင်ရာကိုတိုင်တော့လည်း လင်နဲ့မယားလျှာနဲ့သွားပဲပဲဟာဆိုပြီး ခင်လေး၏တိုင်တောမှုကို ခပ်ပေါ့ပေါ့ပင်ဆုံးဖြတ်ပေးပြီး ခပ်မဆိတ်နေတတ်ကြသည်။ ထိုသို့တွေးရင်းနှင့် ခင်လေး၏မျက်ခွံများ လေးလံလာသည်နှင့် အသိစိတ်သည် မှေးခနဲ။

သူက ငါ့ယောကျ်ားပဲ။ ငါ ချစ်လို့ယူထားတဲ့သူ။
ငါသတ်လို့ ဖြစ်ပါ့မလား။ ငါတို့မှာ သားလေးလဲ ရှိတယ်။
မဟုတ်ဘူး . . မဟုတ်ဘူး။ သူ ငါ့ယောကျ်ားမဟုတ်တော့ဘူး။
သူ ငါ့ကိုသတ်ချင်နေတာ။ ငါ့ကို သတ်ပြီးရင်
ငါ့သားလေးကိုပါ သတ်ချင်သတ်မှာ။ ငါသေလို့မဖြစ်ဘူး။

'ဝှန်း'ဆိုသည့်အသံကြီးကြောင့် ခင်လေးနိုးလာသည့်တွင် အိမ်အောက်ထပ်တွင် ဆူညံသံများက ပွက်ပွက်ညံနေသည်။ ခင်လေး အိမ်အောက်ထပ်သို့ဆင်းလာသည့်တွင် ကျော်ဦးကို ဓားရှည်တယမ်းယမ်းနှင့် တွေ့ရသည်။ မေမေနှင့်မမက ကျော်ဦးကို ဖျောင်းဖျပြောဆိုနေသည်။

"ကျော်ဦး ... သား ဓားကြီးချလိုက်ပါသားရယ်၊ လူမြင်မကောင်းပါဘူး၊ သားမိန်းမလဲ ဒီကိုရောက်နေတာ၊ ညနေပြန်လာမှာပဲလေ၊ ခုက သားကိုကြောက်သွားတာလဲပါတာပေါ့၊ ဝေး...ဝေး...မေမေ့ကို အဲဒီဓား၊ သမီးကြီး ... ထမင်းပြင်လိုက်စမ်း၊ မောင်ကျော်ဦး ထမင်းစားသွား၊ အပြန်ကျရင် မင်းမိန်းမပြန်လိုက်မှာ"

"တကယ်နော် အမေ၊ ပြန်မလိုက်လို့ကတော့ သား သတ်ပစ်ခဲ့မှာ"

"အေးပါသားရယ် ... မင်းမိန်းမ ပြန်လိုက်မှာပါ၊ ဒီဓားတော့ထားခဲ့ကြားလား၊ လင်နဲ့မယားပဲကွယ်၊ ပေါင်းလာတာပဲ ငါးနှစ်လောက်ရှိပြီ၊ အပြန်အလှန်တော့ နားလည်မှုပေါ့၊ ပြီးတော့ မင်းတို့မှာ သားလေးတစ်ယောက်ရှိနေပြီ၊ မင်းလဲမရမ်းနဲ့၊ မိန်းမဆိုတာ လက်နက်ပြရင် ကြောက်တတ်တာပဲ၊ မင်းက ကြိမ်းဝါးနေတာရော၊ ဓားဟာပြပြဖြစ်နေဟာမျိုးမရှာက မဖြစ်သင့်ဘူး၊ ပတ်ဝန်းကျင်လဲမြင်ဖို့မသင့်ဘူး၊ ကဲ ... ကဲ ... လာ... လာ...ထမင်းစားသွား"ဟု မေမေ ပြောဆိုနေသံတွေကို ခင်လေး လှေကားအလယ်လောက်ကနေ ထိုင်ပြီး နားထောင်နေမိသည်။ စိတ်ထဲတွင်လည်း 'သမီးပြန်မလိုက်ဘူး မေမေ'ဟု တစ်ပြိုင်တည်းပြောနေမိသည်။

ခင်လေး အိမ်အပေါ်ထပ်သို့ ပြန်တက်လာခဲ့ပြီး စိတ်တွေလှုပ်ရှားနေသည်။

မေမေ ဘယ်အချိန် အပေါ်ထပ် တက်လာမှန်းမသိတော့။

"သမီး ... မောင်ကျော်ဦးနဲ့ ခဏပြန်လိုက်သွားမှရမယ်"

"ဟင့်အင်း ... မေမေ၊ သမီးပြန်မလိုက်သွားချင်ဘူး၊ သူ သမီးကို တစ်ခုခုလုပ်ချင်လုပ်မှာမေမေ၊ ပြီးတော့ သားလေး ..."

"သမီးကို မေမေပြောမယ်၊ မုချိန်မှာ မောင်ကျော်ဦးနောက် ခဏပြန်လိုက်သွား၊ ည ၈ နာရီလောက် မေမေတို့ ညည်းဖေဖေကိုလှမ်းခေါ်ပြီး လိုက်လာခဲ့မယ်"

"အိမ်ပြန်ရောက်ရင်လဲ မောင်ကျော်ဦးကို ချော့ချော့မော့မော့နဲ့ အလိုက်အထိုက်ဆက်ဆံ၊ ဘာမှမကြောက်နဲ့၊ သူလဲ အဲဒီလောက် ရမ်းကားရဲမှာမဟုတ်ဘူး၊ သူ့ဆီမှာ ပါလာတဲ့ဓားလဲ မေမေတို့သိမ်းထားလိုက်တယ်"

"ဖေဖေရှိရင် သိပ်ကောင်းမှာပဲ မမရယ်၊ သမီးသိပ်ကြောက်တယ်၊ သူ သမီးနဲ့သားလေးကို တစ်ခုခုလုပ်ချင်လုပ်မှာမေမေ"

"ထားပါ၊ ညည်းဖေဖေကို မေမေ လှမ်းခေါ်ခိုင်းလိုက်ပြီ၊ ကဲ... အထုပ်တွေပြန်ပြင်၊ ပြီးရင် ဆင်းခဲ့တော့"ဟုဆိုကာ မေမေ အိမ်အောက်ထပ် ပြန်ဆင်းသွားသည်။

ခင်လေး စဉ်းစားရကျပ်လာလေသည်။ ပြန်မလိုက်ချင်။ ကြောက်သည်။ ရွံ့သည်။ ခင်လေးကို သတ်ချင်သတ်ပစ်နိုင်သည့် လူတစ်ယောက်၏လက်တွင်းသို့ မေမေက ပြန်လိုက်သွားရန် ပြောနေသည်။ မလိုက်လျှင် ကျော်ဦးဘာလုပ်မလဲ ဝေခွဲရခက်၏။ မေမေတို့တွင် ပတ်ဝန်းကျင်ရှိသည်။ ဆူဆူညံညံနှင့် သင့်တော်သည်၊ မသင့်တော်သည်ကို ကျော်ဦးက ဂရုစိုက်မည့်ပုံမပေါ်။ မေမေတို့လာခေါ်မည့် အချိန်ကို ကျော်ဦးနှင့်ပြန်လိုက်သွားပြီး စောင့်နေရုံသာရှိတော့သည်။ သို့နှင့် အထုပ်အပိုးပြန်ပြင်ဆင်ကာ အောက်ထပ်ကိုဆင်းခဲ့သည်။ မေမေ့နံဘေးတွင်ရပ်နေသော သားငယ်ကို လက်ဆွဲလျက် ကျော်ဦးနောက် လိုက်မည်အပြု မေမေနှင့်မမကို ခင်လေး လှည့်ကြည့်မိသည်။ ခင်လေး မျက်ရည်တွေ ဝဲနေလေမည်လား။ ဟင့်အင်း ... မကျပါရစေနဲ့။ ချက်ချင်းဆိုသလို မျက်နှာကို ပြန်လှည့်ကာ လိုင်းကားတစ်စီးပေါ် တက်လိုက်ခဲ့သည်။ ကျော်ဦး စကားတစ်ခွန်းမျှမပြောဘဲ တစ်လမ်းလုံး ငြိမ်နေသည်။ မလေးဆယ့်ငါးမိနစ်အကြာ လိုင်းကားပေါ်ကဆင်းပြီး ခင်လေးတို့အိမ်မရောက်ခင် လမ်း

ထိပ်ရောက်သည်နှင့် ကျော်ဦးဆီက စကြားရသည်။

"မင်း သေဖို့သာပြင်တော့၊ အိမ်ရောက်တာနဲ့ နှင့်ကိုသတ်မယ်၊ အလကား ငါ့ကိုသတ်မဲ့မိန်းမ"

"နှင် ဘာတွေအဲဒီလောက် ဒေါသထွက်နေရတာလဲကျော်ဦး၊ ငါ နှင့်နောက်ပြန်လိုက်လာခဲ့ပြီလေ၊ နှင် ဒီထက် ဘာကိုလိုချင်နေရတာလဲ၊ ငါက ဘာလုပ်နေလို့လဲ"

"အလေလိုက်တဲ့မိန်းမ၊ လင်ကို လင်လို့မထင်တဲ့မိန်းမ၊ ငါ နှင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ နှင် မသိဘူး"

"ဘာလဲ ... ချစ်လွန်းလို့ အငေါ်ထားတာလား၊ သားနဲ့မိန်းမကို ပေယျာလကန်ပစ်ထားတာ နှင်ချစ်တာလား ကျော်ဦး၊ နှင် ငါ့ကို ဘာကြောင့်ပဲယူယူ ခုငါသိတာ နှင်ဟာ ငါ့ယောကျ်ားမဖြစ်ထိုက်ဘူးဆိုတာပဲ"

"ဘာကွ ... ကဲကွာ"

ပူနွေးစပ်ဖျဉ်းသွားသောပါးပြင်တစ်ခြမ်းကို လက်ကလေးနှင့် ခင်လေးကိုင်လိုက်ပြီး ကျော်ဦးနှင့် နည်းနည်းခွာလိုက်သည်။ သားငယ်က –

"မေမေ့ကိုမရိုက်ပါနဲ့ ... ဟီး ... ဟီး" ဟု ထအော်ပြီးငိုသည်။ ခင်လေးက သားငယ်ကို ဆတ်ခနဲ ဘေးသို့ဆွဲချကာ ကျော်ဦးကို မျက်နှာချင်းဆိုင်ပြီး နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ထားရင်း ခင်လေး မျက်ရည်တွေ ပေါက်ခနဲကျလာသည်။ ပြီးတော့ –

"နှင်သိပ်ချစ်တဲ့မိန်းမတစ်ယောက်ကို နားဒုက္ခတွေအခါခါပေးပြီး ကိုယ်ထိလက်ရောက်စော်ကားဝံ့တယ်ပေါ့၊ ငါ့မျက်လုံး၊ ငါ့နား၊ ငါ့ပါးတွေ နာကျင်အောင် နှင်လုပ်တာက နှင်ချစ်တာလား၊ ဒါ...နှင် ငါ့ကိုချစ်ပါတယ်လို့ ငါဘယ်လိုမှမယုံဘူး၊ ဒီည နှင်နဲ့ငါ လင်ခန်းမယားခန်း နောက်ဆုံးပဲမှတ် ကျော်ဦး"

❑

အိမ်ရှေ့အရောက် ခနော်နီခနော်နဲ့ တံခါးလေးကို ကျော်ဦး ခြေဖြင့်ကန်ကျောက်ဝင်သည်။ ပြီးတော့ အိမ်ကပြင်ပေါ်တက်ပြီး ဘယ်တုံးကထိုးထားမှန်းမသိသော ဓားတစ်လက်ကိုယူကာ ဓားသွေးကျောက်ဖြင့် ဆောင့်ကြောင့်ထိုင်ကာ သွေးပြသည်။ ထိုအခြင်းအရာကို မမိုတ်မသုန်ကြည့်ရင်း ခင်လေးစိတ်ထဲ သူသေကိုယ်သေဆိုသည့် စိတ်ကလေးတစ်ချက်ဝင်လာတော့ သတ္တိတစ်မျိုးဝင်လာသည်။

ဘဝကံအကြောင်းမလှ၍ ဝဋ်ရှိသမျှခံရသည်ပဲဆိုဆို ထိုဝဋ်သည် ကိုယ့်အတွက် ကျွတ်ခြင်း၊ မကျွတ်ခြင်းထက် တစ်စုံတစ်ဦးကျွတ်အောင် လုပ်ပေးလိုက်လျှင်ကောဟု တွေးသည်။ ခု ခင်လေးအတွက် ကာကွယ်ရမည်လား၊ သားငယ်အတွက် ကာကွယ်ရမည်လား၊ ခင်လေးကြောင့် စိတ်ဒုက္ခရောက်နေသောမိသားစုကို ကာကွယ်ရမည်လား ဝေခွဲမရပြီ။

ကျော်ဦးက ဓားသွေးလျက် ခင်လေးကိုစိုက်ကြည့်ကာ 'ငါ့ကိုသတ်မဲ့မိန်းမ၊ တွေ့ကြသေးတာပေါ့'ဟု ကြိမ်းနေသည်။ ကျော်ဦး၏ အကြည့်တို့ကစူးရဲလှသည်။ ခင်လေး အိပ်ခန်းထဲဝင်လာပြီး အခန်းတံခါးကို ချက်ချလိုက်သည်။ အပြင်ဖတ္တင် ပုလင်းသံခွက်သံကြားရသဖြင့် ကျော်ဦးအရက်ပုလင်း ဘယ်အချိန်ကတည်းက ဝယ်ထားခဲ့သလဲဟု စိုးရိမ်ကြောင့်ကြသည်။ မူးလျှင် သွေးဆိုးတတ်သော ကျော်ဦးကို ခင်လေးလိုမိန်းမသားတစ်ယောက်က ဘယ်လိုအင်အားတွေနှင့် ထိန်းရမည်နည်း။

ဟော... ပြောရင်းဆိုရင်း ကျော်ဦး သောင်းကျန်းလာပြီ။ အော်ဟစ်နေပြီး အိပ်ခန်းနံရံကို ဓားဖြင့် တဒုန်းဒုန်းထိုးစိုက်နေပြီ။

"ထွက်ခဲ့စမ်း ... မင်းထွက်မလား၊ မထွက်ဘူးလား ခင်လေး၊ ငါ့အကြောင်း မကောင်းပြောဖို့ အိမ်ပြန်သွားတဲ့မိန်းမ၊ ထွက်ခဲ့လို့ ပြောနေတယ်၊ မင်းကိုသတ်မယ်"

ဘုရား ... ဘုရား။ ခင်လေး ရင်တွေအရမ်းခုန်လာခဲ့ပြီ။ သားလေးသည် စတင်ငိုလေပြီ။

"မေမေ...သားကြောက်တယ်၊ သားကြောက်တယ်...ဟီး... ဟီး"

ခင်လေးက သားငယ်၏ ပါးစပ်ကို လက်ဖဝါးနှင့်အုပ်ပြီး –

"သားလေးမငိုနဲ့၊ မေမေရှိတယ်...မေမေရှိတယ်၊ မကြောက်နဲ့

နော်၊ မေမေရှိတယ်"ဟု ပြောနေရသော်လည်း ခင်လေးကိုယ်တိုင် မျက်ရည်တွေကျပြီး တစ်ကိုယ်လုံး တုန်ယင်လာလျက်ရှိနေသည်။ သားလေးကို ကျစ်ကျစ်ပါအောင်ဖက်ထားရင်း တဝုန်းဝုန်းထုနှက်နေသော အိမ်နံရံကို စိုးထိတ်စွာ မမှိတ်မသုန်ကြည့်နေမိသည်။ ပြီးတော့ သားငယ်ကို ဘေးနားခဏထားပြီး ချထားသည့် တံခါးချက်ပြုတ်ထွက်မည်ကို စိုးသဖြင့် အခါခါသွားကြည့်ရင်း ထိုင်လိုက်ထလိုက်ဖြစ်နေရသည်။ ခင်လေးကြောက်နေသည်။ မည်သည့်အကြောင်းကြောင့်နည်းဆိုသည်ကိုလည်း အပြေးအလွှားစဉ်းစားနေသည်။ ခင်လေး ကိုယ့်ကိုယ်ကိုယ်အတွက်လား၊ သားလေးအတွက်ကြောက်တာလား။ သေချာသည်က ထိုနှစ်မျိုးတွင် သားလေးအတွက် စိုးရိမ်သောကစိတ်ပိုသောကြောင့်ဖြစ်လိမ့်မည်။ သားလေးအတွက် ခင်လေးသည် မရှိမဖြစ်မိခင်ဖြစ်ရမည်။ ကျော်ဦးလိုဖခင်မျိုး မလိုအပ်။

သို့နှင့် အိမ်အပြင်ဘက်က တဝုန်းဝုန်းထုသံများ တဖြည်းဖြည်း ငြိမ်သက်သွားသည်။ မငြိမ်သည်က ခင်လေး။ ခုချိန်ထိ မေမေတို့ကလည်း လာမခေါ်၊ ခင်လေးသည်လည်း အိပ်မပျော်။ ည ... ဒီည ဘယ်အချိန်ရှိပြီလဲ။ သားငယ်ကတော့ တုန်တုန်ယင်ယင်နှင့် ငိုရှိုက်ရင်း အိပ်ပျော်နေချေသည်။ တစ်ချက်တစ်ချက် ရှိုက်လိုက်သေးသည့် သားငယ်ကို ကြည့်ပြီး ခင်လေး သနားသည်။ ခင်လေး ဘာလုပ်ရမည်လဲ။ ခင်လေး ဘာလုပ်သင့်သည်လဲ။ ယနေ့ညသည် ခင်လေးအတွက် စိတ်လှုပ်ရှားချောက်ချားလွန်းသောညတစ်ညဖြစ်နေသည်။ တစ်ခါမှ ယခုလောက် မတုန်လှုပ်ဖူး၊ တုန်လှုပ်နေမိသည်။ သားငယ်သည်ပင် သူ့ဖေဖေကို ကြောက်သည်ဟု ပြောလာချေပြီ။ သားငယ် ရှိခြင်း၊ မရှိခြင်းကို ကျော်ဦး သတိမထားမိတော့သည်လား။

တိတ်ဆိတ်နေသောအိမ်လေးထဲတွင် ခင်လေး ယောက်ယက်ခတ်နေရင်း အပြင်ဘက်ကိုလည်း နားစွင့်နေမိသည်။ မေမေတို့၊ ဖေဖေတို့လာရင် ကောင်းမည်။ ချက်ချင်းပြန်လိုက်သွားမည်။ ဟုတ်သည်။ ယူစရာရှိတာ ယူရမည်။ သို့သော် များများစားစားမရှိ။ ကျော်ဦးနှင့်ရပြီးကတည်းက ရွှေမရှိ၊ ငွေမရှိ။ မေမေတို့ဆင်ထားသည်များပင် မရှိတော့။ ခပ်ပျော့ပျော့ခရီးဆောင်အိတ်လေးက အဝတ်လေးငါးစုံ၊ သားငယ်၏ အဝတ်အနည်းငယ်လောက်နှင့် လျော့ရိလျော့ရဲပြင်ဆင်ပြီးသွားသည်။ ဟုတ်သည်။ ခင်လေး အိမ်ကထွက်ရမည်။ ထို့ကြောင့် အိပ်မောကျနေသော သားငယ်ကိုလှုပ်နှိုးရသည်။ သားငယ်က အင်းအင်းအဲအဲလုပ်နေသဖြင့် ခင်လေးက လေသံကိုနှိမ့်လျက် –

"ဂျူး ... တိုးတိုး သား၊ အသံမထွက်နဲ့၊ မေမေတို့ ဘွားဘွားအိမ်သွားမယ်၊ သားအသံကြားရင် သားအဖေနိုးသွားလိမ့်မယ်၊ ဒီမှာ မေမေတို့ နေလို့မဖြစ်တော့ဘူး"ဟုဆိုတော့ သားငယ်က ခေါင်းညိတ်သည်။ ပြီးတော့ သားငယ်ကို –

"ဒီမှာ ခဏလေးငြိမ်ငြိမ်နေနဲ့နော်သား၊ မေမေ သားဖေဖေကို ချောင်းကြည့်အုံးမယ်"ဟုဆိုကာ အိပ်ခန်းတံခါးဝဆီသို့ အသာချဉ်းကပ်ကြည့်သည်။ စောစောက ခေါင်းရင်းဘက်တွင် အသံငြိမ်သွားသဖြင့် ဘုရားခန်းမှာပဲ ကျော်ဦးရှိနေမည်လား။ ခြေသံကိုဖွဖွနင်းလျက် တံခါးချက်ကို ဖြည်းဖြည်းဆွဲချကာ အခန်းတံခါးကိုဖွင့်လိုက်တော့ လေအေးသည် ခင်လေးခန္ဓာကိုယ်ကို တိုးဝှေ့သွား၏။ ထိုစဉ် ကြက်သီးများ ဖြန်းခနဲထသွားသည်။

ခင်လေး၏ရင်ဘတ်ကြီးသည်လည်း ဖုလိုက်ဖောင်းလိုက်နှင့် ပိုမိုအလုပ်လုပ်နေရသည်။ ဘုရားခန်းတွင် ကျော်ဦးမရှိ။ အိမ်ရှေ့ကပြင်ကိုကြည့်လိုက်တော့မှ ကျော်ဦးသည် မူးယစ်စွာအိပ်မောကျနေသည်ကို တွေ့ရ၏။ အနားသို့ဖြည်းဖြည်းတိုးကပ်သွားရင်း ကျော်ဦးကိုကြည့်လိုက်သည့်အခါ ပါးစပ်ကသွားရည်များ စီးကျလျက် အိပ်မောကျနေချေသည်။ လက်တစ်ဖက်တွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော ဓားရှည်တစ်လက်သည်ကား အနည်းငယ်ပြေလျော့လျက် သူ့လက်တွင်းမှလွတ်ထွက်နေသည်။ ခင်လေး ကျော်ဦးဘေးတွင်ထိုင်ချလိုက်

သည်။ ကောင်းကင်ကိုမော့ကြည့်တော့ လသည် ရေးရေးသာလျက်ရှိပြီး တိမ်မျှင်အချို့ကြား ဝင်ရောက်လျက် ရှိနေသည်။ ခင်လေး ကျော်ဦးကို ပြန်ကြည့်သည်။ စိတ်ထဲတွင်တော့ ...။

❑

ခင်လေး ကျော်ဦးကိုသတ်ဖို့ လက်နက်ရှာသည်။ မတွေ့။ ဓားတော့ရှိသည်။ သို့သော် သူ့လက်ထဲမှာ။ ပြေလျော့နေသည်ဆိုသော်လည်း ခင်လေးယူလိုက်လျှင် သူနိုးချင်နိုးသွားနိုင်သည်။ သင်းကိုသတ်မည်ဟုတွေးလိုက်လေမှ မည်သည့်လက်နက်မှ ခင်လေးရှာမတွေ့။ အိမ်ခြံလေးထဲ လှည့်ပတ်ကြည့်လိုက်တော့ သစ်သားတစ်ချောင်းတွေ့သည်။ ဟုတ်ပြီ။ ဒါနှင့် ဦးခေါင်းကို အားရှိပါးရှိ ငါးချက်လောက်ရိုက်ထည့်လိုက်လျှင် ကျော်ဦးသေလောက်သည်။ ခင်လေးလက်ဖြင့် အရှည်လေးပေလောက်ရှိသော သစ်သားချောင်းတစ်ချောင်းကို သေသေချာချာ ကိုင်လိုက်သည်။ လေထဲအမြှောက် ခင်လေးဦးနှောက်ထဲသို့ အလင်းတစ်ချက် ဝင်လာသည်။

သူက ငါ့ယောက်ျားပဲ။ ငါချစ်လို့ယူထားတဲ့သူ။ ငါသတ်လို့ ဖြစ်ပါ့မလား။ ငါတို့မှာ သားလေးလဲ ရှိတယ်။ မဟုတ်ဘူး...မဟုတ်ဘူး။ သူ ငါ့ယောက်ျားမဟုတ်တော့ဘူး။ သူ ငါ့ကိုသတ်ချင်နေတာ။ ငါ့ကို သတ်ပြီးရင် ငါ့သားလေးကိုပါ သတ်ချင်သတ်မှာ။ ငါသေလို့မဖြစ်ဘူး။ ငါ့မှာ သားလေးရှိတယ်။ သားလေး အတွက် ငါရှိမှဖြစ်မယ်။ ဟုတ်တယ်။ သားလေးရှေ့မှာ ငါရှိမှရမယ်။ သူမရှိလဲ ဘာမှမဖြစ်ဘူး။ ငါ့ကိုချစ်လို့ယူထားတဲ့ယောက်ျားဆို ငါ့ကိုသိပ်ချစ်နေရမှာ။ သူ ငါ့ကို မချစ်တော့လို့ သတ်ချင်နေတာ။ ဒါ့ကြောင့် သူ့ရှာမကျွေးတာ။ ဟုတ်တယ်။ ငါ့သားလေးလဲ မျက်နှာငယ်ရတယ်။ သူ့ကြောင့် ငါလဲ မိသားစုအလယ်မှာ မျက်နှာငယ်ရတယ်၊ စိတ်လဲဆင်းရဲရတယ်။ သူ ငါ့ကိုမချစ်တော့ဘူး။ ဟုတ်တယ်။ သူမှ ငါ့ကို မချစ်တော့တာပဲ။ ဒါဆို ငါ သတ်လို့ရတယ်။ မဟုတ်သေးဘူး။ သားလေးရှိတယ်။ သားလေးရှိနေသေးတယ်။ ငါ သူ့ကိုသတ်လိုက်ရင် သားလေးက ငါ့ကိုဘယ်လိုမြင်မလဲ။

ခင်လေး သစ်သားချောင်းကို ပစ်ချပြီး အိမ်ပေါ်ပြန်တက်ခဲ့သည်။ သားလေးက အိပ်ရာထက်တွင် ပြန်အိပ်ပျော်နေသည်။ ဟုတ်သား...။ ခင်လေး ကျော်ဦးကိုရိုက်လိုက်သည့်အသံကြောင့် သားလေး လန့်သွားနိုင်သည်။

တော်ပါသေးရဲ့။ ခင်လေး မသတ်ခဲ့မိလို့။ မဟုတ်သေးဘူး။ ခင်လေး ကျော်ဦးကို ဒီအတိုင်းထားခဲ့လို့မဖြစ်ဘူး။ သူ တစ်နည်းနည်းနှင့် ခင်လေးကို လိုက်နှောင့်ယှက်နိုင်သည်။ ပြီးတော့ သားလေး လူလားမြောက်ဖို့ အချိန်တွေအများကြီးလိုသေးသည်။ သူ့အဖေ အမူးသမားနှင့် သူ့အမေတို့ ခဏခဏအချင်းများတဲ့ပုံရိပ်တွေကြောင့် သားလေးစိတ်ထဲ အနာတရမဖြစ်စေချင်ဘူး။ သူ့ကို သတ်လိုက်လို့ ထောင်နန်းစံရလဲ ခဏပဲ။ ကျန်တဲ့အချိန်တွေ ငါ သားလေးနဲ့ အတူနေနိုင်သားပဲ။ ယာဒီလောကမှာ သူ မရှိရင်ပြီးရော။ ဟုတ်ပြီ။ လမ်းထိပ်က ဆိုက်ကားသမားတွေနားနေတာဟာတဲ့ ကွမ်းယာဆိုင်ခုံအောက်ထဲ သားလေးကို ခဏသွားထားရင်ရသားပဲ။

သားလေးကိုမနိုးတော့ဘဲ အသာမွေ့လျက် ပက်လက်ခြင်းတစ်လုံးကိုပါယူရင်း ခင်လေး အိမ်က ထွက်သည်။ ကျော်ဦးကတော့ အိပ်မောကျနေဆဲ။

သားလေးကို လုံလုံခြုံခြုံထားပြီးသည်နှင့် ခင်လေး အိမ်ထဲပြန်ဝင်သည်။ ခင်လေး ကျော်ဦးကို အထက်စီးက မိုးကြည့်သည်။ မျက်ရည်များ အလိုလိုစီးကျလာသည်။ စောစောကလည်း ကျော်ဦးကိုကြည့်ရင်း အတွေးတစ်စဝင်ခဲ့သည်။ ငါ့ကို သတ်ချင်နေတဲ့ ယောက်ျား၊ မိန်းမမှန်းမသိတဲ့ ယောက်ျား၊ သင်း အိပ်ပျော်နေတယ်။ ငါဘာလုပ်ရမလဲ။ ငါဘာလုပ်ရမလဲ။ ငါ့ကို သူ သတ်ချင်နေတာ။

ငါနဲ့သားလေးထွက်ပြေးမှ ရမယ်။ ဟုတ်တယ်။ ထွက်ပြေးမှ ရမယ်။ ထွက်ပြေးရင်ကော လွတ်ပြီလား။ ငါ့နောက်လိုက်လာပြီး ပြန်လာခေါ်ရင် ဘယ်လိုလုပ်မလဲ။ မေမေတို့ကလဲပြန်ထည့်ရင် ငါပြန်လိုက်လာရမှာပေါ့။ ဟင့်အင်း... ပြန်

မလိုက်ဘူး။ မေမေတို့လဲ လိုက်လာမယ်ပြောပြီး လိုက်လာတာမဟုတ်ဘူး။ ဟုတ်ပြီ။ သင်းကို ငါသတ်လိုက်ရင်ကော။ သင်းအိပ်ပျော်နေတာပဲ။ ဒါမှ ငါ့ကို သင်းမသတ်နိုင်မှာ။ ဟုတ်ပြီ။

ရင်အစုံသည် နိမ့်ချည်မြင့်ချည်နှင့် ဟုန်ယင်လို့လာသည်။

နှုတ်ခမ်းတို့ တစ်ချက်ကွေးပြီးမဲ့ပြုံးလေလား တစ်ချက်ပြုံးလိုက်မိသေးသည်။ သစ်သားချောင်းကို သေချာပြန်ကိုင်သည်။ မျက်စိထဲတွင် ညားခါစ ကျော်ဦး၏ပုံရိပ်တွေထင်ဟပ်သည်။ သည်တွင် လက်သည် ပြေလျော့ချင်သလိုလို။ ပြီးတော့ ဆတ်ခနဲ သစ်သားချောင်းကို ခပ်တင်းတင်းဆုပ်ကိုင်ကာ ခင်လေးကို ပစ်ပစ်ခါခါပြုနေသည်များ၊ ဥပေက္ခာပြုနေသည်များ၊ မထီမဲ့မြင်ဖရုသပါစာအပြည့်နှင့် အော်ဆဲခဲ့သည်များ၊ ထမင်းဝိုင်းကို ခြေဖြင့်ကန်ကျောက် မှောက်သွားသဖြင့် ကြမ်းပေါ်ကထမင်းကို ကောက်စားခဲ့ရသည်များ၊ သားလေး၏ စိုးထိတ်နေသော မျက်ရည်များနှင့်ပြည့်နေသည့်အကြည့်များ၊ မေမေနှင့်မမတို့၏ အမြဲစိတ်ပူ စာနာနေရသည့် စကားသံများ၊ ထို့ပြင် ဓားနှင့်ချိန်ရွယ်၍ သတ်မည်တကဲကဲပြုခဲ့သည်များကိုမြင်ယောင်သည်။ ခင်လေး၏ အသားများ တဆတ်ဆတ်တုန်ယင်လာလျက် စကားမှာချို့ပြန့်ကြွားသည်။

နင်က ငါ့ကိုသတ်မဲ့မိန်းမ။ မဟုတ်ဘူး။ ခင်လေးပါးစပ်က လွှတ်ခနဲထွက်သွားသည်။ ခင်လေးမသတ်ဘူး။ ထိုစဉ် လက်သည် ဘယ်နှကြိမ်ဘယ်နှခါမှန်းမသိ လေထဲမြောက်တက်သွားသည်။ ခင်လေး၏ပါးစပ်ကလည်း –

"ငါ နင့်ကို သိပ်ကြောက်တယ်၊ ငါ့သားအတွက် ငါကြောက်တယ်၊ ကြောက်တယ်...ကြောက်တယ်"ဟု တတွတ်တွတ်ရွတ်ဆိုနေလိုက်သည်မှာ မိုးလင်း၍သာသွားသော်လည်း ရပ်တန့်ခြင်းမရှိ။

❑

မနက်ဝေလီဝေလင်းတွင် ငိုယိုနေသော သုံးနှစ်အရွယ်ခန့်ရှိ ကလေးငယ်တစ်ဦးကြောင့် ထိုရပ်ကွက်အတွင်းရှိလူများ နိုးထလာကြပြီး ရပ်ကွက်အနောက်ပိုင်းတွင်နေထိုင်သော ကိုကျော်ဦး၊ မခင်လေးတို့၏သားလေးမှန်းသိသဖြင့် အိမ်သို့လိုက်ပို့ရာ အိမ်ခြံထဲဝင်ဝင်ချင်း မြင်လိုက်ရသောမြင်ကွင်းကြောင့် ကလေးငယ်၏မျက်လုံးနှစ်ဖက်ကို ချက်ချင်း လက်ဖြင့်ကာလိုက်ကြရင်း ရပ်ကွက်သူရပ်ကွက်သားများ ကြက်သေ သေကုန်ကြသည်။ တိုက်ဆိုင်စွာပင် ရပ်ကွက်သူရပ်ကွက်သားတို့၏ နောက်မှလိုက်ဝင်လာသော သားအမိဟုယူဆရသော မိန်းမနှစ်ဦးနှင့် အသက် ၆၀ ခန့်ရှိ ယောကျ်ားသားတစ်ဦးတို့သည်လည်း မည်သည့်စကားမျှမပြောနိုင်တော့ဘဲ မြင်နေရသော မြင်ကွင်းကိုကြည့်ကာ သွေးပျက် ထိတ်လန့်လျက်ရှိနေသည်။ ထိုစဉ် ရုတ်တရက်ငိုယိုလိုက်သောအသံက စီခနဲထွက်လာသည်။

"ဖြစ်ရလေ သမီးရယ်... သမီးကိုသတ်မှာစိုးလို့ သမီးကသတ်လိုက်တာလားကွယ်၊ ကိုဘဆွေ... တော့်သမီး အရမ်းကြောက်လို့ အဲဒီလိုဖြစ်သွားတာ၊ သမီး ... သမီး သတိထားစမ်း၊ စကားပြောစမ်း၊ သမီး ... သမီး၊ ကိုဘဆွေ လုပ်ပါအုံး၊ သမီးလေး ဘာမှမပြောတော့ဘူး၊ လုပ်ပါအုံး ကိုဘဆွေ၊ ကယ်ကြပါအုံး၊ ကျုပ် သမီးလေး ... ကျုပ်သမီးလေး"

ငိုယိုနေရင်း သတိလစ်မေ့မြောသွားသော အမျိုးသမီးကြီးကို ထိန်းမွေ့သူက ထိန်းမွေ့နေကြသည်။ ထိုစဉ် အိမ်ကပြင်ပေါ်၌ မြင်မကောင်းအောင် သွေးတို့ဖြင့်ခြင်းခြင်းနီ ယိုစီးနေသော သက်မဲ့ခန္ဓာဘေးတွင် မျက်လုံးများပြူးကျယ်ကာ သစ်သားချောင်းတစ်ချောင်းကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လျက် အကြောင်းသားကြည့်နေသော မခင်လေးဟုခေါ်သည့် အမျိုးသမီးငယ်၏နှုတ်မှ –

"ကြောက်တယ်...ကြောက်တယ်၊ သားလေး...သားလေး မေမေရှိတယ်....မေမေရှိတယ်၊ မေမေလဲကြောက်နေတယ် သားရယ်"ဟု တတွတ်တွတ်ပြောဆို၍နေလေသည်။ ။

**သော်ဇင်(လှိုင်ကော်)**


‘သုတကမ္ဘာ’စစ်မှုရေးရာ၊ ကျန်းမာရေးနှင့် သုတအဖြာဖြာသတင်းဂျာနယ်ကို စာဖတ်ပရိသတ်အတွက် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက်(တပ်မတော်နေ့)တွင် စတင်ထုတ်ဝေခဲ့ပြီး အပတ်စဉ်စနေနေ့တိုင်း ဖြန့်ချိလျက်ရှိပါသည်။







ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၃၂၄၉၉၈၇၂၄။














# မြဝတီ

စာပေတိုက်ထုတ်

## မဂ္ဂဇင်း၊ စာစောင်များ လပေးမှာကြားဖတ်ရှုနိုင်ပြီ

မြဝတီစာပေတိုက်ထုတ် မဂ္ဂဇင်း၊ ဂျာနယ်၊
စာစောင်များကို စာအုပ်လက်ခံရရှိမှ
ငွေပေးချေစနစ်ဖြင့် မှာယူနိုင်ပါသည်။
မြန်မာတစ်နိုင်ငံလုံးအနှံ့ မည်သည့်မြို့နယ်မဆို
စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပါသည်။
မိမိတို့မှာယူလိုသည့်စာအုပ်များကို
အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များအတိုင်း
ဆက်သွယ်မှာယူနိုင်ပါသည်။

ဖြန့်ချိရေး – မြဝတီစာပေတိုက်၊
အမှတ် ၁၅၊ မိုးကောင်းလမ်း၊ ၁၅ ရပ်ကွက်၊
သာကေတ၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉၃၂၅၃၉၈၇၂၄ (ဖြန့်ချိရေး)၊
၀၉၄၅၂၀၆၇၃၃၀ (အွန်လိုင်းဖြန့်ချိရေး)။